www.burmeseclassic.com

ဝတ္ထုရေးရာ ဆောင်းပါးများ

အောင်သင်း



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖွန်ပွင့်စာအုပ် အမှတ် (၆၂)

ဝတ္ထုရေးရာ ဆောင်းပါးများ

အောင်သင်း

အမှတ် (77/D)၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၉ ၈၆[illegible]၊ ၀၉ ၅၀၄ ၃၁၆၄

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၄၀၀၈၇၈၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၁၁၈၁၀၀၀၉

မျက်နှာဖုံးဒီဇိုင်း
နိုင်သစ်နီ

ကွန်ပျူတာစာစီ
ရွှန်းပွင့်ကွန်ပျူတာ

ထုတ်ဝေသည့်အကြိမ်
ဒုတိယအကြိမ်

ထုတ်ဝေသည့်ကာလ
ဒီဇင်ဘာ၊ ၂၀၀၉

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ခင်မာတင်(မြဲ-၀၃၇၃၇)၊ ရွှန်းပွင့်စာအုပ်တိုက်
အမှတ် 77/D၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးဝင်းလွင် (ရွှေဟသာအော့ဖ်စက်)
အမှတ်(၃၁)၊ ဦးရွှေဥန်းလမ်းတို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး
၂၅၀၀ ကျပ်

၈၉၅.၈၄
အောင်သင်း
ဝတ္ထုရေးရာ ဆောင်းပါးများ/အောင်သင်း။ – ရန်ကုန်၊
ရွှန်းပွင့်စာအုပ်တိုက်၊ ၂၀၀၉။
၂၃၀ – စာ၊ ၂-ကြိမ်၊ ၂၁ × ၁၃.၅ စင်တီ။
(၁) ဝတ္ထုရေးရာ ဆောင်းပါးများ

မာတိကာ

- စာရေးသူ၏ အမှာ ၆
၁။ ဇာတ်လမ်းဆိုတာ ဘာလဲ ၉
၂။ မောင်ပေါက်ကျိုင်း ၁၈
၃။ ဇာတ်လမ်း၏ ခွန်အား ၂၅
၄။ အတင် အဖြေ၊ အဖိ အဖော့ ၃၄
၅။ စရိုက်သော၏ ခွန်အား ၄၄
၆။ ဝတ္ထုထဲက ငြိလုံး ၅၄
၇။ ငြိလုံး နိဒါန်း ၅၉
၈။ ဒိဋ္ဌနှင့် စိတ်ကူးအကွာအဝေး ၆၅
၉။ ရေးသူနှင့် ဝတ္ထုအကွာအဝေး ၇၃
၁၀။ ဖတ်သူနှင့် ဝတ္ထုအကွာအဝေး (၁) ၈၄
၁၁။ ဖတ်သူနှင့် ဝတ္ထုအကွာအဝေး (၂) ၉၅
၁၂။ ဝတ္ထုတွင် နှစ်သက်ခြင်း သုံးမျိုး (၁) ၁၀၈
၁၃။ ဝတ္ထုတွင် နှစ်သက်ခြင်း သုံးမျိုး (၂) ၁၂၂
၁၄။ အကွာအဝေး အဟောင်းအသစ် ၁၃၅
၁၅။ ရှုထောင့်နှင့် ဇာတ်လမ်း ၁၄၈
၁၆။ တွေးထောင့်နှင့် ဝတ္ထု ၁၆၄
၁၇။ တွေးထောင့်နှင့် အနုပညာ ၁၇၄
၁၈။ တွေးထောင့်၊ ရှုထောင့်၊ ရေးဟန်၊ အပြော၊ အမြင် ၁၈၃
၁၉။ သိပ္ပံမေတ္တာနှင့် ဝတ္ထုဆရာ ၂၁၇

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ အမှာ

လွန်ခဲ့သော ၁၅ နှစ်ကျော်လောက်က 'အမေ့အိမ်စာစဉ်'မှ ထုတ်ဝေခဲ့သော ကျွန်တော်၏ **'စာပေရေးရာ ဆောင်းပါးများ'** စာအုပ်မှာ အခုအခါ စာအုပ်ဟောင်း ဈေးတန်းများ၌ပင် ရှာလို့မရနိုင်လောက်အောင် ရှားပါးသွားပါပြီ။ ထို့ကြောင့် ထိုစာအုပ်ကိုလည်း ဒုတိယအကြိမ်ပြန်ပြီး ရိုက်ချင်သည်။ နောက်ပိုင်းရေးသော ဆောင်းပါးများကိုလည်း စုစည်းပြီး 'စာပေရေးရာဆောင်းပါးများ အမှတ် ၂' စသည်အားဖြင့် ဆက်လက်ထုတ်ဝေရန် ရည်ရွယ်ခဲ့ပါသည်။

သို့သော်လည်း ကျွန်တော်၏ တပည့်များဖြစ်ကြသော 'မောင်သန်းမြင့်ဝေ' နှင့် 'မောင်ဘုန်းမြင့်' တို့က ဝတ္ထုအကြောင်း ဆောင်းပါးများကို တစ်စု၊ စာပေသဘောတရားဆောင်းပါးများကို တစ်စု၊ ဝိဝါဒ ဆောင်းပါးများကို တစ်စု စသည်ဖြင့် မျိုးတူစုခွဲပြီး ထုတ်ဝေလျှင် လေ့လာလိုသူများအတွက် ပိုပြီး သင့်လျော်မည်ထင်ကြောင်း အကြံဉာဏ်ပေးကြပါသည်။ သူတို့အကြံပေးချက်အတိုင်း **'ဝတ္ထုရေးရာဆောင်းပါးများ'**ကို ဖွဲ့ဆော်ဦး ထုတ်ဝေလိုက်ပါသည်။

ဤဆောင်းပါးများကိုလည်း သူတို့ နှစ်ယောက်ပင် ကြိုးစားပမ်းစား ရှာဖွေ စုစည်းပေးကြသောကြောင့်သာ

ဤမျှစုံစုံလင်လင် ပါလာခြင်း ဖြစ်ပါသည်။ အမျိုးသားစာကြည့်တိုက်က မောင်သန်းအုန်း၏ အကူအညီကိုသာ မရလျှင်လည်း အလွန်ကို ခက်ပါလိမ့်မည်။ ထို့ကြောင့် သူ့ကိုလည်း ကျေးဇူးစကား ဆိုလိုက်ပါသည်။

ဤစာအုပ်ကို ပထမကသော် မောင်သန်းမြင့်ဝေကိုယ်တိုင်က ထုတ်ဝေရန် ဖြစ်ပါသည်။ သို့သော်လည်း အကြောင်းကြောင်းကြောင့် သူကိုယ်တိုင် ဦးစီးပြီး မလုပ်နိုင်တော့သောကြောင့် မောင်ကျော်သန်းနှင့် မောင်ကျော်ဇင်တို့၏ 'ရေတမာ' စာပေကပင် ထုတ်ဝေလိုက်ကြပါသည်။ သူတို့ကလည်း လိုလိုချင်ချင် စိတ်အားထက်သန်စွာ။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် သူတို့ကိုကြည့်ပြီး မြူးမြူး ရွှင်ရွှင်ဖြစ်မိပါသည်။ ထို့ကြောင့် သူတို့ကိုလည်း ကျေးဇူးတင်စကား ဆိုလိုက်ရပါသည်။

ကျွန်တော်၏ ဆောင်းပါးများကို ပြန်ပြီးဖတ်ကြည့်သော အခါ အချို့ဆောင်းပါးများမှာ 'စာလေးကြီး'များ ဖြစ်နေသည်။ အခန်းဆက်ဆောင်းပါးများပင် ဖြစ်နေသေးသည်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ဤသို့သော စာမျိုးကို သည်းခံပြီး ထည့်ပေးခဲ့သည့် 'ရှုမဝ' မဂ္ဂဇင်းကိုလည်း ကျေးဇူးတင်ပါကြောင်း လှမ်းဆွတ်စွာ ဖော်ပြလိုက်ရပါသည်။

အောင်သင်း

www.burmeseclassic.com

ဇာတ်လမ်းဆိုတာ ဘာလဲ

မသိဘူးလားဆိုတော့လဲ သိတယ်၊
သိသလားဆိုတော့လဲ မသိဘူး။
လာမမေးရင် သိတယ်၊
လာမေးရင် မသိတော့ဘူး။

ဤစကားစုကလေးများ၏ အဓိပ္ပာယ်ကို ကြာလေသဘောကျလေ ဖြစ်လာပါသည်။ မကြာခဏ ရွတ်နေမိတတ်ပါသည်။ သိသလိုလိုနှင့် အဖြေရခက်သော ပြဿနာများကို ကြုံတိုင်း ဤစကားစုကို သတိရမိပါသည်။ စာဖတ်သူလည်း ကြုံဖူးမည် ထင်ပါသည်။

သူငယ်ချင်းတစ်ယောက်က အမှတ်မထင် ဘယ်လက်နဲ့ ညာလက်ဆိုရင် ဘယ်လိုလုပ်ပြီး ခွဲခြားပြောမလဲဟု မေးဖူးပါသည်။ ကျွန်တော် မဖြေတတ်ခဲ့ပါ။ ဒီဟာက ဘယ်လက်၊ ဒီဟာက ညာလက်ဆိုပြီး လက်ကို မြှောက်ပြရန်တော့ လွယ်ပါသည်။

သို့သော် သရုပ်ခွဲပြီး ပြောရန်မှာ အတော်ခက်ပါသည်။ အဘိဓာန်တွင် ကြည့်သောအခါ မြောက်ဘက်ကို မျက်နှာမူထားရင် အနောက်ဘက်က လက်သည် ဘယ်လက်ဖြစ်သည် . . . စသည်ဖြင့် အရပ်မျက်နှာနှင့် တွဲဖက် ညွှန်ပြထားပါသည်။ သို့သော် မိမိကိုယ်ခန္ဓာတစ်ခုထဲတွင် ညွှန်ပြရန် ခက်ပါသည်။ လပေါင်းများစွာကြာမှ နှလုံးခုန်တဲ့ဘက်ဟာ ဘယ်ဘက်ပေါ့ဟု တွေးမိပါသည်။ ဒါတောင် ဆရာကြီးရွှေဥဒေါင်း၏ ညာဘက်သည်းဖိုတွေ့တစ်ဟုမ်တွင်

www.burmeseclassic.com

လူတစ်သောင်းတွင် တစ်ယောက် တွေ့ရန်ခဲယဉ်းသော 'လက်ယာဘက်တွင် နှလုံးတည်နေမှု' ဟူသော စကားကို တွေ့လိုက်ရ၍ ခွကျနေပါသေးသည်။

ဤသို့လျှင် သိပါလျက် အပြောခက်သော ပြဿနာပေါင်းမြောက်မြားစွာ ရှိသည့်အနက် 'ဇာတ်လမ်းဆိုတာ ဘာလဲ'ဆိုသည်မှာလည်း ပြဿနာတစ်ခု ဖြစ်သည်ဟု ထင်မိပါသည်။

ဇာတ်လမ်းဆိုတာ ဘာလဲ။

ဇာတ်လမ်းဆိုတာ ဘာလဲ၊ လူတိုင်း သိကြပါသည်။ သို့သော် ပြောစမ်းပါ ဆိုလျှင်ကား အူလည်လည် ဖြစ်နေတတ်ကြပါသည်။ (ကျွန်တော်လည်း ဖြစ်ပါသည်။) ကျွန်တော်၏ မိတ်ဆွေ လူပေါင်းသုံးဆယ်လောက်ကို မေးကြည့်ဖူးပါသည်။ အချို့မှာ စာသမား၊ ပေသမားများ ဖြစ်နေ၍ ရုတ်တရက် မဖြေပါ။ အချို့ကမူ 'ပြောလို့ မဖြစ်ဘူးကွ'ဟု ဖြေသွားကြပါသည်။ များသော အားဖြင့် တွေ့ရသော အဖြေများမှာ . . .

"ဇာတ်လမ်းဆိုတာ အဖြစ်အပျက်ပေါ့"

"ပြဇာတ်တို့ ဝတ္ထုတို့ရဲ့ ကျောရိုးပေါ့"

"ဇာတ်ဆောင်တွေ လှုပ်ရှား လုပ်ဆောင်တာကို မှတ်တမ်းတင်ထား တာပေါ့"

"အဖြစ်အပျက်တွေကို အစီအစဉ် လုပ်ထားတာပေါ့"

စသည်ဖြင့် အမျိုးမျိုး ဖြေကြပါသည်။ ဇာတ်လမ်းဆိုတာ အဖြစ်အပျက် ဆိုရင် အဖြစ်အပျက်တိုင်းဟာ ဇာတ်လမ်းလားဟု ပြန်မေးလိုက်သော အခါတွင်ကား . . .

"ဟာ . . . မဟုတ်ဘူးဗျ၊ ခွတော့ ခပ်ကျကျပဲဗျို့"

ဟု စသည်ဖြင့် ပြော၍ ရယ်မောကြပါသည်။ 'အဖြစ်အပျက်တွေကို အစီအစဉ်ကျအောင် လုပ်ထားတာဆိုရင် နိုင်ငံတော်အလံ သယ်ယူလာပုံ အဆင့်ဆင့်ကို ရုပ်ရှင်သတင်းကားပြရင် ဇာတ်လမ်း ခေါ်မလား' စသည်ဖြင့် ပြန်မေးလိုက်သောအခါတွင်လည်း ထိုနည်းတူပင် အူလည်လည် ဖြစ်သွား တတ်ကြပါသည်။

သူတို့ကလည်း ပြန်ပြီး မေးတတ်ကြပါသည်။

"ကဲ . . . လုပ်စမ်းပါဦး၊ ခင်ဗျားကလဲ ဖြေပြဦးမှပေါ့ဗျာ၊ ဇာတ်လမ်း ဆိုတာ ဘာလဲ"

"ကျွန်တော်လဲ မပြောတတ်ဘူးဗျ။ ဒါကြောင့် ခင်ဗျားတို့ကို မေးကြည့် နေရတာပေါ့"

ဤသို့လျှင် ဟိုမေး၊ သည်မေး မေးပြီး ဤဆောင်းပါးကို ရေးမိခြင်း ဖြစ်ပါသည်။

အဘယ်ကြောင့် 'ဇာတ်လမ်း' အကြောင်းကို ဤမျှ ရေးကြီးခွင်ကျယ် လုပ်နေသနည်းဟု မေးစရာရှိပါသည်။ ဒီဝတ္ထုက ဇာတ်လမ်း သိပ်ကောင်းတာပဲ၊ ဒီရုပ်ရှင်က ဇာတ်လမ်းမကောင်းဘူး စသည်ဖြင့် ကျွန်တော်တို့ ပြောတတ်ကြ ပါသည်။ ဇာတ်လမ်း ဇာတ်အိမ်ကောင်းကောင်း ဖတ်လိုသူများအတွက် ဘယ်သူ ဘယ်ဝါ ရေးလိုက်သော ဘာဝတ္ထုကြီး စသည်ဖြင့်လည်း စာအုပ်ကြော်ငြာ တတ်ကြပါသည်။ ဤသို့လျှင် ဇာတ်လမ်းကောင်းတယ်၊ ဇာတ်လမ်းမကောင်း ဘူး စသော အဆင့်တွင်ကား ပြဿနာမပေါ်သေးပါ။

သို့သော် ဇာတ်လမ်းပဓာန ဝတ္ထု၊ ဇာတ်လမ်းမဲ့ ဝတ္ထု စသည့် ဝေါဟာရ များ ပေါ်လာသည့်အခါ 'ဇာတ်လမ်းဆိုတာ ဘာလဲ' ဆိုသော ပြဿနာက ခပ်ရေးရေး ဝင်လာပါပြီ။

ထို့ပြင် ဝတ္ထုတို ကိစ္စတွင် ဇာတ်လမ်း ဘာမှမပါဘူး၊ ဇာတ်လမ်း လုံးဝ မရှိဘူး၊ 'ဝတ္ထုတို'မှာ ဇာတ်လမ်းမရှိဘူး စသည့် အပြောအဆိုများ ဝင်လာသော အခါ 'ဇာတ်လမ်းဆိုတာ ဘာလဲ' ဟူသော ပြဿနာက ပို၍ တက်လာပါ တော့သည်။

သည့်ထက် ပြဿနာတက်လာသော ကိစ္စလည်း ရှိပါသေးသည်။ မကြာသေးမီက နာမည်ကြီး စာရေးဆရာတစ်ဦးက ရုပ်ရှင်ရိုက်ခွင့်အတွက် ရုပ်ရှင်ရိုက်မည့် အကြောင်းအရာ (subject)ကို တင်ပြပြီး ရုပ်ရှင်ဇာတ်လမ်း စိစစ်ရေးအဖွဲ့သို့ ခွင့်တောင်းသည်။ အဖွဲ့က ဇာတ်လမ်းတင်ပြပါဟု ဆိုသည်။ ထိုစာရေးဆရာက 'ကျုပ်ရိုက်မယ့် ရုပ်ရှင်ကားမှာ ဇာတ်လမ်းမပါဘူး၊ ဇာတ်လမ်းဆိုတာ ခင်ဗျားတို့က ဘာကို ပြောချင်တာလဲ၊ ဇာတ်လမ်းမပါဘဲ ရိုက်မယ့် ရုပ်ရှင်ကားအတွက် ဇာတ်လမ်းအကျဉ်းကို ဘယ်လိုလုပ်တင်ပြနိုင်ပါ့ မလဲ' စသည်ဖြင့် ပြောကြဆိုကြသည်ဟု ခပ်သဲ့သဲ့ ကြားလိုက်ရပါသည်။

ထိုစာရေးဆရာနှင့် စိစစ်ရေး အဖွဲ့ကတော့ ဘယ်လိုဆက်ပြီး ဆွေးနွေးကြသည် မသိပါ။ ကျွန်တော့်မှာကား ပြဿနာဖြစ်နေရစ်ပါတော့သည်။ ယခုတိုင် ကျွန်တော်လည်း ရေရေရာရာ မပြောတတ်သေးပါ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

မှတ်သားဆင်ခြင်မိသမျှကိုတော့ ကျွန်တော်နှင့်ဘဝတူ ဝတ္ထုဖတ်သမားများအား တင်ပြလိုက်ပါသည်။

ဆရာကြီး အီး၊ အမ်၊ ဖော်စတာ (E;M. Forster) ဟောပြော ပို့ချချက်များ ဖြစ်သော ဝတ္ထုသဘော ရှုထောင့်အသွယ်သွယ် (Aspects of the novel) စာအုပ်သည် အတော်လေး ဩဇာကြီးပါသည်။ ဇာတ်လမ်း (Plot) နှင့် ပတ်သက်လျှင် သူ၏ အဆိုအမိန့်ကို ညွှန်းကြသူ အတော်များသည်။ မြန်မာပြည်တွင်လည်း ဆရာဇော်ဂျီ ဆရာတက်တိုးတို့လို စာပေပညာရှင်များက ညွှန်းပြခဲ့ဖူးသောကြောင့် စာဖတ်သူလည်း တွေ့ဖူးပြီး ဖြစ်ပါလိမ့်မည်။ သို့သော် ထပ်မံဖော်ပြလိုက်ပါသည်။ ဆရာကြီးက အဖြစ်အပျက် (Story)နှင့် ဇာတ်လမ်း (Plot)ကို ဤသို့ခွဲခြားပြပါသည်။

'ရှင်ဘုရင်ကြီး နတ်ရွာစံသည်။ ထို့နောက် မိဖုရားကြီးလည်း နတ်ရွာစံလေသည်။'

ဤသည်မှာ အဖြစ်အပျက် (Story)မျှသာ ဖြစ်သည်။ ရှေ့ဖြစ်နောက်ဖြစ်သဘော၊ အချိန်ကာလသဘောကသာလျှင် လွှမ်းမိုးနေသည်။ အဖြစ်အပျက်တို့ချင်း ဆက်စပ်မှု မရှိ။

'ရှင်ဘုရင်ကြီး နတ်ရွာစံလေ၏။ ထို့ကြောင့် မိဖုရားကြီးလည်း ရင်ကွဲနာကျ၍ ကံတော်ကုန်လေသတည်း။'

ဤတွင် ဇာတ်လမ်း(plot)ဖြစ်လာလေပြီ။ ဇာတ်လမ်းတွင် ရှေ့နောက် အချိန်ကာလသဘောထက် ကျိုးကြောင်းဆက်စပ်မှု သဘောက ပို၍ လွှမ်းမိုးလာသည်။

'မိဖုရားကြီး ကံတော်ကုန်လေပြီ။ ပထမသော် အကြောင်းရင်းကို မသိကြကုန်၊ နောင်သောအခါမှ ရှင်ဘုရင်ကြီး နတ်ရွာစံသည့်အတွက် ရင်ကွဲနာကျရကြောင်း သိရလေသတည်း။'

ဤအဆင့်တွင်ကား ကျိုးကြောင်းဆက်စပ်ထားသဖြင့် ဇာတ်လမ်းဖြစ်လာရုံမျှမက ရှေ့ဖြစ်နောက်ဖြစ် အချိန်ဖယားစဉ်ကို ဂရုမပြုတော့ဘဲ ကျိုးကြောင်းဆက်စပ်မှုတွင် မြှုပ်ကွက်ကလေး ထည့်ထားခြင်း စသည်တို့ကြောင့် 'ဇာတ်ရှိန်မြင့်' လာနိုင်သော ဇာတ်လမ်း ဖြစ်လာလေပြီ။

ဇာတ်ဆောင် စရိုက် သရုပ်ပီရန် ပြေပြစ်ဆီလျော်စွာ ပြောင်းလဲတိုးတက်သင့်သည်။ ဇာတ်လမ်းမှာမူ အံ့အားသင့်စရာကလေး ပါသင့်သည်။

အချုပ်ကိုဆိုလျှင် 'ပြီးတော့ ဘာဖြစ်သလဲ'ဟု မေးလျှင် အဖြစ်အပျက် (story) ဖြစ်၍ 'ဘာပြုလို့လဲ' ဟုမေးလျှင် ဇာတ်လမ်း(plot) ဖြစ်သည်။ (ဤသည်တို့မှာ ဆရာကြီးဖော်စတာ၏ အဆိုအမိန့်များ ဖြစ်ပါသည်။) ဆရာကြီး ဆွန်းမားဆက်မွန်ကမူ . . .

'အချို့ပညာရှင် နိဿရည်းဆရာများက အဖြစ်အပျက်နှင့် ဇာတ်လမ်း ပြတ်ပြတ်သားသား ခွဲခြားလိုက်ပုံကို ကျွန်ုပ်နားမလည်နိုင်ဟု ဆိုချင်သည်။ ဇာတ်လမ်းဆိုသည်မှာ အဖြစ်အပျက်ချထားစရာ ဖယားစဉ်မျှသာ ဖြစ်သည်' ဟု ဆိုပါသည်။

ဆရာကြီး ဖော်စတာ၏ အာဘော်ကို ချုပ်ကြည့်လျှင် 'ဇာတ်လမ်းဆိုသည်မှာ အဖြစ်အပျက်များကို ကျိုးကြောင်းဆက်စပ်ပြထားသော ဖြစ်စဉ်၊ မြှုပ်ကွက်ကလေးများ ထည့်သွင်းခြင်းအားဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ပြုလုပ်နိုင်သည်။' ဤသို့ယူရမည် ထင်ပါသည်။

တစ်ဖန် ဆန်းစစ်ပုံ နောက်တစ်မျိုးကိုလည်း တင်ပြချင်ပါသေးသည်။ ဤသဘောတရားမှာ ယခုမှပေါ်လာနေသည် မဟုတ်ပါ။ ကြာလှပါပြီ၊ ရှေးဟောင်း ဂရိပြဇာတ်များခေတ်ကပင် ပေါ်ခဲ့သော ရှုထောင့်များ ဖြစ်ပါသည်။ ဇာတ်လမ်းတစ်ခုတွင် ပါဝင်နေတတ်သော လက္ခဏာ တို့မှာ . . .

၁။ ရည်ရွယ်ချက် (စေတနာ)ပြောင်းပြန်ဖြစ်ခြင်း၊
(Reversal of intention)
၂။ သိလာခြင်း (Recognition)
၃။ ကြမ္မာဆိုး ဝင်ခြင်း (Tragic incident or Catastrophe)

ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်ခြင်း

ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်ခြင်း ဆိုသည်မှာ စေတနာကြောင့် ဝေဒနာဖြစ်ခြင်း။ 'စိုင်ကော်လို့ ချုံပေါ်ရောက်ခြင်း။ ပေါ့စေလို၍ ကြောင်ရုပ်ထိုး မြေးအတွက် လေး၊ မြို့ဝန်မင်းစောင်မလို့ ထောင်ကျ' ဆိုသည့် အဓိပ္ပာယ်မျိုး ဖြစ်ပါသည်။ ဆဒ္ဒန်မင်းက မေတ္တာကြောင့် အင်ကြင်းပင်ကို ဦးခေါင်းနှင့် ထွေရာ စူဠသုဘဒ္ဒါ၏ ကိုယ်ပေါ်သို့ ခါချည်ထုပ်ကျပြီး ဆင်မင်းအား အငြိုးဖွဲ့မှားခြင်းမျိုး ဖြစ်ပါသည်။ စေတနာကောင်းဖြင့် ပြုပါလျက် ဆိုးကျိုးပေါ်ခြင်း၊ စေတနာဆိုးဖြင့် ပြုပါလျက် ကောင်းကျိုးပေါ်ခြင်း စသည်တို့ ဖြစ်ပါသည်။ ကျွန်တော်တို့၏

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့ဘဝတွင်လည်း မကြုံသော်လည်း ဖြစ်၊ ကြုံသော်လည်း နစ်ခြင်း၊ စေတနာကြောင့် ဝေဒနာဖြစ်ရခြင်း စသည်တို့ မကြာခဏ ကြုံကြရသည်ဟု ထင်မိပါသည်။

သိလာခြင်း

သိလာခြင်းဆိုသည်မှာ အမြင်မှန် ရလာခြင်း၊ အမြင်သစ်ကို ရလာခြင်းကြောင့် ဇာတ်ဆောင်အချင်းချင်း တစ်ဦးကို တစ်ဦး ချစ်လာမှု၊ မုန်းလာမှုတို့ကို ပေါ်ပေါက်စေသော သဘောဟု ဆိုပါသည်။ ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကို ရသောအခါမှ ဆင်မင်း၏ မေတ္တာကို သိရသောကြောင့် စူဠသုဘဒ္ဒါမှာ နောင်တပူပန်ခြင်းဖြင့် ရင်ကွဲနာကျရသော သဘောမျိုး ဖြစ်ပါသည်။

ကြမ္မာဆိုးဝင်ခြင်း

ကြမ္မာဆိုးဝင်ခြင်း ဆိုသည်မှာ (ကံမကောင်း၍) ကြမ္မာဆောင် သားကောင်ဆိတ်ဖြစ်ရခြင်း၊ သေကြေပျက်စီးကြရခြင်း စသည်တို့ကို ဆိုလို ပါသည်။ ပဉ္စာစာရီဝတ္ထုတွင် လင်ဖြစ်သူ ကိုဒါသ မြွေကိုက်သေဆုံးခြင်း၊ သားငယ်နှစ်ဦး ရေနစ် စွန်ချီဖြစ်ရခြင်း၊ မြေငလျင်ကြောင့် မိဘနှစ်ပါး ပျက်စီးရခြင်း စသည်တို့ ဖြစ်ပါသည်။ မမြင်သာသော ကံအကြောင်းတရားကြောင့် ဘေးဆိုးကြီးများ ကျရောက်ခြင်းကြောင့် ဇာတ်ဆောင်တို့၏ ဘဝလမ်းကြောင်း ပြောင်းသွားရသည့် သဘောဖြစ်ပါသည်။

တစ်ဖန် ထိုသုံးမျိုးစလုံးကြောင့် အားပြိုင်မှုတို့ ဖြစ်ပေါ်လာတတ်ခြင်းကိုလည်းကောင်း၊ ထိုသုံးမျိုးစလုံး၏ အကျိုးမှာ ဘဝလမ်းကြောင်း ပြောင်းလဲစေခြင်းသာလျှင် ဖြစ်ကြောင်းကိုလည်းကောင်း သတိပြုမိပါသည်။

ဤသည်တို့မှာ စာအုပ်ထဲတွင် တွေ့ရသော သဘောတရားများ ဖြစ်ပါသည်။ ကျွန်တော့်ဘဝ ဇာတ်ကြောင်းကို ဆရာမောင်ထင် ပြောသကဲ့သို့ ဝိပဿနာ တင်ကြည့်သောအခါတွင်လည်း ဘဝလမ်းချိုးမှတ်တိုင်များသည် ထိုသုံးမျိုးနှင့် ပတ်သက်နေတတ်သည်ဟု သတိပြုမိပါသည်။

ကျွန်တော်သည် ကျောင်းဆရာတစ်ယောက်ဖြစ်ရာ ကျွန်တော်၏ ပတ်ဝန်းကျင်မှာ ကျောင်းသားပတ်ဝန်းကျင် ဖြစ်သည်ဟု ဆိုရပါမည်။ ထို့ကြောင့် ကျောင်းသားမြောက်မြားစွာတို့၏ ဘဝနှင့် ထိတွေ့ခဲ့ရပါသည်။ သူတို့လည်း

သူတို့၏ဘဝဇာတ်ကြောင်းများကို ရင်ဖွင့်လာကြခြင်း၊ အကူအညီတောင်းခြင်း၊ အကြံဉာဏ်တောင်းခြင်း စသည်တို့ ပြုတတ်ကြပါသည်။ သူတို့ပြောသမျှ အဖြစ်အပျက်တို့အနက် စိတ်ဝင်စားဖွယ်ရာ ရှိလှ၍ မမေ့နိုင်သော အဖြစ်အပျက်တို့ကို ပြန်လည်ဆင်ခြင်ကြည့်သောအခါတွင်လည်း ဤသုံးမျိုးနှင့် ပတ်သက်ကြောင်း သတိပြုမိပြန်ပါသည်။

ထို့ပြင် **'ရတနာပုံ'**၊ **'ပန်းသာမစာဥ'** တို့မှ စ၍ ဂျာနယ်ကျော်မမလေး၏ **'သွေး'**၊ မြသန်းတင့်၏ **'ဓားတောင်'** စသည့် ဝတ္ထုများကို ဆင်ခြင်ကြည့်လိုက်သောအခါတွင်လည်း ဤသုံးမျိုးပါဝင်နေသည်ကိုပင် တွေ့ရပြန်ပါသည်။ ယုတ်စွအဆုံး မြန်မာ့အသံ'ဇာတ်လမ်းပမာ'ကဏ္ဍတွင် ရေပန်းစားခဲ့သော ဆော်တာဆွေ၏ **'လူ့မနော'** ဒန့်ဒလွန့်သီး ဇာတ်လမ်းကလေးသည်ပင် ဤသဘောတရား မလွတ်ကြောင်း သတိပြုမိပါလိမ့်မည်။

တစ်ခု သတိပြုသင့်သည်မှာ ဤသုံးမျိုးစလုံးမှာ အပြောင်းအလဲတို့၏ အကြောင်းရင်းများ ဖြစ်နေကြောင်းပင် ဖြစ်ပါသည်။ ဇာတ်ဆောင်တို့၏ ဘဝလမ်းကြောင်း ပြောင်းလဲမှုကို ပဓာနထား၍ သုံးသပ်သော ရှုထောင့်ဖြစ်သည်ဟု ဆိုသင့်ပါသည်။ ထို့ပြင် စေတနာပြောင်းပြန်ဖြစ်ခြင်းနှင့် သိလာခြင်းတို့မှာ စိတ်ပိုင်းနှင့်သက်ဆိုင်သည်ဖြစ်၍ ဇာတ်လမ်းနှင့်သာမက ဇာတ်ဆောင်နှင့်လည်း ပတ်သက်နေကြောင်း သတိပြုသင့်ပါသည်။ ဆိုလိုသည်မှာ ဘေးဆိုး ကြမ္မာဆိုးတစ်ခုသည် မိမိအလိုဆန္ဒမပါဘဲ ဝင်ရောက်လာနိုင်သော်လည်း ပထမနှစ်ချက်မှာ မိမိ၏ စိတ်စေတနာနှင့် ဆက်စပ်နေသည်ဟု ထင်ရပါသည်။ (ထို့ကြောင့် ဝတ္ထုရေးသူသည် ဘေးဆိုးကြမ္မာဆိုးဝင်ရောက်ခြင်းကို မိမိစိတ်ကြိုက် ထည့်သွင်းနိုင်ခွင့် ရှိကောင်းရှိမည်ဖြစ်သော်လည်း ပထမနှစ်ချက်ကိုမူ ဇာတ်ကောင်၏ စေတနာကိုပါ ထည့်သွင်းစဉ်းစားရပေလိမ့်မည်ဟု ကောက်ချက်ချနိုင်လိမ့်မည် ထင်ပါသည်။)

အရစ္စတိုတဲလ်ကမူ 'ဇာတ်လမ်းကောင်းကြီးများ၏ ဇာတ်ကွက်များတွင် စေတနာပြောင်းပြန်ဖြစ်ခြင်းနှင့် သိလာခြင်းတို့ ပေါင်းစပ်နေတတ်သည်'ဟု ဆိုပါသည်။ သို့သော် ထိုခေတ်က အလွမ်းဇာတ်ကြီးများ ခေတ်စားနေချိန် ဖြစ်ကြောင်းကိုလည်း သတိပြုသင့်ပါသည်။ ကျွန်တော်သည်း မြန်မာပြည်တွင် နာမည်ကြီးခဲ့သော အကယ်ဒမီရုပ်ရှင်ကားကြီးများဖြစ်သည့် **'ချစ်သက်ဝေ'**၊ **'ရတနာပုံ'**၊ **'ဘဝသံသရာ'** ရုပ်ရှင်ကားများကိုလည်းကောင်း၊ မြန်မာလူကြိုက်များသော

www.burmeseclassic.com

www.burmeseclassic.com

ကြိုက်နှစ်သက်ကြသော **'အာရာဒါးနား'**၊ **'အက်ခ်ဖူးလ်ဒိုးမာလီ'**၊ **'မားသား အင်ဒီးယား'** စသည့် အိန္ဒိယရုပ်ရှင်ကားများကိုလည်းကောင်း သတိရမိပါ သေးသည်။

အချုပ်ကို ဆိုရလျှင် အထက်ပါ လက္ခဏာသုံးမျိုးအနက် တစ်မျိုး ကြောင့်လည်းကောင်း၊ နှစ်မျိုးကြောင့်လည်းကောင်း၊ သုံးမျိုးစလုံးကြောင့် လည်းကောင်း ဘဝအပြောင်းအလဲ ဖြစ်သွားခြင်းကိုပင် ဇာတ်လမ်းဟု ဆိုရမည် ထင်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ယနေ့ ယေဘုယျ ပြောဆိုနေကြသည့် သဘောအရဆိုလျှင် ဇာတ်လမ်းဆိုသည်မှာ ဇာတ်ဆောင်တို့၏ ဘဝလမ်း ကြောင်း အသိအမြင်ကို (မမျှော်လင့်ဘဲ) ပြောင်းလဲသွားစေသည့် အဖြစ်အပျက် များကို ကျိုးကြောင်းဆက်စပ်ပြထားသော ဖြစ်စဉ်တစ်ခုဟု ဆိုချင်မိပါသည်။

'မမျှော်လင့်ဘဲ'ဟူသော စကားလုံးကို ထည့်လိုက်ပါသည်။ ဝတ္ထုဆို သည်မှာ လူ့ဘဝကိုတင်ပြရန် ဖြစ်ကြောင်းကိုလည်း သဘောပေါက်ပါသည်။ သို့သော် ဝတ္ထုသည် အနုပညာပစ္စည်းတစ်ခုဖြစ်ရာ အနုပညာ၏ ပဓာနလက္ခဏာ များဖြစ်သော အံ့သြခြင်း၊ ထိတ်လန့်ခြင်း စသည့်ရသများ ပါသင့်သည်ဟုလည်း ယူဆမိပါသည်။ ဘဝကို တင်ပြသော်လည်း ဘဝစင်းစင်းကြီးဖြစ်နေလျှင် ဇာတ်လမ်းဟု လက်ခံကြရန် ခဲယဉ်းကြောင်းကိုလည်း သတိပြုမိပါသည်။ 'မင်းဥစ္စာက ဇာတ်လမ်းကလေးဆိုတော့ ထူးထူးဆန်းဆန်းများလားလို့ နား ထောင်နေတာ၊ တော်ပါတော့ကွာ' ဆိုသော စကားမျိုးကိုလည်း ကြားဖူးကြ လိမ့်မည် ထင်ပါသည်။ (ထူးထူးဆန်းဆန်းဆိုရာ၌ မည်သည့်အတိုင်းအတာ အထိ ထူးဆန်းသင့်သည်ဆိုသော ကိစ္စကိုမူကား သီးခြားစဉ်းစားရမည် ဖြစ်ပါသည်။)

အထက်တွင် တင်ပြခဲ့သော အနက်ဖွင့်ချက်ကို အလုပ်ဖြစ်ရုံ၊ စကားပြော ဖြစ်ရုံ မည်ကာမတ္တ အနက်ဖွင့်ချက်မျှသာ ဖြစ်သည်ဟု တစ်စုံတစ်ယောက်က ဆိုလာလျှင်လည်း ကျွန်တော် မငြင်းလိုပါ။

သို့သော် တစ်ခုတော့ ရှိပါသည်။ ကျွန်တော်တို့ ဒီကနေ့ သုံးစွဲပြောဆို နေကြသော 'ဒီဝတ္ထုဇာတ်လမ်း ကောင်းတယ်' 'ဟို ရုပ်ရှင်ဇာတ်လမ်း မကောင်း ဘူး' 'ဇာတ်လမ်းကို ပြောစမ်းပါဦး'စသည်တို့မှာ ဤအချက်များပေါ်တွင် အခြေခံ ၍ ပြောနေခြင်းဖြစ်သည်ဟု ထင်မိပါသည်။

ထို့ပြင် ရုပ်ရှင်စာစောင်များတွင် တွေ့ရသော ရုပ်ရှင်ဇာတ်လမ်းအကျဉ်း ချုပ်၊ မလိခ၏ မြန်မာဝတ္ထုအညွှန်းတွင်တွေ့ရသော ဇာတ်လမ်းအကျဉ်းချုပ်၊ မဂ္ဂဇင်း အခန်းဆက်ဝတ္ထုကြီးများတွင် တွေ့ရသော ပြီးခဲ့သော ဇာတ်လမ်း အကျဉ်းချုပ် စသည်တို့ကို စိစစ်သောအခါတွင်လည်း ကျွန်တော် အနက်ဖွင့် ခဲ့သည့် သဘောမျိုးကို အခြေခံပြီး အကျဉ်းချုပ်ရေးထားကြောင်း တွေ့ရပါ သည်။

မည်သို့ပင်ဖြစ်စေ 'ဇာတ်လမ်းဆိုတာ ဘာလဲ' ဟူသော မေးခွန်းကြောင့် ကျွန်တော့်မှာ ဦးနှောက်ခြောက်ခဲ့ရတာ အတော်ကြာပြီဖြစ်ရာ ကျွန်တော်နှင့် ဘဝတူ ဝတ္ထုဖတ်သမားများအား လက်ဆင့်ကမ်း၍ ပြဿနာ မျှဝေလိုက် ရသောကြောင့် အတော်လေး ဝန်ပေါ့သွားပါသည်။ ထို့ကြောင့် ကျေးဇူးတင် ပါသည်။

■

ရှုမဝရုပ်စုံမဂ္ဂဇင်း
မေ၊ ၁၉၇၅

www.burmeseclassic.com

www.burmeseclassic.com

မောင်ပေါက်ကျိုင်း

ကျွန်တော်တို့သည် မောင်ပေါက်ကျိုင်းအကြောင်းကို ငယ်စဉ်က ကြားခဲ့ဖူးပါသည်။ နှစ်သက်ခြင်းလည်း ဖြစ်သည်။ ယခုထက်တိုင် မမေ့နိုင်အောင်လည်း စွဲလမ်း မိကြသည်။ ယခု တမြည့်မြည့်ပြန်ပြီး စဉ်းစားသုံးသပ်ကြည့်မှ မောင်ပေါက်ကျိုင်းအား ဖန်တီးလိုက်သော ပုံပြောဆရာ၏ အနုပညာစွမ်းရည်ကို တစိမ့်စိမ့် သဘောပေါက်လာမိပါသည်။

'ကျွန်တော်တို့ ခေတ္တမျှ ငယ်မူပြန်ကြည့်ရအောင်လား' ဟု စာဖတ်သူကို ဖိတ်ခေါ်ပြီး သုံးသပ်ကြည့်ကြချင်ပါသည်။ ဇာတ်လမ်းအရ ပထမ . . .

"မောင်ပေါက်ကျိုင်းသည် တက္ကသိုလ်ပြည်၊ ဒိသာပါမောက္ခဆရာကြီးထံ တပည့်ခံ၍ ပညာသင်ကြား ဆည်းပူးသည်။ သုံးနှစ်သုံးမိုးပင် ကြာပါသော်လည်း မည်သည့်အတတ်ကိုမျှ မတတ်။ ဆရာကြီးပင် လက်လျှော့ရလေပြီ။ သို့သော် ဆရာကို ရိုသေကျိုးနွံလှသော မောင်ပေါက်ကျိုင်းကိုကား ဆရာကြီးက ချစ်သည်။ ဇာတာပေတာ တွက်ကြည့်ပြန်တော့လည်း ကြီးပွားအောင်မြင်မည့် ယောကျ်ားဟု ဟောကိန်းထွက်သည်။"

ဤနေရာတွင် ခဏနား၍ ကလေးဘဝ ခံစားမှုကို ဆင်ခြင်ကြည့်လျှင် ကျွန်တော်တို့ ဇာတ်လိုက်ကြီး(ဟီးရိုး)သည် သုံးနှစ်နေလို့မှ ဘာတစ်ခုမျှ သင်ကြားမရအောင် ထုံထိုင်းညံ့ဖျင်းလှသူ ဖြစ်နေသည်။ အစကတည်းက ဘယ်လောက်ဆန်းကြယ်ပါသနည်း။ တစ်ပါးသော ပုံပြင်တို့တွင် တွေ့ရသည့် ဇာတ်လိုက်များနှင့် လုံးဝမတူ။ သို့သော် ဇာတ်လိုက်ကြီး ဖြစ်နေပါသဖြင့်

စွမ်းပကား တစ်ခုခုတော့ဖြင့် ရှိလိမ့်မည် ထင်သည်။ ထို့ပြင် တက္ကသိုလ်ဆရာကြီး ကိုယ်တိုင်ကလည်း ဇာတာပေတာအရ ကြီးမြင့်မည့် ယောကျ်ားတဲ့ ယုံကြည်သည် မဟုတ်လား။ ဘယ်လို ကြီးမြင့်မှာပါလိမ့်။

ဘယ်လို ကြီးမြင့်ပါလိမ့် . . .။

ဤမေးခွန်း ပေါ်လာသည်ပင်လျှင် ပုံပြောဆရာ၏ အနုပညာစွမ်းရည်ကို ရိပ်မိစ ပြုစေပြီဟု ထင်မိပါသည်။ အကြောင်းသော်ကား ပုံပြင်ဖြစ်စေ၊ ဝတ္ထု-ပြဇာတ်ဖြစ်စေ ဇာတ်လမ်းပါသော စာပေပစ္စည်းတစ်ခုကို အစပျိုးမိလျှင် ရှေ့ဘာဖြစ်မလဲ သိချင်စိတ် ပေါ်စေသင့်ပါသည်။ ကြားနာသူက ရှေ့ဘာဖြစ်မလဲ ဆက်ပြီး မသိချင်လျှင် ဘာပဲဖြစ်ဖြစ် မကောင်းလို့ပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ပထမပိုင်း၌ သိချင်စိတ် ပြင်းပြပြီး နောက်ပိုင်း သိချင်စိတ် အားလျော့သွားလျှင် ရှေ့ပိုင်းကောင်းပြီး နောက်ပိုင်းလျှော်သွားလို့ ဖြစ်သည်ဟု ဆိုရပါမည်။ ထို့ကြောင့် မောင်ပေါက်ကျိုင်း ပုံပြင်ဆရာသည် အစပျိုးပုံအောင်မြင်သည်ဟု ဆိုရပါတော့မည်။ ပုံပြင်ကို ဆက်ကြည့်လျှင် . . .

"ဆရာကြီးက တပည့်အား ပညာသင်ပေးရန် လက်လျှော့လိုက်သော်လည်း တွယ်တာ ချစ်ခင်လှသောကြောင့် နှုတ်ငုံဆောင်ရန် စကားကြီးသုံးခွန်းကို ပေးလိုက်သည်။

သွားပါများ၊ ခရီးရောက်။

မေးပါများ၊ စကားရ။

မအိပ်မနေ၊ အသက်ရှည်။

ဤစကားသုံးခွန်းကို ခက်ခဲပင်ပန်းစွာ ကျက်မှတ်ပြီးနောက် မောင်ပေါက်ကျိုင်းသည် ဆရာကို ကန်တော့၍ တက္ကသိုလ်ပြည်မှ ထွက်လာခဲ့သည်။"

မောင်ပေါက်ကျိုင်း၏ တက္ကသိုလ်ပညာမှာ ဤမျှသာတည်း။

ဤနေရာတွင် သိချင်စိတ်နှိုးဆော်မှု နောက်တစ်ဆင့် တက်လာပြန်လေပြီ။ ဤစကားသုံးခွန်းသည် မုချ အလုပ်လုပ်တော့မည်ဖြစ်ကြောင်း ကျွန်တော်တို့ ရိပ်မိကြသည်။ အလုပ်မှာ တော်စွလျော်စွအလုပ်မျိုး မဟုတ်နိုင်ကြောင်းလည်း ရိပ်စားမိကြသည်။ ဤစကားသုံးခွန်းသည် မောင်ပေါက်ကျိုင်း၏ ဘဝကို အပြောင်းအလဲ ပေးလိမ့်မည်ဟု ထင်နေသည်။ ကျွန်တော်တို့သည် (မိမိကိုယ်မိမိပင် မသိလိုက်ဘဲ) ဒိသာပါမောက္ခဆရာကြီးအလား မောင်ပေါက်ကျိုင်းကဲ့သို့ပင် ယုံကြည်ကိုးစား နေလေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကတော့ မောင်ပေါက်ကျိုင်းလောက် ထုံထိုင်းသူမဟုတ်သောကြောင့် ခက်ခဲပင်ပန်းစွာ အားမထုတ်ရဘဲ မှတ်မိလိုက်ပါပြီ။ အာဂုံရပြီးလေပြီ။ ကျွန်တော်တို့ တစ်သက်တာတွင် ဝတ္ထုထဲက အရေးပါသော ကဗျာတစ်ပိုဒ်၊ စာတစ်ပိုဒ်ကို အလွတ်ကျက်မှတ်မိအောင် စွဲလန်းခြင်းတို့အနက် ပထမဆုံးအကြိမ် ဖြစ်ပေလိမ့်မည်။ အာဂ ပုံပြောဆရာပါတကား။

"မောင်ပေါက်ကျိုင်းသည် သင်းတွဲပြည်ကြီးသို့ ရောက်၏။ ထီးဆောင်းမင်း မရှိသောကြောင့် မောင်ပေါက်ကျိုင်းကိုပင် မင်းမြှောက်၏။ သွားပါများခရီးရောက်လေပြီ။ ရှေးရှေးက မင်းများသည် ထီးနန်းဆက်ပြီး ခုနစ်ရက်အကြာတွင် နတ်ရွာစံတတ်ကြောင်း အပျိုတော်လေးများအား ချော့မော့မေးခြင်းဖြင့် သိရလေသည်။ မေးပါများ စကားရလေပြီ။

"အ,ကာလ ညအခါတွင် ပေါက်ကျိုင်းက ငှက်ပျောတုံးကို ကမ္ဗလာလွှမ်း၍ လူသဏ္ဌာန်ဖန်ဆင်းပြီး မိမိကမူ သံလျက်စွဲ၍ တံခါးအကွယ်က မအိပ်ဘဲစောင့်နေ၏။"

ကျွန်တော်တို့ ပုံပြင်နားထောင်နေသူတွေကလည်း မအိပ်ဘဲ စောင့်ပြီးနားထောင်ချင်ပါပြီ။ ဤနေရာတွင် ပုံပြောသူက 'နက်ဖြန်မှ ဆက်ကြတာပေါ့ကွယ်'ဟု ဆိုလျှင် ကျွန်တော်တို့ သည်းမခံနိုင်၊ ကျွတ်စီကျွတ်စီနှင့် ခြေဆောင့်ခြင်း၊ ငိုကြွေးပူဆာခြင်းတို့ဖြင့် ဆန္ဒပြကြလိမ့်မည် ထင်သည်။ သိချင်စိတ်သည် အထွတ်သို့ရောက်နေပြီ မဟုတ်ပါလား။

"သန်းခေါင်ကာလရောက်သော် တရှူးရှူးမြည်သံ ကြားရ၏။ ခဏကြာလျှင် နဂါးကြီးတစ်ကောင် ဝင်လာ၍ ငှက်ပျောတုံးကို မောင်ပေါက်ကျိုင်းအမှတ်ဖြင့် ပေါက်လိုက်ရာ အစွယ်နှင့်ငှက်ပျောလျှော်မျှင် ငြိနေသောကြောင့် မရုန်းနိုင်။ ထိုအခါမှ မောင်ပေါက်ကျိုင်းက နဂါးကို သတ်ပြီးလျှင် အသေကို သူ၏ တိတ်တိတ်ပုန်းချစ်သူ မိဖုရား၏ အဆောင်တွင်းသို့ ပစ်သွင်းလိုက်လေသတည်း"

ဤနေရာရောက်မှ 'နက်ဖြန်မှ ဆက်ကြစို့' ဆိုလျှင် ကျွန်တော်တို့ အလွယ်တကူ အိပ်ရာဝင်ကြမည် ထင်သည်။ သို့မဟုတ် 'အဲဒါနဲ့ . . . နဂါးကြီးသေတော့မှ ထီးနန်းကို စံမြန်းအုပ်ချုပ် မင်းလုပ်ပြီး နေရောတဲ့။ ကဲ . . . ပုံပြင်ဆုံးပြီ'ဟု ဆိုလျှင်လည်း ကျွန်တော်တို့ ကျေနပ်ကြမည်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့စိတ်ထဲတွင် ဖြစ်ပေါ်လာခဲ့သော ဘာဖြစ်မှာလဲ၊

ဘယ်လိုဖြစ်ဦးမှာလဲ စသည့်မေးခွန်းတို့သည် ပြေးသွားကြပြီ မဟုတ်ပါလား။ ပြီးတော့ ဘာဖြစ်သေးလဲဟု မချင့်မရဲထပ်ပြီး မေးစရာ မရှိတော့ပါ။ 'နောက်ထပ်ပြီး ဘာဖြစ်သေးလဲ' ဟု ထပ်မေး၍ ဖြေပြလျှင် အားပြိုင်မှုအသစ်တစ်ခု ပေးရဦးတော့မည် ဖြစ်ပါသည်။

ယခု ပုံပြောဆရာကလည်း ဉာဏ်ရှင်နေပါသည်။ ဆက်ပြီး ပြောချင်ပါသေးသည်။ ထို့ကြောင့် ပြဿနာအသစ် အားပြိုင်မှုအသစ်တစ်ခုကို ဖော်လိုက်ပြန်ပါသည်။

"မိဖုရားကြီးက သူ၏ တိတ်တိတ်ပုန်းချစ်သူ နဂါးကြီးသေရသည်ကို လုံးဝ မကျေနပ်။ ထို့ကြောင့် မောင်ပေါက်ကျိုင်းမသေသမျှ သူမနေပြီ။ အသပြာတစ်ထောင်ပေး၍ နဂါးသေကောင်၏ အရေခွံကို ဆုတ်စေသည်။ အသပြာတစ်ရာပေးပြီး ထိုနဂါးရေကို ခေါင်းအုံးချုပ်စေသည်။ နဂါး၏ အရိုးတို့ ဆံထိုးလုပ်၍ မြတ်နိုးစွာ ပန်ဆင်သည်။ ထိုအကြောင်းအရာများကို မောင်ပေါက်ကျိုင်းအား စကားထာ ဝှက်သည်။

ထောင်ပေးလို့ ဆုတ်၊

ရာပေးလို့ ချုပ်၊

ချစ်တဲ့သူအရိုး ဆံထိုးလုပ်။

"ဤစကားထာကို မောင်ပေါက်ကျိုင်းက ခုနစ်ရက်အတွင်း ဖော်နိုင်လျှင် သူ့ကို မသတ်တော့၊ ခုနစ်ရက်လည်၍ မဖော်နိုင်လျှင် ပေါက်ကျိုင်းကို သတ်မည်။ အသက်ကို လောင်းကြေးပြုသည်။"

ကျွန်တော်တို့သည် စကားထာကိုလည်း ချက်ချင်း ကျက်မှတ်လိုက်နိုင်သည်။ ကာရန်ကလေးထည့်ထားတော့ ရွတ်လို့လည်း ကောင်းသည်၊ မှတ်လို့လည်း လွယ်သည်။ ပုံပြောဆရာသည် ညို့ကွက်ကိုလည်း သိသည်၊ ငြိလုံးကိုလည်း သွင်းတတ်သည်။

ကျွန်တော်တို့အဖို့ မောင်ပေါက်ကျိုင်း၏ အသက်ဘေးကို စိုးရိမ်ကြလေပြီ။ တက္ကသိုလ်ပြည်တွင် သုံးနှစ်နေခဲ့လို့မှ တစ်စိုးတစ်စိ မတတ်ခဲ့သော မောင်ပေါက်ကျိုင်းမှာ မည်သို့လျှင် ဤပြဿနာကို ဖြေနိုင်ပါမည်နည်း။

ဤတွင် ပုံပြောဆရာက ကျီးဖို၊ ကျီးမ ဇာတ်လက်ကွက်ငယ်ကလေးတစ်ခုကို ထည့်သွင်းလိုက်သည်။ မောင်ပေါက်ကျိုင်း ရှင်ကုရင်ဖြစ်သည်ကြား၍ လိုက်လာသော မိဘနှစ်ပါးက ကျီးဖို၊ ကျီးမ စကားပြောသံကို ကြားရသော

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ပြဿနာ၏ ရင်းမြစ်ကို သိသွားကြသည်။ ထို့ကြောင့် သင်းတွဲပြည်သို့ ခပ်သုတ်သုတ်ကလေး သွားကြသည်။ ဤသို့လျှင် မောင်ပေါက်ကျိုင်း၏ အသက်ကို လက်မတင်ကလေး အမီကယ်လိုက်ကြရသည်။ မောင်ပေါက်ကျိုင်းသည် မိဖုရားကြီးအား ရန်တုံ့မမူဘဲ ထီးနန်းစံမြန်းသိမ်းပိုက်တော်မူသည်ဟု အဆုံးသတ်လိုက်သည်။ ကျွန်တော်တို့ ကျေနပ်ပါပြီ။ သပ်သပ်ရပ်ရပ် ရှင်းလင်းသွားသော ဇာတ်လမ်းကို နှစ်သက်ကြပါသည်။

သို့သော် ကျွန်တော်တို့ ပုံပြောဆရာသည် စိတ်ကူးဆန်းကြယ်သောသူ ဖြစ်သည်။ ထို့ကြောင့် ဆက်ဦးမည်။ မောင်ပေါက်ကျိုင်းနှင့် မိဖုရားကြီး ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်ကြပေါ့။ မင့် ဘာများဆက်စရာ ရှိသေးသနည်း။ သို့သော် ဆက်လာပြန်ပါပြီ။

"မိဖုရားကြီးတွင် သန္ဓေရှိရာ၊ နဂါးငွေ့သင့်သောကြောင့် ဖွားမြင်လာသော အမြွှာညီနောင်တို့မှာ စကျွန်နှစ်ကွင်း အလင်းမရရှိချေ။ မင်းကြီးက ရှက်နိုးတော်မူ၍ ဖျောက်ဖျက်စေဟုဆို၏။ မိဖုရားကြီးက မှူးမတ်တို့နှင့်တိုင်ပင်၍ ဝှက်ထား၏။ လူလားမြောက်မှ ဖောင်ပေါ်တင်၍ မြစ်ရေကြောတွင် မျှောစေ၏။"

ပြဿနာတစ်ခု တက်လာပြန်လေပြီ။ ဤဒုက္ခိတ သမ္မာဝညီနောင်သည် ဖောင်တစ်စီးနှင့် မည်သို့ဖြစ်လေမည်နည်း။ သိချင်စိတ်တို့ကို နှိုးဆော်ပြန်လေသည်။

"လမ်းတွင် စန္ဒမုခီ ဘီလူးမနှင့် တွေ့၊ မျက်စိကို ကုစား၊ ဘီလူးမတွင် သန္ဓေရှိ၊ ဘီလူးမကို လမ်းတွင် ဖောင်ပေါ်မှ နှင်ချခဲ့။ ဘီလူးမလည်း ငိုယို ထွက်သွားရာ တောင်တွင်းကြီးမြို့အနောက်ဘက် ဗီသနိုးအရပ်မှာ သမီးငယ်ကို ဖွားမြင်၏။ ရသေ့တစ်ပါးက မြင်သော် ရင်သွေးငယ်ကို စားအုံ့ထင်၍ ဂါထာရွတ်၊ ဘီလူးမ ထွက်ပြေးမှ ကလေးငယ်ကို ကောက်ယူမွေး။ လက်ညှိုးနို့ချို ကျွေး၍ ကြီးပြင်းစေရ၊ ပန်ထွာမင်းသမီးဟု တွင်၏။ သမ္မာဝညီနောင်တို့က ရောဝတီမြစ်ကြော၌ ဆက်လက်မျောလာ"

ဩော် . . . ခုမှ သတိရသည်။ ဤနေရာတွင် ပုံပြောသူက မကျန်ရစ်ခဲ့သော်လည်း ကျွန်တော်က မေ့ကျန်ရစ်ခဲ့သည့် အစဦးအကြောင်းကလေး တစ်ခုကို ပြန်ပြောရဦးမည်။ သင်းတွဲပြည်၏ အိမ်ရှေ့မင်းကြီး ခေပဒုတသည် ဝက်ကြီးတစ်ကောင်ကို အမဲလိုက်ရင်း ခရီးလွန်လာခဲ့သည်။ သို့သော် 'ဒီဝက်ကို

မရသမျှ ငါမပြန်ပြီ'ဟု ဆက်လိုက်ခဲ့ရာ သရေခေတ္တရာအရပ်ရောက်မှ ဝက်ကို ရသည်။ သို့သော် သံဝေဂရသည်ဖြစ်၍ ရသေ့ပြုပြီးလျှင် တောထဲမှာပဲ နေ၏။ ဤသည်တွင် သူ့ကျင်ငယ်ရေကို သမင်မတစ်ကောင် သောက်မိသောကြောင့် သန္ဓေစွဲ၍ ဗေဒါရီ မွေး၏။ လက်ညှိုးနို့ချိုဖြင့်ပင် ကြီးပြင်းစေရ၏။

စာဖတ်သူတို့ သိကြသည့်အတိုင်း သမ္မာဝညီနောင်နှင့် ဗေဒါရီတို့မှ ဖွားမြင်သော ဒွတ္တဘောင်နှင့် ပန်ထွာမင်းသမီးတို့ စစ်ဖြစ်ကြရာ၊ ပန်ထွာမင်းသမီး အနိုင်ရောက်မှသာ ဇာတ်သိမ်းပြီးတော့သည်။

ပုံပြောဆရာသည် စပျိုးလာသော ဇာတ်လမ်းလေးမှ တစ်ဆင့်ပြီး တစ်ဆင့် တက်လာသည်။ တစ်မြွှာပြီး တစ်မြွှာ ခွဲလာသည်။ အဓိကဇာတ်ဆောင်တွေ တစ်ယောက်ပြီး တစ်ယောက် ပြောင်းပြသည်။ ဇာတ်ဆောင်နှစ်ယောက်ပြိုင်လည်း တင်သည့်အခါ တင်လိုက်သည်။ နောက်ဆုံး ရှုကွင်းကို သရေခေတ္တရာနှင့် ဗိသနိုး နှစ်နေရာ ခွဲပေးလိုက်သေးသည်။ ဤသည်တွင် စစ်ဆင်ရေး ပရိယာယ်များဖြင့် ရှင်တု ရှင်ယောင် နှစ်ယောက်ကို စေလွှတ်၍ ရန်ပယ်စည်ကြီးကိုလည်း ဖျက်ဆီးစေသည်။ စစ်ရေး၌ပင် ဗိသနိုးကို အလွယ်တကူ မရအောင် ဖန်တီးထားလိုက်သေးသည်။

မောင်ပေါက်ကျိုင်း၏ ဇာတ်လမ်းသည် အရိုးရှင်းဆုံးသော ဇာတ်လမ်းကလေးကို ဖော်ပြဘိသို့ ရှိသည်။ လူ့ဘဝကြီး၊ လူ့သမိုင်းကြီးအကြောင်းကို ပြောပြဘိသို့လည်း ရှိသည်။

ကျောင်းသားတစ်ယောက်မှာ ၉ တန်းအောင်လျှင် ၁၀ တန်းနှင့် ရင်ဆိုင်ရသည်။ ၁၀ တန်းအောင်လျှင် ဘယ်တက္ကသိုလ်ရောက်လေမည်နည်း ဟူသော ပြဿနာ ထပ်ပြီး တက်လာပြန်တော့သည်။ ပြဿနာကို ဖန်တီးသူမှာလည်း မိမိပင် ဖြစ်သည်။ ထိုပြဿနာကို ရှင်းရသူမှာလည်း မိမိပင် ဖြစ်သည်။ လူတွေကြောင့် ပြဿနာပေါ်ရသည်။ ထိုပြဿနာကို လူတွေကပင် ဖြေရှင်းရသည်။ သို့သော် ပြဿနာအမှတ်(၁)ကို ရှင်းလိုက်လျှင် ပြဿနာအမှတ်(၂)က ပေါ်လာပြန်သည်။ ထိုပြဿနာအမှတ်(၂)တွင် ပြဿနာအမှတ်(၃)၏ မျိုးစေ့က ကပ်ပါလာမြဲ ဖြစ်သည်။

ပြဿနာတို့ကို ရှင်းရခြင်းသည်ပင် အားပြိုင်မှု ဖြစ်တော့သည်။ ပြဿနာကြီးလေလေ၊ အားပြိုင်မှုကြီးလေလေ ဖြစ်သည်။ ပြဿနာတွေကို တစ်ခုပြီး တစ်ခု ရှင်းသွားရခြင်းသည်ပင် လူ့ဘဝဖြစ်၍ သေသွားမှသာလျှင် ထိုလူ့တစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်၏ (သူ့အတွက်)ပြဿနာများ ကုန်ဆုံးခြင်းသို့ ရောက်တော့သည်။

မောင်ပေါက်ကျိုင်း၏ ဇာတ်လမ်းသည် လူ့ဘဝဇာတ်လမ်းသဘောကို လည်းကောင်း၊ ဝတ္ထုပုံပြင်တို့၏ အခြေခံဇာတ်လမ်းသဘောကို လည်းကောင်း သင်ပြနေသကဲ့သို့ ရှိပါပေသည်တကား။

■

ရှမဝရုပ်စုံမဂ္ဂဇင်း
နိုဝင်ဘာ၊ ၁၉၇၄

ဇာတ်လမ်း၏ ခွန်အား

ဝတ္ထုရေးဆရာ သုံးမျိုး

မြန်မာ့ဝတ္ထုရေးဆရာများကို အကြမ်းအားဖြင့် အုပ်စုခွဲကြည့်လျှင် သုံးမျိုးတွေ့ရပါသည်။ ပထမအုပ်စုမှာ မိမိ၏ ဝတ္ထုအရည်အသွေးကို ကောင်းမွန်ဆန်းသစ်အောင် နည်းလမ်းသစ် ရှာဖွေကြိုးပမ်းနေသူများ၊ ဒုတိယ– သမားရိုးကျနည်းကို သုံး၍ ဝတ္ထုကောင်းဖြစ်အောင် ကြိုးပမ်းနေသူများ၊ တတိယ– သမားရိုးကျနည်းကိုပင် ကျကျနန မသုံးတတ်ဘဲ နောက်ယောင်ခံလိုက်နေသူများ။

(ကျွန်တော် အမျိုးအစားခွဲပုံမှာ ကျွန်တော့်ဆောင်းပါးအတွက် လိုအပ်ချက်အရ ခွဲခြားခြင်း ဖြစ်ပါသည်။ ဦးတည်ချက်၊ လူတန်းစား ရပ်တည်ချက် စသည့် စသည့် အခြားကိစ္စများနှင့် မဆိုင်ပါ။)

ဤသို့ ခွဲရာ၌ပင် စာရင်းမတင်ဘဲ ချန်ထားခဲ့သော ဝတ္ထုရေးဆရာများလည်း ရှိပါသေးသည်။ ဟိုရုပ်ရှင်ထဲက တစ်ကွက်၊ သည်ကာတွန်းက တစ်ပိုင်း စသည်ဖြင့် နိုင်ငံခြားရုပ်ရှင်များ၊ ဝတ္ထုများ၊ ကာတွန်းများမှ အပိုင်းတို အပိုင်းစများကို ကောက်စပ်ပြီး မြန်မာ့ဝတ္ထုယောင်ယောင် မပီမသ ရေးနေကြသော ဝတ္ထုရေးဆရာများကိုမူ စကားထဲ ထည့်ပြောစရာမလိုဟု ယူဆပါသည်။

ယခုဆောင်းပါးမှာ ပဓာနအားဖြင့် ပထမအမျိုးအစား ဝတ္ထုရေးဆရာများနှင့် ပို၍ သက်ဆိုင်ဖွယ်ရာ ရှိပါသည်။ ကြိုးပမ်းတီထွင်နေကြသော ဝတ္ထုရေးဆရာတို့၏ အခက်အခဲမှာ သေးငယ်လှသည် မဟုတ်ပါ။ သူတို့သည် 'အများ

www.burmeseclassic.com

www.burmeseclassic.com

အကြိုက်ပင်လယ်ပြင်' နှင့် 'အနုပညာတောင်ထွတ်ကြား' ကမ်းပါးယံတွင် လမ်းလျှောက်နေကြရသူများ ဖြစ်ပါသည်။

သူတို့သည် ဝတ္ထုတွင် ဇာတ်လမ်း၊ ဇာတ်ကွက် အချိတ်အဆက် ပုံစံအမျိုးမျိုးကို ကြံစည်ပြီး စာဖတ်သူအား ဖမ်းစားနေရသည့်အလုပ်ကို ငြီးငွေ့လာကြသည်။ ကမ္ဘာဦးက ပေါ်လာခဲ့သော ပုံပြောဆရာဘဝမှ ရုန်းထွက်ချင်ကြသည်။ ဇာတ်လမ်းမက်လုံးကလေး ပေးပြီး ညို့ငင်ရခြင်းသည် ဘာမျှလေးနက်မှု မရှိ။ အရေပြားမှာ အယားပြေလုပ်နေရသော လုပ်ငန်းဟု ထင်သည်။ သည်ထက် အရေးကြီးတဲ့ ဘဝအကြောင်းအရာများကို ရှေ့တန်းတင်ချင်ကြသည်။ ထို့ကြောင့် ဇာတ်လမ်းမဲ့(plotlessness) ကို ကြိုးစားကြသည်။

စင်စစ်အားဖြင့် သူတို့သည် လောကကို သူမတူသော အနုပညာလက်ဆောင် ဆက်လို၍ ပင်ပန်းကြီးစွာ ကြိုးစားကြခြင်းဖြစ်ရာ အနုပညာမြတ်နိုးသူများအနေနှင့် ကျေးဇူးတင်ဖို့ ကောင်းလှသည်ဟု ဆိုချင်ပါသည်။ (သူတကာထက် ထူးလို၍ စတန့်လုပ်သူများလည်း ရှိကောင်း ရှိပါလိမ့်မည်။ သို့သော် အလွန်နည်းပါသည်။ သိသာလည်း သိသာပါသည်။)

ဝတ္ထုဆိုလျှင် ဇာတ်လမ်းပါရမည်ဆိုသော ကမ္ဘာဦးအစဉ်အလာကြီးကို စိတ်ပျက်ကြသည်မှာ ကျွန်တော်တို့ မြန်မာဝတ္ထုရေးဆရာများသာ မဟုတ်ပါ။ ကမ္ဘာ့ဝတ္ထုရေးဆရာများလည်း ဤနည်းနှင်နှင်ပင် ဖြစ်ပါသည်။ 'ဝန်မပါလည်း ပွဲမဖြစ်၊ ဝန်ပါလည်း ပွဲစိတ်ညစ်'၊ 'မရှိမကောင်း ရှိမကောင်း' အဖြစ် အောင့်အည်း သည်းခံနေကြရပါသည်။

အီးအမ်ဖော်စတာ (E.M. Forster)က ဝတ္ထုရှုထောင့်အသွယ်သွယ် (Aspects of The Novel)တွင် ဤသို့ ဆိုခဲ့ပါသည်။

"အင်း . . . ဖြစ်ရပုံက ဝတ္ထုဆိုတာ ဇာတ်ကြောင်းပြောနေရတာပါပဲ။ ဒါက အခြေခံအချက်ကြီးပဲ။ အဲဒီဇာတ်ကြောင်း မပါရင် မဖြစ်နိုင်ဘူး။ ဒါဟာ ဝတ္ထုတိုင်းရဲ့ ပဓာန အစိတ်အပိုင်းကြီး ဖြစ်နေတယ်။ ဒီလိုပုံပြောတဲ့ အစဉ်အလာဟောင်းကြီး မဟုတ်ဘဲ တခြားဂီတသံစဉ်တို့လို သစ္စာတရား အမြင်ပေါက်တာမျိုးတို့လို ဟာမျိုးဖြစ်ရင် ဘယ်လောက် ကောင်းလိုက်မလဲလို့ အောက်မေ့မိပါတယ်"

ဤသို့လျှင် ညည်းခဲ့ပါသည်။ သို့သော်လည်း အမျိုးသမီးပါမောက္ခ

ကက်သရင်းလီဗာက သူ၏ 'ဝတ္ထုနှင့်ဖတ်သူ' (The Novel and The Reader) စာအုပ်တွင် ဤသို့ ပြန်ရေးထားပါသည်။

"ဂီတသံစဉ်သည်ကော အစဉ်အလာဟောင်းကြီးတစ်ခု မဟုတ်လော။ ခေတ်စဉ် ခေတ်ဆက် လူတို့သည် တေးသံကို ကြိုက်ခဲ့ကြသည် မဟုတ်လော။ တစ်နည်းအားဖြင့်လည်း ရှေ့ဘာဖြစ်မလဲဟု သိလိုခြင်းသည် လူ၏ ဇီဝသဘာလက္ခဏာတစ်ခု ဖြစ်ရုံသာမက တိရစ္ဆာန်ထက်သာသော အချက်တစ်ခုလည်း ဖြစ်သည်။ အခြေခံအချက်ဆိုသည်မှာ အဆင့်အားဖြင့် နိမ့်သည်ဟု ဆိုနိုင်သော်လည်း တန်ဖိုးအားဖြင့် နိမ့်သည်ဟု မဆိုသာပါ။ ကျွန်မသည်လည်း မစ္စတာဖော်စတာ၏ 'ဝတ္ထုဆိုတာ ဇာတ်ကြောင်းပြောနေရတာပါပဲ' ဆိုသော အချက်ကို လက်ခံပါသည်။ သို့သော် 'အင်း . . . ဖြစ်ရပုံက' (Yes-oh dear, yes) ကိုတော့ ဖြုတ်ပစ်လိုက်ပါသည်။"

အထက်ပါ စာပိုဒ်ကို ကြည့်လျှင် မစ္စတာဖော်စတာ၏ ညည်းသံ၊ ကက်သရင်းလီဗာ၏ လက်ခံသော အသံတို့ကို ကြားနိုင်မည် ဖြစ်ပါသည်။

အမျိုးသမီးဝတ္ထုရေးဆရာ မေရီလာဗင်ကမူ ဇာတ်လမ်းနှင့် ပတ်သက်၍ ဤသို့ ပြောပါသည်။ (သူကမူ ဝတ္ထုတိုကို ပဓာနထားပြီး ပြောခြင်း ဖြစ်ပါသည်။) သူ့အဆိုမှာ 'ဘဝကိုယ်တိုင်မှာလည်း ဇာတ်လမ်းရှိလှသည် မဟုတ်။ တစ်ပိုင်းတစ်စနှင့် ဘဝပြတ်သွားသည်တို့လည်း ရှိမည်ပင်' ဟု ဝတ္ထုတွင် ဇာတ်လမ်းရှိရမည်။ စ၊ လယ်၊ ဆုံး သပ်ရပ်သော ဇာတ်လမ်းရှိသင့်သည်ဆိုသော သမားရိုးကျ နည်းများအတွက် ပုန်စားသံပါပါ ဆင်ခြေပေးခဲ့ပါသည်။

ဆွန်းမားဆက်မွန်က ဤအချက်နှင့်ပတ်သက်၍ သူ၏'အချုပ်အားဖြင့်' (The Summing up) ဆိုသော စာအုပ်တွင် အောက်ပါအတိုင်း ပြန်လည်ဆွေးနွေးထားပါသည်။ (ထို အမျိုးသမီး၏အမည်ကို မဖော်ပြပါ။ ဇာတ်လမ်းမဲ့ အုပ်စုတစ်ခုလုံးကို ရည်ညွှန်းပြီး ရေးခြင်းဖြစ်ပါသည်။) ဆွန်းမားဆက်မွန်၏ ကျိုးကြောင်းသင့် ဆင်ခြေတို့မှာ စဉ်းစားစရာကောင်းသည်ဟုလည်း ဆိုခဲ့ပါသည်။ သူ့အဆိုမှာ . . .

"အက အခုန် ကြည့်လိုခြင်း၊ အတုခိုး သရုပ်ဆောင်များ နှစ်သက်ခြင်းတို့ကဲ့သို့ပင် ပုံနားထောင်ရခြင်း၌ မွေ့လျော်ကြသည်မှာလည်း လူ့သဘာဝတစ်ခုပင် ဖြစ်သည်။ 'ပုံ'ကြိုက်သော ဇီဇတစ်ရွေးသားမျှ မလျော့မသွားသေးကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ယနေ့ စုံထောက်ဝတ္ထုများ ရေပန်းစားနေခြင်းက သက်သေခံနေသည်။ ဉာဏ်ကြီးပါပေ့ဆိုသော ပုဂ္ဂိုလ်များပင် စုံထောက်ဝတ္ထုကို (အထင်တကြီး မဟုတ်သော်လည်း) ဖတ်နေကြသည်ပင် ဖြစ်၏။ သူတို့ 'ကောင်းပါသည်'ဟု အသိအမှတ်ပြုသော လူ့စိတ်သဘာဝ သရုပ်ပြဝတ္ထုများ၊ သင်ခန်းစာပေး ဝတ္ထုများသည် ပုံကြိုက်သည့် အာသာကို ဖြေဖျောက်မပေးနိုင်သည့် အတွက် ကြောင့်သာ စုံထောက်ဝတ္ထုများကို ဖတ်နေခြင်းဖြစ်သည်ဟု မဆိုနိုင်ပြီလော။ အချို့ဝတ္ထုရေးဆရာများမှာ ခေါင်းထဲတွင် ပြောစရာတွေလည်း တစ်ပုံတစ်ပင်ကြီး ရှိ၏။ ဇာတ်ဆောင်ဖန်တီးမှု၌လည်း ပြောင်မြောက်၏။ သို့ပါလျက် မျောက်အုန်းသီးရသလို ဖြစ်နေတတ်သည်။ အံဝင်ခွင်ကျသော ဇာတ်လမ်းကို မဆင်တတ်ကြချေ။

ထိုအခါတွင် အခြားစာရေးဆရာများနည်းတူ ခပ်တည်တည် ဟန်လုပ်၍ (စာရေးဆရာတိုင်း အနည်းနှင့်အများ ဟန်လုပ်တတ်ကြသည်။) ကိုယ်အသုံး မကျသည်ကိုပင် တစ်ပြန် စီးယူကာ ဇာတ်လမ်းဆင်တယ် ဆိုတာက ဖြစ်လောက်တာ မဟုတ်ပါဘူးဟု ပြောလိုပြော၊ ရှေ့ဘာဖြစ်မလဲ သိချင်ရကောင်းလားဟု ပရိသတ်ကို ငေါက်လိုငေါက် လုပ်လာတတ်ကြလေသည်။ 'တကယ့်ဘဝတွင် ဇာတ်လမ်းအပြီးသတ်သည်လည်း မရှိ၊ ဘဝကိစ္စတို့မည်သည်မှာလည်း ပြီးပြတ်သည်ဟု မရှိ၊ တစ်ပိုင်းတန်းလန်း ကျန်ရစ်မြဲဖြစ်သည်'ဟုလည်း ပြောတတ်ကြသေးသည်။ ဤအချက်မှာလည်း အမြဲမှန်သည်ဟု မဆိုသာ။ ယုတ်စွအဆုံး ဇာတ်လမ်းဟူသမျှ သေခြင်းမှာ ဆုံးရသည်သာ။ သူတို့အဆို မှန်သည်ပဲထားဦးတော့၊ ဆင်ခြေပေးပုံမှာလည်း သိပ်တော့ ဟန်ဟန်ပန်ပန်မရှိလှ။ အကြောင်းသော်ကား ဝတ္ထုရေးဆရာများသည် အနုပညာရှင်များ ဖြစ်ကြသည်။ အနုပညာရှင်တို့မည်သည် ဘဝပုံတူကူးပြခြင်း မဟုတ်။ သူ့လုပ်ငန်းအတွက် အဆင်ပြေအောင် ဘဝမှထုတ်ယူ၍ စီကာ စဉ်ကာ အသုံးချခြင်းသာ ဖြစ်သည်။

ဤသည်တို့မှာ ဇာတ်လမ်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသော ဆင်ခြင်ဖွယ်ရာ အချက်များ ဖြစ်ပါသည်။ ဝတ္ထုတိုတွင် 'ဇာတ်လမ်းမဲ့'သဘောကို ပီပီသသ အသုံးချနိုင်ကြသော်လည်း ဝတ္ထုရှည်တွင်မူ ဇာတ်လမ်းလုံးဝမပါအောင်ကား မတတ်နိုင်ကြပါ။ ပြောလို့ဖြစ်ရုံတော့ ဇာတ်လမ်းပါနေကြသည်သာ ဖြစ်ပါသည်။ ဤသည်မှာလည်း သဘာဝကျသည်ဟု ထင်ပါသည်။

ဇာတ်ဆောင်ပဓာန ရေးလျှင်လည်း

ဇာတ်လမ်းပဓာနမဟုတ်ဘဲ ဇာတ်ဆောင်ပဓာနဝတ္ထုကို ရေးမည် ဆိုကြပါစို့။ တစ်စုံတစ်ခုသော အရေးအခင်းကို မကြုံဘဲ ဇာတ်ဆောင်စရိုက်သည် ပေါ်နိုင်ပါမည်လော။ လူရွှင်တော်ဒန်ပေါက်၏ ပြက်လုံးတစ်ခုကို သတိရဖွယ် ဖြစ်ပါသည်။ 'ကျွန်တော်များမှာ ရတနာသုံးပါးနဲ့ ဆရာသမား မိဘဂုဏ်ကျေးဇူးကြောင့် ဒီအချိန်အထိတော့ အချီးမွမ်းလဲ မခံရပါဘူး၊ အကဲ့ရဲ့လဲ မခံရပါဘူးခင်း . . . တစ်ချီမှလဲ မကရသေးပါဘူး' ဆိုသော ပြက်လုံးကဲ့သို့ အရေးအခင်းမကြုံဘဲ လူတစ်ယောက်၏ စရိုက်ကို မသိနိုင်ပါ။

ဤအချက်နှင့် ပတ်သက်၍ အင်းဝမိုးညှင်းမင်းတရား လက်ထက်က အောင်ပွဲသုံးဆယ်ရ စစ်သူကြီး ဘယဂါမဏိအကြောင်းကို သတိရမိပါသည်။ ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည်မှ ကောက်နုတ်တင်ပြလိုက်ပါသည်။

. . . . . . အခါတစ်ပါး စစ်ရှုံး၍ အပြန်တွင် လင်မယား နှစ်ယောက် ခိုက်ရန်ဖြစ်၍ လင်ထွက်ပြေးသည်ကို မယားက 'မိန်းမကြောက် လာလေရဲ့' ဟု ဟစ်လျှင် ယောကျ်ားက 'ငါ့ကို မဆိုနှင့်ဦး၊ စစ်သူကြီး ဘယဂါမဏိပင် အရပ်အနေ မသင့်သော် စစ်ရှုံးရသေး၏'ဆိုသံကြားသဖြင့် ရှက်သော ကြောင့် ငုင်းနေ့မှစ၍ စစ်ပွဲတွင် မနိုင်သော် မပြန်ပြီဟု အဓိဋ္ဌာန်ပြုလေ၏။

တစ်ကြိမ်လည်း စစ်ထွက်၍ နှစ်စခန်းရောက်မှ မယားကို မယုံသောကြောင့် ရုပ်ဖျက်လျက် ညဉ့်အခါပြန်ကြည့်သော် မိမိမယားသည် လင်ငယ်နှင့်အတူ အခန်းတွင် အိပ်နေသည်ကို မြင်လျှင် ဓားနှင့်ခုတ်မည်ပြုပြီးမှ စိတ်ကိုချုပ်၍ မခုတ်ဘဲ တိတ်တဆိတ်ပြန်သွားလေ၏။ စစ်ပွဲက ပြန်လာသောအခါ စည်းစိမ်နှင့်တကွ မယားကို ထိုလင်ငယ်အား ပေး၏။ အောင်သမျှသော ပွဲတို့တွင် ဤမယားပွဲသည်သာ အမှန်ခြင်ဆုံးသော ပွဲကြီးဟု ပညာရှိသူမြတ်တို့ ချီးမွမ်းကြကုန်၏။

ဤဘယဂါမဏိမှာ ညီအစ်ကို သုံးယောက်ရှိ၏။ ဘယဂါမဏိကား အကြီး၊ ရာဇသင်္ကြန်ကား အလတ်၊ ရန်လိုကျော်ကား အငယ်ဖြစ်ကြ၏။ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com

သော် အိမ်ရှေ့မင်းနှင့် ၎င်းတို့သုံးယောက် ဗိုလ်ပြုကြ၍ တောင်ငူကို ဝန်းရံစဉ် ၎င်းညီအစ်ကိုသုံးယောက်တို့ ကျုံးထိပ်တွင် ထမင်းစားကြသော် မြို့တွင်းက လှံလွှတ်၍ ထိုးလိုက်ရာ ထမင်းပွဲလယ်တွင် ကျလာ၏။ ထိုအခါ ဘယဂါမဏိက ထ,ယောင်၏။ ရာဇသင်္ကြန်ကား လက်ကို ရုတ်ယောင်ရှိ၏။ ရန်လိုကျော်ကား ထမင်းစားမပျက်သော ဟူ၏။

ဤကောက်နုတ်ချက်တွင် ဘယဂါမဏိနှင့် အရေးအခင်းသုံးခုကို တွေ့နိုင်ပါသည်။ ထမင်းပွဲတွင် လှံကျသော အရေးအခင်းတစ်ခုတည်းကိုသာ ဖော်ပြထားလျှင် ညီအစ်ကို သုံးယောက်စလုံး၏ စရိုက်တစ်ကွက်စီကိုသာ တွေ့ရမည် ဖြစ်ပါသည်။ ဘယဂါမဏိ၏ စရိုက်ကိုလည်း တစ်ကွက်တည်းသာ တွေ့ရပါလိမ့်မည်။ သူသည် ရုတ်တရက် စိုးရွံ့ထိတ်လန့်တတ်သည်။ ကာယသတ္တိအားဖြင့် ရန်လိုကျော်ကို မမီဟု ဆိုရပါလိမ့်မည်။ သို့သော် ကျန်သော လင်မယား ရန်ဖြစ်အရေးအခင်းနှင့် မယားဖောက်ပြန်မှု အရေးအခင်းနှစ်ခုကိုပါ ဖော်ပြလိုက်မှ ဘယဂါမဏိ၏ စာရိတ္တကိုပါ မြင်လာရပါသည်။ သူ၏ ကောင်းကွက်ညံ့ကွက်များ ပေါ်လာပါသည်။ ရာဇသင်္ကြန်နှင့် ရန်လိုကျော်ကိုမူကား အရေးအခင်းတစ်ခုတွင်သာ တွေ့ခွင့်ရသောကြောင့် စရိုက်ကိုလည်း တစ်ကွက်စီသာ တွေ့ခွင့်ရလိုက်ပါသည်။

ထို့ကြောင့် အရေးအခင်းတစ်ခုကိုသာ ဖန်တီး၍ ဝတ္ထုရေးလျှင် ဇာတ်ဆောင်များစွာတို့၏ စရိုက်ကို ဖော်နိုင်ကောင်းဖော်နိုင်မည် ဖြစ်သော်လည်း ဇာတ်ဆောင်တစ်ယောက်ယောက်၏ ကွက်စုံသုံးဖက်မြင်စရိုက်ကို မဖော်နိုင်တော့ဟု ထင်ပါသည်။ အကွက်စုံသော ပြောင်းလဲရှင်သန်သော 'စရိုက်ရှင်' ကို ဖော်ရန်ကား ပို၍ပင် ခက်လာပါလိမ့်မည်။ ထို့ကြောင့် ဇာတ်ဆောင်တစ်ယောက် (သို့မဟုတ် တစ်ယောက်ထက်ပိုသော)ဇာတ်ဆောင်တို့၏ သုံးဖက်မြင်စရိုက်ကို ဖော်လိုပါလျှင်မူကား အရေးအခင်းအမျိုးမျိုးနှင့် တွေ့ဆုံပေးရပါလိမ့်မည်။ ထိုအရေးအခင်းများကိုလည်း ကျိုးကြောင်းဆက်စပ် ပေးရပါလိမ့်မည်။ ထိုအခါ ဇာတ်လမ်းဖြစ်ပေါ်လာပါလိမ့်မည်။ ထို့ကြောင့် ဇာတ်ဆောင်ပဓာနဝတ္ထုကို ရေးသည်ပဲထားဦး၊ သင့်တင့်လျောက်ပတ်သော ဇာတ်လမ်းကို ပေးရတော့မည်ဟု ထင်မိပါသည်။

ရှေ့ပိုင်းက ဆိုခဲ့သည့်အတိုင်း ဇာတ်လမ်းဆိုသည်မှာ ဟောင်းနွမ်းဆွေးမြေ့လုပြီဖြစ်သော အစဉ်အလာကြီးတစ်ခု ဖြစ်သည်မှာ မှန်ပါသည်။

သို့သော် ပါမောက္ခ ဝိန်-စီ-ဘုတ် (Wayne C. Booth)၏ အဆိုအမိန့်ကိုလည်း ဆင်ခြင်သင့်သည်ဟု ထင်မိပါသည်။

"အစဉ်အလာဟူသမျှ၏ နောက်တွင် ရသပေးနိုင်သော အခြေခံစနစ်တစ်ခု ပါနေတတ်သည်သို့ရှိ၏။ အစဉ်အလာတစ်ခုခုသည် ဟောင်းနွမ်းလွန်းလှပြီ ဖြစ်လျက်လည်း ရသပေးနိုင်စွမ်းရှိနေသေးသည်ဆိုလျှင် ထိုစနစ်၏ အုတ်မြစ်သည် နက်ရှိုင်းလှသော လူ့စိတ်သဘာဝ တုံ့ပြန်မှုပေါ်တွင် အခြေစိုက်ထားသည်ဟု ဆိုနိုင်သည်။ ဥပမာအားဖြင့် ကဗျာပုံသဏ္ဌာန်တို့ အမျိုးမျိုးပြောင်းလဲလာခဲ့သော်လည်း ကာရန်၊ ကဗျာ့စည်းဝါးနှင့် အသံချိုမြခြင်း စသည်တို့၏ တန်ဖိုးမှာ ယခုတိုင် မလျော့သေးသကဲ့သို့တည်း။"

ထို့ကြောင့် ဇာတ်လမ်းစဉ်ပေးနေရသည့်အတွက် အစဉ်အလာဟောင်း (နည်းရိုးကြီး)ကို သုံးရသည်ဟု ဂုဏ်ယုတ်ဖွယ် မမြင်ပါ။ အောက်တန်းကျသည်ဟုလည်း မဆိုသာပါ။ ဤသို့လျှင် ကျွန်တော် ယူဆပါသည်။

လူငယ်နှင့် ဇာတ်လမ်း

စိတ်ကူးဇာတ်လမ်းစာပေ (ဝတ္ထု)များကို စိတ်ဝင်စားသည့် အကြောင်းရင်းသုံးမျိုးရှိသည်ဟု ဆိုကြပါသည်။ ယင်းတို့မှာ . . .

(၁) မှန်မှန်ကန်ကန် နားလည်လိုခြင်း၊ အကြောင်းခြင်းရာ သိလိုခြင်း၊ ရင်းမြစ်ကို စူးစမ်းလိုခြင်း စသည့် စူးစမ်းသိမြင်လိုသော စိတ်၊

(၂) သပ်ရပ်သော ဖွဲ့စည်းပုံ၊ သပ်ရပ်သော အစိတ်အပိုင်းခွဲပုံ၊ သပ်ရပ်သော အဆုံးသတ်ပုံ စသည့်လုပ်ငန်း အရည်အသွေးကို နှစ်သက်သော စိတ်၊

(၃) ကိုယ်ချစ်သော မုန်းသော ဇာတ်ဆောင်တို့ အရေးနိမ့်မည်လော၊ အောင်မြင်မည်လော စသည်တို့ကို (ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ ကြည့်ရာတွင် ခံစားရသကဲ့သို့) လက်တွေ့ ခံစားလိုသော စိတ်၊

ဇာတ်လမ်းသည် ဤအချက်သုံးချက်စလုံးတွင် အနည်းနှင့်အများ ဆက်စပ်နေသည်ဟု သဘောရမိပါသည်။ ထိုထက်ပို၍ လူငယ်နှင့်ကျိုးကြောင်းဆက်စပ်မှု အလေ့အကျင့်သဘောကိုလည်း ဆင်ခြင်သင့်ပါသည်။

"နေထွက်စမှာ ဘာပြုလို့နေကြီးက နီနေတာလဲ"ဆိုသော အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ရင်းရှာသည့် မေးခွန်းမျိုး၊ "မိုးရွာထဲ ရေချိုးရင် ဘာဖြစ်တတ်လဲ" ဆိုသော အကျိုးဆက်ကို ရှာသည့် မေးခွန်းမျိုးတို့ဖြင့် ကျွန်တော်တို့ ကြီးပြင်းလာခဲ့ရပါသည်။ ထို့နောက် သင်္ချာ၊ သိပ္ပံ၊ သမိုင်းစသည့် ကျောင်းသင် ဘာသာရပ်ဟူသမျှတွင်လည်း ကျိုးကြောင်း ဆက်စပ်မှုကို လေ့ကျင့်ကြရပြန်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့အားလုံးမှာ အကျိုးတွေ့လျှင် အကြောင်းရှာခြင်း၊ အကြောင်းတွေ့လျှင် အကျိုးရှာခြင်းဆိုသည့် ကျိုးကြောင်းရှာဖွေသည့် အကျင့်ကြီး စွဲကပ်နေပြီဟု ဆိုရပါမည်။ ဤအကျင့်ကို ဖျောက်၍ မရနိုင်အောင် ရှိကြပါသည်။ (တရားအားထုတ်သူများအဖို့ ကြားကာမတ္တ၊ သိကာမတ္တ အာရုံထားရာ၌လည်းကောင်း၊ ထုန်သည်၊ ကျဉ်သည် စသော ဝေဒနာမှတ်ရာ၌လည်းကောင်း၊ ဘာကြောင့်လဲ ဘာဖြစ်မလဲ ဆိုသည့် ကျိုးကြောင်းရှာဖွေစူးစမ်းမှုသည် အနှောင့်အယှက်ကြီး တစ်ခုဖြစ်နေတတ်သည်ဟုပင် ပြောကြပါသည်။)

လူငယ်များမှာလည်း သူ့အတိုင်းအတာနှင့်သူ ကျိုးကြောင်းဆက်စပ်လိုသော အလေ့အကျင့် ရနေပြီ ဖြစ်ပါသည်။ သို့သော် သူတို့သည် လူကြီးလောက် အတွေ့အကြုံမရင့်ကျက်သေးပါ။ ထို့ကြောင့် ဆင်ခြင်ဉာဏ်မှာလည်း နုကြပါသေးသည်။ ထို့ကြောင့် အဖြစ်အပျက်များ တစ်ခုနှင့်တစ်ခု ကျိုးကြောင်းဆက်စပ်နေပုံကို မြင်နိုင်ပြီဖြစ်သော်လည်း အဖြစ်အပျက်နှင့် လူ့အတွင်းစိတ်ဆက်စပ်ပုံ(သိမ်မွေ့လျှင်) နားလည်ဖို့ ခက်မည်ဟု ထင်ပါသည် (နားလည်စေဦးတော့ အရသာခံတတ်ဖို့ မလွယ်သေးဟု ထင်ပါသည်)။ ထို့ကြောင့် အဖြစ်အပျက်များကို ကျိုးကြောင်းဆက်စပ်ထားသော ဇာတ်လမ်းတွင် အာရုံစိုက်တတ်ကြပါသည်။ တစ်နေရာတွင် ဇာတ်ကြောရှည်နေလျှင်လည်း ကျော်ဖတ်သွားတတ်ကြပါသည်။ မချင့်မရဲ ဖြစ်လွန်းအားကြီးနေလျှင်လည်း (ကောင်မလေးနှင့် ကောင်လေး ပေါင်းမှပေါင်းရပါ့မလားဟု) ဇာတ်လမ်းအဆုံးကို လှန်ကြည့်တတ်ကြပါသည်။ ထို့ကြောင့် လူငယ်ပရိသတ်ကို စည်းရုံးရန် အားထုတ်သူများသည် ဇာတ်လမ်းကောင်းကို (ပဓာနမထားစေကာမူ) နှီးကြားသော အသိဖြင့် အားထုတ်သင့်သည်ဟု ထင်မြင်မိပါသည်။

'ဝ မရှိဘဲ'

တစ်ဖက်တွင်လည်း ဇာတ်လမ်းဇာတ်ကွက် ဆင်ခြင်း၌သာလျှင် ပျော်မွေ့

ကျက်စားနေတတ်သော (ဇာတ်လမ်း ဆင်သည့် ပညာကိုသာ အဟုတ်ကြီးထင်ပြီး မိန်းမောနေသော) ဝတ္ထုရေးဆရာသည်လည်း လူလားမမြောက်သေးဟု ဆိုရပါလိမ့်မည်။ ဗဟိဒ္ဓလောကကိုသာ မြင်သေး၍ အဇ္ဈတ္တလောကနှင့် မဆက်စပ်တတ်သေးဟု ဆိုရပါလိမ့်မည်။ သူတို့၏ ဝတ္ထုများသည် တကြီးပေကြီးစာရင်းသို့ မည်သည့်အခါမျှ ဝင်နိုင်လိမ့်မည် မဟုတ်ပါ။ သို့သော် လူငယ်စာဖတ်ပရိသတ် အင်အားမှာ အမြဲရှိနေသည်ဖြစ်ရာ သူ့ခေတ်နှင့်သူ့အခါ ခဏတစ်ဖြုတ်တော့ ရောင်းပန်းဝယ်ပန်းပွင့်နေမည်သာ ဖြစ်ပါသည်။ သူတို့ဝတ္ထုများကြောင့် အဆိပ်အတောက် မဖြစ်လျှင်လည်း သူတို့ရေးကောင်းနေသည့်အတွက် မုဒိတာပင် ဖြစ်သင့်ပါသေးသည်။

ဇာတ်လမ်းခွန်အားကို လျှော့ချလိုလျှင်မူကား တစ်ဖက်က အားဖြည့်ပေးရပါလိမ့်မည်။ နက်ရှိုင်းသော ဘဝအသိအမြင်၊ နူးညံ့ချွတ်သော လူ့သဘာဝစိတ်၊ စူးရှသော ရေးဖွဲ့တင်ပြမှုအတတ်ပညာ စသည်တို့ဖြင့် အလေးတင်းပေးရပါလိမ့်မည်။ ဇာတ်လမ်း ဇာတ်ကွက်ဆင်ခြင်းထက် အဆပေါင်းများစွာခက်သော ပညာဟု ထင်မိပါသည်။ ဝတ္ထုရေးသူ၏ ဘဝအတွေ့အကြုံ စူးစမ်းဆည်းပူးမှု စသည်တို့ ကြီးမားပါမှ အောင်မြင်နိုင်ပါလိမ့်မည်။ ဤသို့သော အလေးတင်းမှုကို မည်မည်ရရ မပေးနိုင်ဘဲ ဇာတ်လမ်းကို လျှော့လိုက်လျှင်မူကား . . .

အငြိမ့်လူရွှင်တော်တစ်ယောက် ခွန်းထောက်ဆိုအပြီးတွင် အခြားတစ်ယောက်က လှမ်းပြီး ချီးမွမ်းလိုက်ပါသည်။

'သူငယ်ချင်းရေ . . . မင်းက အသံမကောင်းပေမယ့် အဆိုလေးက မကျတော့ နားထောင်လို့ အဆိုးသားကွယ့် . . .'

■

ရှုမဝရုပ်စုံမဂ္ဂဇင်း
ဇွန်၊ ၁၉၇၅

www.burmeseclassic.com

www.burmeseclassic.com

အတင် အဖြေ၊ အဖိ အဖော့

၁၉၇၅ ခု၊ ဇူလိုင်လ ရှုမ၀ မဂ္ဂဇင်းတွင် ပုံသဏ္ဌာန် လေ့လာမှု ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါသည်။ ထိုဆောင်းပါး၌ (ပုံသဏ္ဌာန်ကို နားမလည်သောကြောင့် . . . တစ်ဖန် နားလည်သောကြောင့်)ဟု ရေးခဲ့ပါသည်။ ဤအချက်နှင့်ပတ်သက်၍ ဇာတ်လမ်းတွင် တွေ့ရသော ပုံသဏ္ဌာန် အကြောင်းကို တင်ပြလိုပါသည်။

အတင် အဖြေ

ပထမဦးစွာ ဇာတ်လမ်း အတင်အဖြေသဘောကို ကျွန်တော် ဆင်ခြင်မိသမျှ တင်ပြလိုပါသည်။ ဤအချက်ကို ဝတ္ထုစာပေမှ ကောက်နုတ်တင်ပြခြင်းထက် အများသူငါ ယဉ်ပါးနေကြသော ရုပ်ရှင်ဇာတ်ဆောင်များနှင့် ပုံစံပြု၍ တင်ပြလိုပါသည်။ ဤနေရာတွင်လည်း ကျွန်တော်တို့ ငယ်ရွယ်စဉ်က ခေတ်စားခဲ့သော စတန့်မင်းသား ရွှေဘနှင့် သမ္မတလူကြမ်းအဖွဲ့ဝင် ကျော်ဖောကြီး၊ သောင်းရွှေကြီးတို့ကို ဥပမာပစ္စည်းအဖြစ် တင်ပြခွင့် ပြုစေလိုပါသည်။

ဆိုကြပါစို့ . . .

ရုပ်ရှင်ဇာတ်လမ်းတစ်ခုတွင် ရွှေဘက လူရိုးလူကောင်း၊ ကျော်ဖောကြီး၊ သောင်းရွှေကြီးတို့က လူကြမ်းအုပ်စု၊ လူရိုးလူကောင်း ရွှေဘအပေါ်တွင် ကျော်ဖောကြီးက (သူကြီးဖြစ်သူ သောင်းရွှေကြီးနှင့်ပေါင်းပြီး) အမျိုးမျိုး နှိပ်စက်သည်၊ အနိုင်ယူသည်။ သူကြီးသောင်းရွှေနှင့် ကျော်ဖောကြီးတို့က သောက်ကြ

စားကြ၊ မူးကြ၊ ယစ်ကြနှင့် ဘယ်သူ့မှ လူမထင်သော ပုံစံမျိုး ဖြစ်နေကြသည်၊ ရွှေဘက မိခင်မုဆိုးမကြီး၊ နှမလေးတင်တင်လှတို့နှင့် ညိုးငယ်ရိုးသားစွာ နေရသည်။ တစ်နေ့တွင် နှမလေးတင်တင်လှကို ကျော်ဖောကြီးက မဟားတရား လုပ်သည်။ ဤတွင် ရွှေဘက မခံဘဲ ပြန်ထိုးနှက်မိသောကြောင့် သူကြီးသောင်းရွှေနှင့်ပေါင်းပြီး အကောက်ကြံကြသည်။

ဤအခန်းတွင် ရွှေဘ ရိုးသားပုံ၊ စိတ်ကောင်းနှလုံးကောင်း ရှိပုံ၊ သည်းခံတတ်ပုံတို့ကို ထိထိမိမိပြလေလေ၊ ရွှေဘကို အသနားပိုလေလေ ဖြစ်လာရပါလိမ့်မည်။ ရွှေဘကို အသနားပိုသည်နှင့်အမျှ ကျော်ဖောကြီးတို့ကို မုန်းတီးလာပါလိမ့်မည်။

တစ်ဖန် ကျော်ဖောကြီးတို့၏ ယုတ်မာပက်စက်ပုံ၊ နိုင်ထက်စီးနင်းလုပ်ချင်တတ်ပုံကို ထိထိမိမိပြနိုင်လေလေ၊ ကျော်ဖောကြီးတို့ကို မုန်းတီးလေလေ ဖြစ်ပါလိမ့်မည်။ တစ်ဖန် ကျော်ဖောကြီးတို့ကို မုန်းတီးသည်နှင့်အမျှ ရွှေဘအပေါ် အသနားပိုလာရပြန်ပါလိမ့်မည်။

ဤနေရာတွင် ရွှေဘကို အသနားပိုသည်နှင့်အမျှ ကျော်ဖောကြီးတို့ကို မုန်းသည်နှင့်အမျှ ဟူသော စကားကို ကျွန်တော်သုံးခဲ့ပါသည်။ 'အမျှ'ဆိုသော စကားလုံးမှာ ဤနေရာတွင် အလွန်အဖိုးတန်ပါသည်။ ဆိုလိုသည်မှာ ကျော်ဖောကြီးတို့ကို ငါးကျပ်သားမုန်းလျှင် ရွှေဘကို ငါးကျပ်သား သနားလိမ့်မည်။ ရွှေဘကို တစ်ဆယ်သား သနားလာသောအခါ ကျော်ဖောကြီးတို့ကိုလည်း တစ်ဆယ်သား မုန်းလာလိမ့်မည်ဟု ဆိုလိုပါသည်။

ဤသို့ မုန်းလာအောင် မည်သူက လုပ်ပေးသနည်း။ သက်ဆိုင်ရာ ဒါရိုက်တာ စသော အနုပညာရှင်က လုပ်ထားခြင်း ဖြစ်ပါသည်။ သူက စွမ်းရည်ကောင်းသည်နှင့်အမျှ ကျော်ဖောကြီးအပေါ် ပရိသတ်၏ အာဃာတစိတ်သည် ပိုပြီး ကြီးထွားလာပါလိမ့်မည်။ ကျော်ဖောကြီး အရက်သောက်ပုံ၊ မဲ့ကာရွဲ့ကာ တံတွေးထွေးလိုက်ပုံ၊ ယုတ်မာပက်စက်စွာ တဟဲဟဲရယ်လိုက်ပုံ စသည်တို့ဖြင့် အပြကောင်းလေလေ၊ ပရိသတ်၏ မုန်းတီးရွံရှာစိတ် ကြီးထွားလာလေလေ ဖြစ်ပါသည်။ ထိုအခါ ရွှေဘအပေါ် ထပ်မံသနားခြင်း ဖြစ်လာပါလိမ့်ဦးမည်။ ဤသို့သော အာဃာတစိတ်၊ ကရုဏာစိတ်တို့ကို ဒါရိုက်တာက ဖန်တီးပေးခြင်း ဖြစ်ပါသည်။

ထို့နောက် ရွှေဘကို သောင်းကျန်းသူနှင့် ဆက်သွယ်သည်ဆိုပြီး သူကြီး

www.burmeseclassic.com

www.burmeseclassic.com

နှင့် ကလိန်ကျကာ ထောင်ထဲပို့လိုက်သည်။ သို့မဟုတ် ဖက်ဆစ်တို့ငရဲစခန်း ပို့လိုက်သည်။ ထိုထောင်ထဲတွင် ရွှေဘာ အညှဉ်းပန်းခံရပုံ၊ ဒုက္ခကြီးစွာ ရောက်ရပုံ စသည်တို့ကို ပြမည်။ ထိုအခန်း အပြကောင်းလေလေ၊ ရွှေဘာကို သနားလေလေ ဖြစ်လာပြန်သည်။ ရွှေဘာကို အသနားပိုခြင်းကြောင့်ပင်လျှင် ကျော်ဇောကြီးကို တိုး၍တိုး၍ မုန်းလာပြန်ပါလိမ့်မည်။ ရွှေဘာကို သနားခြင်းဆိုသည်မှာ ပရိသတ် ရွှေဘာဘက်က ရပ်တည်ခြင်းဖြစ်၍ ကျော်ဇောကြီးကို မုန်းတီးခြင်းဆိုသည်မှာလည်း ကျော်ဇောကြီးကို လတ်စားချေစေလိုခြင်း ဖြစ်ပါသည်။ ကျော်ဇောကြီးကို နောက်တစ်ကြိမ် ပိတ်ကားပေါ်တွင် ပျော်ပျော်ပါးပါး တွေ့ရပြန်သောအခါ ပရိသတ်ထဲက လှမ်းဆဲသည်တို့ကိုပင် ကြုံတွေ့ဖူးကြပါလိမ့်မည်။ ဤသည်မှာ ကျော်ဇောကြီးပေါ်၌ ပရိသတ် အာဃာတကြီးလာမှုကို ပြခြင်းဖြစ်ပါသည်။

ဤသို့လျှင် ရွှေဘာမှာ ကျော်ဇောကြီး၏ ညစ်ပတ်ယုတ်မာမှုဒဏ်ကို တစ်လျှောက်လုံး ခံလာခဲ့ရသည်။ ရွှေဘာ၏ ခံရမှုကို တစ်ရစ်ပြီးတစ်ရစ် တင်ပြခဲ့ပြီး ဖြစ်လာလေပြီ။ ထိုအရစ်ဟူသမျှကို ပြန်ပြီး ဖြေရပါလိမ့်မည်။ တစ်ရစ်တင်ထားလျှင် တစ်ရစ်ပြန်ပြီး ဖြေရပါလိမ့်မည်။ သုံးရစ်တင်ထားပါလျှင်လည်း သုံးရစ်ပင် ဖြေရပါလိမ့်မည်။ သုံးရစ်တင်ထားပါလျက် နှစ်ရစ်သာဖြေလျှင် တစ်ရစ် ကျန်နေပါလိမ့်မည်။ တစ်ရစ်သာ တင်ထားပါလျက် သုံးရစ်လောက် ပြန်ဖြေလျှင်လည်း တစ်ဖက်သို့ နှစ်ရစ်လွန်သွားပါလိမ့်မည်။ တင်ထားသော အရစ်နှင့် အမျှ မုချ ပြန်ပြီးဖြေရပါလိမ့်မည်။

မအေနှင့် ညီမလေးမှာ သေခဲ့ရပြီ။

ဤသို့နှင့် ရွှေဘာက ဖက်ဆစ်တို့ အချုပ်အနှောင်မှ အခက်အခဲအမျိုးမျိုးကို ကျော်လွှားထွက်လာခဲ့ပြီး ပြန်ရောက်လာသောအခါ မိခင်မှာ စိတ်ဒုက္ခ အမျိုးမျိုးရောက်လျက် သေပြီးခဲ့ရပြီ၊ ညီမလေးမှာလည်း မိမိကိုယ်ကို သတ်သေသွားပြီဖြစ်ကြောင်း သင်းသင်းလှဲ့ပြောလို့ သိရပြီ၊ ရွှေဘာ မျက်ရည်တွေတွေ ကျလျက် အံကြိတ်ပြီး ကျော်ဇောကြီးတို့နောက်သို့ လိုက်သည်။ ဤအချိန်တွင် ပရိသတ်က အာဃာတကို ရွှေဘာ၏ အထိုးအကြိတ် အခုန်အပျံနှင့်ရောပြီး ဖြေတော့သည်။ အာဃာတ အကြောလျှော့နိုင်လေတော့သည်။ ထို့ကြောင့် အသက်ရှူမေ့မောကြည့်နေကြပြီ။ ထိုအချိန်တွင်မှ ကျော်ဇောကြီးမှာ အသည်း ရောင်ရောဂါနှင့် သေသွားပြီးဖြစ်၍ အလောင်းကိုသာ တွေ့ရတော့သည် ဆိုကြပါစို့။ ကျော်ဇောကြီး သေတာတော့ မှန်ပါ၏။ ပရိသတ်မည်သို့ ခံစားရမည်

နည်း။ တင်ထားသလောက် ပြန်မဖြေခဲ့သောကြောင့် အာဃာတ မကျေမချ ကျန်နေသည်။ ထိုအာဃာတက မည်သို့ပေါက်ကွဲမည်နည်း။ အဖျင်းဆုံး 'ခွေးသား ဒါရိုက်တာ အသုံးမကျလိုက်တာကွာ'ဟု ဆဲပြီး ထိုင်ခုံများကို 'ဒုန်း' 'ဂွမ်း'နှင့် ပုတ်ခတ်ပြီး အာဃာတဖြေသွားပါလိမ့်မည်။

တင်ထားခဲ့သမျှကို ပြန်ပြီးဖြေမည်ဆိုလျှင် ရွှေဘာနှင့်ကျော်ဇောကြီးတို့ ရင်ဆိုင်တွေ့ရမည်။ အပြင်းအထန် ထိုးနှက်တိုက်ခိုက်ကြရမည်။ ပြင်းထန်လှသော တိုက်ပွဲတွင် ရွှေဘာ၏ လက်သီးတစ်ချက် အားရပါးရမိလိုက်တိုင်း ပရိသတ်၏ ရင်ထဲတွင် 'ကဲ . . . မှတ်ပလားကွ'ဟု ဖြေနေပါလိမ့်မည်။ ဤဖြေသံမှာ အာဃာတကို ဖြေသောအသံလည်း ဖြစ်ပါသည်။ တဖြည်းဖြည်း ကျော်ဇောကြီး အရေးနိမ့်စ ပြုလာသောအခါ အာဃာတတော်တော်ပေါ့လာပါပြီ။ သို့သော် မကုန်တတ်သေး၊ နောက်ဆုံးလုံးဝ မရှုမလှအရေးနိမ့်ပြီး သေသည်ဖြစ်စေ၊ ရဲလက်ထဲရောက်သွားသည်ဖြစ်စေ ဤသို့ တစ်ခုခုဖြစ်သွားမှ လုံးဝပြေပျောက်သွားပါလိမ့်မည်။ တစ်နေ့တာ အလုပ်ခွင်တွင် ပင်ပန်းခဲ့သမျှလည်း ပြေပျောက် ရွှင်လန်းလာပါလိမ့်မည်။

အချုပ်ကို ဆိုရသော် ဤသို့ အတင်အဖြေသဘောမျိုးတွင် တင်ထားခဲ့သမျှကို ပြန်ပြီး ဖြေပေးရန် အနုပညာရှင်၏ တာဝန် ဖြစ်ပါသည်။ အာဃာတကို ဖြစ်စေခဲ့သည်မှာ ဒါရိုက်တာ စသော အနုပညာရှင်ပင် ဖြစ်သည်။ ပြန်ပြီး ဖြေပေးရန်မှာလည်း သူ၏ တာဝန်ပင် ဖြစ်ပါသည်။ ဤသို့လျှင် အတင်အဖြေမှုအောင် ကြိုးစားသင့်သည်ဟု ဆိုလိုပါသည်။

ဇာတ်လမ်းတွင် မြှုပ်ထားသမျှ၊ ဝှက်ထားသမျှ ပြဿနာတို့ကို ဇာတ်လမ်းအဆုံးတွင် အားလုံးကျိုးကြောင်းယုတ္တိရှိစွာ ဖော်ထုတ်ပြရသည့် သဘောပင် ဖြစ်ပါသည်။

သို့သော် လျှို့ဝှက်သည်းဖိုဝတ္ထုအချို့တွင် စာရေးသူကိုယ်တိုင်က ဘာကြောင့်ဟု မပြောနိုင်ဘဲ ဝိညာဉ်လောကလိုလို၊ အမှတ်မဲ့တိုက်ဆိုင်မှုလိုလို အဆန်းတကြယ် အဖြစ်အပျက်များအဖြစ် မဝေခွဲနိုင်ဘဲ ချန်ထားခဲ့သော (Mystery) ဇာတ်လမ်းမျိုးလည်း ရှိပါသည်။ ထိုကိစ္စမျိုးတွင်ကား တင်ထားသော်လည်း မဖြေဘဲ ထားခဲ့သည်။ မြှုပ်ထားဝှက်ထားသော်လည်း မဖော်ဘဲ ထားခဲ့သည်။ ဤသို့လည်း ရှိတတ်ပါသည်။

ထို့အတူ တင်ထားသော်လည်း မဖြေဘဲထားသင့်သော ကိစ္စမျိုးလည်း

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်ဟု ထင်မိပါသည်။ ဥပမာ ဆိုကြပါစို့၊ ဖက်ဆစ်တို့က ကြီးစိုးနေသည်။ လွှမ်းမိုးရမ်းကားနေသည်။ လူထုမှာ ခံနေရဆဲပင် ဖြစ်သည်။ ထိုသို့ခံနေရသော လူထုကို ဖက်ဆစ်တော်လှန်ရေး၌ ပေါက်ကွဲစေလိုသည် ဆိုကြပါစို့။ ရုပ်ရှင်၊ ဝတ္ထု စသည်တို့ တစ်ခုခုဖန်တီးလျှင် ဇာတ်ဆောင်တို့ မရှုမလှခံစားရပုံ၊ မတရား နှိပ်စက်ခံရပုံ စသည်တို့ကို ယုတ္တိရှိရှိ ပေါ်ပေါ်လွင်လွင် တင်ပြသွားရပါမည်။ ထို့နောက် အာဇာနည်စိတ်ဓာတ်ဖြင့် တွန်းလှန်ရန် ကြိုးစားဆဲတွင် ခံပြင်း ရင်နာဖွယ်ရာ သေရပုံမျိုးနှင့် အဆုံးသတ်လိုက်ပြီဆိုပါစို့၊ ပရိသတ်၏ စိတ်ထဲတွင် အငြိုးကြီးစွာ ကျန်နေရစ်ခဲ့လိမ့်မည်။ ဝတ္ထုဖတ်ပြီးသောအခါတွင် မကျေမနပ် ဖြစ်နေပါလိမ့်မည်။ အငြိုးမပြေ ရှိနေပါလိမ့်မည်။ ကိစ္စမရှိပါ။ ထိုအငြိုးက လက်တွေ့လောကတွင် အလုပ်လုပ်လာပါလိမ့်မည်။

အတင်အမြှေသဘောကို ဤသို့လျှင် ကျွန်တော် သဘောပေါက်မိပါသည်။

အဖိ အဖော့

အတင် အမြှေ ပြီးသည့်နောက် အဖိ အဖော့ကို တင်ပြလိုပါသေးသည်။

အတင် အမြှေ အရေးကြီးသကဲ့သို့ အဖိ အဖော့လည်း အလွန်အရေးကြီး သည်ဟု ထင်မိပါသည်။ အချိန်အဆမမှန်လျှင် ဦးတည်ချက်အာဘော် ပြောင်းလဲသွားနိုင်ပါသည်။ ဥပမာ . . . ကာလသားရောဂါကို ကြောက်ရွံ့လာ အောင် ဝတ္ထု၊ ရုပ်ရှင်ဖန်တီးမှုပြုမည် ဆိုပါစို့၊ ဇာတ်လမ်းကလည်း ချစ်သူနှစ်ဦး ၏အကြောင်း ဆိုကြပါစို့၊ ကာလသားရောဂါကြောင့် ကောင်လေးမှာ ဒုက္ခရောက် ပြီး နောက်ဆုံး ချစ်သူနှင့် မနီးရဘဲ သေသွားရမည် ဆိုပါစို့။ အဖိအဖော့ အလွန် လိုလာပါပြီ။ အလွန်သိမ်မွေ့လာရပါပြီ။ တစ်ယောက်ကို တစ်ယောက် တွယ်တာပုံတွေ၊ အနစ်နာခံပုံတွေ စသည့် အချစ်အလွမ်းပိုင်းတို့ကိုသာ ဖိပြီးထား လျှင် ကာလသားရောဂါကို သာမန် ဇာတ်ခလုတ်အဖြစ် အသုံးပြုထားသော အချစ်ဇာတ်လမ်းသာ ဖြစ်ပါလိမ့်မည်။ အချိန်အဆမှန်မှသာလျှင် အချစ်အလွမ်း ဖြည့်စွက်ပေးထားသော ကာလသားရောဂါဇာတ်လမ်း ဖြစ်လာပါလိမ့်မည်။ သိန်းဖေမြင့်၏ **'တက်ခေတ်နတ်ဆိုး'** ကာလသားရောဂါပညာပေး ဝတ္ထုတွင် အချိန်အဆ မှန်ကန်မှုကို ကောင်းကောင်း တွေ့နိုင်ပါသည်။

အကြောင်းမှာ စာရေးသူ၏ စေတနာမှန်ကန်မှုကြောင့် ဖြစ်ပါသည်။

စေတနာ အလွန်အရေးကြီးပါသည်။ စေတနာမမှန်လျှင် ပုံသဏ္ဍာန်ပြောင်းနိုင် ပါသည်။ ပုံသဏ္ဍာန်ပြောင်းလျှင် အကျိုးသက်ရောက်မှုလည်း ပြောင်း သွားနိုင်ပါသည်။ တစ်ခါတစ်ရံ စေတနာမှန်သော်လည်း ပုံသဏ္ဌာန် မကျွမ်းကျင်သောကြောင့် ရည်ရွယ်ချက်မရောက်ဘဲ ဖြစ်တတ်သည်လည်း ရှိကောင်း ရှိပါလိမ့်မည်။ (သို့သော် ကျွန်တော့်သဘောအရဆိုလျှင်မူကား အတွင်းစိတ် စေတနာက မခိုင်မာသောကြောင့်ဟု ဆိုချင်မိပါသည်။)

စေတနာမှန်သော ဝတ္ထုများကို ပြပါဆိုလျှင် ရာဇဝတ်မှုပပျောက်ရေး ဝတ္ထုများမှာ အထင်ရှားဆုံး ဖြစ်ပါသည်။ 'ဒိုင်းသြော်င့် ဝတ္ထု'ရေး ဆရာတစ်ဦး က စာပေဆွေးနွေးပွဲတစ်ခုတွင် သူတို့၏ ဝတ္ထုများမှာ ဦးတည်ချက်ရှိကြောင်း၊ ရာဇဝတ်မှုပပျောက်ရေးဖြစ်ကြောင်း ပြောသွားပါသည်။ ကျွန်တော် အလွန် ရယ်ချင်ပါသည်။ သူ့အစားလည်း ရှက်ပါသည်။ ပရိသတ်ကို ဤသို့ပြောလိုက် လျှင် ပြီးတာပဲဟု ဤမျှ အထင်သေးခြင်းအတွက်လည်း ခံပြင်းမိပါသည်။

သူတို့၏ ဝတ္ထုတွင်းက အချိန်အဆသဘောကို တွက်ကြည့်လိုက်လျှင် သူတို့၏ စေတနာမှာ ရာဇဝတ်မှု ပပျောက်ရေးထက် ထူပြောရေးကိုသာ အကျိုး သက်ရောက်စေနိုင်ကြောင်း တွေ့နိုင်ပါလိမ့်မည်။ ရာဇဝတ်မှုတွေ ကျူးလွန်ပုံ အမျိုးမျိုးကို အားပါးတရ ကြိုးစားပမ်းစားဖြင့် စာမျက်နှာပေါင်းများစွာ ရေးဖွဲ့ ပြီးနောက် နောက်ဆုံးတစ်မျက်နှာ နှစ်မျက်နှာကျမှ ရဲ ဖမ်းသွားပုံလောက်ကို ရေးလေ့ရှိပါသည်။

ရာဇဝတ်မှု ကျူးလွန်သည်ကို ရှေ့ပိုင်းဝတ္ထုအစ ၁၅ မျက်နှာလောက် သာ ဖွဲ့ပြီး ကျန် စာမျက်နှာပေါင်း များစွာမှာ ရာဇဝတ်မှုလေးတစ်ခုကြောင့် ဒုက္ခရောက်ရပုံအမျိုးမျိုးကို ကြေကွဲဖွယ်ရာ ရေးဖွဲ့ထားသော ရာဇဝတ်မှု ပပျောက်ရေး ဝတ္ထုရှည်ဆိုလို့ မတွေ့ရသလောက် ဖြစ်ပါသည်။

ရာဇဝတ်မှုပပျောက်ရေးအတွက် တကယ့်စေတနာပါသော ဝတ္ထုရေး ဆရာ မရှိတော့ဘူးလား မေးလျှင် ရှိပါသည်။ လက်လှမ်းမီရာ ကောက်ကာ ငင်ကာ ပြောရလျှင် 'ရဲအရာရှိတစ်ဦး'၊ 'ရန်အောင်မောင်မောင်'၊ 'တက္ကသိုလ်မောင်မောင်ခင်'တို့ ဖြစ်ပါသည်။ သူတို့က များသောအားဖြင့် ဝတ္ထုတိုများကိုသာ ရေးလေ့ရှိကြပါသည်။

ထို စာရေးဆရာများမှာ ဘာကြောင့် စေတနာမှန်ပြသနည်း။ တွက်ဆ ကြည့်လျှင် ယင်းပုဂ္ဂိုလ်တို့မှာ ရဲအမှုထမ်းများ၊ အကျဉ်းထောင်အမှုထမ်းများ

www.burmeseclassic.com

www.burmeseclassic.com

ဥပဒေဝန်ထမ်းများ ဖြစ်ကြပါသည်။ သူတို့ဘဝမှာ ရာဇဝတ်မှုကျူးလွန်ခဲ့ပြီးသော အမှုသည်တို့နှင့်သာ ကြုံကြရသောကြောင့် ကျူးလွန်သူတို့၏ ဒုက္ခပိုင်းကိုသာ လက်တွေ့မြင်ကြရသည်။ ထို့ကြောင့် ရာဇဝတ်မှုကို အားကျစိတ်ဖြင့် မရေး၊ သံဝေဂစိတ်၊ ကရုဏာစိတ်ဖြင့် ရေးကြသည်။ ထို့ကြောင့် ရာဇဝတ်မှု၏ ဆိုးကျိုးတို့သာ ပေါ်လွင်လာမြဲဖြစ်သည်။ အချိန်အဆသဘောကို တွက်ကြည့်လျှင် အလွန်ထင်ရှားနေပါသည်။

'ရာဇဝတ်မှု ပပျောက်ရေး ဦးတည်ပါတယ်' ဆိုသော အထက်ဖော်ပြပါ ဒိုင်းညှောင့် ဝတ္ထုရေးဆရာတို့ အကြောင်းကို သိသမျှ ဖော်ပြပါဦးမည်။ သူတို့က အကျဉ်းသားတစ်ယောက်၏ ဘဝ ဒုက္ခ၊ ကျန်ရစ်သူတို့၏ ဘဝ ဒုက္ခစသည်တို့ကို လုံးဝစိတ်မဝင်စား၊ ဘယ်တော့မှ စူးစမ်းခြင်းမပြု၊ သူတို့ဘာကို စိတ်ဝင်စားကြသနည်း။ ဆိုးသွမ်းလူငယ်များထံ ချဉ်းကပ်သည်။ ဒုစရိုက်ကျူးလွန်ပုံအမျိုးမျိုးကို လေ့လာကြသည်။ ထိုရာဇဝတ်မှုကျူးလွန်သော ပေပေတေတေနေကြသော လူငယ်များ၏ စွန့်စားခန်းများကို (အမှတ်ထင်ထင်ဖြစ်စေ၊ အမှတ်မထင်ဖြစ်စေ) အားကျနှစ်သက်ခြင်း ဖြစ်ကြသည်။ ထို့ကြောင့် သူတို့ဝတ္ထုများတွင် ရာဇဝတ်မှုကျူးလွန်ခြင်း အပိုင်းတွင် သာသာထိုးထိုးကြီးဖြစ်၍ ရာဇဝတ်မှု ကောင်းကျိုးမပြုပုံအပိုင်းကို သိသိသာသာကြီး ပေါ့နေသည်။ အဖိအဖော့ မမျှတဘဲရှိနေသည်။ ဤသည်မှာ စေတနာကြောင့်ပင် ဖြစ်သည်။

စေတနာသည် အဘယ်မျှ ခရီးရောက်ပါသနည်း။ ဥပမာတစ်ခု ပြပါဦးမည်၊ နိုင်ငံရေး ပြစ်မှုတစ်ခုကြောင့် နိုင်ငံရေးသမားတစ်ယောက် ထောင်ထဲရောက်သွားပြီ ဆိုကြပါစို့။ ထောင်ထဲတွင် ရာဇဝတ်မှုဖြင့် ထောင်ကျလာသော ထောင်ကျအကျဉ်းသမား များစွာတို့ကို တွေ့ဆုံနိုင်သည်။ သူတို့၏ အဖြစ်အပျက်ပေါင်းစုံကို ကြားနာခွင့်ရခဲ့သည်။

တစ်ယောက်သူက ထိုအဖြစ်အပျက်များတွင် ဝရမ်းပြေးဘဝ၊ ရှောင်ရတိမ်းရသည့်ဒုက္ခ၊ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ၊ မိဘ သားချင်း ဆွေမျိုးများ တမိပြုံလုံးဒုက္ခရောက်ရသည့်ဘဝ စသည်တို့ကို စိတ်ဝင်စားမိသည်။ သံဝေဂရမိသည်။ ထိုသူရေးသောဝတ္ထုမှာ ရာဇဝတ်မှုကောင်းကျိုးမပြု ဆိုသည့်ဘက်ကို ရောက်သွားနိုင်ဖွယ်ရှိသည်။ အခြားတစ်ယောက်က ထိုသူ ပြေးရ၊ ပုန်းရ၊ ခိုးရ၊ ဖှက်ရသည့် ဘဝစွန့်စားခန်းများကို (မိမိဘဝလောကတွင် မတွေ့ကြုံဖူးသည့်အတိုင်း) တအံ့တသြ နားထောင်ကာ နှစ်သက်မိမည်

ဆိုကြပါစို့၊ ထိုသူရေးသော ဝတ္ထုမှာ ရာဇဝတ်ကျူးလွန်ရေးအပိုင်းတွင် ဖိထားပြီး ကောင်းကျိုးမပြုပိုင်းတွင် ပေါ့နေပါလိမ့်မည်။ တစ်ယောက်က ရာဇဝတ်မှု၏ ဒုက္ခပိုင်းကို အမှတ်ပြုမိသည်။ နောက်တစ်ယောက်က ရှေ့ပိုင်းရာဇဝတ်မှု၏ စွန့်စားခန်းတို့ကို မြင်သည်။

'ရဲအရာရှိတစ်ဦး၊ ရန်အောင်မောင်မောင်၊ တက္ကသိုလ်မောင်မောင်ခင်' ကဲ့သို့သော ဝတ္ထုရေးဆရာများကား ဒုက္ခပိုင်းကို မြင်သော သူများပါပေတည်း။

ဤသို့လျှင် စေတနာမမှန်သော လူတို့သည် ပုံသဏ္ဌာန်ကို ကြိုက်သလိုကစား၍ ကြွေးကြော်သံ ဘုရား ဘုရား၊ ရေးလိုက်တော့ ကိုးရိုးကားရားလုပ်ကြပုံတို့ကို များစွာ တွေ့ရပါသည်။ သိုင်း၊ ဂျူဒိုဆိုတာ သူများကို စော်ကားဖို့ မဟုတ်ဘူးဟု ကြွေးကြော်ကြသည်။ ရုပ်ရှင်ဝတ္ထု ဖန်တီးလိုက်သောအခါ လူတကာနှင့် ထိုးချ၊ ကြိုက်ချင်ဖြစ်အောင် ဖန်တီးထားတတ်ကြသည်။ အဖိအဖော့သဘောပင် ဖြစ်ပါသည်။ စေတနာကြောင့်ပင် ဖြစ်ပါသည်။

သတိရမိသော ကိစ္စကလေးတစ်ခုကို တင်ပြချင်ပါသေးသည်။ (၁၉၅၅–၅၆ လောက်ဆီက ထင်ပါသည်။) ပြန်ကြားရေးဝန်ကြီးဌာနက သရုပ်ပျက်သကြန်ပပျောက်ရေးအတွက် ယဉ်ကျေးမှုအဖွဲ့က ကဇာတ်တစ်ခုကို တင်ဆက်ရန် ညွှန်ကြားသည်။ ယဉ်ကျေးမှုကဇာတ်အဖွဲ့ကလည်း သရုပ်ဖော်ကကွက်ဇာတ်ညွှန်းကို တင်ပြသည်။ ယဉ်ကျေးစွာ ရိုးရာမပျက် သကြန်ရေပက်ကြသော သူတို့၏ သိမ်မွေ့နှစ်သက်ဖွယ်ရာ ရေပက်ပုံကို ပြမည်။ ပြီးမှ ကြမ်းတမ်းရိုင်းပျစွာ ရေကစားကြသူများကို သရုပ်ဖော်မည်။ နောက်ဆုံး သရုပ်ပျက်သမားများကို ရဲက ဖမ်းသွားမည်။ ကောင်းပြီ၊ ဦးတည်ချက်မှန်ပြီ။ ကကြိုးကကွက်တွေတိုက်တော့ လေ့ကျင့်တော့ဟု 'မီးစိမ်း' ပြလိုက်သည်။ လေ့ကျင့်ပြီးပါပြီ၊ အသားကျသွားပါပြီ။ ဝတ်စုံပြည့် လေ့ကျင့်ပွဲတင်ပြတော့ အားလုံးသော ဒါရိုက်တာလူကြီးများက သဘောကျကြသည်။ ကြိုးပမ်းတီထွင်ထားသော ကကြိုးကကွက်များအတွက်လည်း အကနည်းပြဆရာမှစ၍ အားလုံးကို ချီးကျူးကြသည်။ သို့သော် . . . 'မကကြနှင့်တော့' ဟု ဖျက်လိုက်ရသည်။

အကြောင်းက . . . ရိုးရာမပျက် ရေပက်ပုံခန်းတွင် ကကြိုးသွင်းရသည်မှာ မခက်၊ သရုပ်ပျက် ရေပက်ခန်းတွင်ကား သရုပ်ဆိုး ပျက်ရမည်။ ဆည်းဝါး ကကြိုးလည်း ကောင်းရမည်။ ထို့ကြောင့် သရုပ်ပျက်ပုံလည်းပေါ်အောင် ကကြိုးကကွက်လည်း ကြည့်ကောင်းအောင် ကြိုးစားပမ်းစား တီထွင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားလိုက်သလောက် ကောင်းလည်းကောင်း၊ သွက်လည်းသွက်သည်။ ရွှေပွဲလာတို့ ပါးစပ်စေ့မနေရအောင် ရယ်မောမြူးရွှင်နေသည်။ ရိုးရာသမားများကတော့ ထုံးစံအတိုင်း ရိုးရာကကြိုးများနှင့် ရေပက်နေကြသည်၊ ပျင်းစရာကြီး ဖြစ်နေသည်။ ဟိုကောင်တွေကတော့ ဘယ်မှာဟုတ်လိမ့်မလဲ၊ ခုန်ကာ–ပျံကာ–ပြောင်ကာ–နောက်ကာနှင့် ပျော်စရာကြီး ဖြစ်နေသည်။ နောက်ဆုံးရဲအဖွဲ့က ဖမ်း၍ ပါသွားသည်အထိ ပျော်စရာကြီး ဖြစ်နေရာ ပွဲကြည့်ပရိသတ်ပင်လျှင် သူတို့နှင့် တစ်ချိုတစ်မောင်းလောက် လိုက်ပြီး ရေပက်ချင်စိတ်ပေါက်လာရတော့သည်။ ထို့ကြောင့် 'ကောင်းပါ၏။ သို့သော် မကြာနှင့်တော့။'

ဤသည်တွင် အကပညာ နည်းပြဆရာနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်တို့သည် အနုပညာနောက်သို့ အမှတ်မဲ့ လိုက်သွားရင်း စေတနာနေရာ ရွေ့သွားခြင်းကို တွေ့ရပါလိမ့်မည်။ ထို့ကြောင့် အတွင်းစိတ်စေတနာ မခိုင်မာလျှင် ပုံသဏ္ဌာန် အဖိအဖော့ ချိန်ဆမမှန် ဖြစ်သွားတတ်သည်ဟု အထက်တွင် ဆိုခဲ့ခြင်း ဖြစ်ပါသည်။

အချို့ ခိုင်းညောင့် ဆရာများက ရာဇဝတ်မှု ကောင်းကျိုးမပြုဟု ကြွေးကြော်ပြီး အဖိ၊ အဖော့တွင် ပညာပြကာ ငွေရှာတတ်ကြကြောင်းကို အထက်တွင်လည်း ဆိုခဲ့ပြီးပါပြီ။ သူတို့က သူတို့ဝတ္ထုများတွင် ရာဇဝတ်မှုကျူးလွန်သူမှာ နောက်ဆုံးတွင် ရာဇဝတ်မှု၏ ဒဏ်ကို ခံရခြင်းဖြင့်သာ အဆုံးသတ်လေ့ရှိပါသည်ဟုလည်း ပြောတတ်ကြပါသည်။

သူတို့ ဤသို့ပြောတိုင်း ကျွန်တော် ဖတ်ဖူးသော စာတိုလေးတစ်ပုဒ်ကို သတိရမိလေ့ ရှိပါသည်။

တစ်ခါက ဆေးပညာစာမေးပွဲတစ်ခုတွင် ဆေးကျောင်းသားတစ်ဦးအား ဆရာဝန် သမားတော်ကြီးများက နှုတ်ဖြေစာမေးပွဲ ဝိုင်းဝန်းစစ်မေးနေကြသည်။ သမားတော်ကြီးတစ်ဦးက ကျောင်းသားအား လူနာတစ်ယောက်၏ လက္ခဏာများဖြစ်သော မျက်လုံးဝါသည်၊ သွေးအားနည်းသည်၊ ကိုယ်ပူသည် စသည့် ကိစ္စမျိုးတွေကို ပြောပြပြီးနောက် ဘာရောဂါလဲဟု မေးသည်။ ကျောင်းသားက မှန်အောင် ဖြေနိုင်သည်။ဘာဆေးတိုက်မလဲဟု မေးသည်၊ ကျောင်းသားက ဖြေနိုင်သည်ပင်။ ဆေးမှာ ပြင်းလွန်းသောကြောင့် ဘယ်မျှတိုက်မလဲဟု ဆက်မေးသည်။ ဘယ်နှစ်စက် တိုက်ပါမည်ဟု ဖြေသည်။ ထိုသမားတော်

ကြီးက တော်လောက်ပါပြီဟု ပြောသောကြောင့် အခြား သမားတော်ကြီးများက ဆက်ပြီး သက်ဆိုင်ရာ ဆေးပညာ ဘာသာရပ်များကို စစ်မေးသည်၊ ထိုမေးခွန်းများကို ဖြေနေရင်းက ကျောင်းသား ရုတ်တရက် သတိရပြီး ယခင် သမားတော်ကြီး ဘက်သို့ လှည့်၍ . . .

"ဆရာကြီး၊ ကျွန်တော် ခုနက ဆေးတိုက်တာ များသွားပါတယ်ခင်ဗျား ရှစ်စက်လို့ ပြောမိပါတယ်၊ အမှန်က သုံးစက် တိုက်ရမှာပါ"

"တိုက်ထားပြီးပြီ၊ မင်း ဘာလုပ်မလဲ"

"ကျွန်တော် ဖြေဆေး တိုက်ရပါမယ်"

သမားတော်ကြီးက လက်က နာရီကို ကြည့်လိုက်ရင်း . . .

"ဝမ်းနည်းပါတယ်၊ လူနာဆုံးတာ နှစ်မိနစ် ရှိသွားပြီ"

ကျွန်တော်တို့၏ ခိုင်းညောင့် ဆရာများသည်လည်း ဖြေဆေးတော့ တိုက်ကြပါ၏။ သို့သော် . . .

■

?

မေ၊ ၁၉၇၇

www.burmeseclassic.com

www.burmeseclassic.com

စရိုက်သေ၏ ခွန်အား

စရိုက်သေနှင့် စရိုက်ရှင်

ဝတ္ထုထဲတွင်တွေ့ရသော စရိုက်သေ၏ ခွန်အားအကြောင်းကို မပြောမီ စရိုက်သေနှင့် စရိုက်ရှင်၏ သဘောကို (ကျွန်တော် စူးစမ်းနားလည်မိသမျှ) တင်ပြသင့်သေးသည်ဟု ထင်မိပါသည်။ တစ်ဖန် စရိုက်သေနှင့် စရိုက်ရှင်ကို မပြောမီ စရိုက်ဟူသော ဝေါဟာရ၏ သဘောကို ရှေးဦးစွာ ဆွေးနွေးသင့်သည်ဟု ထင်မိပါသည်။

ဇာတ်ဆောင်တစ်ဦး၏ 'စရိုက်'ဟု ဆိုလျှင် သာမန်အားဖြင့် သူ၏ ကိုယ်၊ နှုတ်၊ နှလုံး ကံသုံးပါး အမူအရာ အလေ့အထကို ဆိုလိုသည်ဟု ပြောနိုင်ပါသည်။ သို့ရာတွင် စရိုက်သေ၊ စရိုက်ရှင် သဘောတွင်ကား သာမန် ကံသုံးပါး အမူအရာမျိုးထက် ဘဝ အမြင်၊ ကိုယ်ကျင့်တရား စသည်တို့နှင့် ပတ်သက်သော ကံသုံးပါး အမူအရာတို့ကိုသာ ပဓာနထားကြကြောင်း သတိပြုမိပါသည်။ ဇာတ်ဆောင်တစ်ဦး၏ စကားပြောမြန်ခြင်း၊ လေးခြင်း၊ စိတ်ဆတ်ခြင်း၊ စိတ်ရှည်ခြင်း၊ သတ္တိကောင်းခြင်း၊ အသည်းငယ်ခြင်း၊ စသည်တို့ထက် ရိုးသားခြင်း၊ ကောက်ကျစ်ခြင်း၊ မြင့်မြတ်ခြင်း၊ ယုတ်မာခြင်း၊ စသည်တို့နှင့် ပို၍ သက်ဆိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

စရိုက်သေနှင့် စရိုက်ရှင်အကြောင်းကို ဆက်ပါမည်။ အခြေခံ ခြားနားချက်မှာ နှစ်ခုသာ ရှိပါသည်။

စရိုက်သေဇာတ်ဆောင်ကို မျက်နှာစာ တစ်ဖက်ကသာ မြင်ရသည်။ စရိုက်ရှင်ကို မျက်နှာစာ နှစ်ဖက်က မြင်ရသည်။ ထို့ကြောင့် စရိုက်သေက ရုပ်လုံးမကြွ၊ လူနှင့်မတူ။ စရိုက်ရှင်က ရုပ်လုံးကြွလာသည်။ လူနှင့် ပိုတူလာသည်။

စရိုက်သေမှာ ဘဝအမြင် စာရိတ္တပြောင်းလဲမှု မရှိ။ စရိုက်ရှင်က ပြောင်းလဲမှု ရှိသည်။

ဤသည်တို့မှာ ပဓာနခြားနားချက်များ ဖြစ်ကြပါသည်။

အနည်းငယ် အကျယ်ချဲ့၍ ဆိုရလျှင် . . .

စရိုက်သေကို တစ်ဖက်ကသာ မြင်ရသည်။ ကောင်းလျှင်လည်း ကောင်းသည့်အချက်တို့ကိုသာ တွေ့ရသည်။ ဆိုးလျှင်လည်း ဆိုးသည့် အကွက်တို့ကိုသာ တွေ့ရသည်။ လူကောင်းဆိုလျှင် ရိုးသားခြင်း၊ စောင့်စည်းခြင်း၊ သစ္စာရှိခြင်း၊ မြင့်မြတ်ခြင်းစသည့် ဂုဏ်တို့ဖြင့် စုဝေးနေသည်။ ဆိုးသည့်အကွက်၊ ညံ့သည့်အကွက် ဆို၍မတွေ့ရ။ ချွတ်ယွင်းချက် အနည်းအပါး ရှိပါလျှင်လည်း စာရိတ္တနှင့် မပတ်သက်သော စကားပြော ဘုကျခြင်း၊ စိတ်ဆတ်ခြင်း စသည်တို့လောက်သာ ဖြစ်သည်။ ယင်းသည့် ချွတ်ယွင်းချက် ကလေးများကိုပင် စာဖတ်သူက ခွင့်လွှတ်အောင် နှစ်သက်ချင်လာအောင် ရေးဖွဲ့သွားတတ်ကြသည်။ (အမျိုးသမီးစာရေးဆရာ အချို့၏ ဝတ္ထုတွေထဲက စစ်ဗိုလ်ဇာတ်ဆောင်များကို ကြည့်ပါ။)

စရိုက်ရှင်မှာကား ထိုသို့မဟုတ်။ စာရိတ္တနှင့်ပတ်သက်၍ပင် ကောင်းကွက်ရော ညံ့ကွက်ကိုပါ ပြသည်။ လူကောင်းဆိုလျှင်လည်း စင်းလုံးချော အကောင်း မဟုတ်။ မဲ့ပြောက်စွန်းတတ်သည်။ လူဆိုးပင် ဖြစ်စေကာမူ ချီးမွမ်းစရာလေးတွေ ပါနေတတ်သည်။ (ဆရာမှိုင်း၏ 'မှာတော်ပုံ' ထဲက ခင်အုံနှင့် သိန်းဖေမြင့်၏ 'အရှေ့ကနေဝန်း . . .' ထဲက တင်ထွန်းကို ကြည့်ပါ။)

စရိုက်သေဇာတ်ဆောင်မှာ ကောင်းလျှင်လည်း (ဝတ္ထုထဲက ဘဝတော တစ်လျှောက်လုံး)တောက်လျှောက် ကောင်းနေတော့သည်။ ဆိုးလျှင်လည်း ထို့အတူပင် ဖြစ်သည်။ (ပုံစံ–တောမိ၊ ဘူရိဒတ်၊ ရွှေလင်းယုန်၏ 'သူ' ဝတ္ထုထဲက ဆရာဝန် ကိုမြင့်မောင်) အကယ်၍ အပြောင်းအလဲရှိလျှင်လည်း ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com

ပုံမှာ နိုင်လုံသော အကြောင်းပြချက် ကင်းနေတတ်သည် (ဝါ) ယုတ္တိမရှိ စာရေးဆရာက ပြောင်းချင်လို့ ပြောင်းပစ်လိုက်သည့်သဘောမျိုးသာ ဖြစ်နေတတ်သည်။ စာဖတ်သူ ဘဝင်ကျလောက်သော ကျိုးကြောင်း အခြေခံ မရှိ။ ယင်းကဲ့သို့သော မျက်လှည့်ပြသလို ပြောင်းလဲမှုမျိုးကား စရိုက်ရှင် ဟန်ဆောင်လာသော စရိုက်သေပင် ဖြစ်သည်ဟု ဆိုကြပါသည်။

စရိုက်ရှင်၏ ပြောင်းလဲမှုမျိုးကား ကျိုးကြောင်း နိုင်လုံသည်။ စာဖတ်သူ ဘဝင်ကျလောက်သော အတွေ့အကြုံကြီးများ ပါဝင်လာလေ့ရှိသည်။

ကျွန်တော်တို့၏ ခရီးတစ်လျှောက်ကို ပြန်လည်သုံးသပ်ကြည့်လျှင် စာရိတ္တခံယူချက်၊ ဘဝအမြင် စသည်တို့ အဆင့်ဆင့် ပြောင်းလဲလာခဲ့ပုံကို သတိပြုမိကြမည် ထင်ပါသည်။ ကျွန်တော်တို့ ရင်ဆိုင်ခဲ့ရသော အတွေ့အကြုံတို့၏ ခါးသီးမှု ချိုမြိန်မှု စသည်တို့သည် အကြောင်းရင်းများဖြစ်ကြသည်။ ကျွန်တော်တို့ တုံ့ပြန်မှုများမှာ ငယ်စဉ်ကနှင့် မတူတော့။ အချို့နေရာများတွင် ယခင်ကထက် နူးညံ့လာသည်။ အချို့နေရာများတွင် ကြမ်းတမ်းလာသည်။ ဤကိစ္စမျိုးတွင် ကြင်နာတတ်လာသည်။ ထိုကိစ္စမျိုးတွင် ရက်စက်တတ်လာသည်။ ဤသို့သောသူမျိုးကို စောင့်ရှောက်ချင်လာသည်။ ထိုသို့သောလူမျိုးကို လျစ်လျူပြုချင်လာသည်။ ဤသို့လျှင် အတွေ့အကြုံများက ကျွန်တော်တို့၏ စာရိတ္တအမြင်ကို ပြောင်းလဲပေးသကဲ့သို့ စရိုက်ရှင် ဇာတ်ဆောင်ကိုလည်း သူ၏ အတွေ့အကြုံတို့က ပြောင်းလဲစေသည်သာ ဖြစ်ရပါမည်။ ထိုအတွေ့အကြုံကို စာဖတ်သူပါ ရောပြီး ခံစားနိုင်လောက်အောင် ရေးဖွဲ့ပြနိုင်မှသာလျှင် ဇာတ်ဆောင်၏ စရိုက်ပြောင်းလဲမှုအတွက် စာဖတ်သူက ဘဝင်ကျကျ လက်ခံနိုင်မည် ဖြစ်ပါသည်။

ဤသည်တို့မှာ စရိုက်သေနှင့် စရိုက်ရှင်တို့၏ အခြေခံသဘောများ ဖြစ်ပါသည်။ ဤသို့ အခြေခံသဘော ခြားနားမှုကြောင့် အကျိုးသက်ရောက်မှုလည်း ခြားနားလာပြန်ပါသည်။

စရိုက်သေသည် ဤကား လူဆိုး၊ ဤကား လူကောင်း စသည်ဖြင့် ပြတ်သားစွာ တင်ပြနိုင်သည်။ ‘စံ’ တစ်ခုပြု၍ အားကျဖွယ်၊ စက်ဆုပ်ဖွယ်၊ ချီးမွမ်းဖွယ်၊ ရှုချင်ဖွယ် တို့ကို ပြတ်ပြတ်ထင်ထင် ပေါ်လွင် ခံစားနိုင်စေသည်။

စရိုက်ရှင် ပီသနေသော ဇာတ်ဆောင်ကား လူ့သဘာဝကြီး (ဝါ)

ပုထုဇဉ်တို့၏ သဘာဝကြီးကို တတ်နိုင်သမျှ ကိုယ်စားပြုနေမည်ဖြစ်သောကြောင့် ‘စံ’ မဖြစ်နိုင်တော့ပြီ။ ပုထုဇဉ်လောကသားတို့တွင် အဘယ်သူသည် အကောင်းဟူသမျှ သို့မဟုတ် အဆိုးဟူသမျှတို့၏ ‘စံ’ ဖြစ်နိုင်ပါမည်နည်း။

အချုပ်အားဖြင့် ဆိုသော် . . .

စရိုက်သေသည် ဘဝအားမာန်ကို ပေးနိုင်သည်ဆိုလျှင် စရိုက်ရှင်သည် ဘဝအာဘိဓမ္မာကို ပေးသည်ဟု ဆိုချင်ပါသည်။

ကျွန်တော်၏ ဆောင်းပါးမှာ စရိုက်သေ၊ စရိုက်ရှင်တို့၏ သဘောကို အကျယ်တဝင့် ဆွေးနွေးရန် ရည်ရွယ်သည် မဟုတ်၍ ယင်းတို့အကြောင်းကို ဤမျှသာ တင်ပြလိုက်ပါသည်။

လူငယ်နှင့် လူကြီး

လူငယ်နှင့် လူကြီးသည် အချို့နေရာများတွင် ဟပ်စပ်၍ မရနိုင်လောက်အောင် ကွာခြားသည်။ ဤသို့ ကွာခြားခြင်းမှာ အသက်အရွယ် ဆင်ခြင်ဉာဏ်ကြောင့်သာမက အသက်အရွယ်အလျောက်၊ နည်းသော များသော အတွေ့အကြုံတို့ကြောင့်လည်း ဖြစ်သည်ဟု ဆိုရပါမည်။ ထို့အပြင် အတွေ့အကြုံတို့၏ အနု၊ အရင့်၊ အသေး၊ အကြီး၊ အပျော့၊ အပြင်းတို့ကို လိုက်၍လည်း ဘဝခံယူချက် အပြောင်းအလဲ ကွာခြားနိုင်သေးသည်ဟု ထင်မိပါသည်။

စရိုက်သေ

လူငယ်တို့သည် (ယေဘုယျအားဖြင့်) အတွေ့အကြုံနုနယ်တတ်သည်။ ဘဝကို ရင်ဆိုင်ရန် ပြင်ဆင်နေသော ကာလ၊ ကိုယ့်အား ကိုယ် စမ်းနေဆဲ ကာလလည်း ဖြစ်သည်။ လုပ်ဆောင်ဖွယ်ရာ ကိစ္စတို့အတွက် အမှားအမှန် ချင့်ချိန် လေ့ကျင့်နေဆဲကာလလည်း ဖြစ်သည်။ သနားစရာရှိလျှင် ရင်နင့်အောင် သနားတတ်သည်။ မုန်းစရာရှိလျှင် ခါးသီးအောင် မုန်းတတ်သည်။ ထို့ကြောင့် ချစ်လျှင် ပြတ်ပြတ်၊ မုန်းလျှင် ပြတ်ပြတ် ချစ်ချင် မုန်းချင်သည်။ ချစ်စရာလိုလို မုန်းစရာလိုလို ဇဝေဇဝါ အနေအထားမျိုးကို အရသာ မခံတတ်သေး။ ထို့ကြောင့် စရိုက်ရှင်ထက် စရိုက်သေကို ပို၍ နားလည်သည်။ ပို၍ ခံစားနိုင်ဖွယ်လည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

စရိုက်ရှင်

လူကြီးကား ထိုသို့မဟုတ်ပြီ။ လောက၏ မျက်နှာကိုလည်း ပက်ပင်း မြင်ခဲ့ဖူးလေပြီ။ လောက၏ မျက်နှာကိုသာမက မိမိ၏ မျက်နှာကိုလည်း ဝိုးခနဲ ဝင်းခနဲ သတိပြုမိခဲ့ပြီးပြီ။ ထို့ကြောင့် မိမိ၏ ပျော့ကွက် ညံ့ကွက်များကို (အနည်းဆုံး ကျိတ်၍) မိမိကိုယ်ကို ရက်ရက်နှင့် ဝန်ခံခဲ့ရဖူးပြီ။ မျှော်လင့်တိုင်း မဖြစ်နိုင်သော သဘော၊ ကြိုးပမ်းတိုင်း မအောင်မြင်နိုင်သော သဘောတို့ကိုလည်း သိခဲ့ရပြီ။ မရေမရာတွေထဲက ပေါ်လာတတ်သော ရေရေရာရာကိစ္စတွေကိုလည်း ကြုံဖူးပြီ။ ရေရေရာရာတွေထဲက ထွက်လာသော မရေမရာ အဖြေကိုလည်း တွေ့ခဲ့ဖူးပြီ။ လင်းထိန်နေသော တန်ဆောင်မုန်း လပြည့်ဝန်းထဲက အမည်းရိပ်ကိုလည်း သတိပြုမိပြီ။ အမှောင်ဆုံးတိမ်တိုက်၏ ငွေရောင်အနားကွပ်ကိုလည်း ချီးမွမ်းတတ်ပြီ။ ထို့ကြောင့် လူငယ်ထက် လူကြီးသည် စရိုက်ရှင်ကို ပို၍ အရသာခံနိုင်ဖွယ်ရာရှိသည်ဟု ဆိုချင်ပါသည်။

စရိုက်သေ၏ ခွန်အား

အထက်တွင် ဆိုခဲ့သည့်အတိုင်း စရိုက်ရှင်သည် လူ့သဘာဝကို ဖော်ပြရာ၌ ခရီးရောက်လှသည် မှန်သော်လည်း စေတနာကို နှိုးဆော်ရာ၌ကား စရိုက်သေလောက် ခွန်အား မရှိပါ။ ထို့ကြောင့် ဗုဒ္ဓမြတ်ရှင်ပင်လျှင် သဒ္ဓါတရားပေါ်ပေါက်စေရန် ရည်ရွယ်သောအခါတိုင်း၌ မလျှော့သော ဇွဲ၊ မပျက်သော သစ္စာ၊ ခိုင်မာသော အဓိဋ္ဌာန် စသည့် ဂုဏ်တို့ဖြင့် ပြီးသော စရိုက်သေဇာတ်ဆောင်များကို အသုံးပြုလေ့ရှိခဲ့သည်။ ကျွန်တော်တို့သည် ဇနက၏ ဇွဲကို အားကျသည်။ ဘူရိဒတ်၏ ခံနိုင်ရည်ကို အံ့သြသည်။ တေမိ၏ အဓိဋ္ဌာန်ကို ချီးကျူးသည်။

စရိုက်သေ၏ အားမာန်သည် (ဇာတ်လမ်းကောင်းလျှင်၊ စာရေးကောင်းလျှင်) စာဖတ်သူ၏ သွေးထဲသားထဲသို့ စိမ့်ဝင်လာသည် ထင်ရလောက်အောင် ခံစားမိနိုင်သည်။ ထို့ကြောင့် တော်လှန်ရေးအားမာန်၊ မျိုးချစ်သတ္တိ၊ လူမှုဝန်ထမ်းဖွဲ့ စသည်တို့အတွက် သဒ္ဓါတရား ပေါ်ပေါက်လာအောင် စေ့ဆော်နိုင်သည်ကား စရိုက်သေပင် ဖြစ်သည်ဟု ဆိုချင်ပါသည်။

(ဇာတ်လမ်း ကောင်းလျှင်၊ စာရေးကောင်းလျှင်) ဟု အထက်တွင်

ဆိုခဲ့ပါသည်။ စရိုက်သေတွင် ဇာတ်လမ်း ဇာတ်ကွက်ကောင်းဖို့ လိုပါသည်။ (စရိုက်ရှင်တွင်ကား ဇာတ်ကွက်ကောင်းလွန်းနေလျှင် ဇာတ်လမ်းဘက်သို့ အာရုံစူးသွားတတ်သဖြင့် ဇာတ်ဆောင်၏ စရိုက်ကို အမှတ်မထင် လျှံသွားတတ်ပါသည်။) စရိုက်သေတွင် ဇာတ်လမ်းဇာတ်ကွက်ကောင်းလျှင်၊ စာရေးလည်းကောင်းလျှင် တကယ့်လူ့လောကတွင် မတွေ့နိုင်သော 'စံပြ' ဇာတ်ဆောင်မျိုးပင် ဖြစ်စေဦးတော့၊ လူငယ်တို့ စွဲမက်အားကျခြင်း ဖြစ်တတ်ပါသည်။ ကျွန်တော်တို့သည်ပင် ဆရာကြီးရွှေဥဒေါင်း၏ **'ဇော်ဟိတ်'** ကို နှစ်သက်ခဲ့သည် မဟုတ်လော။ ရွှေလင်းယုန်၏ **'သူ'** ထဲက ဆရာဝန် ကိုမြင့်မောင်ကို အားကျခဲ့သည် မဟုတ်လော။

ဆရာဝန် ကိုမြင့်မောင်မှာ အကောင်းလွန်နေသော ဆရာဝန်တစ်ယောက်ဖြစ်၍ ကိုယ် ဆရာဝန်ဖြစ်လာလျှင် သူ့လောက် ကောင်းနိုင်ပါ့မည်လောဟု မေးစရာ ရှိပါသည်။ သာမန်ဆရာဝန်တစ်ယောက်နှင့် ကိုမြင့်မောင်ကို အားကျခဲ့ဖူးသော ဆရာဝန်တစ်ယောက် မည်သည့်နည်းနှင့်မျှ မတူနိုင်ဟုကား ပြောဝံ့ပါသည်။

သိန်းဖေမြင့်က **'ခေတ်ကို နောက်ပြန် ဆွဲနေသော စာရေးဆရာများ'** ဟူသော စာပေဝေဖန်ရေး ဆောင်းပါး (ဂျာနယ်ကျော်–၁၉၄၈)တွင် **'သူ'** တွင် ပါသော ဆရာဝန်မှာ အကောင်းလွန်နေသဖြင့် အိပ်မက်ထဲတွင် တွေ့ရသော လူတစ်ယောက်လိုသာ ဖြစ်နေသည်' ဟု မှတ်ချက်ချခဲ့ပါသည်။ သို့သော် သတိပြုသင့်သောအချက်မှာ ထိုဆောင်းပါးကို ရေးစဉ်က သိန်းဖေမြင့်သည် အသက်အားဖြင့် ၃၃ နှစ် ရှိနေပြီ၊ အတွေ့အကြုံအားဖြင့် တစ်ကောင်ကြွက်လည်း ဖြစ်ခဲ့ဖူးပြီ၊ **'စစ်အတွင်းခရီးသည်'**၊ **'မဟာမိတ်နှင့် ဗမာ့တမန်'** ဘဝမျိုးစုံကိုလည်း ဖြတ်သန်းခဲ့ပြီးလေပြီ။

သိန်းဖေမြင့် ရေးသော **'ကျွန်တော်၏ အချစ်ဦး'** ကို ပြန်ကြည့်ပါ။ ဇာတ်လိုက်ကြီး 'တစ်ကောင်ကြွက်' ကို သူ့အသက် ၁၂ နှစ်သားအရွယ်တွင် တွေ့ခဲ့ရသည်။ (သိန်းဖေမြင့်၏ မွေးသက္ကရာဇ်မှာ ၁၀–၇–၁၉၁၄။ ရန်ကုန်ရွှေမျှား၏ တစ်ကောင်ကြွက်ဝတ္ထုပါသော ဒဂုန်မဂ္ဂဇင်းမှာ ၁၉၂၆ ခု နိုဝင်ဘာလ မဂ္ဂဇင်းအဖုံးပင် မပါတော့သည်ကို ထောက်၍ ၁၂ နှစ်သားခန့်ဟု ဆိုလိုက်ပါသည်။) ထို တစ်ကောင်ကြွက် ဝတ္ထုသည် သိန်းဖေမြင့်အား မည်မျှ လွှမ်းမိုး

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သနည်း။ နိုင်ငံရေးလောကတွင် တစ်ခါတစ်ရံ ပိုင်းယယ်ခံရ၍ တစ်ကောင်ကြွက် ဖြစ်နေသောအခါများ၌ပင် စိတ်ဓာတ်မကျ။ ပီတိပင် ဖြစ်နေတတ်သေးသည်ဟု ဆိုခဲ့သေးသည်။ **'ဘီလပ်သွား ဦးဇော'** ပြဇာတ်ကို ရေးရာ၌ပင် 'တစ်ကောင်ကြွက်' ဟူသော ကလောင်အမည်ကို ယူခဲ့သည်ဖြစ်ရာ၊ ဒဂုန်ရွှေမျှား၏ ဇာတ်လိုက်ကြီးသည် သိန်းဖေမြင့် (ကလေး)၏ အပေါ် မည်မျှ ဩဇာ ပြုကြောင်း သိသာပါသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ **တပင်ရွှေထီး၊ ဘုရင့်နောင်** ရာဇဝင်ဝတ္ထုကြီးများမှာ စံပြ ယောကျ်ား စရိုက်သေများပင် ဖြစ်ပါသည်။ သိန်းဖေမြင့်၏ အသက် (ခန့်မှန်းခြေ) ဆယ့်လေးငါးနှစ်ခန့်က ဖတ်ရသောအခါ မည်သို့ ဖြစ်သည် ထင်သနည်း။ **'ကျွန်တော်၏ အချစ်ဦး'** ထဲက သူ၏ မှတ်ချက်ကို ကြည့်ပါ။

> 'တပင်ရွှေထီး ဝတ္ထုမှာ ကျွန်တော်၏ အသည်းစွဲ ဖြစ်ခဲ့သည်။ . . . . . တပင်ရွှေထီး ဝတ္ထုသည် ကျွန်တော်တို့အား မျိုးချစ်စိတ်ဓာတ် မွေးမြူပေး၏။ . . . . . ကျွန်တော်သည် ငယ်ရွယ်ပျိုမြစ်သော တုံးတိုက်တိုက် ကမ်းတိုက်တိုက် စွန့်စားရဲသော သူရသတ္တိ ထူးချွန်လှသည့် တပင်ရွှေထီးကို သဘောကျလှသည်။ သူ့ထက်ပို၍ ဘုရင့်နောင်ကို သဘောကျပြီး ကြည်ညိုရသည်။ ဘုရင့်နောင်သည် သူရသတ္တိရှိရုံမက၊ အမြော်အမြင်ကြီးသည်၊ စိတ်ထား တည်ငြိမ်သည်။ ဘုရင့်နောင်သည် စစ်သူကြီးနှင့် ပညာရှိ ပူးပေါင်းထားသူ ဖြစ်သည်။ . . . . . သူတို့အချင်းချင်း (တပင်ရွှေထီးနှင့် ဘုရင့်နောင်) သစ္စာရှိမှုမှာ စံထားလောက်သည်။ အထိန်းတော်သား သျှင်ရဲထွတ်နှင့် ဘုရင့်သမီးတော် (တပင်ရွှေထီး၏ အစ်မ) သခင်ကြီး သို့မဟုတ် ခင်ခင်ကြီးတို့၏ ဘယ်သူဖျက်ဖျက် မပျက်စတမ်း ချစ်ကြိုက်ခန်းမှာလည်း ရာဇဝင်တွင်သည်။ ဘုရင့်နောင်ခေါ် သျှင်ရဲထွတ်သည် အချစ်ရေးတွင်လည်း ကျွန်တော်၏ ဟီးရိုး ဖြစ်ခဲ့လေသည်။

'အရှေ့က နေဝန်းထွက်သည့်ပမာ' ထဲက ဇာတ်ဆောင် တင်ထွန်း

မှာ စရိုက်ရှင် ဖြစ်သည်။ မည်မျှ ပီသသော စရိုက်ရှင်ဖြစ်ကြောင်း **သေချာ** လေ့လာကြည့်လေ တွေ့ရလေ ဖြစ်ပါလိမ့်မည်။ မဂ္ဂဇင်းတွင် **အခန်းဆက်** ဝတ္ထုရှည်အဖြစ် ပါစဉ်က "ဒီတင်ထွန်း ဆိုတဲ့ အကောင်က ဘာကောင်လဲကွ၊ တောင်လိုလို မြောက်လိုလို မပြတ်မသားနဲ့" ဟူ၍ မေးငေါ့ခဲ့ကြ**သူများ** ရှိသည်။ ယခုလည်း တင်ထွန်း၏ စရိုက်အားလုံးကို စိစစ်၍ အကဲ**ဖြတ်ကြည့်**ပါ။ အားကျစရာ ဇာတ်ဆောင် မဟုတ်။ သနားစရာလည်း မဟုတ်။ **ချီးမွမ်း** စရာလည်း မဟုတ်။ သို့သော် . . . လူနှင့် တူသည်မှာတော့ အမှန် ဖြစ်သည်။ တစ်နည်းအားဖြင့် စရိုက်ရှင် ပီသလှပါသည်ဟု ဆိုရပါမည်။

ယင်းသို့လျှင် 'တင်ထွန်း' ကို ပွဲထုတ်မည့် သိန်းဖေမြင့်ကိုပင် တစ်ကောင်ကြွက်၊ တပင်ရွှေထီး၊ ဘုရင့်နောင်တို့သည် သူ့ကို ငယ်စဉ်က မည်မျှ တန်ခိုးကြီးစွာ လွှမ်းမိုးခဲ့သနည်း။ ထို့ကြောင့် လူငယ်တို့အပေါ်တွင် စရိုက်သေ၏ ခွန်အား မည်မျှလွှမ်းမိုးနိုင်ကြောင်း ထင်ရှားလှပါသည်။

တပင်ရွှေထီး၊ ဘုရင့်နောင်တို့သည် စရိုက်သေ ဂုဏ်ပြုအတ္ထုပ္ပတ္တိများ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဂျာနယ်ကျော်မမလေးသည် **'သူလိုလူ'** ဟူသော အမည်ဖြင့် သူ တွေ့သိရသော အပိုင်းမှစ၍ ဂျာနယ်ကျော် ဦးချစ်မောင်၏ အတ္ထုပ္ပတ္တိကို ရေးခဲ့ပါသည်။ အချို့က အမွှမ်းတင် အတ္ထုပ္ပတ္တိဟု ဆိုချင်ကြပါသည်။ အတ္ထုပ္ပတ္တိရေးပုံ သဘောတရားရှုထောင့်မှ ကြည့်လျှင် ဘယ်သို့ဘယ်ညာ စသည်ဖြင့် မပြောလိုသော်လည်း ဦးချစ်မောင်၏ ကြိုးစားပုံ၊ စာဖတ်ပုံ၊ သူ့နေရာနှင့်သူ သတ္တိကောင်းပုံ စသည်တို့ကိုမူ ကျွန်တော်တို့ အားကျခဲ့ရိုးအမှန် ဖြစ်သည်။ ဗန်းမော်တင်အောင်၏ ဇာတ်ဆောင်အချို့မှာ ဦးချစ်မောင်၏ ကိုယ်ပွားများ ထင်ရလောက်အောင် စရိုက်လက္ခဏာ တူနေကြောင်းပင် တွေ့ရပါသည်။ (စာကို စားမလိုဝါးမလို ဖတ်ခြင်း၊ ဗဟုသုတ နယ်ကျယ်ခြင်း၊ လက်ဖက်ရည် ခဏခဏသောက်ခြင်း၊ လူမှုရေးတွင် မပါးနပ်ခြင်း၊ အားနာတတ်လွန်းခြင်း စသည် စသည်။)

စာဖတ်သူကိုယ်တိုင် ငယ်ငယ်က စွဲလမ်း၍ ယခုတိုင် မြင်ရနေသေးသော ဇာတ်ကောင်များကို စိစစ်ကြည့်လျှင် များသောအားဖြင့် စံပြ စရိုက်သေ များဖြစ်နေသည်ကို တွေ့ရလိမ့်မည်ဟု ထင်ပါသည်။

ဤအကြောင်းကို အကျယ်တဝင့်ရေးနေခြင်းမှာ အခြားကြောင့် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ပါ။ ယခုတစ်လော လျှို့ဝှက်သည်းဖို စရိုက်သေ ဇာတ်လမ်းကောင်းများကို တချို့က ရွတ်ချသယောင်ယောင် စကားတင်းဆိုနေကြသောကြောင့်သာ ဖြစ်ပါသည်။ ထိုဝတ္ထုမျိုး ရေးသူများ ကိုယ်တိုင်ကလည်း စရိုက်သေ၏ ခွန်အားကို ပြည့်ပြည့်ဝဝ သဘောမပေါက်၍ သူတို့ ဝတ္ထုများ၏ နေရာကို အထင်သေး နေပုံရသည်။

ကလျာ(ဝိဇ္ဇာသိပ္ပံ)က 'ရမ္မက်ကြွမှာ သံသရာ' ဝတ္ထုနိဒါန်းတွင် သူ၏ ဝတ္ထုများမှာ အဆင့်အတန်း မရှိပါကြောင်း မြှုပ်ကွက်ကလေးတစ်ခုကို မထွိုင် ပြုပြီး ဇာတ်လမ်းဆင်ထားသော ဝတ္ထုမျိုးသာဖြစ်ပါကြောင်း စသည်ဖြင့် ရေးခဲ့သည်။

မည်သူက အထင်သေးသည်ဖြစ်စေ၊ ရွတ်ချသည်ဖြစ်စေ လူငယ် စာဖတ်ပရိသတ်ကတော့ ဘယ်သူ့ကိုမျှ ဂရုမစိုက်ပါ။ ထိုဝတ္ထုမျိုးတွေသာ (အငှားဆိုင် လက်မလည်အောင်) အလုအယက် အငမ်းမရ ဖတ်နေကြမည် သာ ဖြစ်ပါသည်။

သူတို့သည် ဘဝကို ရင်ဆိုင်ချင်သည်။ ဝံ့စားချင်သည်။ ရန်းကန် လှုပ်ရှားချင်သည်။ ဘဝအရေးတော်ပုံအတွက် အားမာန်ကို လိုချင်သည်။ ချစ်ရမည့်သူ၊ မုန်းရမည့်သူကို ပြတ်ပြတ်သားသား သိချင်သည်။ ထို့ကြောင့် စရိုက်သေ ဇာတ်လမ်းကောင်းဝတ္ထုများကို မက်မောကြသည်။

ဤသို့ဆို၍ ယနေ့ စွန့်စားခန်းဝတ္ထုများ၏ အဆင့်အတန်းသည် ကျေ နပ်လောက်သည်ဟု ဆိုလိုခြင်းကား မဟုတ်ပါ။ သူတို့၏ အဆင့်အတန်း နိမ့် သည်ဟုဆိုလျှင် စရိုက်သေကြောင့်တော့ လုံးဝမဟုတ်ပါ။ ထိုဝတ္ထုမျိုး ရေးသူ တို့၏ ပြတ်သားသော ဦးတည်ချက် မရှိခြင်း၊ အတွေ့အကြုံနည်းခြင်း၊ ဒေသန္တရ ဗဟုသုတခေါင်းပါးခြင်း၊ အနုပညာခွန်အားနုံ့ခြင်း၊ (အားလုံး အလေးထား) ကြိုးစားမှုနည်းခြင်းတို့ကြောင့်သာ ဖြစ်ပါလိမ့်မည်။ ထိုအရည်အချင်းများ ပြည့်စုံလျှင် မြန်မာမှုပြု ဘာသာပြန်ပင် ဖြစ်စေကာမူ လိုလိုလားလား ကြိုဆိုသင့်သည်ဟုလည်း သဘောရမိပါသည်။

ဦးတည်ချက် ပြတ်သားခြင်းဟု ဆိုသောကြောင့် ခေါင်းကြီးသွားစရာ မလိုပါ။ ရောမကိစ္စကြီးတွေအကြောင်းကို ရေးမှ ဦးတည်ချက်ကောင်းဟု ခေါ်သည် မဟုတ်ပါ။ မိဘ၏ အရှိန်အဝါဖြင့် လူတွင်ကျယ် လုပ်ခြင်းသည် ရွတ်ချဖွယ်ရာတည်းဆိုသည်မှာလည်း ဦးတည်ချက်ကောင်းပင် ဖြစ်ပါသည်။

အပေါင်းအသင်း မှားလျှင် ပျက်စီးတတ်သည်၊ ဘိန်းဖြူအန္တရာယ် စသည် စသည်ဖြင့် ဦးတည်ချက်ကောင်းတွေ တစ်ပုံကြီးရှိပါသည်။

အချုပ်ကိုဆိုရလျှင် စရိုက်သေ၏ ခွန်အားကို ပေါ့တီးပေါ့ဆ သဘော မထားသင့်ကြပါ။ ရယ်သွမ်းမသွေးသင့်ကြပါ။ ရောမ ကြောက်စရာ့ခွန်အား ကြီး ဖြစ်ပါသည်။ ထိုခွန်အားကြီးကို နိုးနိုးကြားကြား သိရှိ အသုံးပြု၍ လူငယ် စာဖတ်ပရိသတ်ကို ပုံကောင်းပုံလှဖြစ်အောင် သွန်းလုပ်နိုင်သော ဝတ္ထုကောင်း ကြီးများ ပေါ်ပေါက်ပါစေဟု ဆုတောင်းလိုက်ပါသည်။

■

ရှုမဝရုပ်စုံမဂ္ဂဇင်း
အောက်တိုဘာ၊ ၁၉၇၄

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုထဲက ငြိလုံး

ဝတ္ထုတစ်ပုဒ်ကို ဖတ်ပြီးလိုက်လျှင် ဝတ္ထုကောင်းသည်၊ သင့်သည်၊ ညံ့သည် စသည်ဖြင့် စာဖတ်သူတိုင်း မှတ်ချက်ချမိတတ်ကြပါသည်။ ထို့ကြောင့် စာဖတ်သူတိုင်းတွင် ဝတ္ထု ကောင်း၊ ညံ့ တိုင်းတာရန် ကိုယ်ပိုင်ပုံစံတစ်ခုတော့ ရှိနေကြပြီဟု ယူဆသင့်ပါသည်။

ကျွန်တော်သည်လည်း ဝတ္ထုဖတ်ခြင်း၌ ပျော်မွေ့သူတစ်ယောက်ဖြစ်ရာ ကျွန်တော့်တွင် ကိုယ်ပိုင်စံတစ်ခုရှိမှန်း သိရှိလာခဲ့ပါသည်။ ကျွန်တော်၏ ကိုယ်ပိုင်စံ ကြည်ကြည်လင်လင် ကိုယ့်ဘာသာသိအောင် ဆင်ခြင်ကြည့်မိပါသည်။ ဆင်ခြင်မိသမျှကို ယခုတင်ပြချင်ပါသည်။ ဝတ္ထုရေးသူနှင့် ဝတ္ထုဖတ်သူ ဆိုသည်မှာ ထုတ်လုပ်သူနှင့် စားသုံးသူကဲ့သို့ ခွဲ၍ မရစကောင်းသော တွဲဖက်များဖြစ်ပါသည်။ ထို့ကြောင့် ဝတ္ထုဖတ်သူတစ်ဦးက စဉ်းစဉ်းစားစား တင်ပြလိုက်သော စကားသည် ဝတ္ထုထုတ်လုပ်သူများအဖို့ အကျိုးမယုတ်တန်ရာ ဟူသော ယုံကြည်ချက်ဖြင့် ရဲရဲဝံ့ဝံ့ တင်ပြလိုက်ပါသည်။

ကောင်းလှပါပေ့ဆိုသော ဝတ္ထုကြီးများတွင် အရည်အချင်း လေးမျိုး ရှိနိုင်သည်ဟု ထင်မိပါသည်။ ဂုဏ်လေးပါးဟု ဆိုကြပါစို့။

ပထမဂုဏ်မှာ အစမှ အဆုံးထိ ဖတ်မိအောင် ဆွဲဆောင်နိုင်သော ဂုဏ်ဖြစ်ပါသည်။ အစမှ အဆုံးထိ လက်မှ မချချင်အောင် ဆွဲဆောင်နိုင်သည့်အခါလည်း ရှိသည်။ အစတွင် ခပ်လေးလေး ခပ်အေးအေး ရှိသော်လည်း တစိမ့်စိမ့် ဆွဲလာသည့် ဝတ္ထုမျိုးလည်း ရှိသည်။ မည်သို့ပင်ဖြစ်စေ အဆုံးထိအောင်

တော့ ဖတ်လိုက်မိသည်သာ ဖြစ်ပါသည်။ အဆုံးထိအောင် ဖတ်ချင်စိတ် မရှိတော့ဘဲ တစ်ဝက်တစ်ပျက်နှင့် လက်လျှော့ လွှင့်ပစ်ထားခြင်းခံရလျှင် ပထမဂုဏ် ပြည့်ပြည့်ဝဝ မရှိသော ဝတ္ထုဟု ဆိုရပါတော့မည်။

ဒုတိယဂုဏ် မှာ ထိုဝတ္ထုကို မကြာခဏ တောင့်တောင့်တတ ပြန်လည် ဖတ်ချင်စိတ် ပေါ်အောင် ဆွဲဆောင်နိုင်သည့် ဂုဏ်ဖြစ်ပါသည်။ ဇာတ်လမ်းဇာတ်ကွက် ကစားခြင်း၊ မြှုပ်ကွက်ဆင်ခြင်း၊ မက်လုံးပေးခြင်း စသည့် ပရိယာယ်များမှာ ပထမအကြိမ်အတွက်သာ တန်ဖိုးရှိပါသည်။ နောက်တစ်ကြိမ်အတွက် တန်ဖိုးမရှိတော့ပါ။ 'သိပြီးသည့်နောက် ပြီးပြီ' သာ ဖြစ်သော ပရိယာယ်များသာ ဖြစ်ပါသည်။ ကျွန်တော်တို့သည် အချို့ဝတ္ထုများကို တောင့်တောင့်တတပင် ပြန်ဖတ်တတ်ကြသည်။ အချို့ကို အကြိမ်ပေါင်း ဘယ်မျှရှိပြီဟု မမှတ်မိအောင် ဖတ်မိတတ်ကြသည်။ အဘယ်ကြောင့် ဖတ်မိကြသနည်း၊ ဆင်ခြင်ကြည့်သောအခါ ညို့ကွက်နှင့် ငြိလုံးများကြောင့် ဖတ်မိကြသည်ဟု ထင်ပါသည်။ ညို့ကွက်နှင့် ငြိလုံးများအကြောင်းကို နောက်ပိုင်းတွင် ရှင်းပြပါမည်။

တတိယဂုဏ် မှာ အရွယ်ကို မမှုသော ဂုဏ်ဖြစ်ပါသည်။ ကျွန်တော်တို့သည် အချို့ဝတ္ထုများကို ငယ်ငယ်က ထမင်းမေ့ ဟင်းမေ့ တစ္ဆဲလမ်းလမ်း ဖတ်မိခဲ့ကြသည်။ လူလတ်ပိုင်းရောက်သောအခါတွင်မူ ပေါ့ပျက်ပျက် ဖြစ်လာသည်။ လူကြီးပိုင်းရောက်သောအခါတွင်ကား ငယ်ငယ်က စွဲခဲ့မိပုံကို ပြန်လည်စဉ်းစား၍ ပြုံးပင် ပြုံးမိတတ်ကြပါသည်။ အချို့ဝတ္ထုများမှာမူ ထိုကဲ့သို့ မဟုတ်ဘဲ ငယ်ငယ်ကဖတ်တော့ အရသာတစ်မျိုး။ လူလတ်ပိုင်းတွင် ဖတ်တော့ အရသာတစ်မျိုး၊ လူကြီးပိုင်းရောက်လာမှ ဖတ်တော့ အရသာတစ်မျိုး၊ သုံးဖန်လှ အရသာမျိုးကို ပေးနိုင်ကြပါသည်။ ထိုသုံးဖန်လှ ဝတ္ထုများမှာ အရွယ်ကို မမှုသော ဂုဏ်ရှိသည်ဟု ဆိုချင်ပါသည်။

စတုတ္ထဂုဏ် မှာ ကာလပရိစ္ဆေဒကို (ဝါ) ခေတ်ကို မမှုသော ဂုဏ်ဖြစ်ပါသည်။ တစ်ခေတ်တွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ဝတ္ထုများမှာ နောင်တစ်ခေတ်တွင် မည်သူကမျှ မက်မက်မောမော ကောက်ကိုင်မကြည့်ကြတော့ပါ။ အချို့ဝတ္ထုများမှာ ဆယ်နှစ် ဆယ့်ငါးနှစ်ကာလကလေး၏ ဒဏ်ကိုပင် မခံနိုင်ဘဲ ရယ်မောလှောင်ပြောင်ခြင်းဘဝသို့ပင် သက်ဆင်းသွားတတ်ပါသည်။ ထို့ကြောင့် ကြာလေကောင်းလေ၊ ကောင်းလေ သစ်လေ ဆိုသကဲ့သို့ ခေတ်တွေ ဘယ်လိုပြောင်းပြောင်း စာပတ်ပရိသတ်က အမြတ်

www.burmeseclassic.com

www.burmeseclassic.com

တနိုး ဖတ်ရှုခြင်းခံရလျှင် ဂန္ထဝင်ဟူသော ဂုဏ်ကြီးကို ရထိုက်ပါပေသည်။

ဤဂုဏ်လေးပါးနှင့် ပြည့်စုံသော ဝတ္ထုကြီးတစ်ပုဒ် ပေါ်ပေါက်ရန် ခဲယဉ်းလှဘိသောကြောင့် ဤ 'စံ' များသည် စိတ်ကူးစံမျှသာ ဖြစ်သည်ဟု ဆိုလာလျှင်လည်း ပြန်လည်ချေပခြင်း မပြုလိုတော့ပါ။ မည်သို့ပင်ဖြစ်စေ စာပေစိတ်ဓာတ်ကြီးမားသော ဝတ္ထုရေးဆရာတစ်ယောက်သည် ဤဂုဏ်လေးပါး ပြည့်စုံအောင် အမှတ်မဲ့ဖြစ်စေ၊ အားကြိုးမာန်တက်ဖြစ်စေ အားထုတ်လိမ့်မည်ဟုကား ထင်မိပါသည်။

ထို့ပြင် ယုတ်စွအဆုံး ပထမဂုဏ်နှင့် ပြည့်စုံလျှင်ပင် ထိုဝတ္ထုရေးသူကို တော်လှပါပေ၏ဟု ကျွန်တော် ချီးမွမ်းရန် ဝန်မလေးပါ။

ကျွန်တော်တို့ ဝတ္ထုတစ်ပုဒ်ကို ပြန်ဖတ်ပါသည်ဆိုလျှင် ငြိလုံး အားကောင်းသည့် နေရာများကို ပြန်ဖတ်လေ့ရှိကြပါသည်။ တသသ ပြန်ပြောလေ့ရှိတတ်ပါသည်။

ကျွန်တော့်အမြင်အရ ဝတ္ထုတစ်ပုဒ်ကို အစမှအဆုံး ဖတ်ချင်စိတ် ပေါ်အောင် မက်လုံးကလေးများဖြင့် ဆွဲခေါ်ရပါသည်။ ရှေ့ဘာဖြစ်မလဲဟု သိချင်စိတ်ပေါ်အောင် ဆွဲဆောင်ခြင်းသည် မက်လုံးအားကောင်းမှုပေါ်တွင် တည်ပါသည်။ ရှေ့ဘာဖြစ်မလဲ ဆိုသည်ကို သိချင်စိတ် မပေါ်တော့ပြီဆိုလျှင် ထိုဝတ္ထုညံ့ကို ညံ့လို့ပဲဟု ပြောချင်ပါသည်။ ဇာတ်ဆောင်စရိုက် ဝတ္ထုပဲဖြစ်ဖြစ်၊ ဇာတ်လမ်း ပဓာန ဝတ္ထုပဲ ဖြစ်ဖြစ်၊ ဘယ်ပုံစံနှင့် ရေးရေး ရှေ့ဘာဖြစ်မလဲ ဆိုသည်ကို သိချင်စိတ်ပေါ်အောင်တော့ ရေးရမည်သာ ဖြစ်သည်။

ထိုမက်လုံးများနှင့် သွေးဆောင်ရင်း ညို့ကွက်ဆီသို့ ရောက်သွားတတ်ပါသည်။ ဝတ္ထု (ဝတ္ထုရှည်) တစ်ပုဒ်တွင် ဇာတ်ကွက်ကို အပထား၍ ညို့ကွက်သုံးကွက်မှ အထက်၊ ညို့ကွက်တော်တော်များများထိ ပါတတ်ကြပါသည်။ စာဖတ်သူ အာရုံရှုးစိုက်သောအကွက် ဖြစ်ပါသည်။ ထိုအကွက်ကို မလွန်မချင်း ဆေးလိပ်တိုကို ကောက်မကိုင်အားပါ။ ဘေးက လှမ်းခေါ်သည်ကို ပြန်မထူးအားပါ။ ဤညို့ကွက်များသည် ချစ်သူနှစ်ဦး ခွဲခါနီးလည်း ဖြစ်နိုင်သည်။ မအေနှင့်သား ပြန်တွေ့ခန်းလည်း ဖြစ်နိုင်သည်။ အနှစ်နှစ် အလလက ရှာဖွေခဲ့သော ရန်သူကို ကလဲ့စားချေခန်းလည်း ဖြစ်နိုင်သည်။ ပန်းကလေး တစ်ပွင့် ကြွေသွားချိန်လည်း ဖြစ်နိုင်သည်။ ဖြစ်ချင်ရာ ဖြစ်နိုင်သည်။ သို့သော် စာဖတ်သူကို ဖမ်းစားထားမှု အားကောင်းသော အကွက်ကား မုချဖြစ်နေတတ်ပါသည်။

ထိုညို့ကွက်များတွင် ငြိလုံးကို တွေ့ရတတ်ပါသည်။ ဤငြိလုံးသည် ဝတ္ထုရေးသူ၏ အနုပညာ ပါရမီကို ပြပါသည်။ ရုပ်ရှင်ဖြစ်လျှင်လည်း ဒါရိုက်တာ၏ အနုပညာ ပါရမီစွမ်းကို ပြသော နေရာ ဖြစ်ပါသည်။

ငြိလုံးကို (ကျွန်တော် လေ့လာမိသမျှ) ပုံစံနှစ်မျိုးနှင့် တွေ့ရပါသည်။ ပထမပုံစံမှာ ဝတ္ထုရေးသူ၏ စကားဖြင့် ငြိလုံးသွင်းခြင်း ဖြစ်၍ ဒုတိယပုံစံမှာ ဇာတ်ဆောင်ချင်း စကားချီချပြောခန်းတွင် ငြိလုံး သွင်းခြင်း ဖြစ်ပါသည်။

ဝတ္ထုရေးသူ၏ စကားတွင် သွင်းရာ၌ အခြေအနေ ပတ်ဝန်းကျင် ဇာတ်ဆောင်တို့၏ ခံစားမှု၊ တုံ့ပြန်မှု၊ ဝတ္ထုရေးသူ၏ ဘဝအမြင် မှတ်ချက်ပေးပုံ ကောင်းမွန် ပြောင်လက်မှုတို့ကြောင့် ငြိလုံးခွန်အား ကြီးမားလာတတ်ပါသည်။ ဝါကျဖွဲ့ပုံ၊ စကားလုံးရွေးချယ်မှုကောင်းပုံ၊ အလင်္ကာ ဖန်တီးပုံတို့သည် ငြိလုံးကို အထောက်အကူ ပြုလှပါသည်။

ဇာတ်ဆောင်ချင်း စကားချီချပြောခန်းတွင် ငြိလုံးသွင်းခြင်းမှာလည်း ဝတ္ထုရေးဆရာ၏ ပါရမီစွမ်းရည်ကို ပြပါသည်။ စကားသုံးပုံ၊ ဘဝမြင်ပုံ၊ (တစ်ခါတစ်ရံ ဘဝကို မမျှော်လင့်သော ရှုထောင့်မှ မြင်လိုက်စေသည့် မေးခွန်းများ၊ အဖြေများ) စသည်တို့မှာ ငြိလုံး၏ ခွန်အားများဖြစ်ကြပါသည်။ (တစ်ခါတစ်ရံ ဇာတ်ဆောင်တစ်ဦးမှ တစ်ဦးသို့ ပေးစာများတွင်လည်း ပါလာတတ်ပါသည်။ ပေးစာကိုမူ စကားချီချပြောခန်း၌ပင် စာရင်းသွင်းရပါမည်။)

ယခု ကျွန်တော် တင်ပြထားသော အချက်များကို ဖတ်၍ ဖဝေဖါးဖြစ်နေလျှင် စာဖတ်သူ တော်တော်တတ ပြန်ဖတ်မိသော ဝတ္ထုများကို စဉ်းစားကြည့်စေချင်ပါသည်။ မည်သည့်အခန်းကို ဖတ်မိသနည်း။ စွဲသနည်း။ စဉ်းစားကြည့်လျှင် ညို့ကွက်ကို တွေ့ပါလိမ့်မည်။ အဘယ်ကြောင့် ထိုညို့ကွက်ကို စွဲသနည်း။ ပြန်တွက်ကြည့်လိုက်လျှင် ငြိလုံးကလေးများကို တွေ့ပါလိမ့်မည်။

ငြိလုံးဆင်ပုံ ပရိသတ်များကို သုတေသနပြုရလျှင် စာတမ်းကြီး တစ်စောင်ပင် ဖြစ်လာနိုင်ဖွယ်ရာရှိပါသည်။

ဟိုဘက်စွန်း သည်ဘက်စွန်းမရောက်အောင် မျှတပြေပြစ်အောင် ပြုလုပ်တတ်ခြင်းသည်ပင်လျှင် အနုပညာတွင် အလွန်အရေးကြီးသည်ဟု ယူဆမိပါသည်။

စာဖတ်သူကတော့ ကျွန်တော့် ထင်မြင်ချက်ကို သဘောတူချင်မှ

www.burmeseclassic.com

www.burmeseclassic.com

တုပါလိမ့်မည်။

ရှေ့ပိုင်းတွင် ကျွန်တော် တင်ပြခဲ့သော ဝတ္ထု၏ ဂုဏ်လေးပါးကို ပြန်ကောက်ချင်ပါသည်။ ကျွန်တော်တို့သည် **ဝတ္ထုတစ်ပုဒ်ကို အစအဆုံး စွဲလမ်းစွာ ဖတ်မိခြင်းမှာ မက်လုံးကြောင့် ဖြစ်ပါသည်။ နောက်ထပ် ခဏခဏ ပြန်ဖတ်မိခြင်းမှာ ငြိုလုံးကလေးများကြောင့် ဖြစ်ပါသည်။**

အရွယ်ကို မမူခြင်း၊ ခေတ်ကို မမူခြင်းတို့မှာ သီးခြားစဉ်းစားရမည့် ကိစ္စများ ဖြစ်ပါသည်။ သာမန်အားဖြင့် အကြောင်းပြရလျှင်မူ (ဆရာကြီးရွှေဥဒေါင်း ပြောသလို) ချောင်ကြို ချောင်ကြားတွင် ပုန်းနေသော လူ့သဘာဝကလေးများကို ဇာဂနာနှင့် ဆွဲထုတ်ပြလိုက်သကဲ့သို့ ထင်ရှားအောင် ပြုတတ်သောကြောင့် ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် ဝတ္ထုဖတ်ခြင်း၌ မွေ့လျော်သောသူဖြစ်ရာ ဝတ္ထုကောင်းကြီးများကို အလွန် ဖတ်ချင်ပါသည်။ ဝတ္ထုရေးဆရာများထံမှ သည်ထက် သည်ထက် ပို၍ ပို၍ ကောင်းသော ဝတ္ထုကြီးများကို တောင့်တမိပါသည်။ ထို့ကြောင့် ကျွန်တော်၏ ကိုယ်ပိုင်စံဖြင့် တိုင်းတာပြလိုက်ပါသည်။ စားသုံးသူ တစ်ဦးအနေဖြင့် တောင်းဆိုလိုက်ခြင်းသာ ဖြစ်ပါသည်။

■

ရှုမဝရုပ်စုံမဂ္ဂဇင်း
ဩဂုတ်၊ ၁၉၇၃

ငြိုလုံးနိဒါန်း

၁၉၇၃ ခု၊ ဩဂုတ်လ ရှုမဝမဂ္ဂဇင်းတွင် 'ဝတ္ထုထဲက ငြိုလုံး' ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်စောင်ကို ရေးခဲ့ဖူးပါသည်။ ထို့နောက် ငြိုလုံး အကြောင်းကို ဆက်ပြီး မရေးဖြစ်ခဲ့ပါ။ ဝတ္ထုရေးဆရာတစ်ဦးကပင် မိုးဝေ မဂ္ဂဇင်းတွင် ကျွန်တော့်ကို သရော်ပြက်ချော်ပြု၍ ရှုတ်ချသော ဆောင်းပါးတစ်စောင်ကို ရေးခဲ့ဖူးပါသေးသည်။

ရှုမဝ မဂ္ဂဇင်းတွင် ရေးခဲ့သော 'ဝတ္ထုထဲက ငြိုလုံး' ဆောင်းပါးကို ယခု ဤစာအုပ်တွင်လည်း ပြန်လည် ထည့်သွင်းထားပါသည်။ ထိုဆောင်းပါး၌ 'ငြိုလုံးဆင်ပုံ ပရိယာယ်များကို သုတေသနပြုရလျှင် စာတမ်းကြီးတစ်စောင်ပင် ဖြစ်လာနိုင်ဖွယ်ရာ ရှိပါသည်' ဟု ကျွန်တော် ရေးခဲ့ပါသည်။ ညို့ကွက်များအရောက်တွင် ငြိုလုံးကို သုံးတတ်ကြသည်ဟုလည်း ကျွန်တော် ဆိုခဲ့ပါသည်။ ကျွန်တော် ဆိုလိုသော ညို့ကွက်၏ အခြေခံသဘောကို အထက်ပါ ဆောင်းပါးတွင် ထည့်သွင်းထားပါသည်။

'ငြိုလုံး' ၏ သဘောကို ကျွန်တော် ဆင်ခြင်မိခဲ့သည်မှာ စာပေနယ်တွင် မဟုတ်ပါ။ ရုပ်ရှင်နယ်တွင် ဖြစ်ပါသည်။ ကျွန်တော် ငြိုလုံးသဘောကို စတင် ဆင်ခြင်မိခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါသည်။ အနည်းငယ် စကားကြော ရှည်သွားလျှင် သည်းခံခွင့်လွှတ်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

မည်သည့်ရုပ်ရှင်ကား ဟူ၍လည်း မမှတ်မိတော့ပါ။ ဇာတ်လမ်းကိုလည်း ကောင်းကောင်းမမှတ်မိတော့ပါ။ ဇာတ်ဆောင်များကိုပင် ရေရေရာရာ

www.burmeseclassic.com

www.burmeseclassic.com

မမှတ်မိတော့ပါ။ **'ပွဲခါညောင်ရေ'** များ ဖြစ်မလား မသိပါ။ ဇာတ်လိုက်များကိုလည်း ကောင်းကောင်း မမှတ်မိပါ။ ထားကြပါစို့။ ကျော်ဆွေနှင့် မေမြင့်တို့ပဲ ထင်မိပါသည်။

ကျွန်တော် မှတ်မိသော ဇာတ်လမ်းတစ်ပိုင်းတစ်စမှာ ဤသို့ဖြစ်ပါသည်။ ကျော်ဆွေက လူထုပညာရေးမှူးကလေး။ တောရွာကလေးတစ်ခုတွင် တာဝန်ထမ်းဆောင်ရင်း မေမြင့်နှင့် ချစ်ကြသည်။ ထို့နောက် ခရီးကျွံမိကြသည်။ ကျော်ဆွေက မိဘထံ လက်ထပ်ခွင့်တောင်းရန် ပြန်သွားသည်။ မိခင်ကြီးမမာသောကြောင့်လား မသိ၊ တစ်ခုခုကြောင့် ပြန်မလာနိုင်ဖြစ်ရသည်။ ဤသည်တွင် မေမြင့်၏ ကိုယ်ဝန်မှာ မဖုံးနိုင်မဖိနိုင် ဖြစ်လာသည်။ ထို့ကြောင့် ကျေးရွာကလည်း လင်ကောင်မပေါ်ဘဲ ကိုယ်ဝန်ရှိရကောင်းလားဟု ရွာနာသည်ဆိုပြီး နှင်ထုတ်လိုက်သည်။ မေမြင့်မှာ အခြားရွာကလေးတစ်ခုတွင် သွားရောက်မျက်နှာမြင်ရသည်။ ကျွန်တော် ပြောချင်သည့် ဇာတ်လမ်းတစ်ပိုင်းတစ်စမှာ ဤမျှသာ ဖြစ်ပါသည်။

ကျွန်တော့်ရင်ထဲတွင် ငြိကျန်နေရစ်သော ဇာတ်ကွက်ကလေးကို တင်ပြပါမည်။ မေမြင့်က ကလေးငယ်ကို စောင်ပုခက် ကလေးထဲတွင် ထည့်၍ လွှဲသိပ်နေသည်။ သူ၏ အပူခန်းဖြစ်ပါသည်။ သာမန်အားဖြင့်ဆိုလျှင် "သားရယ်၊ မင်းမှာလဲ အဖေ ခေါ်စရာ မရှိပါလား၊ ငါ့မှာလဲ လင်ရယ်လို့ ခေါ်စရာ မရှိပါလား" ဟု မြည်တမ်း ငိုကြွေးလျှင်လည်း ဖြစ်နိုင်ပါသည်။ သို့သော် ငြိကျန်မည် မဟုတ်ပါ။ ယခု ဒါရိုက်တာ (ဇာတ်ညွှန်းဆရာ . . .) လုပ်လိုက်ပုံကလေးကို ကြည့်ပါ။ မေမြင့်က ကလေးကို သီချင်းဆိုပြီး သိပ်သည်။ သီချင်းက ဆန်းဆန်းပြားပြား မဟုတ်၊ "ကလေးကငို၊ သေးကစို၊ ဒန်တိုကပျောက် လင်ကဝေါက်" ဤသီချင်းကို ဆွဲဆွဲငင်ငင် ဆိုသည်။ ရှေ့လည်း ဆက်မဆိုတော့ဘဲ ရပ်ထားလိုက်သည်။ ပြီးမှ မျက်ရည်တွေဝေ့လာရင်း ရှိုက်သံနှော၍ စကားတစ်ချက် ပြောပြီး မျက်ရည်တွေကျလာသည်။ ပြောလိုက်သော စကားမှာ "ဩော် . . . သူတို့မှာတော့ လင်က ဝေါက်တာလေးတောင်မှ စာဖွဲ့ပြီး ပြောကြတယ်။ တို့များတော့ ဝေါက်လှည့်စမ်းပါတော် . . . ဝေါက်လှည့်စမ်းပါ" ဟူ၍ (ဆို့နင့်ရှိုက်ငင်သံနှင့်ပြောလိုက်ခြင်း) ဖြစ်ပါသည်။ စာဖတ်သူ သတိပြုမိပါလိမ့်မည်။ ဘာမျှလည်း ထူးထူးဆန်းဆန်း မဟုတ်။ ရိုးရိုးလေး လှည့်လိုက်ရုံနှင့်

(ဇာတ်လမ်း ဇာတ်ကွက်နှင့် ဆက်လိုက်သောအခါ) ရင်ထဲတွင် ငြိကျန်နေရစ်ခဲ့သည်။ ထို့ကြောင့် ထိုကဲ့သို့သော အနုပညာ အတို့အထိကလေးများကို 'ငြိလုံး' ဟု ကျွန်တော်က ခေါ်လိုက်ခြင်း ဖြစ်ပါသည်။

ထိုရုပ်ရှင်ကားကို ကြည့်ပြီးနောက် မကြာမီမှာပင် (အခြားရုပ်ရှင်ကားများ နည်းတူ) မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ပါသည်။ သို့သော် ထိုစကားကလေးများကိုတော့ မမေ့ပျောက်နိုင်တော့ပါ။

ဤသည်မှစပြီး ငြိလုံးကလေးများ သဘောကို ကျွန်တော် မကြာခဏ ဆင်ခြင်သုံးသပ်ကြည့်မိပါသည်။ စာပေတွင်ကော သည်လို မမေ့နိုင်သော ငြိလုံးကလေးတွေ မရှိတော့ဘူးလားဟု ပြန်လည် သုံးသပ်သောအခါတွင်လည်း တစ်ပုံကြီး ရှိပါကလားဟု အံ့ဩဝမ်းသာစွာ တွေးလိုက်မိခဲ့ပါသည်။ ထို့ကြောင့်လည်း 'ဝတ္ထုထဲက ငြိလုံး' ဆောင်းပါးကို ရေးခဲ့ခြင်း ဖြစ်ပေသည်။

ငြိလုံးကို ကျကျနန သုံးတတ်လျှင် ထိုဝတ္ထုကို ဖတ်နေစဉ် အတွင်း၌လည်း ထိုအခန်းသို့ ရောက်သောအခါ ရင်ထဲတွင် ထက်ထက်မြက်မြက် ခံစားလိုက်ရသည်သာမက (ခွန်အားကောင်းလျှင်) ဝတ္ထုဇာတ်လမ်း ဇာတ်ဆောင်တွေကိုသာ မေ့ချင်မေ့မည်။ ထိုငြိလုံးကလေးကိုကား မမေ့နိုင် ဖြစ်ကြရပါသည်။

သိန်းဖေမြင့်၏ **'တက်ခေတ်နတ်ဆိုး'** ဝတ္ထုထဲက ထုတ်နုတ် တင်ပြလိုပါသည်။ တက်ခေတ်နတ်ဆိုးတွင် ညွန့်မောင်နှင့် ဆရာမလေး အဖြူတို့သည် ကာလသားရောဂါ သီးသန့်ဆောင် (အကျိုးဆောင်)တွင် စပြီး တွေ့ကြရသည်။ ဆရာမလေး အဖြူက လှသည်။ သဘောကောင်းသည်။ ကရုဏာရှင်မလေး ဖြစ်သည်။ ထို့ကြောင့် လူနာအားလုံးက ချစ်ကြည်ညိုကြသည်။ ညွန့်မောင်က ဆရာမလေးကို ချစ်သည်။ ညွန့်မောင်၏ ခုတင်က နံပါတ်(၃) ဖြစ်သည်။ ထို့ကြောင့် ဆရာမလေးက နံပါတ်(၃)ဟုသာ ခေါ်သည်။ ညွန့်မောင်က ဆရာမလေး၏ အမည်ကို သိလာသောကြောင့် အဖြူဟု ခေါ်သည်။ ခေါ်ခွင့်မပြု။ ညွန့်မောင်က သူ့ကို နာမည်ခေါ်ပြီး ရင်းနှီးစွာ ဆက်ဆံရန် ပြောသည်၊ မခေါ်။ နံပါတ်(၃)ဟုသာ ခေါ်သည်။ နောင်သောအခါ ညွန့်မောင်နှင့် ဆရာမလေးအဖြူတို့ ချစ်သွားကြသည်။ 'မောင်' 'အဖြူ' ဖြစ်လာသည်။ ဆေးရုံက ဆင်းသော် သူတို့ လက်ထပ်ကြသည်။ ကာလသားရောဂါ တိုက်ဖျက်ရေးအတွက် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်ကြသည်။ ညွန့်မောင်

www.burmeseclassic.com

www.burmeseclassic.com

တွင် စွဲကျန်နေသော ဆစ်ဖလစ်ရောဂါက အကင်းမသေ။ တစ်နေ့တွင် လုပ်ငန်းဆောင်ရွက်ရင်း လဲကျသွားသော ညွှန့်မောင်ကို သူငယ်ချင်းတစ်ယောက်က ပွေ့ပြီး အိမ်ခေါ်လာရသည်။ ညွှန့်မောင်က သတိမရသေး။ အဖြူက မောင် . . . မောင်နှင့် တသသ ခေါ်သည်။ သတိရလာပြီ။ အဖြူ . . . အဖြူ ဟု မြည်တမ်းသည်။ အဖြူက မောင် . . . အဖြူ အနားမှာ ရှိတယ်ဟု ပြောသည်။ သည်တော့မှ သေရအံ့နီးပြီဖြစ်သော ညွှန့်မောင်က စကားတစ်ခွန်း ပြောသည်။ ဤနေရာတွင် သိန်းဖေမြင့်က အားကောင်းလှသော ငြိလုံးကလေး တစ်လုံး သွင်းပေးလိုက်သည်။ ညွှန့်မောင်က ပြောသည့်စကားမှာ "အဖြူ . . . ဆရာမလေး။ ဒီတစ်ခါတော့ နံပါတ် ၃ ကို မကယ်နိုင်တော့ဘူးနော်"

အဘယ်မျှ ခိုက်သော ငြိလုံးပါနည်း။ ညွှန့်မောင်နှင့် အဖြူတို့ ရှေ့က ဖြစ်ခဲ့သော ဇာတ်ကြောင်းကြီးတစ်ခုလုံး ဝင်းခနဲ ပေါ်လာရုံမျှမက ညွှန့်မောင်က အဖြူကို ချစ်ပုံ၊ ကျေးဇူးတရားကို သိပုံ၊ အားကိုးပုံ၊ ယခု သေရတော့မည် ဖြစ်ပုံ စသည့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးကို တစ်ပေါင်းတည်း ခံစားလိုက်ရသည်ဟု ထင်ပါသည်။ ထို့ကြောင့် ဤအကွက်မျိုးတွင် ဤစကားမျိုးသွင်းပုံကို 'ညှို့ကွက်ကောင်း' နှင့် 'ငြိလုံးကောင်း' ဟု ကျွန်တော်က ယူဆမိပါသည်။

သိန်းဖေမြင့်သည် ဤသို့သော ငြိလုံး ခွန်အားများကို ပိုင်ပိုင်နိုင်နိုင် အသုံးချလေ့ရှိပါသည်။ သူ၏ ဝတ္ထုတိုများတွင် ဂရုစိုက်ပြီး ကြည့်လျှင်လည်း တွေ့နိုင်ပါသည်။ စာဖတ်သူများကိုယ်တိုင် သတိပြုမိခဲ့ပြီးဖြစ်သော ဝတ္ထု အချို့ကိုပင် ပုံစံအဖြစ် တင်ပြလိုပါသည်။

'အားလုံးကောင်းကြပါသည်ခင်ဗျား' ဝတ္ထုကို ကြည့်ပါ။ "အားလုံး ကောင်းကြပါသည်ခင်ဗျား" ဟူသော ထောင်ကြပ်တို့ အော်သံမှာ ထောင်သား မောင်သစ်အဖို့ နားငြီးစရာကောင်းလှပုံကို ရှေ့ပိုင်းတွင် သရုပ်ဖော်ခဲ့သည်။ ထို့နောက် မောင်သစ် ထောင်က လွတ်လာသည်။ မယား မကောင်းဆင့်နှင့် ပျော်ပျော်ကြီးနေ၍ ပျော်ပျော်ကြီး လယ်လုပ်တော့မည်ဟု အားခဲကာ တံစဉ်နှစ်ချောင်းကိုပါ ဝယ်ခဲ့သေးသည်။ ရွာပြန်ရောက်တော့ ပြာပုံသာ တွေ့ရတော့သည်။ အချင်းချင်း တိုက်ကြခိုက်ကြရင်း ပြည်တွင်းစစ်မီးက ရွာကို လောင်သွားလေပြီ။ မောင်သစ် ရင်ထဲတွင် ထောင်ထဲက အော်သလို "အားလုံး ကောင်းကြပါသည် ခင်ဗျား" ဟု အော်လိုက်ချင်သည်။ အားလုံး ကောင်းကြ

ပါပေရဲ့၊ လုပ်ရက်ကြပါပေရဲ့ဟု ဆိုလိုရာရောက်ကြောင်း အထူးပြောစရာ မလိုပါ။ သိန်းဖေမြင့်သည် ဤသို့သော ငြိလုံးမျိုးကို လှလှပပ သွင်းတတ်ပါသည်။ (ဤမျှမကသေး၊ သူ၏ ထိုဝတ္ထုတိုများကို ပထမအကြိမ် ထုတ်ဝေစဉ်က **'အားလုံး ကောင်းကြပါသည်ခင်ဗျားနှင့် အခြားဝတ္ထုတိုများ'** ဟု အမည်ပေးခဲ့ရာ ဤစာအုပ်တွင်ပါသော ဝတ္ထုတိုများအားလုံးပင် ကောင်းကြပါသည်ဟု ဆိုရာလည်း ရောက်သောကြောင့် ကျွန်တော့်မှာ နှစ်သက်စွာ ပြုံးမိခဲ့ပါသေးသည်။)

ဤသို့လျှင် **'ငွေစိန် လေ့လော့်ရင်း တက်ကျိုးခြင်း'**၊ **'သစ္စာဖောက် တွဲဗျား'** စသော ဝတ္ထုများတွင်လည်း သိန်းဖေမြင့်၏ ငြိလုံးသုံးပုံကို သတိပြုမိကြပြီး ဖြစ်ပါသည်။

သိန်းဖေမြင့်တစ်ယောက်သာလျှင် ငြိလုံးကို သုံးသည် မဟုတ်ပါ။ အခြားဝတ္ထုရေးဆရာများလည်း သုံးတတ်ကြသည်သာပင် ဖြစ်ပါသည်။ ပုံစံအားဖြင့် တက္ကသိုလ်ဘုန်းနိုင်၏ **'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် နိုင်'** ဝတ္ထုထဲက နာမည်ကျော် စာပိုဒ်ကလေးကို ထုတ်ပြီး ပြချင်ပါသေးသည်။ စင်စစ်အားဖြင့် စာဖတ်သူလည်း တွေ့ဖူးပြီးဖြစ်လိမ့်မည် ထင်ပါသည်။

"ဘဝဟူသည်ကို သစ်ရွက်နှင့် ပမာပုံခိုင်း၍ နှိုင်းစတမ်း ဆိုရပါလျှင် . . .

တစ်ရှိုးတံမှာ အလွှာငယ်တစ်ဆယ်မကနှင့် ကြွယ်လှသော စိန်ပန်းရွယ်နှယ် ဘဝမျိုးလည်း ရှိသည်။

တစ်ညှာတွင် တစ်လွှာရှိ၍ တစ်လွှာပင် တစ်ရွက် မည်သော ညောင်ရွက်ကဲ့သို့ ဘဝမျိုးလည်း ရှိပါ၏။

နိုင်နှင့် ကျွန်တော့်ဘဝမှာမူ . . . နှစ်လွှာပေါင်းမှ တစ်ရွက် ဖြစ်ရမည့် စွယ်တော်ရွက်ပမာသာ ဖြစ်ခဲ့ရသည်။ တစ်လွှာကြွေခဲ့လေပြီမင့်၊ တစ်ရွက်မမည်လေတော့သော အထီးကျန် ဤဘဝဝယ် . . ."

ဤစာပိုဒ်ကလေးကို နှုတ်တက်ရွရွ ရနေသော လုလင် လူငယ်တို့ ရှိပါလိမ့်ဦးမည်။ ဇာတ်လမ်း၏ ဇာတ်ကွက်ငယ်တစ်ခုဟု ဆိုခဲ့သော ညှို့ကွက်များတွင်ဖြစ်စေ၊ ဇာတ်ကွက်တွင်ဖြစ်စေ ဤသို့သော ငြိလုံးများကို သုံးလိုက်နိုင်ခြင်းသည် ဝတ္ထုရေးသူ၏ အနုပညာပါရမီနှင့် အားထုတ်မှုကို ပေါ်လွင် လာစေသည်ဟု ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သော်တာဆွေသည်လည်း ဤသို့ပင် ဥပလုံးများ သွင်းတတ်ပါသည်။ သူ၏ '**ကျောက်ဖြူးကျော်ကြီး**' ဝတ္ထု အဆုံးသတ်တွင် "ရဟန်းဝတ် ဖြစ်ပေမယ့် တခြားပုဂ္ဂိုလ်များလို စာပေကျမ်းဂန် မတတ်တော့ အခုပြောခဲ့တဲ့ ကိုယ့်ဘဝ သုသာန်ပဲ ဟောရပါတော့တယ် တကာ–တကာမတို့ရေ" ဟု သုသာန်ကျောင်း ဆရာတော် လူရိုးလူကောင်း ကျောက်ဖြူးကျော်ကြီး၏ တရားချပုံကို သတိရမိကြပါလိမ့်မည်။ သုတ္တန်တရားနှင့် သုသာန်တရားကို ဆင်တူ ရိုးမှား သုံးလိုက်သည့် ဥပလုံးကိုလည်း သတိပြုမိကြပါလိမ့်မည်။

ကျွန်တော် ပြောလိုသည့် ဥပလုံးဆိုသည်မှာ အထူးအဆန်း မဟုတ်ပါ။ ဇာတ်ဆောင်တို့အချင်းချင်း ပြောစကားလည်း ဖြစ်နိုင်သည်။ ဝတ္ထုဆရာက ဝင်ပြီး ပြောလိုက်သော စကားမှတ်ချက်လည်း ဖြစ်နိုင်သည်။ တစ်ခါတစ်ရံ ဇာတ်ဆောင်တစ်ဦးဦး၏ လုပ်ဆောင်ပုံ အမူအရာလည်း ဖြစ်နိုင်ပါသည်။ ထိုဥပလုံးတို့သည် ဇာတ်လမ်းလည်း မဟုတ်ပါ။ အာဘော်လည်း မဟုတ်ပါ။ စရိုက်လည်း မဟုတ်ပါ။

သို့သော်လည်း ဇာတ်လမ်း၊ အာဘော်၊ စရိုက်တို့ကို ပေါ်လွင်စေလိုသော အတို့အထိကလေးများသာ ဖြစ်သည်ဟု ဆိုချင်ပါသည်။ အတို့အထိ ဆိုသောကြောင့် ပေါ့ပေါ့ဆဆလည်း သဘောမထားသင့်ပါ။

"လူတို့ကို ဘဝင်ခိုက်သွားစေတတ်သည်မှာ ကမ္ဘာကို တုန်လှုပ်သွားစေသည့် အဘိဓမ္မာကြီးမျိုး မဟုတ်၊ အသေးအဖွဲ အတို့အထိ ကလေးများသာ ဖြစ်သည်။"

ဤစကားမှာ နာမည်ကျော် စာရေးဆရာကြီး၊ ဝတ္ထုပညာရှင်ကြီး တစ်ယောက်ယောက်ပြောခဲ့သော စကားမဟုတ်ပါ။ လန်ဒန် "ရီးဂျင့်အင်စတိကျူ" အမည်ခံ စာပေးစာယူသင်တန်း ဝတ္ထုတို ပို့ချချက် အမှတ်(၄)တွင် တွေ့ရသော စကားလေး ဖြစ်ပါသည်။ ဤစကားကို ကျွန်တော် သဘောကျပါသည်။ ခွန်အားရှိသော အတို့အထိကလေးများသည် ဥပလုံးအဖြစ်သို့ ရောက်လာနိုင်ပါသည်။ ထိုဥပလုံးကြောင့် အာဘော်၊ ဇာတ်လမ်း၊ ဇာတ်ဆောင် တို့ ပိုမိုတောက်ပလာနိုင်ပါသည်။

ဤဆောင်းပါးမှာ ဥပလုံးသဘောကို ကျွန်တော် ဆင်ခြင်မိသမျှ တင်ပြခြင်းသာ ဖြစ်ပါသည်။ ဆက်လက် စူးစမ်းလျှင်ကား အမျိုးအစား စသည် တို့ကို ခွဲခြားပြ၍ စနစ်တကျ ပြုစုလျှင် စာတမ်းကြီးတစ်စောင် ဖြစ်နိုင်သည် ဟု ထင်ပါသည်။ ■

ဒိဋ္ဌနှင့် စိတ်ကူးအကွာအဝေး

'ဇာတ်လမ်းဆိုတာဘာလဲ' ဟူသော ဆောင်းပါးတစ်ပုဒ်ကို ရှုမဝမဂ္ဂဇင်းတွင် ရေးခဲ့ဖူးပါသည်။ ထိုဆောင်းပါးတွင် ဇာတ်လမ်းဆိုသည်မှာ အဖြစ်အပျက် များကို ကျိုးကြောင်းဆက်စပ်ပေးခြင်းမျှသာမက မမျှော်လင့်သော ဆန်းကြယ်မှု လေးများပါလျှင် စာဖတ်သူ ပို၍ စိတ်ဝင်စားတတ်ကြောင်း တင်ပြခဲ့ပါသည်။

ယခု ဤဆောင်းပါးတွင်ကား 'ဆန်းကြယ်မှု' ဟူသော စကားရပ်နှင့် ပတ်သက်ပြီး တင်ပြလိုပါသည်။ ဆန်းကြယ်မှုဆိုတာ ဘာလဲဟု ဆက်လက် စူးစမ်းလျှင် ဖြစ်ရိုးဖြစ်စဉ် နေ့စဉ်ကြုံနေကျမဟုတ်သော (သာမန်အားဖြင့်) မမျှော်လင့်နိုင်သော ကိစ္စရပ်များကို ဆိုလိုသည်ဟု ယူဆရပါသည်။ ထို့ကြောင့် ဆန်းကြယ်သည်ဟု ဆိုလျှင်ပင် နေ့စဉ် လက်တွေ့ ကြုံကြရသော ဒိဋ္ဌဓမ္မတာနှင့် အတန်အသင့် ကွာသွားပြီဟု ဆိုရတော့မည်ကဲ့သို့ ရှိပါသည်။ ထို့ကြောင့် ဆန်းကြယ်လျှင် မည်မျှထိအောင် ဆန်းကြယ်မည်နည်း၊ (ဝါ) ဒိဋ္ဌဘဝနှင့် မည်မျှထိအောင် ကွာဝေးမည်နည်းဟူသော ပြဿနာပေါ်ပေါက် လာခဲ့ တော့သည်။

ဤအချက်နှင့်ပတ်သက်၍ စိတ်ကူးအကွာအဝေး (Psychic Distance) ဟူသော အယူအဆကို တင်ပြလိုပါသည်။ 'စိတ်ကူးခံစားမှု' အနုပညာသမား များနှင့် သရုပ်မှန် ဒိဋ္ဌဓမ္မသမားတို့၏ ပဋိပက္ခမှာ သေးငယ်သည် မဟုတ်ပါ။ ဤသို့နှင့် ၁၉ ရာစု ကုန်ခါနီးလောက်တွင် အနုပညာကို ဒိဋ္ဌဘဝနှင့်ထပ်တူ ထပ်မျှ ပြုလျှင် အနုပညာ ပျက်စီးသွားနိုင်သည်ဟု ယူဆငြင်းခုံကြသည်။

www.burmeseclassic.com

၂၀ ရာစု ရောက်သောအခါတွင်ကား ဒိဋ္ဌဓမ္မဝေဒနှင့် သင့်တင့်လျောက်ပတ်သော အကွာအဝေး ရှိနေစေခြင်းသည်ပင်လျှင် အနုပညာ အရည်အသွေးတစ်ခုဟု လက်ခံလာကြပါသည်။

အနုပညာ ပစ္စည်းတစ်ခုသည် ဒိဋ္ဌ(တကယ့်ပစ္စည်း၊ တကယ့်အဖြစ်)နှင့် ထပ်တူရှိနေလျှင်လည်း အနုပညာပစ္စည်းအဖြစ် မခံစားနိုင်တော့သကဲ့သို့ ဒိဋ္ဌနှင့် ကွာဝေးလွန်းနေပြန်လျှင်လည်း စိတ်ကူးက မလိုက်နိုင်တော့ဘဲ ရှိတတ်သည်။ ထို့ကြောင့် ဒိဋ္ဌနှင့် မဝေးလွန်း မနီးလွန်းသော သင့်တင့်လျောက်ပတ်သည့် နေရာတွင်ရှိအောင် ကြိုးစားနိုင်ခြင်းသည်ပင် အရည်အချင်းတစ်ရပ် ဖြစ်သည်ဟု ဆိုပါသည်။

ဒိဋ္ဌ(တကယ့်အမှန်)နှင့် နီးကပ်လွန်းနေလျှင်လည်း အနုပညာ ပစ္စည်း အဖြစ် မမြင်နိုင်တော့ဘဲ ဖြစ်တတ်သည် ဟူသော စကားတို့ကို တွေ့လိုက်ရသောအခါ ကျွန်တော့်စိတ်တွင် သာဓု၏ **'အငိုလွယ်သည်'** ရုပ်ရှင်ကားကို သွားပြီး သတိရမိပါသည်။

ထိုရုပ်ရှင်ကားကို ကြည့်လိုက်ရသူများ မှတ်မိကြပါလိမ့်ဦးမည်။ ကျွန်တော် မှတ်မိသမျှ ဇာတ်လမ်းအချုပ်မှာ ဇာတ်လိုက်မင်းသမီး အပျိုပေါက်မလေးက အပုံသင်စ ကြွကြွ ရွရွလေး ဖြစ်သည်။ ရုပ်ချောသည်၊ သန့်သန့် ပြန့်ပြန့် ကြိုက်သည်။ အလွန်ရွံတတ်သည်။ ကောင်လေးတွေ သူ့ကို ကြိုက်အောင် သွေးဆောင်ကိုယ်ယောင်ပြလေ့ ရှိသည်။ မာယာဖြင့် လှည့်ပတ်ကစားတတ်သည်။ တစ်နေ့တွင် ရုပ်ချောလှသန့် ကောင်လေးတစ်ယောက်ကို အမှတ်မထင် ကြိုက်မိသွားသည်။ ထို့ကြောင့်ပင် ရှုးရှုးမိုက်မိုက်နှင့် ကောင်လေးနောက်သို့ လိုက်ပြေးသည်။ ကောင်လေးအိမ်ရောက်သောအခါ ကောင်လေး၏မိခင်ကြီးမှာ ရုပ်ပျက် ဆင်းပျက်ဖြစ်နေသော အနာကြီးရောဂါသည် ဖြစ်နေသည်ကို တွေ့ရသည်။ ဤတွင် ဇာတ်လမ်းပြီးသွားသည်။ ကျွန်တော် မှတ်မိသမျှ ဇာတ်လမ်းအကျဉ်းချုပ်မှာ ဤမျှသာ ဖြစ်ပါသည်။

ကျွန်တော် ပဓာနထားပြောချင်သည်မှာ ဇာတ်လမ်းမဟုတ်ပါ။ ထိုရုပ်ရှင်၏ ဇာတ်သိမ်းပိုင်းပြကွက် ဖြစ်ပါသည်။ ကောင်မလေးက ကောင်လေးအိမ်သို့ လိုက်သွားသည်။ အိမ်ထဲသို့ ဝင်လိုက်သည်။ ကောင်လေးက မမျှော်လင့်ဘဲ ခိုးပြေးလာခဲ့ရသည့် ဇနီးပါလာကြောင်း သူ့မေမေထံ ခြေထောက်ဖက်၍ ပြောသည်။ မိခင်က သား၏ ကျောပြင်ကို ယုယစွာပွတ်သပ်ပြီး ဖြေသိမ့်သည်။

ပထမဦးစွာ ကျောပြင်ကို ပွတ်သပ်နေသော မိခင်၏ လက်ကို ပြလိုက်သည်။ လက်ဆစ်များတိုပြီး လုံးချောချောဖြစ်နေသော တကယ့်ရောဂါသည်၏ လက်ကြီးကို မြင်လိုက်ရသောအခါ ကောင်မလေး လန့်အော်လိုက်သည်။ ထို့နောက် မိခင်၏ မျက်နှာကို ပြလိုက်သည်။ တစ်ရှုံလုံး လန့်ပြီး ဟာခနဲ ဖြစ်သွားသည်။ ရောဂါကြောင့် မျက်လုံးတစ်ဖက် ကြောက်မက်ဖွယ်ရာ ပြူးနေသောဝေဒနာသည် အမျိုးသမီးကြီးတစ်ဦးပုံ ဖြစ်သည်။

ရုပ်ရှင်ကလည်း ဤနေရာတွင်ပင် ပြီးသွားသည်။ ရုံတွင်းကထွက်လာကြသောအခါ လူတိုင်းပင် ထိုပြကွက်အကြောင်းကိုပင် ပြောနေကြကြောင်း ကျွန်တော် သတိပြုမိခဲ့ပါသည်။

ဆရာသာဓုမှာ သူ၏ ရုပ်ရှင်ကားကို သဘာဝကျအောင်၊ ဒိဋ္ဌဆန်နိုင်သမျှဆန်အောင် ထိုရောဂါသည် အမျိုးသမီးကြီးအား တောင်းတောင်းပန်ပန် ခေါ်ယူရိုက်ကူးခဲ့ရသည်ဟု ကြားသိရပါသည်။ သဘာဝကျပါသည်။ ဒိဋ္ဌဆန်လှပါသည်။ သို့သော် သဘာဝကျပုံမှာ ဒိဋ္ဌနှင့်ထပ်တူထပ်မျှ ဖြစ်နေပါသည်။ ဆရာသာဓုက ပရိသတ်ကို လန့်သွားအောင် ရွံသွားအောင် အစွမ်းကုန်ကြိုးစား ဖန်တီးလိုက်ခြင်း ဖြစ်သည်။ ပရိသတ်ကလည်း လန့်သွားပါသည်။ ရွံသွားပါသည်။ သို့သော် 'ရသ'ဟု မခံစားမိတော့ပါ (ဝါ) အနုပညာပစ္စည်းဟု မခံစားမိတော့ပါ။

ရသဆိုသည်မှာ ရွံရှာ၊ ကြောက်ရွံ့၊ ရယ်ဖွယ်၊ သနား စသည်ဖြင့် ခံစားမိခြင်း မှန်ပါ၏။ သို့သော် ထိုခံစားမှုအားလုံးကို နှစ်သက်နေခြင်းက ပါလာစမြဲ ဖြစ်ပါသည်။ လွမ်းခန်းသို့ရောက်လျှင် မျက်ရည်ကျကြမည်။ ငိုကြမည်။ သို့သော် ထိုမျက်ရည်ကျရခြင်း၊ ငိုရခြင်းကို နှစ်သက်နေကြသည်။ အမေသေလို့ ငိုရခြင်း၊ အဖေသေလို့ ငိုရခြင်းမျိုးနှင့် မတူပါ။ ရွံရှာခြင်းမှာလည်း ထို့အတူပင် ဖြစ်ပါသည်။ မန်းတင်၏ **'တောအိမ်သာ'** ကို ဖတ်ရသောကြောင့် ရွံရှာ စက်ဆုပ်စိတ် ပေါ်ချင်ပေါ်လာပါလိမ့်မည်။ သို့သော် ညစ်ပတ်ပေကျံနေသော အိမ်သာထဲသို့ ဝင်ရသည့်အခါ ခံစားရမှုမျိုးနှင့် မတူပါ။

"အဲဒီကားကို သွားပြီးကြည့်ဖြစ်အောင် ကြည့်စမ်းပါဦး၊ ငါဖြင့် ငိုလိုက်ရတာ သိပ်ကောင်းတာပဲ" ဟူသော ပြောသံမျိုးကို ကြားဖူးကြပါလိမ့်မည်။ "ငိုလိုက်ရတာ"ဆိုသည်မှာ ကရုဏာ ဖြစ်ပါသည်။ "သိပ်ကောင်းတာပဲ" ဆိုသည်မှာ ရသသဘော (ဝါ) နှစ်သက်ခြင်း သဘောကို ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အထက်တွင် ဖော်ပြခဲ့သော သာဓက၏ 'အငိုလွယ်သည်' ဇာတ်ကားထဲက အဆုံးသတ်မြင်ကွင်းမှာမူ ဝိတ္ထု ဘယာနက အဆင့်တွင်သာ ရပ်သွားပြီး ရသအဆင့်သို့ ရောက်မလာတော့ဟု ဆိုချင်ပါသည်။ ထို့ကြောင့် ပွဲကြည့်ပရိသတ်ပြောလွန်းလှ၍ ဆရာသာဓုလည်း ထိုအခန်းကို ဖြတ်ပစ်ပြီး မိတ်ကပ်နှင့် ဖန်တီးထားသော ရောဂါသည်ဇာတ်ဆောင်တစ်ယောက်နှင့် အစားထိုးပြီး ဆက်လိုက်ရသည်ဟု ကြားရပါသည်။ ကျွန်တော်တော့ ထပ်ပြီး မကြည့်လိုက်မိတော့ပါ။

ဤသာဓကကို တင်ပြခြင်းမှာ အခြားကြောင့် မဟုတ်ပါ။ ဒိဋ္ဌနှင့်ထပ်တူဖြစ်လွန်းအားကြီးနေလျှင်လည်း အနုပညာပစ္စည်းအဖြစ် ခံစားမိရန် ခဲယဉ်းလှကြောင်း ထင်ရှားစေလို၍ ဖြစ်ပါသည်။

ထို့အတူ ခေတ်ဝတ္ထု ဇာတ်လမ်းဆင်မှုတွင်လည်း ဒိဋ္ဌသာမန်ဖြစ်ရိုးဖြစ်စဉ်အတိုင်း ရိုးစင်းလွန်းနေလျှင်လည်း စာဖတ်သူ စိတ်ဝင်စားရန် ခဲယဉ်းသည်ဟု ထင်မိပါသည်။ ယင်းသို့မဟုတ်ဘဲ ကံကြမ္မာဖန်တီးမှုတွေ၊ တိုက်ဆိုင်မှုတွေ များလွန်းသောကြောင့် ဆန်းကြယ်လွန်းနေပြန်လျှင်လည်း တကယ်ဖြစ်နိုင်ပါ့မလားဟု သံသယ ဝင်လာနိုင်ပြန်ပါသည်။ ထို့ကြောင့် ဒိဋ္ဌဘဝနှင့် မနီးလွန်း မဝေးလွန်းဖြစ်ရုံမျှသာ ဆန်းကြယ်သော ဇာတ်လမ်းမျိုးကို ပရိသတ်စိတ်ဝင်စားနှစ်သက်ခြင်း ဖြစ်တတ်သည်ဟု ယူဆမိပါသည်။ ဤနေရာတွင် 'ဖြစ်နိုင်ခွင့်' နှင့် 'ဖြစ်တောင့်ဖြစ်ခဲ'ဟူသော စကားကိုသာ သုံးရပါတော့မည်။ မဖြစ်နိုင်ဘူးဟု မငြင်းသာသော်လည်း ဖြစ်တောင့်ဖြစ်ခဲဆိုလျှင် ဒိဋ္ဌဓမ္မနှင့် ဝေးပုံများသွားပြီဟု ဆိုနိုင်ပါလိမ့်မည်။

ဤကိစ္စတွင် ယုံတမ်းပုံပြင်များနှင့် သကော်တပြု ဝတ္ထုများကိုကား တစ်မျိုးစဉ်းစားကြရပါလိမ့်မည်။ ယုံတမ်းပုံပြင်များမှာ များသောအားဖြင့် ဖျော်ဖြေရန်၊ သို့မဟုတ် တစ်စုံတစ်ခုသော ပြဿနာကို သရော်ရန်၊ အားပေးရန်၊ ရှုတ်ချရန် စသည့် ရည်ရွယ်ချက်များဖြင့် ရေးသားပြောဆိုတတ်ပါသည်။ ကြားနာသူကလည်း အဖြစ်အပျက် ယုတ္တိ ရှိ၊ မရှိ၊ တိရစ္ဆာန်များက စကားပြော၊ မပြော ဆိုသည့် အချက်များကို စူးစမ်းခြင်း မပြုပါ။ ပုံပြင်၏ အာဘော်ကို ကြည့်ပြီး ရယ်စရာရှိလျှင် ရယ်လိုက်ကြပါသည်။ သံဝေဂ ယူစရာရှိလျှင်လည်း ယူလိုက်ကြပါသည်။

သို့သော် ခေတ်ဝတ္ထု (ဝတ္ထုဟု ခေါ်ထိုက်သော ဝတ္ထု)များကို ရေး

လိုက်သော သူတို့အဖို့ကား အာဘော်ကလေးတစ်ခု၊ အတွေးအမြင်ကလေး တစ်ကွက်လောက်ကိုသာ ပဓာနထားပြီး ဝတ္ထုရေးခြင်းမျိုး မဟုတ်တော့ဘဲ ဘဝတစ်ခုလုံးကို မိမိ ခံစားမိသလို စာဖတ်သူ ခံစားမိအောင် တင်ပြလိုခြင်းဖြစ်ရာ ဒိဋ္ဌနှင့်နီးစပ်အောင် ဇာတ်လမ်းဆင်တတ်ရန်လည်း လိုအပ်လာပါတော့သည်။ ဤနေရာတွင် ဝတ္ထုရေးဆရာတို့အဖို့ အတန်အသင့်အားဖြင့် ခက်ခဲလာတတ်သည်ဟု ထင်မိပါသည်။ ဒိဋ္ဌနှင့် ထပ်တူဖြစ်လွန်းနေလျှင်လည်း ပရိသတ်က မကြိုက်၊ ဒိဋ္ဌဘဝနှင့် ဝေးလွန်းသွားပြန်တော့လည်း အချစ်၊ အလွမ်း၊ စွန့်စားခန်းနှင့် လျှို့ဝှက်သည်းဖိုအတန်းသို့ ဆင်းသွားနိုင်ပြန်သောကြောင့် လက်တွန့်လာရပြန်သည်။ ဤဒုက္ခမှာ သေးငယ်လှသော ဒုက္ခမဟုတ်ဟု ကျွန်တော် ထင်မိပါသည်။

ဇာတ်လမ်းနှင့်စိတ်ကူး အကွာအဝေးအကြောင်းကို တင်ပြရင်း ကျွန်တော် စဉ်းစားမိသည့်အချက်တစ်ခုကိုလည်း တင်ပြလိုပါသေးသည်။ ထိုအချက်မှာ လူငယ်နှင့်လူကြီးတို့၏ ကွာခြားချက်ပင် ဖြစ်ပါသည်။

လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ စိတ်ကူးယဉ်မှု၊ လေထဲတွင် တိုက်အိမ်ဆောက်မှု စသည့် အိပ်မက်လောကတွင် စိတ်လွင့်ပါးမှု ရှိကြစမြဲ ဖြစ်ပါသည်။ သို့သော် လူငယ်နှင့်လူကြီး မတူပါ။ လူငယ်သည် အိပ်မက်လောကတွင်းသို့ ဝေးဝေးလည်း သွားနိုင်ပါသည်။ ကြာကြာလည်း နေနိုင်သည်ဟု ထင်မိပါသည်။ အိန္ဒိယကဗျာဆရာကြီး တဂိုး၏ **'ဆန်းစ သော်တာ'** ကဗျာများထဲက ကလေးငယ်၏ စိတ်ကူးမျိုးလို လွင့်ပါးဝေ့မျောနိုင်ပါသည်။ ကလေးတို့ဘဝ ငှက်ငချွန်လိုလည်း လေထဲတွင် ပျံဝဲနိုင်ပါသည်။ မြွေနဂါးကြီးဖြစ်၍ သမုဒ္ဒရာ ခုနစ်စင်းလောက်ကို လှည့်ပတ်ကျက်စားနိုင်သည်။ ရောမ ဘီလူးကြီးများကိုလည်း လေးစကြာဖြင့် နိုင်နင်းခိုင်းစေနိုင်သည်။ နံ့ဖိနပ်တစ်ရံစီးပြီး သိဒ္ဓိရှင်အဖြစ် ကောင်းကင်မြေပြင်အနှံ့ သွားချင်သွားနိုင်သည်။ သို့လျှင် ဒိဋ္ဌဘဝနှင့် ဝေးလှစွာသော အိပ်မက်နယ်မြေတွင် တစ်မေ့တစ်မော အကြာကြီး မျောပါနေနိုင်သည်။ ထို့ကြောင့် ဝေးဝေးလည်း သွားနိုင်သည်။ ကြာကြာလည်း နေနိုင်သည်ဟု အထက်တွင် ဆိုခဲ့ခြင်းဖြစ်ပါသည်။

ကလေးဘဝ လွန်မြောက်စ လူငယ်လူရွယ် ဘဝတွင်မူကား ကလေးငယ်တွေလောက် ဝေးဝေးမသွားတော့ပါ။ သို့သော် အတော် ဝေးဝေးသွားနိုင်ပါသေးသည်။ ချစ်သူမိန်းကလေးတစ်ယောက်ကို ဆိုကြပါစို့။ လူငယ်တွေ တစ်အုပ်

www.burmeseclassic.com

www.burmeseclassic.com

ကြီးကြားထဲက စွန့်စားသတ်ပုတ်၍ ကယ်ယူလာခဲ့ခြင်း ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို ရေးချလိုက်ရာ အမျိုးသား စာပေဆုကြီးရပြီး သတင်းစာမျက်နှာဖုံး၌ ဓာတ်ပုံပါလာသောကြောင့် ကောင်မလေးတွေက တအံ့တသြ ချီးကျူးခြင်း၊ ရုပ်ရှင်မင်းသားဖြစ်လာသောကြောင့် မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေခြင်း၊ စာပေ၊ လက်ာ၊ ကဗျာ၊ သချ်ာ စသည့် ဘာသာရပ်တိုင်းတွင် ထူးချွန်သောကြောင့် မိန်းကလေးတွေက အကူအညီလာပြီး တောင်းခြင်း (မိန်းကလေးတွေတော့ ပါလာမြဲဖြစ်မည် ထင်သည်) စသည်ဖြင့် စိတ်ကူးယဉ်တတ်မြဲ ဖြစ်ပါသည်။

အသက်အရွယ် ကြီးလာသောအခါတွင်ကား ဝေးဝေးလည်း မခွာနိုင်တော့ပါ။ ကြာကြာလည်း မနေနိုင်တော့ပါ။ ကျွန်တော်တို့ စိတ်ကူးယဉ်သည် ဆိုပါစို့။ ငှက်လို ပျံနည်းအမျိုးမျိုးကို စိတ်ကူးမယဉ်မိတော့ပါ။ မိမိကိုယ်ကို ပန်းပွင့်ကလေးတစ်ခုဖြစ်လေအောင်လည်း စိတ်ကူးမယဉ်မိတော့ပါ။ ဒိဋ္ဌဘဝနှင့် နီးစပ်သော ထိပေါက်တာလောက်သာ စိတ်ကူးယဉ်နိုင်ပါတော့သည်။

ထားပါစို့၊ ထိပေါက်တာလောက်ကိုပဲ စိတ်ကူးယဉ်ပါပြီ။

"သိန်းဆု နှစ်ဆုပြူး တစ်ပြိုင်တည်း ပေါက်ပြီ၊ သွားလာမှုလွယ်ကူအောင် ကားကလေးတစ်စင်းတော့ ဝယ်မည်။ သင့်တင့်သော ခြံမြေလေးတစ်ကွက်တွင် သင့်တင့်သော အိမ်ကလေးတစ်လုံးကို ဆောက်မည်။ ထို့နောက် ကိုယ်ပိုင် စာကြည့်ခန်းကလေးတွင် အေးအေးဆေးဆေး စာရေးမည်။ စာရေးလျှင် စာပေသဘောတရား ဆောင်းပါးများကို ရေးမည်။ 'အကွာအဝေး' နှင့် ပတ်သက်သော ဆောင်းပါးတွေကို ရှေ့ဦးစွာ ရေးရမည်။ ရေးလျှင် မည်သည့်အကွာအဝေး ပြဿနာကစပြီး ရေးမလဲ၊ ဇာတ်လမ်းဖန်တီးမှုနဲ့ ပတ်သက်တာကစပြီး ရေးလျှင် ကောင်းမည်။ သာဓုရဲ့ 'အငိုလွယ်သည်' ရုပ်ရှင်ကားကပုံစံကို တင်ပြလျှင်"

ကဲ . . . ကြည့်စမ်း စိတ်ကူးယဉ်နေရင်းပင် ဒိဋ္ဌဘဝသို့ ချက်ချင်းပြန်ပြီး လည်လာသည်။ ထို့ကြောင့် ကြာကြာမနေနိုင်တော့ဟု ဆိုခဲ့ခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင်မူကား ဒိဋ္ဌဘဝဘက်သို့ ပြန်ရောက်လိုက်ပုံ သည်ထက်ပင် မြန်ပါသေးသည်။

"ထိပေါက်လိုက်ပြီ။ သိန်းဆု နှစ်ဆု။ တစ်ပြိုင်တည်း ခြံမြေလေး တစ်ကွက်၊ အိမ်ကလေးတစ်လုံးနှင့် ကားကလေးတစ်စီးတော့ ဝယ်မည်။ ခြံဈေး၊ အိမ်ဈေး၊ ကားဈေးကို ဒီခေတ်မှာ နှစ်သိန်းလောက်နဲ့ မရနိုင်ဘူး။ ဒီတော့

ပြန်ပြင်ဦးမှ၊ သိန်းဆုလေးဆု .

ကဲ . . . ဘယ်မှာ အရသာ ရှိပါတော့မည်နည်း။ အိပ်မက်က နိုးပြီးမှဆက်ပြီး မက်အောင် ပြန်အိပ်ရသကဲ့သို့ ရှိနေလေပြီ။ ထို့ကြောင့် အသက်အရွယ် ကြီးလာသောအခါ ဒိဋ္ဌဘဝနှင့် ဝေးဝေးလည်း မခွာနိုင်၊ ကြာကြာလည်း မနေနိုင်ဟု ဆိုခဲ့ရခြင်း ဖြစ်ပါသည်။

ဤလူကြီးနှင့် လူငယ်တို့၏ စိတ်ကူးယဉ်မှု အမျိုးမျိုးကို နှိုင်းယှဉ်ပြနေသည်မှာ အခြားကြောင့် မဟုတ်ပါ။ ဝတ္ထုဇာတ်လမ်းဆင်မှုနှင့် ပတ်သက်၍ တင်ပြလိုသောကြောင့် ဖြစ်ပါသည်။

လူငယ်တို့သည် ဒိဋ္ဌဘဝမှ ဝေးဝေးကြာကြာ ခွာနိုင်ကြသောကြောင့် လူငယ်တို့အတွက် ရေးသော ဇာတ်လမ်းများမှာ အတန်အသင့်အားဖြင့် ဆန်းဆန်းကြယ်ကြယ်ကလေးများပါလျှင် လူငယ်တွေက ပို၍ နှစ်သက်ကြသည်ဟု ထင်မိပါသည်။

လက်တွေ့ပုံစံပြရလျှင် **'ရွှေသွေး'** စာစောင်ဖတ်သော ကလေးငယ်များသည် နောက်ကျောဘက်မှ ဒိဋ္ဌဘဝ ဝတ္ထုတိုကလေးများထက် ရှေ့ဘက်က အရုပ်ပုံပြင်ကို ပို၍ နှစ်သက်ကြသည်မှာ အရုပ်များ၊ ကာတွန်းများကြောင့်ချည်း မဟုတ်ပါ။ ဇာတ်လမ်းဆန်းကြယ်မှုကို နှစ်သက်ကြသောကြောင့်လည်း ဖြစ်ပါသည်။ ဒိဋ္ဌဘဝတွင် တွေ့ရသော မူလတန်းကျောင်းသားကျောင်းသူ လူငယ်များအကြောင်းထက် နတ်မြင်းပျံ၊ ကြိမ်စကြာရသော မင်းသားလေးတစ်ပါးအကြောင်းကို ပို၍ စိတ်ဝင်စားကြပါသည်။ ကျောင်းသားကျောင်းသူလေးများ စုပေါင်းလုပ်ဆောင်၍ ကျောင်းတွင် စိုက်ပျိုးခင်း အောင်မြင်ပုံထက် သမင်၊ သိန်းငှက်နှင့် လိပ်တို့ သုံးဦးပေါင်း၍ မုဆိုးကြီးရန်မှ လွတ်မြောက်အောင် ကြိုးစားပုံကို ပို၍ နှစ်သက်တတ်ကြပါသည်။

တစ်ဖန် လူငယ်လူရွယ် ဆယ်ကျော်သက်တို့သည်လည်း ဒိဋ္ဌဘဝနှင့် နီးစပ်လှသော ဇာတ်လမ်းများထက် အချစ်၊ အလွမ်း၊ စွန့်စားခန်းများကို ပို၍ နှစ်သက်တတ်ကြပါသည်။

မည်သို့ပင်ဖြစ်စေ တစ်ထစ်ချပြောနိုင်သော အချက်တစ်ခုမှာ ပုထုဇဉ်လူကြီးလူငယ်အားလုံးတို့သည် ဒိဋ္ဌလောကမှခွာ၍ စိတ်ကူးယဉ်တတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ ထို့ကြောင့် မည်မျှဆန်းကြယ်သော ဇာတ်လမ်းပင်ဖြစ်စေ ယုတ္တိရှိရှိ၊ အကွက်စေ့စေ့ ဇာတ်လမ်းဆင်တတ်လျှင် (ရှုပနန္ဒီ၊ ဝထာခံ

www.burmeseclassic.com

www.burmeseclassic.com

ဆရာသိန်း စသော ဝတ္ထုများကို နှစ်သက်စွာ ဖတ်သကဲ့သို့ နှစ်သက်လက်ခံ တတ်မြဲ ဖြစ်သည်ဟု ဆိုချင်ပါသည်။

ဇာတ်လမ်းနှင့် ညှို့ငင်ခြင်းမပာတ်ဘဲ လူ့ဘဝအကြောင်းကို လေးလေး နက်နက် သရုပ်ဖော်လိုသော ဝတ္ထုရေးဆရာများအဖို့မှာကား ဒိဋ္ဌဘဝမှ ဝေးလွန်း မည်ကို စိုးရိမ်ကြသောကြောင့် ဒိဋ္ဌဘဝနှင့်ထပ်တူထပ်မျှ ဖြစ်နိုင်သမျှဖြစ်အောင် ကြိုးပမ်းနေတတ်ကြသည်ဖြစ်ရာ ထပ်တူထပ်မျှ ဖြစ်လွန်းနေလျှင်လည်း ပရိသတ် က အနုပညာပစ္စည်းအဖြစ် လက်ခံကြရန် ခဲယဉ်းနေတတ်ကြသောကြောင့် ဒိဋ္ဌဘဝမှ မနီးလွန်းမဝေးလွန်း၊ သင့်တင့်လျောက်ပတ်သော အနေအထားတွင် ဇာတ်လမ်းဆင်တတ်ကြသည်ပင် အနုပညာအရည်အချင်းတစ်ခုဟု ခေါ်ဆို သင့်ကြောင်း တင်ပြအပ်ပါသတည်း။

■

?

မေလ၊ ၁၉၇၇

ရေးသူနှင့် ဝတ္ထုအကွာအဝေး

ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများ

ဆရာကြီးရွှေဥဒေါင်းက သူ၏ **'တစ်သက်တာမှတ်တမ်းနှင့် အတွေး အခေါ်များ'** စာအုပ်ကို ရေးသားသောအခါ ဓမ္မဓိဋ္ဌာန် ကျနိုင်သမျှကျအောင် ရေးမည်ဟု ပဋိညာဉ် ပြုခဲ့ပါသည်။ သူ ဥပမာပေးထားပုံမှာလည်း အလွန် ကြည်လင်လှပါသည်။ လူတစ်ယောက်ကို အလုပ်ခန့်အပ်ရန် ကြံသောအခါ အထက်အရာရှိကြီးက ထိုသူ၏ စာရိတ္တအခြေအနေကို စုံထောက်တစ်ယောက် ယောက်အား လိုက်လံကြည့်ရှုလေ့လာပြီး အစီရင်ခံစာ တင်ရန် ခိုင်းသည်။ ထိုစုံထောက်အဖို့ အလုပ်ခန့်ရမည့်သူနှင့် သိကျွမ်းခြင်းမရှိ၊ ချစ်ခြင်း မုန်းခြင်း လည်း မရှိသောကြောင့် မြင်သည့်အတိုင်း သိသည့်အတိုင်း ဆန္ဒစွဲမပါဘဲ ရေးသကဲ့သို့ သူ၏ အတ္ထုပ္ပတ္တိကိုလည်း ဆန္ဒစွဲလျော့နိုင်သမျှ လျော့အောင် ကြိုးစားရေးမည်ဟု ဆိုပါသည်။

ဤသည်မှာ မိမိ၏ အတ္ထုပ္ပတ္တိကို ပြန်ရေးသူများပင်လျှင် ကြိုးစား ကျင့်သုံးလေ့ရှိကြသော ဓမ္မဓိဋ္ဌာန်ကျကျ ရေးနည်းသဘောပင် ဖြစ်ပါသည်။ **'ပီမိုးနင်း၏ ပီမိုးနင်း'** စသည်ဖြင့် စာရေးသူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အတော် များများ ရှိပါသည်။ မည်သူ၏ အတ္ထုပ္ပတ္တိသည် ဓမ္မဓိဋ္ဌာန်အကျဆုံး ဖြစ်သည်ကို ဂရုစိုက်၍ ဖတ်ကြည့်လျှင် သိနိုင်သည်ဟု ထင်ပါသည်။ မိမိအကြောင်းကို ပြန်ပြီးရေးခြင်းပင် ဖြစ်သော်လည်း ရေးသူက တစ်ယောက်၊ အရေးခံရသူက တစ်ယောက် ဖြစ်ဘိသည့်အလား ခွာပြီး ကြည့်ရှုမှုမက ဆန္ဒစွဲမပါအောင်

www.burmeseclassic.com

www.burmeseclassic.com

ရေးခြင်း၊ တစ်နည်းအားဖြင့် အကွာအဝေးရှိရန် ကြိုးစားခြင်းသည် လေးစားဖွယ်ရာကိစ္စပင် ဖြစ်သည်ဟု ယူဆမိပါသည်။

အတ္ထုပ္ပတ္တိများ

ထို့အတူ တစ်ပါးသူတစ်ယောက်၏ အတ္ထုပ္ပတ္တိကို ရေးကြသည်များလည်း ရှိပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ၊ ပညာရှိကြီးများ၏ အတ္ထုပ္ပတ္တိ၊ နိုင်ငံခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိ၊ အနုပညာသည်များ၏ အတ္ထုပ္ပတ္တိ စသည်ဖြင့် မြောက်မြားစွာ ရှိပါသည်။ ထိုကဲ့သို့ ရေးရာ၌လည်း မမှိတ်သွန်ကျလေကောင်းလေဖြစ်ပါသည်။ ပုဂ္ဂိုလ်တစ်ဦး၏ အတ္ထုပ္ပတ္တိကို ရေးသည်ဆိုလျှင် တစ်စုံတစ်ခုသော နှစ်သက်မှု၊ အထင်ကြီးမှုမရှိဘဲ မည်သူမျှ ရေးမည် မဟုတ်ပါ။ သို့သော် မိမိ၏ ဆန္ဒစွဲဖြင့် မွမ်းမံခြယ်လှယ်ခြင်းမပြုဘဲ ထိုပုဂ္ဂိုလ်၏ အပြုအမူ၊ အပြောအဆို၊ အရည်အသွေးတို့ကို ထင်ရှားအောင် ပြခြင်းဖြင့်သာလျှင် စာဖတ်သူတွင် ချစ်ခြင်း၊ ချီးကျူးခြင်း စသည့် စိတ်များ ပေါ်လာစေသင့်ပါသည်။ တစ်နည်းအားဖြင့် "ဘယ်သူဘယ်ဝါဖြင့် သိပ်တော်တာပဲ၊ သိပ်အံ့ဩဖို့ကောင်းတာပဲ"ဟု မပြောဘဲ တော်သော၊ အံ့ဩဖို့ကောင်းသော ထိုသူ၏ လှုပ်ရှားမှု လုပ်ကိုင်ပုံစသည်တို့ကို ပြသွားသင့်ပါသည်။

တစ်နည်းအားဖြင့် စာရေးသူ၏ အသံမပါဘဲ (ဝါ) စာရေးသူ၏ ဆန္ဒစွဲဖြင့် 'ပင်း' ပြီး ပြောသည့် စကားများကို မသုံးဘဲ ရေးခြင်းကို ပို၍ နှစ်သက်ခြင်းဖြစ်သည်ဟု ဆိုလိုပါသည်။

ဤနေရာ၌ ထင်ရှားသော ပုံစံနှစ်ခုကို ပြလိုပါသည်။

ဘုရား ပရိနိဗ္ဗာန် ပြုပြီးသောအခါ သုတ္တန်ရဟန်းကြီးကို အကြောင်းပြု၍ သံဂါယနာတင်ကြရသည်။ အရှင်အာနန္ဒာမှာ မြတ်ဗုဒ္ဓဂေါတမ ၏ တရားဘဏ္ဍာစိုးကြီးဖြစ်သည့် အားလျော်စွာ ဘုရားတွေ့ကြုံသမျှ အရေးကိစ္စတို့ကိုလည်းကောင်း၊ ဘုရားဟောသမျှ တရားတို့ကိုလည်းကောင်း တွေ့မြင်မှတ်သားမိလိုက်သော ပုဂ္ဂိုလ် ဖြစ်ပါသည်။ ထိုကြားနာမှတ်သား သိရှိသမျှကို သံဂါယနာတင်ရန်အတွက် ပြန်လည်ရွတ်ဖတ်ပြောဆိုသောအခါ သူ၏ အသံ၊ သူ၏ ဆန္ဒစွဲကို လုံးဝမပါအောင် ရွတ်ဆိုတင်ပြပါသည်။ အရေးအကွရာတင်သောအခါ၌လည်း ထိုအတိုင်းပင် ရေးသား၍ တင်ကြသည်ဟု ဆိုပါသည်။ အရှင်အာနန္ဒာ၏ တင်ပြပုံကို အင်္ဂုတ္တိုရ်နိကာယ် မြန်မာပြန်မှ 'ကေသမုတ္တိသုတ်' အစပိုင်းကို

ထုတ်နုတ် ပုံစံပြလိုက်ပါသည်။

"အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် - အခါတစ်ပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကေသမုတ္တမည်သော နိဂုံးသို့ ရောက်တော်မူ၏။ ကေသမုတ္တနိဂုံးသား ကာလာမမင်းတို့သည် ဤသို့ ကြားသိကြကုန်၏။ 'အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ကေသမုတ္တနိဂုံးသို့ ရောက်လာတော်မူ၏။ ထိုအရှင်ဂေါတမ၏ ကောင်းသော ကျော်စောသော သတင်းသည် ဤသို့ ပျံ့နှံ့၍ ထွက်၏။ ထိုမြတ်စွာဘုရား ပုဖော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ ထိုသို့သဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့အား ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း' ဟု (ကြားသိကြကုန်၏။)

"ထို့နောက် ကေသမုတ္တနိဂုံးသား ကာလာမမင်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် အချို့သည် မြတ်စွာဘုရားကို ရှိခိုး၍ တစ်ခုသောနေရာ၌ ထိုင်နေကြကုန်၏။ အချို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုကြကုန်၏။ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီး၍ တစ်ခုသောနေရာ၌ ထိုင်နေကုန်၏။ အချို့တို့သည် မြတ်စွာဘုရားရှိရာအရပ်သို့ လက်အုပ်ချီကုန်လျက် တစ်ခုသောနေရာ၌ ထိုင်နေကုန်၏။ အချို့တို့သည် အမည်အနွယ်ကိုပြောကြားလျက် တစ်ခုသောနေရာ၌ ထိုင်နေကုန်၏။ အချို့တို့သည် တိတ်ဆိတ်စွာ တစ်ခုသောနေရာ၌ ထိုင်နေကုန်၏။ တစ်ခုသောနေရာ၌ ထိုင်နေကြသော ကေသမုတ္တနိဂုံးသားတို့ ကာလာမမင်းမျိုးတို့သည် မြတ်စွာဘုရားအား 'အရှင်ဘုရား အချို့သော သမဏ ပြဟ္မဏတို့သည် ကေသမုတ္တနိဂုံးသို့ ရောက်လာကြကုန်၏။ ထိုသမဏ ပြဟ္မဏတို့သည် မိမိအယူဝါဒကိုသာလျှင် ပြပါကုန်၏။ ထွန်းပစေပါကုန်၏။ သူတစ်ပါး အယူဝါဒကိုမူကား

www.burmeseclassic.com

www.burmeseclassic.com

ထိပါးပါကုန်၏။ မထီမဲ့မြင် ပြုပါကုန်၏။ ရှုတ်ချပါကုန်၏။ ချေဖျက်ပါကုန်၏။ အသျှင်ဘုရား တခြားသော သမဏ ဗြာဟ္မဏအချို့တို့သည်လည်း ကောသမ္ဗတ္ထနိဂုံးသို့ ရောက်လာပါကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့သည်လည်း မိမိအယူဝါဒကိုသာလျှင် ပြုပါကုန်၏။ ထွန်းပစေပါကုန်၏။ သူတစ်ပါး အယူဝါဒကိုမူကား ထိပါးပါကုန်၏။ မထီမဲ့မြင်ပြုပါကုန်၏။ ရှုတ်ချပါကုန်၏။ ချေဖျက်ပါကုန်၏။ အသျှင်ဘုရား၊ ဤသာမဏ ဗြာဟ္မဏတို့တွင် အဘယ်သမဏ ဗြာဟ္မဏသည် မမှန်သောစကားကို ဆိုပါသနည်း' ဟု အကျွန်ုပ်တို့အား ယုံမှားခြင်း၊ တွေးတောခြင်း ဖြစ်ခဲ့ပါ၏ (ဟု လျှောက်၏။) ကာလာမမင်းတို့ သင်တို့အား ယုံမှားခြင်းငှာ သင့်ပေ၏။ တွေးတောခြင်းငှာ သင့်ပေ၏။ သင်တို့အား ယုံမှားခြင်းငှာ သင့်သောအရာ၌ ယုံမှားခြင်းဖြစ်၏။''

(ဆဋ္ဌသံဂါယနာ အင်္ဂုတ္တိုရ်ပါဠိတော်
မြန်မာပြန် ပဌမအုပ်။ ။မျက်–၂၈၆)။

ဤပုံစံ၌ပင် တွေ့ပါလိမ့်မည်။ အသျှင်အာနန္ဒာ၏ အသံကို မကြားရသလောက်ပင် ဖြစ်ပါသည်။ ကာလာမပုဏ္ဏားတို့အား ရှုတ်ချသောစကား မဆိုပါ။ ပုဏ္ဏားတို့၏ အမှုအရာကိုသာလျှင် ပေါ်လွင်အောင် တင်ပြသွားပါသည်။

ဘုရားရှင်အား ကြည်ညိုချစ်ခင်သူများတွင် အာနန္ဒာသည် ထိပ်ဆုံးကပါပါလိမ့်မည်။ သို့သော် သံဂါယနာတင်ခြင်း၌ ရွတ်ဆိုတင်ပြသောအခါ အသျှင်အာနန္ဒာသည် သူ၏ ဆန္ဒစွဲကို ဖျောက်ထားပါသည်။ တစ်နည်းအားဖြင့် အတ္ထုပ္ပတ္တိအရေးခံပုဂ္ဂိုလ်(ဘုရား)နှင့် ခွာထားသည်ဟု ဆိုရပါမည်။ ဤသည်ကိုပင် ရေးသူနှင့် အတ္ထုပ္ပတ္တိပစ္စည်း အကွာအဝေးဟု ဆိုကြပါသည်။

တစ်ဖန် ပလေတိုရေးခဲ့သော ဆော့ခရတ္တိ၏ ဆွေးနွေးခန်းကထာများကို ကြည့်စေချင်ပါသည်။ ပလေတိုသည် ဆော့ခရတ္တိ ကြည်ညိုသည့်အရာ၌ ထိပ်တန်းက ပါဝင်သူဖြစ်ကြောင်း ယုံမှားစရာ မရှိပါ။ သို့သော် ပလေတို၏ အသံ၊ ပလေတို၏ ဆန္ဒစွဲကို တစ်ခုမျှ မတွေ့ရပါ။ ဆော့ခရတ္တိ၏ ကထာများကို ရေးသွားရင်း ဆော့ခရတ္တိ၏ ပညာကြီးမားပုံ၊ စိတ်သဘောထား မြင့်မြတ်ပုံ၊

သည်းခံတတ်ပုံ၊ တစ်ဖက်သားကို နားလည်ပုံ၊ တစ်ခုံကြွတ်ရုံ ခဏမော်တော်ကို ရယ်သွမ်းသွေးပုံ စသည်တို့ကို အပြဖြင့် သရုပ်ဖော်သွားသည်ကို တွေ့ကြရပါလိမ့်မည်။

ဤသည်မှာ ရေးသူနှင့် အတ္ထုပ္ပတ္တိကြားတွင် အကွာအဝေး ရှိနေသည့်သဘောပင် ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်များ၏ ဓမ္မစိဋ္ဌာန်ကျအောင် ကြိုးစားအားထုတ်နိုင်သော သတ္တိကြောင့် စာဖတ်သူသည် သျှင်အာနန္ဒာမှတစ်ဆင့် ဘုရားကို တွေ့ရသည် မဟုတ်ဘဲ ဘုရားနှင့် တိုက်ရိုက်တွေ့ဆုံခွင့် ရပါသည်။ ပလေတိုမှတစ်ဆင့် မဟုတ်ဘဲ ဆော့ခရတ္တိနှင့် တိုက်ရိုက်တွေ့ဆုံခွင့် ရပါသည်။

ဝတ္ထုသည်လည်း အတ္ထုပ္ပတ္တိတစ်မျိုးဖြစ်သည်
ထို့ကြောင့် –

ဝတ္ထုဆိုသည်မှာလည်း စိတ်ကူးဖြင့် ဖန်တီးထားသော ဇာတ်ဆောင်၊ လူ၊ တိရစ္ဆာန်၊ သို့မဟုတ် ပစ္စည်းတို့၏ အတ္ထုပ္ပတ္တိပင် ဖြစ်သည်ဟု ဆိုရပါမည်။ အတ္ထုပ္ပတ္တိတွင် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိနှင့် သူတစ်ပါးရေး အတ္ထုပ္ပတ္တိရှိသကဲ့သို့ ဝတ္ထု(စိတ်ကူးအတ္ထုပ္ပတ္တိ)တွင်လည်း နှစ်မျိုးရှိပါသည်။

''ကျွန်တော်''၊ ''ကျွန်ုပ်'' စသော ပြောသူ နာမ်စားဖြင့်ရေးသော ဝတ္ထုများသည် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိနှင့် တူ၍ မောင်ဘယ်သူ၊ မဘယ်ဝါ စသည့် အပြောခံ နာမ်စားဖြင့် ရေးသော ဝတ္ထုများကို သူတစ်ပါး အတ္ထုပ္ပတ္တိနှင့် တူသည်ဟု ဆိုရပါလိမ့်မည်။

ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများတွင် ရေးသူသည် မိမိကိုယ်ကိုခွာပြီး ကြည့်နိုင်လေ ကောင်းလေဖြစ်ကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ကျွန်တော်၊ ကျွန်ုပ် စသည့် ပြောသူနာမ်စားသုံး ဝတ္ထုတွင်လည်း စာရေးသူနှင့် ဇာတ်ကြောင်းပြောသူတို့၏ အကြားတွင် လည်းကောင်း၊ ပြောသူနှင့် ဝတ္ထုကြားတွင် လည်းကောင်း အကွာအဝေးရှိနေသည်ဟု ဆိုနိုင်ပါသည်။

ပုံစံတင်ပြလိုပါသည်၊ သိန်းဖေမြင့်၏ **'အရှေ့က နေဝန်းထွက်သည်ပမာ'** ဝတ္ထုတွင် တင်ထွန်းက ဇာတ်ကြောင်းပြောသူအဖြစ် တည်ရှိကြောင်း မှတ်မိကြပါလိမ့်မည်။ ကိုတင်ထွန်းသည် သိန်းဖေမြင့် မဟုတ်ပါ။ (သိန်းဖေမြင့်၏ အတ္ထုပ္ပတ္တိ တစ်ပိုင်းတစ်စဟု ခေါ်နိုင်လောက်အောင် သိန်းဖေမြင့်၏ ကိုယ်တွေ့

www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်ဘဝ အကြောင်းအရာများ တိတိကျကျပါဝင်နေလင့်ကစား) ဇာတ်ကြောင်း ပြောသူ တင်ထွန်းအပေါ်တွင် သိန်းဖေမြင့် သံယောဇဉ် ဖြတ်ထားကြောင်း ထင်ရှားနေပါသည်။ ဤသည်မှာ ဝတ္ထုရေးသူနှင့် ဝတ္ထုဇာတ်ကြောင်းပြောသူတို့၏ အကွာအဝေး ဖြစ်သည်ဟု ဆိုရပါမည်။

တစ်ဖန် ဇာတ်ကြောင်းပြောသူ တင်ထွန်းနှင့် ဝတ္ထု၏ အကွာအဝေးကို ချင့်ချိန်သင့်ပါသေးသည်။ တင်ထွန်းသည် ဆန္ဒစွဲကြီးစွာဖြင့် သူ့ကိုယ်သူ လူကောင်းသူကောင်း၊ သူနှင့်ဆန့်ကျင်သူဟူသမျှကို လူဆိုးသူဆိုးဖြစ်အောင် ပြောသလော။ ပြောပုံ ဓမ္မဓိဋ္ဌာန်ကျပါ၏လော စသည်ဖြင့် စစ်ဆေးကြည့်မိပါသည်။ ဓမ္မဓိဋ္ဌာန်ကျသည်ဟု ဆုံးဖြတ်မိပါသည်။ တင်ထွန်းက လူတတ်လူသိကြီးလုပ်ပြီး မှတ်ချက်ပေးခြင်း၊ တရားဟောခြင်း စသည်တို့ကို မတွေ့ရပါ။ သူ တွေ့သမျှ၊ ကြုံသမျှ အဖြစ်အပျက်များကိုသာမက သူ၏ တွေးကြံစဉ်းစားပုံ မိုက်မဲခြင်း၊ ရင့်ကျက်မှု နည်းပါးခြင်း၊ စိတ်ဓာတ်မခိုင်မာခြင်း စသည်တို့ကိုပါ ထင်ရှားအောင် ပြသွားပါသည်။

ထို့ပြင် အတ္ထုပတ္တိ ပြန်ပြောသော တင်ထွန်းနှင့် အပြောခံ တင်ထွန်းတို့၏ ကြားမှာပင် အကွာအဝေးများစွာ ရှိနေသည်ကိုလည်း တွေ့နိုင်ပါသည်။ ဥပမာ ကျောင်းသား ပေါက်စအရွယ် တင်ထွန်းလေး၊ ကိုရင်ကြီး ဘသန်း၏ ညြဇာခံ တင်ထွန်းလေးအပေါ်တွင် ပြန်ပြောသူ တင်ထွန်းကြီး မြင်ပုံ၊ တွေးပုံ၊ သုံးသပ်ပုံတို့မှာ ထင်ရှားလှသော အကွာအဝေးဖြစ်သည်ဟု ဆိုရပါမည်။ ထို့နောက် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများတွင် ပါဝင်နေသော တင်ထွန်း၊ မမြင့်ဦးနှင့် မပြတ်မသား၊ မမြိုက်ကို တစွဲလမ်းလမ်းကြီး ဖြစ်နေသော တင်ထွန်းနှင့် ပြောသူ တင်ထွန်းတို့၏ ကြားတွင်လည်း အကွာအဝေး ရှိနေသေးသည်ဟု ဆိုရပါမည်။ ဓမ္မဓိဋ္ဌာန်ကျသော တင်ပြမှုများ ဖြစ်ပါသည်။

ဤအချက်ကို တင်ပြနေခြင်းကြောင့် 'အရှေ့က နေဝန်းထွက်သည့်ပမာ ချီးမွမ်းခန်း' ဖွင့်နေသည်ဟု မယူဆစေလိုပါ။ ထိုဝတ္ထုမှာ တကယ်ပင် ချီးကျူးအပ်သည် မှန်သော်လည်း ဤဆောင်းပါးတွင် ပမာနထားပြီး ပြောလိုသည်မှာ ရေးသူနှင့်ဝတ္ထု၊ ရေးသူနှင့် ဇာတ်ကြောင်းပြောသူ၊ ဇာတ်ကြောင်းပြောသူနှင့် ဝတ္ထုအကွာအဝေးတို့၏ သဘောကို ထင်ရှားစေလိုသောကြောင့် ပုံစံအဖြစ် တင်ပြခြင်းမျှသာ ဖြစ်ပါသည်။

တင့်တယ်၏ **'ကမ္ဘာဖလ'**ကိုလည်း သတိပြုစေချင်ပါသေးသည်။ ကမ္ဘာဖလ

ကို ရေးသူမှာ တင့်တယ်ဖြစ်ပါသည်။ ဦးကံကောင်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာရွက်များကို တွေ့ရလေဟန်ဖြင့် ရေးထားသောကြောင့် ဇာတ်ကြောင်းပြောသူမှာ ဦးကံကောင်းဖြစ်သည်။ ဤနေရာတွင် တင့်တယ်နှင့် ဇာတ်ကြောင်းပြောသူ ဦးကံကောင်း၏ အကွာအဝေးကို စိစစ်ကြည့်သင့်သည်။ တစ်ဖန် ဇာတ်ကြောင်းပြောသူ ဦးကံကောင်းနှင့် ဇာတ်ဆောင် ဦးကံကောင်းတို့၏ အကွာအဝေး၊ တစ်ဖန် ပြောသူ ဦးကံကောင်းနှင့် ဝတ္ထုတို့၏ အကွာအဝေးများကို ချင့်တွက်ကြည့်သင့်ပါသည်။ လေးစားလောက်သော ဝတ္ထုတစ်ပုဒ် ဖြစ်သည်ဟု ဆိုချင်ပါသည်။

ဤသို့လျှင် မြသန်းတင့်၏ **'ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း'**၊ ဗန်းမော်တင်အောင်၏ **'ကျွန်တော်'**၊ သော်တာဆွေ၏ **'ကျောက်ဖြူးကျော်ကြီး'** စသည့် ဝတ္ထုများတွင် တွေ့ရသော အကွာအဝေးများကို ချင့်တွက်ကြည့်လျှင် ဝတ္ထုရေးသူတို့၏ စွမ်းရည်ကို အကဲဖြတ်နိုင်ဖွယ်ရာ ရှိပါသည်။

အထက်တွင် တင်ပြခဲ့သည်တို့မှာ ပြောသူနာမ်စားဖြင့် ရေးသော ဝတ္ထုများအကြောင်းသာ ဖြစ်ပါသေးသည်။ အပြောခံနာမ်စားဖြင့် ရေးသော ဝတ္ထုများတွင်လည်း ရေးသူနှင့် ဝတ္ထု၊ ရေးသူနှင့် ဇာတ်ကြောင်းပြောသူ၊ ပြောသူနှင့် ဝတ္ထုတို့၏ အကွာအဝေးများကို ရှာဖွေ တွေ့ရှိနိုင်ပါသေးသည်။ ထိုဝတ္ထုမျိုးတွင်ကား ရေးသူကို သိသော်လည်း ပြောသူကို အရှာရခက်သည်ဟု ထင်မိပါသည်။ သို့သော် ဝတ္ထုရေးသူ ရပ်တည်နေသော ရှုထောင့်ကို စူးစမ်းခြင်း၊ ရေးသားရာတွင် သုံးသော 'အပြော'နှင့် 'အပြ'တို့ကို စူးစမ်းခြင်းတို့ဖြင့်သာ တွေ့နိုင်မည်ဟု ထင်မိပါသည်။

မည်သို့ပင်ဖြစ်စေ ဝတ္ထုရေးသူနှင့် ဝတ္ထု၏ အကွာအဝေးကိုကား ခပ်လွယ်လွယ်နှင့်ပင် တွေ့နိုင်ပါသည်။ သူသည် မည်သည့်ဇာတ်ဆောင်ကို အသားပေးထားသနည်း။ မည်သည့် ဇာတ်ဆောင်ဘက်သို့ ခပ်ပင်းပင်း လိုက်ပါ ရပ်တည်နေသနည်း စသည်ဖြင့် ရှာဖွေ တွေ့နိုင်ပါသည်။

ပုဂ္ဂလဓိဋ္ဌာန် မရှိသင့်ဘူးလား

ပုဂ္ဂလဓိဋ္ဌာန် မရှိသင့်ဘူးလား။ ဆန္ဒစွဲ မရှိသင့်ဘူးလားဟု မေးစရာ ရှိပါသည်။ ဝတ္ထုတစ်ပုဒ်ကို ရေးတော့မည် (ယုတ်စွအဆုံး စကားတစ်ခွန်းကို ပြောတော့

www.burmeseclassic.com

www.burmeseclassic.com

မည်)ဆိုလျှင်ပင် ဦးတည်ချက်၊ ရည်မှန်းချက်တစ်ခုတော့ (ယေဘုယျအားဖြင့်) ပါနေမည်သာ ဖြစ်ပါသည်။ သို့သော် ဦးတည်ချက်ကို ပြောလိုသူက တိုက်ရိုက် ပြောချလိုပါလျှင် ဝတ္ထု စသည့် အနုပညာပစ္စည်းအဖြစ် ဖန်တီးနေစရာ မလိုတော့ပေ။ သည်အတိုင်း ဝါကျတစ်ခု၊ စာတစ်ပုဒ် သို့မဟုတ် ယခု ကျွန်တော်ရေးသော ဆောင်းပါးမျိုးတစ်စောင်သာ ရေးချလိုက်ရုံ ရှိပါသည်။ ဝတ္ထုဖြစ်လာသော အခါတွင်မူကား ဝတ္ထုနှင့်တူအောင် (တစ်နည်းအားဖြင့် ဓမ္မဓိဋ္ဌာန်ကျသော) အတ္ထုပ္ပတ္တိမျိုးနှင့်တူအောင် ရေးနိုင်လျှင် အကောင်းဆုံး ဖြစ်သည်ဟု ထင်မိပါသည်။

ထို့ကြောင့် ဝတ္ထုတွင် တင်ပြလိုသော အတွေးအမြင်၊ အယူအဆ ဘဝဒဿနတို့သည်ကား ဝတ္ထုရေးသူ၏ ပုဂ္ဂလဓိဋ္ဌာန် ဆုံးဖြတ်ချက်ဖြစ်၍ ဝတ္ထုတွင် တင်ပြသောအခါတွင်ကား မိမိ၏ ဆန္ဒစွဲမပါဘိသကဲ့သို့ ဓမ္မဓိဋ္ဌာန် ဖြစ်အောင် ပြနိုင်လေ ကောင်းလေဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ထပ်မံ ရှင်းလင်းတင်ပြရလျှင် အလုပ်သမား ဆင်းရဲသားတို့၏ ဘဝမှာ ကြင်နာဖွယ်ရာ၊ သနားဖွယ်ရာ ကောင်းကြောင်းကို ပမာနအားသော်ပြ၍ ဝတ္ထု ရေးမည် ဆိုပါစို့။ သနားစရာကောင်းသည်ဟု ဝင်မပြောပါနှင့်။ သနားလာ အောင် ပြပါ။ အလုပ်သမားများဘက်က ရပ်တည်သော ဝတ္ထု ဖြစ်နေခြင်း အတွက် ဘာမျှပြောစရာ မလိုပါ။ ဝတ္ထုရေးသူ၏ နိုင်ငံရေး ရပ်တည်မှုသာ ဖြစ်ပါသည်။ သို့သော် ဝတ္ထုထဲအထိလိုက်ကာ ဝတ္ထုထဲက ဇာတ်ဆောင် အလုပ်သမားဘက်က ဝင်ဝင်ပြီးပြောခြင်း 'သနားစရာကောင်းတယ်နော်'ဟု မြည်တမ်းခြင်းတို့သည်ကား ဆန္ဒစွဲကြီးလှသော အတ္ထုပ္ပတ္တိကို ဖတ်ရသကဲ့သို့ ရှိတတ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

မြန်မာ့ဝတ္ထုရေးဆရာ အချို့

ယခုသော်ကား မြန်မာ့ဝတ္ထုရေးသူအချို့မှာ မိမိ ဇာတ်လိုက်မင်းသား၊ မင်းသမီး များကို ပရိသတ်က မချစ်– ချစ်အောင်၊ မသနား– သနားအောင်၊ မချီးကျူး– ချီးကျူးအောင် ကြိုးစားပမ်းစား ဆန္ဒစွဲကြီးစွာ အားထုတ်နေတတ်ကြသည် ဟု ထင်ပါသည်။ မိမိဇာတ်ဆောင်ကို ပရိသတ်က သနားသောကြောင့် မျက်ရည်ကျမိကြသည်၊ သို့မဟုတ် စွဲလမ်းနေမိကြသည်ဆိုလျှင် အောင်မြင် လှသော အနုပညာဖြစ်သည်ဟု ထင်နေကြသည်။ ထို့ကြောင့် ဓမ္မဓိဋ္ဌာန်

ဖြစ်အောင် ကြိုးစားခြင်း မပြုရုံသာမက ဆန္ဒစွဲကြီးမားစွာ သာသာထိုးထိုးကြီး ဖွဲ့နွဲ့ကြသည်မှာ အမောတကော ဖြစ်နေပါတော့သည်။

ထိုမျှမကသေး အချို့သော ဝတ္ထုရေးသူများမှာ မိမိဇာတ်ဆောင်ကို ကြိုးစားပမ်းစား လှအောင်၊ နှစ်သက်ဖွယ်ဖြစ်အောင်၊ ချီးကျူးဖွယ်ဖြစ်အောင် ဖွဲ့ပြီး စာရေးသူမိမိကို နှငယ်သော ပရိသတ်က ထိုဇာတ်ဆောင်မျိုးလေလားဟု ထင်ယောင်ကိုးစား တွယ်တာလာအောင်ပင် လုပ်တတ်ကြပါသေးသည်။ ဝတ္ထု ထဲက ဇာတ်ဆောင်ကဲ့သို့ပင် ဖြစ်လိမ့်မည်ဟု ပရိသတ်က မိမိအား စိတ်ကူး ပုံဖော်စေလိုသော ဆန္ဒစွဲပင် ပါလာပါသည်။

စုံထောက်နှင့် လျှို့ဝှက်သည်းဖို

ဤသို့သော အကွာအဝေး သဘော၊ ဓမ္မဓိဋ္ဌာန် သဘောများကို လျှို့ဝှက် သည်းဖို၊ စုံထောက်ဝတ္ထုနှင့် အနိမ့်စား အပေါစား အချစ်ဝတ္ထုများတွင် ရှာဖွေ စူးစမ်းခြင်း ပြုသင့်ပါသလောဟူသော မေးခွန်းပေါ်လာနိုင်ပါသည်။ သူတို့၏ အတန်းအစားမှာ တစ်မျိုးဖြစ်ပါသည်။ သူတို့ကို ဖတ်သော ပရိသတ်သည်လည်း တစ်မျိုး ဖြစ်ပါသည်။ များသောအားဖြင့် ဝါနု လူငယ်ပရိသတ်ကသာ အာရုံပြု၍ ဖတ်လေ့ရှိပါသည်။ သူတို့အဖို့ စရိုက်သေပုံစံသည်သာလျှင် အကောင်းဆုံး အသုံးအကျဆုံးဖြစ်သည်။ သူတို့၏ ဇာတ်ဆောင်ကြီးများဖြစ်ကြသော မောင်စံရှား၊ တင်မောင်ဆွေ စသည်တို့ကို အမျိုးမျိုးအမှန်းတင်ပေလိမ့်မည်။ ဤသို့ အမှန်းတင်ရာ၌ပင်လျှင် ဝတ္ထုရေးသူ၏ အရည်အချင်း၊ အသိဉာဏ် ဗဟုသုတ အဆင့်အတန်းအလိုက် သူတို့၏ ဇာတ်ဆောင်များသည်လည်း ဗဟုသုတ၊ အသိဉာဏ် အဆင့်အမျိုးမျိုး ကွာခြားနေပါလိမ့်မည်။

ထို့ကြောင့် ကျွန်တော် တင်ပြခဲ့သော အကွာအဝေး(ဓမ္မဓိဋ္ဌာန်)ကျကျ ရေးပုံ သုံးသပ်ခြင်းမှာ ဝတ္ထုဟု တကယ်ခေါ်ထိုက်အောင် ကြိုးစားနေသည့် ဝတ္ထုဆရာများနှင့်သာ သက်ဆိုင်သည်ဟု ဆိုရပါမည်။

နိဂုံး

သို့ဖြစ်လျှင် ဆန္ဒစွဲပါသော ဝတ္ထုအားလုံးကို လွှင့်ပစ် ရမည်လောဟု မေးစရာရှိပါသည်။ ဤသို့လည်း မဟုတ်ပါ၊ ဆန္ဒစွဲပါနေသော်ပင် ဖတ်လို့ ကောင်းသော ဝတ္ထုများလည်း ရှိပါသည်။ သို့သော် သူတို့သည် ဇာတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com

ပတာနဘက်သို့ သက်ဆင်းသွားလေ့ရှိသည်ကိုလည်း သတိပြုသင့်ပါသည်။ တစ်နည်းအားဖြင့် ဇာတ်လမ်းကောင်းဖြင့် စာဖတ်သူကို ထိန်းထားခြင်းသာ ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

"တကယ်ချပြီးရေးတော့ ဆန္ဒစွဲမပါအောင် ရေးရတာ မလွယ်ဘူး။ မင်း တစ်ပုဒ်လောက် လက်တွေ့ရေးပြပါလား"ဟု ပြောလျှင် ရေးရတာ မလွယ်ကြောင်း ကျွန်တော် သိပါသည်။ ကျွန်တော် မရေးတတ်ပါ။ သို့သော် "သိန်းဖေမြင့် ကြိုးစားရေးပြထားသည်တော့ ရှိသားပဲ"ဟု ဖြေပါမည်။ ထို့ပြင် ဆန္ဒစွဲဆိုသည်မှာ ဝေါဟာရများ၊ အလင်္ကာများ၊ သမာဓိဂုဏ်များ၌ပင် ပါနေတတ်လေရာ ရှောင်ခွာပြီး ရေးရန်ခက်လှကြောင်း ကျွန်တော်ကောင်းကောင်း သိပါသည်။ ဥပမာ "သူ့မျက်နှာလေးက" ဟူသော စကားနှင့် "သူ့မျက်နှာကြီးက" ဟူသောစကား၌ပင် ရေးသူ၏ ဆန္ဒစွဲ ပါနေပြီဖြစ်လေရာ တစ်ပါးသော အလင်္ကာများ၌ကား ဆိုဖွယ်ရာမရှိပါ။ ဆန္ဒစွဲမပါသော (ဝါ) ဘက်မလိုက်သော ဥပမာ၊ ရူပကအလင်္ကာတို့ကိုလည်း ရှာရန်ခက်လှကြောင်း ကျွန်တော် ဝန်ခံပါသည်။

သို့သော် ပြင်သစ်စာရေးဆရာကြီး ဖလောဘေး၏ ပေးစာများထဲက စကားလေးတစ်ခုကိုလည်း သတိရနေပါသည်။

ထိုစကားမှာ . . .

"ကျွန်တော်က စာရေးတဲ့အခါမှာ နှလုံးသားနဲ့ မရေးဘူး လို့ ရေးလိုက်တာ နည်းနည်းခွကျနေတယ်၊ ဆိုလိုတာက ဝတ္ထုရေးသူက မြင်ကွင်းထဲမှာ ကိုယ်ယောင်ထွက်ပြီး မပြရဘူးလို့ ဆိုလိုတာ။ တကယ့်အနုပညာဟူသမျှဟာ သိပ္ပံဆန်တယ်၊ ဆန္ဒာကတိ ကင်းတယ်လို့ ကျွန်တော် ယုံကြည်တယ်၊ ကျွန်တော်တို့ရဲ့ စိတ်ကူး စွမ်းအားနဲ့ ဇာတ်ဆောင်တွေကို လွှမ်းမိုးသုံးသပ်နိုင်ရမယ်၊ ဒါပေမဲ့ သူတို့ကတော့ ကိုယ့်ကို အဲဒီလို လွှမ်းမိုးဩဇာပြုခြင်း မဖြစ်စေရဘူး"

ဤသည်မှာ ဖလောဘေး၏ အယူအဆဖြစ်ပါသည်။ ရသစာပေသည် အနုပညာဖြစ်သည်မှာ မှန်ပါသည်။ သို့သော် ခေတ်ပေါ်ဝတ္ထုသည်ကား သိပ္ပံ အဆန်ဆုံးသော အနုပညာဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ သိပ္ပံနည်းကျ တင်ပြရသော ကိစ္စဟူသမျှတွင် ဆန္ဒစွဲကင်းရပါသည်။ အဂတိလိုက်စားမှု

ကင်းရပါသည်။ ဝတ္ထုတွင်လည်း သိပ္ပံလောက် ဓမ္မဓိဋ္ဌာန် မကျနိုင်စေကာမူ အဂတိလိုက်စားမှု ကင်းလေ ကောင်းလေဖြစ်ပါသည်။ ဝတ္ထု၏ ဦးတည်ချက် အာဘော်စသည်တို့တွင် ဆန္ဒစွဲဘယ်လောက်ရှိရှိ ဝတ္ထုထဲအထိ ကိုယ်ယောင် တပြုပြုလုပ်ပြီး ဆန္ဒစွဲ မပါသင့်ပါ။

လူ့လောကတွင် အဂတိတရား ၄ ပါးရှိပါသည်။ ဆန္ဒာ၊ ဘယာ၊ ဒေါသ၊ မောဟတို့ ဖြစ်ပါသည်။ ချစ်၍၊ ကြောက်၍၊ မုန်း၍၊ တွေဝေ၍ အမှားကိုပြုခြင်းဟု ဆိုပါသည်။ ဝတ္ထုများတွင်လည်း ဤအဂတိများ တွေ့နေရတတ်ကြောင်း သတိပြုမိပါသည်။

■

?

မေ၊ ၁၉၇၇

www.burmeseclassic.com

www.burmeseclassic.com

ဖတ်သူနှင့် ဝတ္ထုအကွာအဝေး (၁)

'ဖတ်သူနှင့် ဝတ္ထုအကွာအဝေး' ဟူသော ခေါင်းစဉ် တပ်လိုက်ပြီးသည့်နောက်၊ စာအုပ်နှင့်မျက်လုံး ဆယ့်သုံးလက်မခန့် အကွာအဝေးရှိသင့်သည် ဟူသော မျက်လုံး ဂရုစိုက်မှုနှင့် ပတ်သက်သည့် အညွှန်းကို သတိရမိသောကြောင့် ပြုံးလိုက်မိပါသေးသည်။

ကျွန်တော် စာမရေးတာ ကြာပါပြီ။ ကျွန်တော်၏ **'စာပေရေးရာ ဆောင်းပါးများ'** စာအုပ်တွင် ရှုမဝမဂ္ဂဇင်း၌ ပါဝင်ပြီး ဆောင်းပါးအချို့သာမက ဆောင်းပါး အသစ် ၆ ပုဒ်ကိုလည်း ထည့်သွင်းခဲ့သေးရာ အကွာအဝေးသဘောကို တင်ပြသည့် ဆောင်းပါး ၂ ပုဒ် ပါဝင်ခဲ့ပါသည်။ **'ဒိဋ္ဌနှင့် စိတ်ကူးအကွာအဝေး'** **'ဝတ္ထုနှင့် ရေးသူအကွာအဝေး'** တို့ ဖြစ်ပါသည်။ ယခု ရေးသားတင်ပြမည့် **'ဖတ်သူနှင့် ဝတ္ထုအကွာအဝေး'** ကိုလည်း ထိုစာအုပ်၌ ထည့်သွင်းခဲ့ရန် ဖြစ်ပါသည်။ သို့သော် အချိန်မရသောကြောင့် ချန်ခဲ့ရပါသည်။ အချိန်မရသောကြောင့် ဆိုခြင်းထက်၊ ပြည့်စုံရှင်းလင်းအောင် ရေးချိန်မရခဲ့သည့်အတွက်ဟု ဆိုလျှင် ပို၍မှန်ကန်ပါသည်။ ရေးတော့ ရေးခဲ့ပါသေးသည်။ သို့သော် ပြည့်စုံရှင်းလင်းခြင်း မရှိသေးဟု ယူဆသောကြောင့် ချန်ထားခဲ့ရပါသည်။ ဖတ်သူနှင့် ဝတ္ထုအကွာအဝေးကို တွက်ဆလိုက်လျှင် တစ်နှယ်ငင် တစ်စင်ပါ ပြဿနာ အတော်များများနှင့် ရင်ဆိုင်တွေ့ရကြောင်း၊ ယခုဆောင်းပါးကို ဖတ်ရင်း သတိပြုမိလာပါလိမ့်မည်။ ထို့ကြောင့် တင်ပြချက် မပြည့်စုံသေးမီ ကောက်ကာငင်ကာ မှတ်ချက်မချရန် ကြိုတင်၍ တောင်းပန်ရပါသည်။

ထို့ပြင် အကွာအဝေးသဘောတရားမှာ ကျွန်တော်တို့ မြန်မာစာဖတ် ပရိသတ်အဖို့ အတော်ကလေး စိမ်းနေသောကြောင့် အတန်အသင့် ရှည်လျားစွာ ချဲ့ထွင်ရှင်းပြထားပါသည်။ ထိုကဲ့သို့ တင်ပြရာ၌ စာပေနှင့်ပတ်သက်သော ဥဒါဟရုဏ်များသာမက ဂီတ၊ ရုပ်ရှင် စသည်တို့ကိုပါ အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။ ဥဒါဟရုဏ် တစ်ချက်နှစ်ချက်နှင့်ပင် နားလည်သဘော ပေါက်ပြီး ဖြစ်နေပါလျှင်လည်း ကျွန်တော်၏ စိုးရိမ်စိတ်ကြောင့်သာ ဥဒါဟရုဏ် များလွန်းနေသည်ဟု ခွင့်လွှတ်ကြပါရန် တောင်းပန်ပါသည်။

ကိုတင်အောင်သန်းရဲ့ ပန်းမြိုင်လယ်

၁၉၆၅ ခု၊ မေလတွင် ကျွန်တော့်အား မော်လမြိုင်ကောလိပ်မှ မေမြို့ စစ်တက္ကသိုလ်သို့ ပြောင်းရွှေ့အမှုထမ်းရန် အမိန့်ထွက်လာပါသည်။ ထိုအခါတွင် ကျွန်တော်၏ မိသားစုမှာ တောင်တွင်းကြီးတွင် ရှိနေပါသည်။ ထို့ပြင် မော်လမြိုင် ကောလိပ်ကိုလည်း တွယ်တာနေပါပြီ။ ကျောင်းသူကျောင်းသားများမှာလည်း မှတ္တမသို့ လိုက်ပို့ရင်း ငိုကြ၊ ကန်တော့ကြနှင့် ဝမ်းနည်းရင်နင့်စရာ ဖြစ်ရပါသည်။

ဤသို့နှင့် မေမြို့စစ်တက္ကသိုလ်သို့ သွားပါသည်။ ဌာနမှူးဦးမြိုင်သန့်မှ တစ်ပါး ကျွမ်းနီးသူတစ်ယောက်မှ မရှိပါ။ မိုးက ဖွဲလိုက်၊ မိုးနှင်းက ဝေလိုက်၊ ကျွန်တော်နေရသော ဆရာဆောင်အိမ်ကြီးကို မိုးမှိုင်းတိမ်ငွေ့တွေက မီးခိုးလုံး ငွေ့သကဲ့သို့ တသည်းသည်း ငွေ့လိုက်နှင့် ကျွန်တော့်ရင်ထဲမှာလည်း တမှိုင်း ဝေ့ဝေ့ တဆွေးမြည့်မြည့် ရှိလှပါတော့သည်။

ဤသို့သောအချိန်မျိုးတွင် ကိုတင်အောင်သန်းနှင့် စတင်ရင်းနှီးခဲ့ရပါ သည်။ သူကလည်း ဗိုလ်ကြီးတင်အောင်သန်းအဖြစ် မြန်မာစာဌာနတွင် အမှု ထမ်းနေပါသည်။ တစ်ညနေတွင် တစ်တွင်း၌ပင်ရှိသော သူ၏ နေအိမ်သို့ အလည်လိုက်သွားပါသည်။ စန္ဒရားတစ်လုံးကို တွေ့မိသောကြောင့် မေးမြန်း စကားစပ်မိရာမှ သူက စန္ဒရားနှင့် ညည်းခံသည့်အခြေသို့ ရောက်သွားပါသည်။ ဘာသီချင်း နားထောင်မလဲ မေးသည်။ ပန်းမြိုင်လယ် တီးရန် ပြောလိုက်ပါ သည်။ သူက ပန်းမြိုင်လယ်ကို ကိုယ်တိုင်ဆိုရင်း တီးပြသွားပါသည်။ ဆိုတီးကို ပိပိရိရိတီးနိုင်သူကို ကျွန်တော် များများမတွေ့ဖူးပါ။ ကိုတင်အောင်သန်းမှာ တီးသူတစ်ယောက် ဆိုသူတစ်ယောက်လိုဖြစ်နေအောင် ပိရိကျွမ်းကျင်သည်ဟု ဆိုချင်ပါသည်။ ရုတ်တရက်တွေ့ရလျှင် ယောင်ယမ်းပြီး လန့်လောက်သော

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာပေါက်ကြီးနှင့် စစ်ဗိုလ်တစ်ယောက်က ဤကဲ့သို့ နွဲ့နွဲ့ပျောင်းပျောင်း ဆွဲဆွဲငင်ငင် ဆိုနိုင် တီးနိုင်ဖြစ်နေသည်ကို တွေ့ရသောအခါ ကျွန်တော် အတော်လေး အံ့အားသင့်နေမိပါသေးသည်။

သို့သော် ကြာရှည်အံ့အားသင့်ချိန်မရတော့ပါ။ တေးဂီတတွင် ကျွန်တော် နစ်မျောသွားပါတော့သည်။ ငြိမ့်ညောင်းချိုမြိန်လှသော တေးသံကို နားထောင်ရင်း ကျွန်တော့်စိတ်သည် ယစ်ယစ်မူ့မူ့ ဖြစ်လာပါသည်။ မိသားစုကိုလည်း လွမ်းသည်။ အပေါင်းအသင်း ဆရာများကိုလည်း လွမ်းသည်။ တပည့်တပန်းများကိုလည်း တမ်းတမိသည်။ ရင်ထဲတွင် တလှိုက်လှိုက်နှင့် ပန်းပန်းဆာဆာရှိလှပါသည်။

'ဘုံရွှေနန်းငယ်၊ သည်ဝယ်ကွာတယ် ဆွေးရန်၊ ကြိုမှိုင် တွေးပြန်' ဟူသော အပိုဒ်သို့ ရောက်သောအခါ မျက်ရည်က ဘယ့်နှယ် ဘယ်သို့ ကျလာသည် မသိတော့ပါ။ မျက်နှာကို မှောင်ရိပ်ထဲတွင် ဝှက်ပြီး မျက်ရည် သုတ်နေရပါတော့သည်။ သီချင်းမည်သို့မည်ပုံ ဆုံးသွားသည်ကိုပင် မသိ လိုက်နိုင်တော့ပါ။ စန္ဒရားသံရပ်သွားမှ "ကောင်းလိုက် ငြိမ့်လိုက်တာဗျာ၊ ကျွန်တော်ဖြင့် မျက်ရည်တောင် လည်လာတာပဲ" ဟု လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်မိပါသည်။ ကိုတင်အောင်သန်းကလည်း ဝမ်းမြောက်ဟန်ရှိပါသည်။ လှိုက်လှဲရိုးသားသော ချီးကျူးခြင်းကို မနှစ်သက်သူ ဘယ်မှာရှိပါမည်နည်း။

ထို့နောက် သုံးလေးရက်ကြာသောအခါ ညဦးပိုင်းတွင် သူ့အိမ်သို့ ရောက်သွားပြန်ပါသည်။ ပန်းမြိုင်လယ်ကိုပင် အတီးခိုင်းမိပါသည်။ ထိုအခါတွင်ကား ကျွန်တော်၏ အာရုံပြုမှုမှာ တစ်မျိုးဖြစ်နေပါသည်။ ပန်းမြိုင်လယ်ကို နားထောင်ရင်း ရာမ၊ လက္ခဏ နန်းတွင်းဇာတ်ကြီး က,ဟန်ကို မြင်ယောင်နေပါသည်။ 'ဘုံရွှေနန်း' အပိုဒ်သို့ ရောက်သောအခါတွင်လည်း 'သုချိတ်၊ ဘာလီ နောင်နှင့်ညီတို့၊ မကြည်ညို အစွမ်းတုပြီး၊ နန်းလုတဲ့ တောပေထင့်' ဟူသော တေးလားလက်ာမှ စပြီး သုချိတ်၊ ဘာလီနှင့် ရာမ၊လက္ခဏတို့ ဆုံကြရပုံကို တွေးတော ငေးမောရင်း နားထောင်နေမိပါသည်။ ထို့ပြင် သီချင်းစာသား စကားလုံး ရွေးချယ်ပုံ စကားလုံးပေါင်းစပ် ဖွဲ့စည်းပုံများကိုပါ အရသာခံ နေမိပါသည်။

နောက်တစ်ကြိမ် ထပ်ရောက်သွားတော့မှ ကိုတင်အောင်သန်းမှာ ပန်းမြိုင်လယ်နှင့်ပင် မန္တလေး လွှတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂီတပြိုင်ပွဲတွင်

စန္ဒရားရွှေတံဆိပ်၊ အဆို ငွေတံဆိပ်ရခဲ့ကြောင်း သိလာရပြန်၍ တစ်ဆင့် အံ့အားသင့်ရပြန်ပါသည်။ ကိုတင်အောင်သန်းကတော့ ကျွန်တော့်ကို 'ပန်းမြိုင် လယ်ဆရာကြီး' ဟု ခေါ်နေပါပြီ။ ယခုတစ်ကြိမ် သူ၏ တေးဂီတကို နားထောင်သောအခါတွင်ကား ရွှေတံဆိပ် ငွေတံဆိပ် ဆုရှင်မို့ သူ၏ အဆို အတီးပညာကို ဂရုပြုနေမိပါသည်။ စန္ဒရား အကူး အဆက်၊ အတို့ အခတ်၊ အဆို၊ လေယူ လေသိမ်း၊ အဝင် အထွက် စသည်တို့ကို သတိပြုပြီး နားထောင်ခဲ့မိပါသည်။

ဤတွင် ကိုတင်အောင်သန်း၏ ပန်းမြိုင်လယ် ဇာတ်ကြောင်း ပြည့်စုံ ပါပြီ။

ဤဇာတ်ကြောင်းနှင့် ပတ်သက်၍ ကျွန်တော့်တွင် ပေါ်ထွက်လာခဲ့သော မေးခွန်းများကို စာဖတ်သူအား တင်ပြလိုပါသည်။ဂီတကို သုံးကြိမ်နားထောင်ခဲ့ ရာတွင် မည်သည့်အကြိမ် ဂီတအနုပညာ၏ အရသာကို ခံစားခဲ့သည်ဟု ဆိုနိုင်ပါသနည်း။

ပထမဆုံးအကြိမ်တွင် မျက်ရည်ကျခဲ့သည်မှာ မှန်ပါသည်။ သို့သော် ဂီတကို နောက်ခံတေးပြုလျက် ကျွန်တော့်လက်ရှိဘဝကို တွေးငေး ဆွေးပြီး လွမ်းခဲ့ခြင်းဖြစ်ပါသည်။

ဒုတိယအကြိမ်တွင် တေးသီချင်း စာသား ဝေါဟာရများကို စိစစ်၍ အရသာခံခဲ့မိသည်။ ရာမ၊ လက္ခဏတို့၏ ကြေကွဲဖွယ်ရာ ဇာတ်လမ်း၊ သုချိတ် ဘာလီ ညီနောင်၏ ဆွေးမြည့်ဖွယ်ရာ အဖြစ်ကို ကြင်နာလွမ်းမောနေခဲ့မိသည်။

တတိယအကြိမ်တွင်ကား ကိုတင်အောင်သန်း၏ ဂီတစွမ်းရည်ကို သုံးသပ်နေခဲ့မိပါသည်။ ဂီတ၌ နစ်မျောသွားခြင်း မဟုတ်ပါ။ ဂီတစွမ်းရည်ကို သုံးသပ် ချီးကျူးနေခြင်းသာ ဖြစ်ပါသည်။

ဤသုံးကြိမ်တွင် မည်သည့်အကြိမ်သည် ဂီတ၏ အရသာကို အနီးကပ်ဆုံး (အကွာအဝေးမရှိ)ခံစားခြင်း ဖြစ်ပါသနည်း။ မည်သည့်အကြိမ်သည် ဂီတခံစားမှု အကွာအဝေးဆုံး ဖြစ်ပါသနည်း။

ပထမဆုံးအကြိမ်မှာတော့ အကွာအဝေး ရှိနေသည်မှာ ဖြစ်သည်ဟု ဆိုချင်ပါသည်။ ချစ်သူနှစ်ဦးတို့၏ မင်္ဂလာအခမ်းအနားတွင် 'အခါတော် ပေးတာက နှုတ်ရေးငယ်ရွှေစာ' ဟူသော တေးသံကို ကြားရသောကြောင့် သူတို့နှစ်ဦး ပီတိတွေ တဖြန်းဖြန်း ဖြစ်သွားပါသည် ဆိုလျှင် ဂီတ၏ စွမ်းရည်

www.burmeseclassic.com

www.burmeseclassic.com

လား၊ ဂီတကို အကွာအဝေးမရှိ ခံစားနေခြင်းလား ဆင်ခြင်ရန် ဖြစ်ပါသည်။ ထို့အတူ အသုဘတစ်ခု ဆိုင်းသွင်းရာတွင် နံနက်စော ‘မျောက်မင်းအူသံ’ တီးလိုက်သောအခါ၊ အော်ကြီးဟစ်ကျယ်ငိုလိုက်ကြခြင်းသည် ဂီတ၏ အရသာကို ခံစားခြင်းလား၊ သူ့ဓာတ်ခံနှင့် သူလား၊ အကွာအဝေး ရှိသည်ဟုဆိုလျှင် လက်ခံနိုင် မခံနိုင် စဉ်းစားရန် ဖြစ်ပါသည်။

ဂီတပြိုင်ပွဲတစ်ခုတွင် အကဲဖြတ်မည့် ပုဂ္ဂိုလ်များသည် မည်သည့်စိတ်နေအခံဖြင့် နားထောင်မည်နည်း။ အထက်တွင် ဖော်ပြခဲ့သော သုံးကြိမ်အနက် မည်သည့်ပုံစံမျိုးဖြင့် နားထောင်သင့်ပါသနည်း။ ယင်းကဲ့သို့ နားထောင်ခြင်းသည်သာလျှင် အနုပညာကို အနီးကပ်ဆုံး ခံစားခြင်းဖြစ်သည်၊ အကွာအဝေး မရှိသော ခံစားမှုမျိုးဖြစ်သည်ဟု ဆိုလျှင် စာဖတ်သူ သဘောတူနိုင်ပါသလား၊ စဉ်းစားရန် တင်ပြပါ၏။

မည်သို့ပင်ဖြစ်စေ အနုပညာခံစားမှုတွင် အကွာအဝေး ရှိသည်ဆိုသော အချက်ကား ရှင်းလောက်ပြီဟု ထင်ပါသည်။

ထို့အတူပင် တေးသီချင်းများကို နှစ်သက်ကြရာတွင် တေးသွားကို ကြိုက်ခြင်း၊ တေးသား(စာသား)ကို ကြိုက်ခြင်း၊ ‘တဝဂ္ဂမှ ဂီတသံ’၊ ‘သာချို’ တို့ကဲ့သို့ နောက်ခံ ဇာတ်လမ်းပါလျှင် ဇာတ်လမ်းဖွဲ့ပုံကို ကြိုက်ခြင်း၊ရည်ရွယ်ချက် အကြောင်းအရာကို ကြိုက်ခြင်း စသည်ဖြင့် ကွဲပြားနိုင်သေးသည်ဟု ယူဆမိပါသည်။

တစ်ခါတစ်ရံတွင် ကရုဏာရသကို ပေးသည့် စကားလုံး၊ အလင်္ကာ ပြောင်မြောက်မှု၊ ဟာသရသကို ပေးသည့် စကားလုံး၊ အလင်္ကာ ပြောင်မြောက်မှု၊ ဇာတိမာန် ဝီရရသ စသည်ကို ပေးသည့် စကားလုံး၊ အလင်္ကာ ပြောင်မြောက်မှု စသည်တို့ကြောင့် တေးသွားဂီတ ရိုးစင်းပါလျက် နှစ်သက်မိကြသော သီချင်းများရှိသေးသည်ကိုလည်း တွေးမိပါသည်။ ဤအခါမျိုးတွင်လည်း ဂီတအနုပညာတွင် ခံစားမှု အကွာအဝေး ရှိနေသေးသည်ဟု ယူဆမိပါသည်။

ဓမ္မကထိကပုံပြင်

ကြားဖူးသော ပုံပြင်ကလေးတစ်ခုကို တင်ပြလိုပါသေးသည်။

တစ်ခါက ဓမ္မကထိက ဘုန်းတော်ကြီးတစ်ပါးက အရှိုက်အငင်အသံအနေထား၊ စကားဖွဲ့နွဲ့ ကောင်းနိုင်သမျှကောင်းအောင် ကြိုးစားပမ်းစား ယပ်လှဲ

တရားကို ဟောနေသည်။ ဝေဿန္တရာဇာတ်တော်၊ ကဏှာဇာလီ လှူခန်းသို့ရောက်လျှင် ဘုန်းကြီးကလည်း အစွမ်းကုန်ကြိုးလေတော့သည်။ ရှေ့နားက ထိုင်နေသော ဒါယိကာမကြီးတစ်ဦးမှာ ဘုန်းတော်ကြီးအား တစိမ့်စိမ့်ကြည့်၍ တရားနာရင်း မျက်ရည်တဝဲဝဲ ဖြစ်နေရာမှ ရှိုက်၍ ငိုလေတော့သည်။ တရားဆုံးသည့်တိုင် မတိတ်နိုင်ဘဲ တရှုံ့ရှုံ့ ငိုနေသောကြောင့် ဘုန်းတော်ကြီးက သုတ္တန်ဒေသနာ ဆိုသည်မှာ ဤသို့ပင်ဖြစ်ကြောင်း၊ စင်စစ်အားဖြင့် ကဏှာဇာလီတို့မှာ နိဗ္ဗာန်သို့ပင် ဝင်ပြီးကုန်ပြီဖြစ်ကြောင်း စသည်ဖြင့် အငိုတိတ်အောင် ပြန်၍ ချော့ရလေသည်။ ထိုအခါတွင်မှ ဒါယိကာမကြီးက ပြန်၍လျှောက်သည်မှာ “တပည့်တော် ငိုတာက ကဏှာဇာလီကြောင့် မဟုတ်ဘူးဘုရား၊ အရှင်ဘုရားက သေသွားတဲ့ တပည့်တော် သားကြီးနဲ့ တူလွန်းလို့ပါဘုရား၊ စကားပြောပုံရော အသံကစပြီး အလွန်တူပါတယ်၊ ဒါကြောင့် ငိုမိတာပါဘုရား”

ဤပုံပြင်မှာ ‘တရားနာသူနှင့် တရားအကွာအဝေး’ ကို ပြသော ပုံပြင်ဖြစ်ကြောင်း ထင်ရှားပါသည်။

ထိုမှတစ်ဆင့် “ဒီနေ့ တရားဟောတဲ့ ဦးပဉ္စင်းလေးက အသံသိပ်ကောင်းတာပဲနော်၊ ဆွဲတိုင်းငင်တိုင်း ကြည်နေတာပဲ” ဟူသော မှတ်ချက်မျိုးတွင် အကွာအဝေးရှိနေကြောင်း သိသာလှသည်ဟု ထင်မိပါသည်။

ကျောင်းသားပညာရှိ၏ မေးခွန်း

ကျွန်တော် တက္ကသိုလ်တွင် ဆရာဖြစ်စ ၁၉၆၂–၆၃ က ဖြစ်ပါသည်။ (ထိုစဉ်က စနစ်အရ) ဥပစာ ဝိဇ္ဇာ ဒုတိယနှစ် မြန်မာစာ ဘာသာတွဲယူသူ ကျောင်းသားများ ပို့ချခြင်း၊ နည်းပြခြင်း ပြုခဲ့ရပါသည်။ နည်းပြတန်းတွင် သက်ဆိုင်ရာ လေ့ကျင့်ခန်း မေးခွန်းများကိုသာမက စာပေနှင့် စပ်ဆိုင်ရာ ကိစ္စများကို ဆွေးနွေးမေးမြန်းစေခြင်း ပြုခဲ့ပါသည်။ အချို့ကလည်း အတန်းထဲတွင် ကျယ်ကျယ် မေးကြပါသည်။ အချို့ကမူကား (အထူးသဖြင့် ကျောင်းသူများက) အတန်းထဲတွင် ထပြီး မမေးဝံ့သောကြောင့် မေးခွန်းစာရွက်ကလေးများ၌ ကျွန်တော် ဝင်မလာမီ ဆရာ့စားပွဲပေါ်တွင် တင်ထားလေ့ရှိပါသည်။

မေးခွန်း အမျိုးမျိုး အဖုံဖုံ လာတတ်သောကြောင့် ပျော်စရာလည်း ကောင်းလှပါသည်။ တစ်ခါတစ်ရံ ‘တချွေ သူရဲဆိုတာ ရှိပါသလား၊ ဆရာကော

www.burmeseclassic.com

ကြုံဖူးပါသလား။ ယုံကော ယုံသလား’ စသည့် မဆီမဆိုင် မေးခွန်းတွေ ပါလာတတ်ရာ ယခု ဤစာရေးနေရင်းပင် ပြန်လည် လွမ်းဆွတ်လျက် ပြုံးမိပါသေးသည်။

တစ်နေ့တွင် ကျောင်းသားတစ်ယောက်က ရယ်ရယ်မောမောပင် မေးခွန်းတစ်ခုကို ထပြီး မေးပါသည်။ (ယခု ပထဝီဦးကျော်ရင်ဟု နာမည်ကြီး နေသော ကျော်ရင်တို့အုပ်စုပဲ ဖြစ်မည် ထင်သည်။)

“ကျွန်တော် မေးချင်ပါတယ် ဆရာ၊ ရသစာပေဆိုတာဟာ စာဖတ်သူ ရဲ့ စိတ်အာရုံကို လှုပ်ရှားလာအောင် ဆွဲဆောင်နိုင်တယ်လို့ ဆိုပါတယ်၊ အဲဒီလို ဆွဲဆောင်နိုင်တဲ့ ခွန်အားကြီးလေလေ ရသစာပေဟာ အောင်မြင် လေလေလို့လဲပဲ ဆိုပါတယ်။ အဲတော့ အဟီး . . . ဟို အပြာ စာအုပ်တွေ ဟာ စိတ်ကို လှုပ်ရှားအောင် အလွန်ဆွဲဆောင်ပါတယ်၊ သူတို့လဲ အောင်မြင်တဲ့ ရသစာပေပဲ မဟုတ်လား ဆရာ”

ဝါးခနဲ တစ်တန်းလုံး ပွဲကျသွားပါသည်။ ကျောင်းသူများပင် ပါးစပ်ကို ပိတ်ရယ်ရာမှ နောက်လှည့်ပြီး ကြည့်ကြပါသည်။ ရယ်စရာမို့သာ ရယ်လိုက်ရ သော်လည်း သူ့မေးခွန်းမှာ ကျိုးကြောင်းသင့် ဖြစ်နေ၍ အားလုံးက ကျွန်တော့် အဖြေကို စိတ်ဝင်စားစွာ စောင့်နေကြကြောင်းကိုလည်း သတိပြုမိလိုက် ပါသည်။

“ဒီမေးခွန်းကို မဖြေမီ ဆရာ့ ကိုယ်တွေ့အဖြစ်အပျက်ကလေးတစ်ခုကို ပြောချင်ပါတယ်၊ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ရေနံချောင်းမြို့က အဒေါ်ကြီး တစ်ယောက်ဆီကို ဆရာ စာတစ်စောင် ရေးလိုက်ဖူးပါတယ်၊ ဗလာစာရွက် နဲ့ တစ်မျက်နှာနီးပါးလောက်ပဲ ရှိပါတယ်၊ ဒီစာကိုရတော့ အဒေါ်ကြီးဟာ ချုံးပွဲချပြီး ငိုတယ်လို့ သိရပါတယ်၊ ဆရာ ရေးလိုက်တဲ့အထဲမှာ ပါသွားတာ က ရန်ကုန်မှာ အလုပ်ရှာဖို့ လာနေတဲ့ သူ့သားဟာ မကျန်းမာလို့ ရန်ကုန် ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ ကွယ်လွန်သွားပြီဆိုတဲ့ အကြောင်းကြားစာပဲ ဖြစ်ပါတယ်။

“ဒီတော့ စဉ်းစားရမှာက အဲဒီ အဒေါ်ကြီး ငိုတာဟာ ဆရာက စာရေးကောင်းလွန်းလို့၊ ဆရာ့စာက ရသမြောက်လွန်းလို့ ငိုတာလား၊ သူ့ဘာသာ သူ့သားအတွက် ငိုတာလားဆိုတဲ့ အချက်ပါပဲ။

“ခုနက မင်းမေးလိုက်တဲ့ မေးခွန်းမှာလဲ ဒီလိုပါပဲ၊ အပြာစာအုပ်ရေးတဲ့

သူက စာရေးကောင်းလို့ ရသမြောက်လွန်းလို့ပဲလား။ သို့မဟုတ် စာမဖတ်ရှာဘဲ နဲ့တောင် သရိုးသရီ ကြွလာတတ်တဲ့ ဓာတ်ခံရှိနေလို့ ရောဂါအခံက ကြွလာ တာလားဆိုတာ . . .”

ဝိုင်းဝန်း ရယ်မောကြပြန်ပါသည်။ သည်ကြားထဲတွင် ကျောင်းသား တစ်ယောက်က “ဒီကောင့် ရောဂါအခံက တော်တော်ကြီးတယ်ဆရာ” ဖောက်လိုက်သောကြောင့် ဝါးခနဲ ထပ်မံ ပွဲကျသွားပြန်ပါသည်။

ထိုစဉ်က အနုပညာတွင် တွေ့ရတတ်သော အကွာအဝေးသဘောကို ကြားပင် မကြားဖူးသေးပါ။ ယခု ပြန်ပြီး စဉ်းစားကြည့်သောအခါတွင်မှ ကျွန်တော်၏ အဖြေမှာ အကွာအဝေး သဘောဖြစ်ကြောင်း သတိပြုလာမိပါ သည်။

အပြာစာအုပ်ကို သဲသဲမဲမဲ ရှာဖွေဖတ်ရှုတတ်သူများရှိပါသည်။ ထိုသူ များကို ရသစာပေမြတ်နိုးသူဟု ခေါ်မည်လား။ သူတို့ခံစားနေသည်မှာ စာပေကို အနုပညာကို အရသာခံယူနေခြင်းလား၊ သို့မဟုတ် စာအုပ်ကို ဖတ် ပြီး တောင်တောင်အီအီ လှမ်းမြင်တွေးတောပြီး တစ်ပါးသော လောကဗွ ကျက်စားနေခြင်းလား၊ စဉ်းစားကြည့်လျှင် အကွာအဝေးရှိနေကြောင်း ထင်ရှား သည်ဟု ယူဆမိပါသည်။ ထို့အတူ အပြာစာအုပ် ရေးသူများကလည်း စာဖတ်သူတွင် ညစ်ညမ်းသော အတွေးများ ပေါ်ပေါက်လာစေရန် ပခာန ထားပြီး ရေးခြင်းသာ ဖြစ်ပါသည်။ ဤသို့ရေးရန်မှာလည်း အထူးကြိုးစား ဆည်းပူးနေရန် လိုအပ်သော ကိစ္စမျိုး မဟုတ်ပါ။ စာအုပ်ရောင်းကောင်းရန် အရှက်မရှိ ဖြတ်လမ်းလိုက် သူတို့ သုံးလေ့သုံးထရှိသော နည်းရိုးကြီး ဖြစ်ပါသည်။ ထိုစာမျိုး ရေးသူကလည်း သူ၏ စာပေကို ရသစာပေ ဖြစ်သည်ဟု ပြောလိမ့်မည်မဟုတ်ပါ။ ရသစာပေဟုထင်ပြီး ဘဝင်ခတ်နေလျှင်လည်း ပေါတောတောမို့သာ ဖြစ်ပါလိမ့်မည်။ အချုပ်အားဖြင့်ဆိုလျှင် ရေးသူရော ဖတ်သူပါ စာပေအနုပညာနှင့် အကွာအဝေး ကြီးမားစွာ ရှိနေသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

သုတနှင့် သင်ခန်းစာများ

ထိုမှသည် တစ်ဆင့်တက်လိုက်သော် ‘ဒီစာအုပ်ကို ဖတ်ရတာ သိပ်ပြီး ဗဟုသုတ တိုးတာပဲ၊ အာကာသ သိပ္ပံဝတ္ထုဆိုတော့ အာကာသ သဘောတရားတွေ

www.burmeseclassic.com

www.burmeseclassic.com

ဒုံးပျံဖြိုဖျက်တဲ့ သဘောတရားတွေကို အတော်သဘောပေါက်သွားတယ်' ဟူသော မှတ်ချက်မျိုးသည် စာပေအနုပညာကို ခံစားသော မှတ်ချက်မဟုတ်၊ သုတကို တန်ဖိုးထားသော မှတ်ချက်သာလျှင် ဖြစ်သည်။ စာဖတ်သူ တွေးတောကျက်စားသည့် သုတနယ်ပယ်တွင်သာ ဖြစ်သည်။ သိပ္ပံနယ်ပယ်တွင်သာ ဖြစ်သည်။ သုတ ရရှိသည့်အတွက် ချီးကျူးခြင်းသာ ဖြစ်သည်။ ထို့ကြောင့် အကွာအဝေး ရှိနေပြန်သည်။

ထို့အတူ 'ဒီဝတ္ထုကို ဖတ်လိုက်ရမှပဲ နှလုံးရောဂါအကြောင်းကို ကျကျနန နားလည်လာတော့တယ်။ တော်တော့်ကို စာရေးကောင်းတဲ့ပုဂ္ဂိုလ်ပါပဲ၊ တကယ်ရှင်းအောင်ရေးတတ်တယ်' ဟု ချီးကျူးလျှင် ဝတ္ထုအရေးကောင်းတာကို ချီးကျူးတာလား၊ နှလုံးရောဂါအကြောင်း သိကောင်းစရာ ရေးပုံရေးနည်းကို ချီးကျူးတာလား။ မည်သို့ပင်ဖြစ်စေ၊ စာဖတ်သူ တန်ဖိုးထင်းနေသည်မှာကား ဝတ္ထုကိုမဟုတ်ကြောင်း သုတကိုသာလျှင်ဖြစ်ကြောင်း ထင်ရှားနေသည်။ ထို့ကြောင့် ဝတ္ထုနှင့်ဖတ်သူအကွာအဝေး ရှိနေသည်ဟု ဆိုနိုင်ပြန်ပါသည်။

ဤသို့လျှင် နှစ်သက်ခံ့မင်စွာ ဆွေးနွေးကြသော အချက်တို့မှာ ဝတ္ထုအပေါ် သက်သက်မဟုတ်တော့ဘဲ သီးခြား တစ်ပါးနယ်သို့ ရောက်သွားရခြင်းသည်ပင် အကွာအဝေးရှိသည့် သဘောဖြစ်ပါသည်။

ပုံပမာအားဖြင့် နတ်သျှင်နောင်အကြောင်းကို ရာဇဝင်ဝတ္ထု ရေးပြီဆိုကြပါစို့။ ထိုဝတ္ထုတွင် နတ်သျှင်နောင် တိုင်းပြည်သစ္စာဖောက်သူအဖြစ်လည်း ရေးထားမည် ဆိုပါစို့။ နတ်သျှင်နောင်ကို တိုင်းပြည်သစ္စာဖောက်သူဟု ခေါ်သင့်-မခေါ်သင့် (ဝတ္ထုထဲတွင်ပါသော အချက်အလက်အတိုင်း) ဆွေးနွေးစဉ်းစားကြမည်ဆိုလျှင် လူမှုရေး၊ နိုင်ငံရေးသဘောတရားအရ ဆွေးနွေးကြရပါလိမ့်မည်။ ထိုအခါတွင် နိုင်ငံရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်သို့ ရောက်သွားပါလိမ့်မည်။ ဤသို့မဟုတ်ဘဲ ဝတ္ထုရေးသူထုတ်ယူသည့် အချက်အလက်များ မှားနေသည်။ သို့မဟုတ် မပြည့်စုံ၊ ဝတ္ထုရေးသူ ဆုံးဖြတ်ပုံမှားသည်၊ မည်သည့်သမိုင်းစာအုပ်တွင် မည်သို့ဆိုသည်၊ မည်သည့်မှတ်တမ်းတွင် မည်သို့ဆိုသည် စသည်ဖြင့် ဆွေးနွေးလျှင်ကား သမိုင်းနယ်ပယ်သို့ ရောက်သွားမည် ဖြစ်ပါသည်။

ထိုဝတ္ထုကို သမိုင်းအထောက်အထား အချက်အလက်များ ပြည့်စုံ၍ ချီးကျူးပါလျှင် ထိုချီးကျူးချက်သည် ဝတ္ထုကို ချီးကျူးခြင်းမမည်။ ဝတ္ထုရေးသူ၏ သုတေသနလုပ်ငန်းကို ချီးကျူးခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုနှင့်အကွာ

အဝေးရှိနေသည်ဟု ယူဆကြပြန်ပါသည်။

ဤသို့နှင်နှင်ပင် လူမှုရေးအဆုံးအမ၊ လိုက်နာမှတ်သားစရာ ကောင်းသောကြောင့် ထိုဝတ္ထုကို ဝတ္ထုကောင်းတစ်ပုဒ်ပါဟု ပြောခြင်းသည် ဝတ္ထု၏ အနုပညာကို ချီးမွမ်းခြင်း၊ အကဲဖြတ်ခြင်းမဟုတ် အကွာအဝေးရှိနေသည်။ ဤဝတ္ထုသည် လောကရေး၊ ဓမ္မရေး၊ ရာဇရေးတို့အတွက် မှတ်သားစရာများ ပါသည်သာမက သတ်ပုံခွဲထား ရေးထုံးများလည်း လမ်းညွှန်ပြသည်။ ထို့ကြောင့် ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်သည်ဟု ချီးကျူးလျှင် ထိုဝတ္ထုကို ချီးကျူးခြင်းမမည်။ ထိုအချက်များ မပါသောကြောင့် ဝတ္ထုကို ရှုတ်ချပစ်တင်ကြလျှင်လည်း အနုပညာကို အနုပညာတွင် အကဲဖြတ်ခြင်း မပြု၊ တစ်ပါးသော ကွာဝေးသော နယ်ပယ်များက ပေတံများ၊ စံများဖြင့် အကဲဖြတ်နေခြင်းဖြစ်သည်။ ရုပ်ရှင်ထဲတွင် အမြဲတမ်း သနားစရာကောင်းသော အခန်းများမှာချည်း သရုပ်ဆောင်ရသော သူကို ပရိသတ် ယောင်ယမ်း ချစ်သနားနေခြင်းသည် သရုပ်ဆောင်အနုပညာကို အကဲဖြတ်နေခြင်း မဟုတ်သကဲ့သို့ပင် ဖြစ်သည်။

ဇာတ်လိုက်မင်းသား ချောသောကြောင့် ရုပ်ရှင်ကောင်းသည်ဟု ပြောခြင်းမျိုးဖြင့် ဘာမျှမခြား။ ရုပ်ရှင်မင်းသား၊ မင်းသမီးတစ်ဦးကို စွဲလမ်းနေသောကြောင့် သူတို့ပါဝင်သည့် ရုပ်ရှင်ကားဆိုလျှင် မလွတ်တမ်း သုံးခါပြန်၊ လေးခါပြန် ကြည့်ခြင်းမျိုးသည် အနုပညာနှင့်ခံစားသူ အကွာအဝေးရှိနေကြောင်း ထင်ရှားစေပြန်သည်။

ရုပ်ရှင်ဒါရိုက်တာ တစ်ယောက်နှင့် မကြာမီက ဆုံခဲ့ဖူးပါသည်။ စကားစပ်မိ စပ်ရာကို ပြောကြရင်း သူက . . .

''ကျွန်တော် မြန်မာရုပ်ရှင်ကားတွေကို မကြည့်ဘူးဆရာ၊ သွားပြီးမလွှဲသာလို့ ကြည့်မိပြန်ရင်လဲ အရသာခံလို့မရဘူး။ ဒီထဲမှာပါတဲ့ လူတွေကို ကျွန်တော်က အတော်များများ ချေးခါးအူမထိ သိနေတော့၊ မင်းသမီးက အတော်များများ သေလောက်အောင် ရုပ်ရှင်ထဲမှာ လွမ်းပြနေပေမယ့် . . . ဒီကောင်မ ဘယ်တုန်းက ဘယ်လို၊ ဘယ်သူနဲ့ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုတာတွေ၊ သူ့ဘဉ်ဆိုးတွေကို တွေ့ခဲ့ ကြုံခဲ့ဖူးတော့ ဘယ်မှာ ဗီလင်းပါတော့မလဲ ဆရာရဲ့''

သူ၏ ခံစားမှုမှာ အကွာအဝေးရှိနေကြောင်း သတိပြုမိလိုက်ပါသည်။ သူသည် အနုပညာကို ခံစားနေသည် မဟုတ်တော့ပါ။ သရုပ်ဆောင်သူ၏

www.burmeseclassic.com

www.burmeseclassic.com

ပြင်ပဘဝကို အာရုံပြုနေခြင်း ဖြစ်ကြောင်း ထင်ရှားလှပါသည်။

(ဤသို့လျှင် အနုပညာနှင့် ခံစားမှုအကွာအဝေးသဘောကို အနုပညာရှင်များက ကြံဆကြပါသည်။ ဤသို့ ကြံစည်ကြရင်းပင် တစ်ဖက်စွန်းသို့ ရောက်ကြရာ ပဋိပက္ခများ ပေါ်လာရပါတော့သည်။ နိုင်ငံရေးသမားများကလည်း နိုင်ငံရေးဦးတည်ချက် မကောင်းလျှင် ထိုစာပေစသော အနုပညာပစ္စည်းများကို တိုက်ခိုက်ထိုးနှက်ကြတော့သည်။ ဘာသာရေးခေါင်းဆောင်များကလည်း ဘာသာရေးရှုထောင့်မှ သုံးသပ်၍ ချီးကျူးခြင်း၊ ရှုတ်ချခြင်းတို့ကို ပြုကြပြန်သည်။ လူမှုရေးကလည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ သူတို့ကလည်း သူတို့ရှုထောင့်နှင့်သူတို့ အနုပညာ အရည်အသွေးကို သာမညထားပြီး ဦးတည်ချက်ကိုသာ ပဓာနပြုလျက် မြှောက်စားခြင်း၊ ရှုတ်ချခြင်း၊ ပိတ်ပင်ရန် အားထုတ်ခြင်းတို့ကို ပြုလာကြတော့သည်။

ဤသည်တွင် စာပေသမားစသော အနုပညာသမားတို့ကလည်း အနုပညာကို ပဓာနပြုပြီး ဦးတည်ချက်ကို သာမညထားလျက်၊ အနုပညာကို ဘာအတွက် ညာအတွက်တွေ လာမရှုပ်နဲ့၊ ကိုယ့်နယ်၊ ကိုယ့်ပညာရပ်ဆိုင်ရာမှာ ပြောချင်ရာပြောကြ၊ အနုပညာမှာ ဘာမှမသိဘဲ လာပြီးအကဲမဖြတ်ကြနဲ့ စသည်ဖြင့် တုံ့ပြန်တိုက်ခိုက်ကြလျက် 'အနုပညာသည် အနုပညာအတွက်' တခြား ဘာအတွက်မျှ မဟုတ်ဟူသော သဘောမျိုး ကြွေးကြော်လာကြပြန်လေသည်။ ဤသို့လျှင် အချို့မှာ တစ်ဖက်စွန်းသို့ ရောက်နေသွားကြလေတော့သည်။ ။ ဤကား စကားချပ်။)

ကျွန်တော် တင်ပြလိုသော အချက်အလက်များ ပြီးပြည့်စုံခြင်း မရှိသေးပါ။ ဆက်လက်ဖတ်ရှုကြရန် ဖြစ်ပါသည်။

■

ရှုမဝရုပ်စုံမဂ္ဂဇင်း
နိုဝင်ဘာ၊ ၁၉၇၈

ဖတ်သူနှင့် ဝတ္ထုအကွာအဝေး (၂)

'ဖတ်သူနှင့် ဝတ္ထုအကွာအဝေး'ဆောင်းပါးကို ယခင်လက တင်ပြခဲ့ပြီး ဖြစ်ပါသည်။ စင်စစ်အားဖြင့် ယင်းဆောင်းပါးတွင် တင်ပြခဲ့သော ပုံစံ၊ ဥဒါဟရုဏ်များမှာ အကြမ်းစား အပေါ်ယံမျှသာ ဖြစ်ပါသည်။ ထို့ထက် သိမ်မွေ့သော အချက်များကို ယခု ဆောင်းပါးတွင် ဆက်လက် တင်ပြလိုပါသည်။ တစ်နည်းအားဖြင့် ဆိုလျှင် ယခင်လ ဆောင်းပါးမှာ ယခုလတင်ပြမည့် ဆောင်းပါးအတွက် အခြေခံပျိုးခဲ့ခြင်းမျှသာ ဖြစ်သည်ဟု ဆိုလိုပါသည်။

'ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ရဲဝံ့၊ ကြောက်ရွံ့၊ အံ့သြ၊ နော်အရသာ'ဟူသော ရသကိုးပါးကို ယနေ့ တန်းမြင့်ကျောင်းသားလေးများပင် ကြားဖူးနားဝရှိနေကြပါပြီ။ ရသဆိုသည်မှာ နှစ်သက်ခြင်းနှင့်တကွဖြစ်သော စိတ်လှုပ်ရှားမှု၊ သောမနဿ၊ ဒေါမနဿ ခံစားမှုဖြစ်သည်ဟူသော ဖွင့်ဆိုချက်မျိုးတို့ကိုလည်း ဆယ်တန်းကျောင်းသား၊ ကျောင်းသူလေးများပင် နားရည်ဝနေကြပါပြီ။

သို့သော် ထိုသို့သော ခံစားမှုများ၊ ချစ်ခြင်း၊ မုန်းခြင်း၊ ကြင်နာခြင်း၊ ရွံရှာခြင်း စသည်တို့၌သာ ယစ်မွေ့နေခြင်းမှာ ဝေဒနာသက်သက်မျှသာ ဖြစ်သည်။ အနုပညာကို ခံစားခြင်း မဟုတ်။ အနုပညာကို နှစ်သက်ချီးကျူးခြင်း မဟုတ်။ ဝေဒနာ၌ မူးယစ် နစ်မျောနေခြင်းသာ ဖြစ်သည်။ အနုပညာနှင့် အကွာအဝေးရှိနေသည်။ အနုပညာကို သုံးသပ်ခံစားခြင်း၌လည်း သိပ္ပံနည်းကျကျ၊ မွေမိဒ္ဓာန်ကျကျ၊ မိမိ၏ ဝမ်းနည်းဝမ်းသာ၊ ကြင်နာစက်ဆုပ် စသည့် ဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com

မပါဘဲ ခံစားသာယာခြင်း ဖြစ်မှသာ အနုပညာကို ခံစားခြင်းဖြစ်သည်ဟုလည်း တင်ပြကြပါသည်။

စာဖတ်သူအဖို့ နားထွေးစရာ ဖြစ်နေပါလိမ့်မည်။ ကျွန်တော်လည်း နားထွေးခဲ့လည်းဆဲပင် ဖြစ်ပါသည်။ သို့သော် အကျိုးအကြောင်း ဆင်ခြေတို့ကို ပြည့်စုံစွာ ကြားနာပြီးမှ နားထွေးနိုင်ရန်အတွက် (ဝါ) ဆက်လက် ဆင်ခြင်နိုင်ရန် အတွက် ကျွန်တော် တတ်အားသမျှ ကြိုးစားတင်ပြပါဦးမည်။

မိန်းမချောကလေး တစ်ယောက်၏ ရုပ်ပုံပန်းချီကားတစ်ချပ် ရှိသည် ဆိုကြပါစို့၊ မိန်းကလေး၏ ပုံမှာလည်း တပ်တပ်မက်မက်၊ စွဲစွဲလမ်းလမ်းရှိလောက် အောင် ချောမွေ့လျက်၊ ကျက်သရေရှိလှသော မျက်နှာမျိုး ဖြစ်သည် ဆိုကြပါစို့။ တစ်စုံတစ်ယောက်သောသူသည် ပန်းချီပြပွဲတွင် ထိုပန်းချီကားထဲက မိန်းကလေး ကို ကြည့်လို့မရဲ၊ ရှုလို့မဝဖြစ်ပြီး တဝဲလည်လည် နေ့စဉ်ပင် ပြပွဲသို့လာရောက် ကြည့်ရှုနေမည် ဆိုကြပါစို့။ ထိုသူသည် မိန်းကလေး၏ ရုပ်ရည်သွင်ပြင်ကို ချစ်ခင် တွယ်တာ နေခြင်းလား၊ ပန်းချီအနုပညာကို နှစ်သက်ချီးကျူးနေခြင်းလား စဉ်းစားစရာ ဖြစ်လာပါတော့သည်။

မိန်းကလေး၏ ရုပ်ရည်သွင်ပြင်ကို နှစ်သက်စွဲလမ်းနေခြင်းဖြစ်လျှင် ထိုသူ၏ ခံစားမှုမှာ မိန်းမလှကို တွယ်တာသော ရမ္မက်တရားကို ခံစားမှုသာ ဖြစ်နေသောကြောင့် အနုပညာနှင့် အကွာအဝေးရှိနေပြီဟု ဆိုရပါမည်။ သို့ မဟုတ်လျှင် ရှုချင်ဖွယ်ရာ၊ တွယ်တာမက်မောဖွယ် မိန်းမရုပ်လှလှရေးတတ်သူ တိုင်းကို ပန်းချီကျော် အနုပညာရှင်ဟု သတ်မှတ်ဖွယ်ရာ ရှိနေပါတော့သည်။

ထို့အတူပင် ရာဇဝတ်သားများကို ပါးကွက်အာဏာသားတို့က သွေးသံ ရဲရဲနှင့် ရက်ရက်စက်စက် ကွပ်မျက်ကြပုံကို ရေးခြယ်ထားသော ပန်းချီကားကို မြင်မိသောကြောင့် ကြောက်ရွံ့ထိတ်လန့်ခြင်း၊ အသည်းတုန်ခြင်း ဖြစ်မိပြီ ဆိုကြပါစို့။ သို့မဟုတ် မျက်နှာကို ကျားသစ်ကုတ်ထားသလို ဒဏ်ရာမျိုးကြောင့် မျက်လုံးရွဲ့စောင်း မြင်မကောင်းအောင် ဖြစ်နေသည့် လူတစ်ယောက်မျက်နှာပုံ ကို ရေးခြယ်ထားသောကြောင့် ထိတ်လန့်စက်ဆုပ်ခြင်း ဘယာနက၊ ဝိဘစ္ဆရသ ကို ခံစားမိသည် ဆိုကြပါစို့။ ထိုခံစားခြင်းသည် အနုပညာ၌ နှစ်သက်နေခြင်း လား၊ ရုပ်ဆင်းပျက်ယွင်းမှု၊ သွေးသံရဲရဲ ရက်စက်မှုကို ထိတ်လန့်ခြင်းလား ဟူသော မေးခွန်းပေါ်လာပါတော့သည်။ စက်ဆုပ်ရွံရှာခြင်း၊ ထိတ်လန့်ခြင်း ဖြစ်သောကြောင့် နောက်တစ်ခါထပ်ပြီး ထိုပန်းချီကားများကို မကြည့်ရဲတော့ပြီ

ဆိုကြပါစို့။ ထိုသူသည် အနုပညာကို နှစ်သက်သာယာနေခြင်းလား။ အနုပညာကို ခံစားနှစ်သက်ပါသည်ဆိုလျှင် နောက်တစ်ကြိမ်ထပ်ပြီး ဘာကြောင့်မကြည့်ချင်ဘဲ ရှိရပါမည်နည်း။ ရေးခြယ်တင်ပြထားသော အရုပ်က ကြောက်စရာကောင်းသော်လည်း အနုပညာသည် ကြောက်စရာမဟုတ်၊ နှစ်သက်ချီးကျူးစရာသာ ဖြစ်သည်။

ထို့ကြောင့် မိန်းမလှရုပ်ကို တစွဲလမ်းလမ်း ဖြစ်နေသောသူ၏ ခံစားမှု သည်လည်းကောင်း၊ အရုပ်ဆိုးပန်းချီကားကို နောက်တစ်ကြိမ်ထပ်ပြီး မကြည့် ချင်သောသူ၏ ခံစားမှုသည်လည်းကောင်း၊ ဝေဒနာများသာဖြစ်၍ အနုပညာ တွင် နှစ်သက်ခံစားမှုမျိုး မဟုတ်ကြ။ ထို့ကြောင့် အနုပညာနှင့် အကွာအဝေး ရှိနေသည်ဟု ဆိုရပါမည်။

လူ၏ ကိုယ်တစ်ပိုင်းပြ ဓာတ်ပုံပြိုင်ပွဲ ကျင်းပကြမည် ဆိုကြပါစို့။ အဘွားကြီးအိုပုံ၊ မိန်းမချောရုပ်ပုံ၊ ဘုန်းတော်ကြီးပုံ၊ အလုပ်ကြမ်းသမားပုံ စသည်ဖြင့် ပုံမျိုးစုံပြိုင်ပွဲဝင်သည် ဆိုကြပါစို့။ အကဲဖြတ်လူကြီးများက မည်သည့် အချက်ကို ကြည့်မည်နည်း။ ဘုန်းတော်ကြီး၏ ဥပဓိရုပ်က ကြည်ညိုဖွယ် ကောင်းသည်။ ရတနာသုံးပါးအဝင် သံဃာတော်လည်း ဖြစ်သည်။ ထို့ကြောင့် ဘုန်းကြီးပုံကို ပထမဆုပေးလိုက်သည်ဟု ဆုံးဖြတ်ပါမည်လား။ ယင်းသို့ဆို လျှင် ဓာတ်ပုံအနုပညာနှင့် အကွာအဝေးရှိနေပြီဟု မုချ ဆိုရပါလိမ့်မည်။ သူတို့သည် ဓာတ်ပုံတွင်း၌ ပါသော လူပုဂ္ဂိုလ်၏ ရုပ်ဆင်းသွင်ပြင် စသည်တို့ ကို ကျော်လွှားလျက်၊ ဆေးသားညီ မညီ၊ အလင်းအမှောင်ယူပုံ သင့် မသင့်၊ ကူးချဲ့ဖြတ်တောက်ပုံ ပညာသား ပါ မပါ၊ ဤအချက်ကို ပဓာနထားပြီး ကြည့်ကြလိမ့်မည် ထင်ပါသည်။

ဤနေရာတွင် စကားစပ်မိ၍ ဓာတ်ပုံဆိုင်များအကြောင်း ပြောချင်ပါ သေးသည်။ မိန်းကလေးပုံများကို နဂိုရုပ်ထက် ပိုပြီးလှနေအောင် ရိုက်တတ် သော၊ ခဲထောက်ခြင်း၊ အချောကိုင်ခြင်း စသည်တို့ကို ကျွမ်းကျင်သော ဓာတ်ပုံဆရာများမှာ ကြီးပွားတတ်ကြပါသည်။ မိန်းကလေးများကလည်း ထိုဆိုင်မျိုးတွင် ဓာတ်ပုံ ခဏခဏရိုက်ပြီး နဂိုထက်လှနေသော သူတို့ပုံကို တကြည့်ကြည့်ဖြစ်နေတတ်ကြပါသည်။ ဤသို့ ဖြစ်နေသည်မှာ ဓာတ်ပုံ အနုပညာကို နှစ်သက်သာယာနေခြင်း မဟုတ်ကြောင်း ထင်ရှားလှပါသည်။ အကွာအဝေး ရှိသည်ဟု ဆိုရပါမည်။

www.burmeseclassic.com

အနုပညာကို သုံးသပ်ခံစားရာ၌ ဤသို့သော အကွာအဝေးမျိုး မရှိဘဲ အနုပညာပေါ်၌သာ တည့်တည့်မတ်မတ် သုံးသပ်ခံစားရန် လိုအပ်သည်။ သိပ္ပံပညာ လေ့လာမှု၊ သုံးသပ်မှုတွင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း စသော ပုဂ္ဂလိက ဝေဒနာများမပါစေဘဲ သုံးသပ်လေ့လာကြသကဲ့သို့ အနုပညာကိုလည်း ဤသို့သော ဝေဒနာများမပါဘဲ သုံးသပ်ခံစားနိုင်ကြရန် လိုအပ်သည်။ သိပ္ပံပညာတွင် အသစ်တွေ့ရှိချက်များကို တင်ပြသော သိပ္ပံပညာရှင်တို့သည် မိမိ၏ ဆန္ဒစွဲ ပုဂ္ဂလိက ဝေဒနာများမပါစေဘဲ ဓမ္မဓိဋ္ဌာန်ကျကျ သိပ္ပံပစ္စည်း၊ သိပ္ပံသဘောတရားသန့်သန့်ကို တင်ပြသကဲ့သို့ အနုပညာရှင်တို့သည်လည်း ဤသို့သော ဝေဒနာများဖြင့် ပရိသတ်ကို ဖြားယောင်းခြင်း မပြုသင့်။ ဝေဒနာသည် ပရိသတ်ကို တွေဝေစေတတ်သည်။ ဝေဒနာကြောင့် အနုပညာကို ဓမ္မဓိဋ္ဌာန်ကျကျ မမြင်ရဘဲ ရှိတတ်သည်။ ဤသို့ ယူဆကြပါသည်။

ဤသို့လျှင် သိပ္ပံနည်းကျအောင် ကြိုးစားသော အနုပညာ သုံးသပ်ခံစားမှုသည် စာပေနယ်သို့ ဝင်ရောက်လာသောအခါ ဇာတ်လမ်းနှင့် ထိပ်တိုက် တိုးပါလေတော့သည်။ ဇာတ်လမ်းအရ ဇာတ်ဆောင်ကို သနားခြင်း၊ မုန်းခြင်း၊ ရွံရှာခြင်း စသည့် ဝေဒနာတို့ ပေါ်ပေါက်လာမြဲ ဖြစ်သည်။ လူ့သဘာဝ ဗီဇသဘောအရ ချစ်စရာကောင်းသော အရာကို တွေ့လျှင် ချစ်မည်။ သနားစရာကောင်းသော သူကို တွေ့လျှင် သနားမိမည်။ ဤသို့ ချစ်ခြင်း၊ သနားခြင်း စသည့် ခံစားမှုတို့မှာ ဝေဒနာ၌ သာယာနေခြင်းသာ ဖြစ်သည်။ အနုပညာကို နှစ်သက်ခံစားနေခြင်း မဟုတ်။ ထို့ကြောင့် အနုပညာနှင့် ကွာဝေးနေသော ခံစားမှုမျိုးသာ ဖြစ်သည်။

ရှေးဦးစွာ ရုပ်ရှင်ကို ပုံစံပြချင်ပါသည်။

လူတို့၏ ပင်ကိုဗီဇစိတ်ဓာတ်အရ အားနည်းသူတို့ မတရားနှိပ်စက်ခြင်း ခံရသည်ကို တွေ့ရလျှင် ကံကြမ္မာအလျောက် အတိဒုက္ခရောက်သည်ကို မြင်ရတွေ့ရလျှင် သနားကြင်နာတတ်ကြပြီ ဖြစ်ပါသည်။ မတရားညှဉ်းပန်းနှိပ်စက်သူကိုလည်း စက်ဆုပ်ရွံရှာတတ်မြဲဖြစ်ပါသည်။ (ဒိဋ္ဌဓမ္မလောကတွင်မူကား အနှိပ်စက်ခံရသူတိုင်းကို သနားချင်မှ သနားပါလိမ့်မည်။ မိမိ၏ ရန်သူဖြစ်နေလျှင် ဝမ်းမသာတောင် ဝမ်းတော့နည်းလိမ့်မည် မဟုတ်ပါ။ ရုပ်ရှင်၊ ဝတ္ထုတွေထဲက ဇာတ်ဆောင်တွေမှာမူကား မိမိနှင့် တစ်စုံတစ်ရာ မသက်ဆိုင်၊ တစ်စုံတစ်ရာ တာဝန်လည်း မရှိ၊ မိမိပယောဂလည်း လုံးဝမပါသော

ကြောင့် သနားစရာရှိလျှင်လည်း ကျွတ်ကျွတ်လွတ်လွတ် သနားနိုင်သည်။ မုန်းစရာဆိုလျှင်လည်း ကျွတ်ကျွတ်လွတ်လွတ် မုန်းနိုင်ပါသည်။) မိမိနှင့် ပတ်သက်၊ မိမိပယောဂကင်းလျက် ဆင်းရဲဒုက္ခကြီးစွာ ရောက်ရသူတို့ အကြောင်းကို တော့တော့ဆိုင်ဆိုင် ခြေခြေမြစ်မြစ် သိရ၊ ကြားရ၊ မြင်ရလျှင် သနားကြင်နာတတ်သည်မှာ လူ့သဘာဝပင် ဖြစ်ပါသည်။ အထူးသဖြင့် မသိနားမလည်ရှာသော၊ အပြစ်ကင်းမဲ့သော၊ မိမိကိုယ်မိမိမှလည်း မကာကွယ်နိုင်ရှာသော တိရစ္ဆာန်ကလေးများ၊ ကလေးငယ်များ၊ စိတ်မနှံ့သူများ အညှဉ်းဆဲခံရလျှင်၊ အတိဒုက္ခရောက်လျှင် ပို၍ သနားကြင်နာမိတတ်ကြသည်မှာ လူ့သဘာဝပင်ဖြစ်သည်ဟု ကျွန်တော် ထင်မိပါသည်။

ဤအချက်ကို နားလည်သူတစ်ယောက်က ကလေးငယ်တစ်ယောက်နှင့် ခွေးတစ်ကောင်အကြောင်းကို ဇာတ်လမ်းဆင်ပြီး ရုပ်ရှင်ရိုက်မည် ဆိုကြပါစို့။ ကလေးငယ်နှင့် ခွေးလိမ္မာ တစ်ဦးကိုတစ်ဦး ချစ်ခင်တွယ်တာကြပုံ၊ မြောက်မြားလှစွာသော အမွေပစ္စည်းတို့ကို မက်မောသောကြောင့် လူဆိုးလူယုတ်မာတစ်သိုက်က ကလေးငယ်၏ အသက်ကို ရန်ပြုရန် ကြိုးပမ်းသောကြောင့် ကလေးငယ်နှင့် ခွေးလိမ္မာ တောကြီးမျက်မည်း၌ အတိဒုက္ခရောက်ကြပုံ၊ ကလေးငယ် ဖျားနာလျက် ဝေါ်ပြတ်သောကြောင့် ဆင်းရဲကြီးစွာ ဖြစ်ရပုံ၊ နောက်ဆုံးတွင် ခွေးလိမ္မာက ကလေးငယ်အတွက် အသက်စွန့်သွားရှာပုံ၊ ဒဏ်ရာပြင်းထန်စွာရလျက် သေခါနီးတွင် သခင်ဖြစ်သူ ကလေးငယ်က ခွေးလိမ္မာ၏ ဦးခေါင်းကလေးကို ယုယစွာ ပွေ့ထူလိုက်ရာ မျက်ရည်တရွှဲရွှဲ ဖြစ်နေသည့် ကလေးငယ်၏ မျက်နှာပြင်ကို လျှာဖြင့် နောက်ဆုံးတစ်ချက် လျက်လိုက်ပြီး ခေါင်းငိုက်စိုက်ကျသွားပုံ၊ ကလေးငယ်က သူချစ်လှစွာသော ခွေး၏ လည်ပင်းကို ဖက်ပြီး တလှိုက်လှဲလှဲ ငိုကြွေးပုံ စသည်တို့ကို အနုပညာမြောက်အောင် ရုပ်ရှင်ရိုက်ကြပြီ ဆိုကြပါစို့။ ပရိသတ်ကလည်း သနားပါလိမ့်မည်။ ကလေးငယ်ကိုရော ခွေးလိမ္မာကိုရော မချိတင်ကဲ သနားကြပါလိမ့်မည်။ မျက်ရည်တရွှဲရွှဲ ဖြစ်ကုန်ကြပါလိမ့်မည်။

အထက်တွင် 'အနုပညာမြောက်အောင် ရုပ်ရှင်ရိုက်ကြပြီ ဆိုကြပါစို့' ဟု ဆိုခဲ့ပါသည်။ ပရိသတ်သည် ထိုအနုပညာကို နှစ်သက်ခံစားနေခြင်းလား သို့မဟုတ် သူ့ဘာသာသူ ခွေးနှင့် ကလေးငယ်ကို သနားနေခြင်းလား။ သူ၏ ခံစားမှုသည် အနုပညာခံစားမှုလား . . .။ ဝေဒနာသက်သက်

www.burmeseclassic.com

www.burmeseclassic.com

ကို ခံစားနေခြင်းလား။ စဉ်းစားစရာဖြစ်လာပါပြီ။ ရုပ်ရှင်ရိုက်ကူးသူကလည်း သူ၏ အနုပညာသန္နိသန့်ကို တင်ပြ အကဲဖြတ်ခံခြင်းလား၊ ပရိသတ်၏ 'ဝေဒနာအထာ' ကို ကိုင်လှုပ်ရန် အားထုတ်ခြင်းလား။ စဉ်းစားစရာ ဖြစ်လာပါပြီ။ ဤသို့ သနားအောင်၊ ချစ်အောင်၊ မုန်းအောင် ပြုလုပ်ခြင်း၊ လူ၏ ဝေဒနာကို နိုးကြားလာအောင် ပြုလုပ်ခြင်းသည် အပြာစာအုပ်ရေးသူတို့က စာဖတ်သူ၏ ကာမရာဂစိတ်ကို နိုးကြွအောင် ပြုလုပ်ခြင်းနှင့် ဘာများ ခြားနားပါသေးသနည်း။

ရုပ်ရှင်ကြည့် သာမန်ပရိသတ်က သူတို့ဘာသာ ငိုလို ငိုကြ၊ ရယ်လို ရယ်ကြ၊ ကြိုက်သလို ခံစားကြသည်ကို ထားပါဦးတော့။ ရုပ်ရှင်အနုပညာကို ဝေဖန်အကဲဖြတ်သူ အချို့ကလည်း ငိုရ ရယ်ရသည်ကိုပင် အနုပညာခံစားသည်ဟု မိုက်မဲ မှားယွင်းစွာ ယူဆနေကြသည်။ ငိုရလျှင် ကောင်းသည်။ ရယ်ရလျှင် ကောင်းသည်။ များများငိုရလျှင် များများကောင်းသည်။ လက်ကိုင်ပဝါ ညှစ်ယူရလောက်အောင် ငိုရလျှင် အနုပညာအဆင့်အတန်း အမြင့်ဆုံးဟု ထင်ကြသည်။ စင်စစ် ငိုရစေခြင်း၊ ရယ်ရစေခြင်းတို့မှာ မာယာအတတ်မျှသာ ဖြစ်သည်။ အနုပညာ မဟုတ်။

ယင်းတို့ကို အနုပညာထင်မှတ် ဝေဖန်အကဲဖြတ်နေကြသော ဝေဖန်ရေးသမား၊ အကဲဖြတ်သမားတို့ကိုပါ သိမ်းကျုံးပြီးလျှင် လူညံ့များဟု စာပေသဘောတရား ဆရာအချို့က ရှုတ်ချကြပြန်ပါသည်။

မကြာသေးမီက ရုပ်ရှင်ဒါရိုက်တာတစ်ယောက်နှင့် ဆုံမိကြရာ အနုပညာအကြောင်း စကားစပ်မိ၍ အကွာအဝေးသဘော အရိပ်အမြွက်ကို ပြောပြမိပါသည်။ အဆိုပါ ဒါရိုက်တာက . . .

"ပရိသတ်လွှမ်းရင်၊ စိတ်ထိခိုက်ရင် အနုပညာအောင်မြင်တာပဲ မဟုတ်လား ဆရာ . . . "

"ပရိသတ်လွှမ်းတာ ငိုတာဟာ အနုပညာကို ခံစားနေတာ မဟုတ်ဘူး၊ လှည့်ဖြားတာကို အဟုတ်ထင်ယောင်ပြီး စိတ်ထိခိုက်တာသာ ဖြစ်တယ်၊ သူ့ရဲ့ လွှမ်းမှု ငိုမှုဟာ အနုပညာနဲ့ အကွာအဝေးရှိနေတယ် . . . ၊ အနုပညာပေါ်မှာ နှစ်သက်သာယာနေခြင်း မဟုတ်လို့ ဆိုလိုတာပါ"

"ဒါဖြင့် ဘယ်လိုမှ အနုပညာခံစားတာ ခေါ်မလဲ ဆရာ"

"ဒီလို တစ်ထိုင်တည်းနဲ့ ရှင်းသွားအောင်တော့ ကျွန်တော်လဲ ရှင်းမပြ

တတ်ဘူးဗျာ၊ စဉ်းစားစရာတစ်ခုတော့ ကျွန်တော် ပြောလိုက်မယ်၊ ဥပမာအားဖြင့် ခင်ဗျားရဲ့ ရုပ်ရှင်ကားတစ်ခုကိုကြည့်ပြီး မိန်းမကြီးတွေက ငိုကြမယ် ဃိပ်ကောင်းတဲ့ ရုပ်ရှင်ကားလို့ ချီးကျူးကြမယ် ဟုတ်လား၊ နောက်တစ်ခါ ခင်ဗျားကိုယ်တိုင်က အထင်ကြီးလေးစားနေတဲ့ ရုပ်ရှင်ပညာရှင်ကြီးတစ်ယောက်က လာပြီးကြည့်တယ်၊ မျက်ရည်တော့ မကျဘူးပေါ့၊ ဒါပေမဲ့ သူက 'မင်း ဒီကားမှာ အောင်မြင်ပါတယ်၊ အခန်းဆက်ပုံ၊ အကွက်ယူပုံတွေ မှန်လာပြီ၊ ဇာတ်သိမ်းခါနီးယူလိုက်ပုံ တင်ပြလိုက်ပုံလေးဟာ တော်တော်ကောင်းတယ်၊ ဆန်းသစ်တယ်၊ အဲဒီလို ထွင်နိုင်အောင် ကြိုးစား၊ ရိုက်သမျှကားမှာ အဲဒါမျိုးလေး နှစ်ကွက်လောက်တော့ ပါပစေ' စသည်ဖြင့် ပြောသွားတယ်ဆိုပါတော့ . . . ။ ဘယ်သူ့ချီးကျူးတာကို ခင်ဗျား ဂုဏ်ယူမလဲ၊ ငိုတဲ့မိန်းမကြီးနဲ့ ဒါရိုက်တာဟာ ဘယ်သူက အနုပညာကို ခံစားတာလဲ၊ ဘာကြောင့်လဲ၊ ဒါကို ဖြေစမ်းဗျာ"

သူလည်း ခဏတော့ ငိုင်သွားပါသည်။ ပြီးမှ . . .

"အင်း . . . ဒီလိုဆိုပြန်တော့လဲ ဒါရိုက်တာကြီး ချီးကျူးတာကို ဂုဏ်ယူမိမှာပဲ ဆရာရဲ့၊ ဒုက္ခပါပဲ၊ ဆရာ့ကို မေးလိုက်မိခါမှ ပြဿနာက ပိုရှုပ်လာကုန်ပြီ၊ အရင်တုန်းကတော့ ပရိသတ် ငိုချလိုက်ရင် ပိုက်ဆံလဲ ရတယ်၊ အနုပညာလဲ အောင်မြင်တယ်လို့ အောက်မေ့ခဲ့မိတယ်၊ ခုတော့ တစ်မျိုးပြန်ပြီး စဉ်းစားရဦးတော့မှာပဲ"

"ခင်ဗျားတို့ ရုပ်ရှင်လောကမှာလဲ ရုပ်ရှင်အနုပညာကိုပြဖို့ မကြိုးစားဘဲ ဇာတ်လမ်းဇာတ်ကွက်နဲ့ ပရိသတ်ကို ငိုအောင်နှိပ်စက်ခြင်း၊ ရယ်မောအောင် ကလိထိုးခြင်းတွေနဲ့ပဲ ဘော်ချက်နေတာတွေ၊ နာမည်ကြီးနေတာတွေ ရှိနေတာပဲ မဟုတ်လား၊ သူတို့ကျတော့ ရုပ်ရှင်အနုပညာကို တိုးတက်ကြစည်ခြင်း လုံးဝမရှိတော့ဘဲ ဘယ်လိုလုပ်ရင် ပရိသတ်ငိုမလဲ ဆိုတာလောက်ပဲ စဉ်းစားနေတာပဲ မဟုတ်လား"

"အဲဒါကိုတော့ နည်းနည်းသဘောတူသလိုပဲ ဆရာ၊ ဒါပေမဲ့ . . . "

စကားမဆက်ဘဲ ခဏငိုင်နေပြီးမှ "ဒါပေမဲ့ ခွကျနေတာ တစ်ခုရှိတယ်၊ အဲဒီလို ငိုတာတွေ ရယ်တာတွေဆိုတာ မပါဘဲနဲ့ အနုပညာသက်သက်ကို နှစ်သက်အောင် ဘယ်လိုပြနိုင်မလဲ ဆရာ"

"အဲဒီမေးခွန်းကလဲ မေးသင့်တဲ့ မေးခွန်းပဲ၊ ကျွန်တော်လဲ ခဏခဏ

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားမိတယ်၊ ဥပမာ . . . တစ်ခု ကျွန်တော် ပြောဦးမယ်၊ ဆင်စွယ်ပန်းပု ထုတဲ့ လုပ်ငန်းဆိုပါတော့၊ ဆင်စွယ်ကို ဘုရားဆင်းတုတစ်ခု ထုတယ်၊ ကြည်ညိုဖွယ်ရာ သပ္ပာယ်တယ်ဆိုပါတော့၊ ခင်ဗျားလဲ ဘုရားရဲ့ ဆင်းတုကလေးကို ကြည်ညိုတာနဲ့ဝယ်ပြီး ကိုးကွယ်ချင်အောင်ဖြစ်တယ်ဆိုပါတော့၊ နောက်တစ်ခါ ဆင်စွယ်ကိုပဲ ထုထားတဲ့ သံပုရာသီးလောက် ခြင်းလုံးကလေး တစ်ခုကို 'တွေ့တယ်၊ ခြင်းလုံးကလေးကို လှတာနဲ့ ကိုင်ကြည့်လိုက်တော့ အတွင်းထဲမှာ ခြင်းလုံးကလေးတစ်ခု ရှိနေသေးတာ တွေ့ရတယ်၊ အံ့သြသွားတယ်၊ သေချာထပ်ပြီး ကြည့်လိုက်တော့ အဲဒီအတွင်းက ခြင်းလုံးလေးထဲမှာပဲ နောက်ထပ် ခြင်းလုံးကလေးတစ်လုံး ရှိနေသေးတာ တွေ့ရပြန်တယ်၊ ခြင်းလုံးထဲမှာ ခြင်းလုံးကလေးတွေ တစ်ထပ်ပြီး တစ်ထပ် ၄ ထပ် တွေ့လိုက်တော့ အမယ်လေး . . . ဘယ်လိုများ လုပ်ထားပါလိမ့်၊ တကယ့် စိတ်ကူးကောင်း ပညာကောင်း၊ ပန်းပုပညာရှင်ပါလားလို့ တွေးမိလိုက်တယ်။ တအံ့သြသြနဲ့ ကြည့်လို့မဆုံး ဖြစ်နေတယ်၊ ခြင်းလုံးကလေးတွေကလဲ ကျွတ်ကျွတ်လွတ်လွတ် လှုပ်နေတာကိုး၊ အံ့သြလောက်တာပေါ့၊ ကဲ . . . ဘုရားဆင်းတုတော်ကို ကြည့်ပြီး ကြည်ညိုခဲ့တာနဲ့ ခြင်းလုံးကိုကြည့်ပြီး နှစ်သက်နေတာ ဘယ်ဟာက အနုပညာကို ခံစားနေတာလဲ။ ခြင်းလုံးကို နှစ်သက်နေတာလား၊ အနုပညာကို နှစ်သက်နေတာလား၊ အဲဒီဟာကို စဉ်းစားကြည့်စမ်းဗျာ''

''ခြင်းလုံးလေးတွေကတော့ ဘာမှ သုံးလို့ ဖြစ်တာလဲမဟုတ်၊ ဘာမှ အစွဲအလမ်း အတွယ်အတာရှိပြီး မဟုတ်လေတော့ အနုပညာကို နှစ်သက်သာယာနေခြင်းက ပိုပြီးများမယ်လို့ ထင်မိတယ်ဆရာ၊ ဒါပေမဲ့ ကျွန်တော်တို့ ရုပ်ရှင်မှာတော့ ဇာတ်လမ်း အဖြစ်အပျက်မပါဘဲ ရုပ်ရှင်ရိုက်ဖို့ မလွယ်ဘူးဆိုတာ ဆရာလဲ သဘောပေါက်မှာပါပဲ။ ဆင်စွယ် ပန်းပုလုပ်ငန်းမျိုးနဲ့ မတူတော့ အနုပညာကို သန့်သန့်ခံစားနိုင်အောင် တင်ပြဖို့မလွယ်ဘူး ထင်မိတယ်''

''အဲဒါကို ကျွန်တော်လဲ စဉ်းစားမိတယ်၊ ဒါပေမဲ့ ဖြစ်သင့်သလောက် ဖြစ်နိုင်တဲ့ သဘောကိုတော့ ပြောချင်မိသေးတယ်။ ဟိုတစ်လောက ဂုဏ်ရှိမှာ ရုပ်ရှင်ကားတစ်ခုကို ကြည့်လိုက်ရတယ်၊ နာမည်တော့ မေ့နေပါပြီ။ ဂျာမနီမှာ နာဇီတွေ တန်ခိုးထွားလာပုံ ရိုက်ပြထားတာပဲ။ ကောင်းကောင်း မှတ်မိတယ်၊ နာဇီပါတီက ပထမလူငယ်ကလေးတွေကို စည်းရုံးတယ်။ နောက်တော့ လူလတ်

လူရွယ် အမျိုးသားအမျိုးသမီးတွေပါ ပါလာတယ်။ နောက် လူခပ်ကြီးကြီးတွေပါ ရောပါလာတယ်။ အဆင်ခြင်ဉာဏ်ရှိတဲ့ လူကြီးတွေကတော့ လက်ပိုက်ပြီး ကြည့်နေရတဲ့ အခြေရောက်လာတယ်။ အဲဒီ စည်းရုံးသိမ်းသွင်းမှု အောင်မြင်လာပုံကို ပြတာမှာ စားပွဲသောက်ပွဲတစ်ခုမှာ နာဇီလူငယ်လေးတစ်ယောက်က ဝင်လာပြီး နာဇီသီချင်းကို တက်တက်ကြွကြွဆိုတယ်။ ပထမတော့ ကိုယ်နဲ့ မဆိုင်သလို ကြည့်နေကြတယ်။ နောက်တော့ လူလတ် လူရွယ်တွေပါ ရောပြီး တက်ကြွစွာ ဆိုတယ်။ နောက် လူကြီးတွေပါ ပါလာကြတယ်။ မျက်မှန် ဘဲဥပုံကလေးတပ်ထားတဲ့ အဘိုးကြီးတစ်ယောက်ကတော့ စားပွဲမှာပဲ ခေါင်းကြီးငုံ့ပြီး မှိုင်တွေချနေတယ်။ အဲဒါလေးပဲ ပြသွားတယ်။ ဒါပေမဲ့ ကျွန်တော် အတော်ကလေး သဘောကျသွားတယ်။ ကျွန်တော် သဘောကျတာဟာ ဘာကိုလဲ ဆိုတာ ပြန်ပြီး စဉ်းစားကြည့်တော့ နာဇီသီချင်းကို သဘောကျတာလဲ မဟုတ်ဘူး။ သူတို့ စည်းရုံးရေး တက်ကြွအောင်မြင်တာကိုလဲ မဟုတ်ဘူး၊ ဒါရိုက်တာ တင်ပြလိုက်ပုံ လိမ္မာတာကို သဘောကျနေတာပဲလို့ အောက်မေ့မိတယ်၊ အဲဒါဟာ အနုပညာကို နှစ်သက်တာ သန့်သန့်ပဲ ဖြစ်မလားလို့ တွေးနေမိတယ်၊ အဖျင်းဆုံး ကျွန်တော့်ခံစားမှုဟာ အနုပညာနဲ့ အတော်လေး နီးကပ်တယ်၊ အကွာအဝေး သိပ်ပြီး မများဘူးလို့ ထင်မိတာပဲ''

''အဲ့ဒီ ရုပ်ရှင်ကားကို ကျွန်တော်လဲ ကြည့်လိုက်မိပါတယ်၊ နာမည်တော့ ခပ်မေ့မေ့ပဲ၊ ဩော် . . . သတိရပြီ ထားပါတော့လေ၊ ရုပ်ရှင်ကားက အကြောင်း မဟုတ်ပါဘူး၊ ဆရာပြောတဲ့ သဘောတရားက ပဓာနပါ၊ ဆရာပြောတာတွေကို လက်ခံဖို့ တော်တော်ခက်တာ မှန်ပေမဲ့ စဉ်းစားစရာကောင်းတဲ့အချက်တွေပဲ ဆိုတာတော့ ဝန်ခံရပါပဲ ဆရာ''

''အေးဗျာ . . . ခင်ဗျားတို့ ရုပ်ရှင်ပညာကို ကျွန်တော် နားမလည်ပါဘူး၊ ကျုပ်ဘာသာ တောင်တွေး မြောက်တွေး တွေးမိတာလေးတွေကို စကားစပ်မိလို့သာ ပြောပြရတာပါ''

မိတ်ဆွေ ရုပ်ရှင်ဒါရိုက်တာလည်း ဝေ့လည်လည်နှင့်ပင် ကျန်တော့သည်။ ကျွန်တော်လည်း ဝေ့လည်လည်ဖြစ်ဆဲပါပဲ။

ကျွန်တော် ပဓာန တင်ပြလိုသော ဝတ္ထုအကြောင်းကို စကားဆက်ပါဦးမည်။ ဝတ္ထုတွင်လည်း ထိုနည်းတူ ဇာတ်လမ်း ဇာတ်ကွက် အဖြစ်အပျက်များအရ ဇာတ်ဆောင်ကို သနားခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း တို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

နှစ်မျောပါသွားလျှင် အနုပညာကို ခံစားခြင်း မဟုတ်ဘဲ ဝေဒနာ၌ မူးယစ်ထွေမျောသွားခြင်းသာ ဖြစ်သည်။

ဇာတ်လမ်းအရ ရှေ့ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲဟု အဖြစ်အပျက်များကိုသာ တငမ်းငမ်း လိုက်သွားမိစေလျှင်ကား မျက်လှည့်အတတ်၊ မာယာအတတ်မျှသာ ဖြစ်သည်။ တစိုးထိတ်ထိတ်ရှိရသောကြောင့် ကောင်မလေးနှင့် ကောင်လေး ပေါင်း၍မှ ပေါင်းရပ့်မလားဟု စိုးရိမ်လွန်းလှသည်နှင့် မအောင့်နိုင်ဘဲ အဖြစ်အပျက်တွေကိုသာ မြန်မြန်သိအောင် ကျော်လွှားဖတ်ရှုသွားခြင်း၊ တစ်ခါတစ်ရံ နောက်ဆုံး ဇာတ်သိမ်းကို ကသောကမျော လှန်ကြည့်လိုက်မိခြင်းတို့မှာ မျက်လှည့်အတတ် မာယာအတတ်မျှသာ ဖြစ်သည်။ အဖြစ်အပျက်တို့တွင် ဟိုဟာလေး မြှုပ်ထား၊ ဒီဟာလေး ဖုံးထားလုပ်ပြီး ဖြားယောင်းခြင်းသာ ဖြစ်သည်။ ဖုံးထားလျှင် မြင်ချင် သိချင်သော လူ့သဘာဝအရ သိလိုဇောကြီးသည့်အလျောက် စွဲလမ်း ဖတ်ရှုခြင်းသာ ဖြစ်သည်။ အနုပညာ၌ နှစ်သက်သာယာခြင်း မဟုတ်။ ဝတ္ထုရေးသူ၏ အနုပညာ၊ ဝါကျဖွဲ့ပုံ၊ ဝေါဟာရရွေးပုံ၊ အလင်္ကာသွင်းပုံ စသည်တို့ကို နှစ်သက်ခြင်း၊ ချီးကျူးခြင်းတို့ ဖြစ်ချိန် မရလိုက်။ အဖြစ်အပျက် နောက်သို့သာလျှင် တစိုက်မတ်မတ် လိုက်သွားခြင်းဖြစ်သည်။

ယင်းသို့လျှင် အဖြစ်အပျက်ကြောင့် တစိုးထိတ်ထိတ် ခံစားရသကဲ့သို့ ဇာတ်လမ်းအရ ဇာတ်ဆောင်တို့အား သနားကြင်နာခြင်း၊ ချစ်ခင် မုန်းတီးခြင်းတို့ကို ခံစားနေခြင်းသည်လည်း အဆင့်မြင့်မားသော ခံစားမှုမဟုတ်ဟု ဆိုကြပါသည်။ ဆိုသမှ ပေါ့ပေါ့ဆဆ မဟုတ်၊ ရက်ရက်စက်စက်၊ ပစ်ပစ်ခါခါ ဆိုကြပါသည်။ ဇာတ်လမ်းသက်သက်ကိုသာ စိတ်ဝင်စား နှစ်သက်တတ်ကြသူတို့မှာ ယဉ်ကျေးမှုနိမ့်သော လူ့အဖွဲ့အစည်းများ၊ ကလေးငယ်များနှင့် လူကြီး လူပေါများသာ ဖြစ်သည်။

ဤသို့လျှင် ရှုတ်ရှုတ်ချချ ပြောဆိုကြပါသည်။ အချို့ဝတ္ထုဆရာကြီးများကိုယ်တိုင်ကလည်း ဇာတ်လမ်း မက်လုံးပေး၍ ဆွဲဆောင်ရခြင်းကို မချစ်သော်လည်း အောင့်ကာနမ်း ဆိုသကဲ့သို့ မလွှတ်ကင်းသာ၍ လုပ်နေရသော အောက်တန်းစားလုပ်ငန်းအဖြစ် ဝန်ခံကြပါသည်။

အချို့သော စာပေပညာရှင်နှင့် ဝေဖန်ရေးဆရာတို့ကမူကား (ကျွန်တော်တို့ မြန်မာတွင် ပျို့၊ ရကန်၊ သာချင်း စသည်တို့ကဲ့သို့) ဇာတ်လမ်းပါသော

လင်္ကာကြီးများကိုပင် ဇာတ်လမ်းနှင့် ဆွဲဆောင်လျှင် ကဗျာမဟုတ်၊ ကဗျာစွမ်းရည်သက်သက်နှင့် ဆွဲဆောင်မှသာလျှင် ကဗျာဟု ခေါ်နိုင်မည်၊ ဇာတ်လမ်း မက်လုံးနှင့် သွေးဆောင်လျှင် ကဗျာအဆင့်သို့ မရောက်တော့ပြီဟု ယူဆကြပါသည်။

ဝတ္ထုဆရာအချို့ကတော့လည်း ဇာတ်လမ်းသည် အရေးကြီးသည်။ ဇာတ်လမ်း အရေးကြီးရုံမျှမက၊ ဝတ္ထု၏ အသက်သွေးကြောကြီးလည်း ဖြစ်သည်ဟု ဆိုပြန်သည်။ ဝတ္ထုဆရာများကသာ မဟုတ်၊ စာပေပညာရှင် အချို့ကလည်း နှစ်သက်စွာ ထောက်ခံပြောဆိုကြသည်။

စာပေပညာရှင်တွေ၊ ပါမောက္ခကြီးတွေ၊ ဝတ္ထုရေး ဆရာကြီးတွေက ဘာကြီးတွေပဲ ပြောနေနေ၊ စာဖတ်ပရိသတ်အများစုကမူကား ဇာတ်လမ်းကောင်းကို ကြိုက်နေကြသည်သာ ဖြစ်သည်။ သူတို့ပညာရှင်တွေ ပြောနေဆိုနေကြတာတွေကို ဂရုတစိုက် နားထောင်နေသူပင် များများစားစား မရှိလှ။ ထိုအချက်ကို သူတို့ကလည်း နားလည်သည်၊ “ကျုပ်တို့ ပြောနေတဲ့ အနုပညာသက်သက် ခံစားမှုဆိုတာက သောကောရောကော လူတွေ အားလုံးအတွက် ပြောနေတာ မဟုတ်ဘူး၊ အနုပညာကို လေးလေးနက်နက် နှစ်သက်တဲ့လူနည်းစုလေးအတွက်ပြောတာ၊ ဒီလူနည်းစုလေးဟာ ကျန်တဲ့လူတွေထက် ပိုပြီး ကောင်းတယ်၊ မြင့်တယ်လို့ မဆိုလိုပါဘူး၊ ဒါပေမဲ့ ကျန်တဲ့လူတွေနဲ့ ခြားနားတာတော့ အမှန်ပဲ၊ အဲဒီလို လူတွေအတွက် ပြောတာ” စသည်ဖြင့် ပြောကြပြန်သည်။

ဤသည်တို့မှာ အနုပညာနှင့် ပတ်သက်၍ ခမ္ဘီရဒဿန် ကျမ်းအတွက် ကြီးပမ်းစူးစမ်းကြရင်း ပေါ်ပေါက်လာသော ပြဿနာများ ဖြစ်ပါသည်။ သုံးလိုက်ထွင်လိုက်သမျှသော ဝေါဟာရတွေကလည်း တစ်ပြုံကြီးဖြစ်ပါသည်။ သိပ္ပံနည်းကျတဲ့၊ စနစ်တကျတဲ့၊ အတ္တစွဲခွာခြင်းတဲ့၊ လူ့ခံစားမှုဖြုတ်ရေးတဲ့၊ အနုပညာမှ လူကို ထုတ်ထားခြင်းတဲ့ စုံနေပါတော့သည်။

ယခုအထိ ကျွန်တော် ရေးခဲ့သမျှမှာ အကွာအဝေးသဘော၊ ခေါင်းမျှသာ ဖြစ်ပါသေးသည်။ ကကြီးရေကလောက်သာ ရှိပါသေးသည်။ အကွာအဝေးတွေကပင် မျိုးစားမနည်းလှပါ။ စိတ်နေအကွာအဝေး၊ မြှနှင့် စိတ်ကူးအကွာအဝေး၊ လောကသစ္စာတရားနှင့် အနုပညာ အကွာအဝေး၊ ရေးသူနှင့် ဝတ္ထုအကွာအဝေး၊ ဖတ်သူနှင့် ဝတ္ထုအကွာအဝေး စသည်ဖြင့် များလှပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အားလုံးကို ခြုံလိုက်လျှင် ဓမ္မဓိဋ္ဌာန် သိပ္ပံနည်းကျမှုကို စူးစမ်းရာမှ ပေါ်ထွက်လာသော ပြဿနာများသာ ဖြစ်ပါသည်။

စာဖတ်သူသည် ဤဆောင်းပါးကို ဖတ်ပြီးသောအခါ ပြန်ပြောချင်တာတွေ၊ မေးချင်တာတွေ၊ ဆင်ခြေပေးချင်တာတွေ တစ်ပြုံကြီး ပေါ်လာပါလိမ့်မည်။ ငိုတာရယ်တာတွေကို အနုပညာခံစားတာမဟုတ်ဘူးဆိုရင် အနုပညာရဲ့ သတ္တိကြောင့် အဲဒီလို ငိုခြင်း ရယ်ခြင်းဖြစ်ရတာ မဟုတ်လား။ ငိုခြင်းရယ်ခြင်းကို ကျော်လွန်ပြီး အနုပညာကိုလှမ်းပြီး ခံစားတော့ကော ဘာအဓိပ္ပာယ်ရှိမှာလဲ။ အနုပညာဟာ လောကအတွက် ဘာအကျိုးမှ မပြုတော့ဘူးလား။ လူ့လောက ကောင်းဖို့ ဆိုးဖို့ဆိုတာတွေကို ထည့်ပြီး မစဉ်းစားတော့ဘူးလား။ ငိုတာ ရယ်တာတွေဟာ ဝေဒနာသက်သက် ခံစားမှုလို့ဆိုတယ်။ အနုပညာသက်သက်ကို ခံစားပြီး နှစ်သက်သာယာခြင်းကကော ဝေဒနာတစ်မျိုးပဲ မဟုတ်လား။ ဒါဖြင့် ဝေဒနာဆိုတာ ဘာလဲ၊ စိတ်ခံစားမှုဆိုတာ ဘာလဲ စသည် စသည်ဖြင့် မေးရင်း ဖြေရင်း စိတ်ပညာရော၊ ဒဿနိကရော၊ လူ့သဘာဝ၊ ပုထုဇဉ်သဘာဝ ၃၂ ကောဋ္ဌာသ ဖွဲ့စည်းပုံ စိစစ်ခြင်းထိအောင် ရောက်သွားပါလိမ့်မည်။

သူတို့စာပေပညာရှင်များလောကတွင်လည်း ဤသို့ပင် ပြဿနာ တက်ခဲ့ပါသည်။ နောက်ဆုံးတွင်မူကား ဤအကွာအဝေး သဘောတရားနှင့် သိပ္ပံနည်းကျ လေ့လာမှုကြောင့် ရှင်းလင်းသွားသည့်ပြဿနာက မဖြစ်လောက်၊ တိုးလာသည့်ပြဿနာက တစ်ပုံကြီးဟု ပြောကြပါသည်။ တစ်မတ်ဖိုးလောက် ရှင်းပြီး တစ်ကျပ်ဖိုးရှုပ်လာသည်ဟု ယူဆကြသည်။ ဤသည်တွင် သင့်တင့်မျှတသော အကွာအဝေး မယုတ်မလွန် အကွာအဝေးဟူသော စကား ပေါ်ပေါက်လာပါသည်။

မည်သို့ပင်ဖြစ်စေ၊ အနုပညာခံစားမှုနှင့် သုံးသပ်ဝေဖန်မှုတို့တွင် အနုပညာနှင့် လုံးဝမဆိုင်သည့်ရှုထောင့်များမှ အကဲဖြတ်ခြင်း၊ ဝေဖန်ခြင်း၊ ခံစားခြင်းတို့ ရှိနေတတ်ကြောင်းကိုလည်း ကျွန်တော်တို့ လက်ခံရမည် ဖြစ်ပါသည်။ သို့သော် အနုပညာပေါ်တွင်သာ တည့်တည့်မတ်မတ်ကြီး စူးစိုက်ပြီး မယိမ်းမယိုင်ခံစား အကဲဖြတ်နေရန်မှာလည်း မလွယ်ကူကြောင်း သတိပြုမိပါလိမ့်မည်။ ထို့ပြင် အခြား ဘာကိုစွက်ကိုမှ ထည့်မတွက်တော့ဘဲ အနုပညာသက်သက်ကိုသာ အာရုံပြု ဝေဖန်အကဲဖြတ်ခြင်းမျိုးမှာလည်း မသင့်ကြောင်း

တွေးမိနိုင်ပါသည်။

အနုပညာတွင် သိပ္ပံနည်းစနစ်ကို ပြည့်ပြည့်ဝဝ အသုံးချပြီး လေ့လာခြင်းငှာ မဖြစ်နိုင်သော်လည်း ဤသိပ္ပံနည်းစနစ်ကို အချို့နေရာများတွင် အမှန် အသုံးပြုသင့်ကြောင်းကိုတော့ အားလုံးက လက်ခံကြပါသည်။ ဥပမာ–ကဗျာ၌ ကဗျာ့စည်းဝါးရှာခြင်း၊ ဘာသာဗေဒကို သုံး၍ ခွဲခြမ်းစိတ်ဖြာခြင်း စသည်တို့မှာ လိုအပ်သည်ဟု ယူဆကြပါသည်။ သို့သော်လည်း သိပ္ပံနည်းဘက်သို့ လုံးဝရောက်သွားအောင် ပြောဆိုကြခြင်းတို့မှာကား တစ်ဖက်စွန်းသို့ ရောက်လွန်းသည်၊ စိတ်ကူးထဲတွင်သာ ဖြစ်နိုင်စကောင်းသည်၊ ဉာဏ်ကြီး၍ ဆင်ခြေဆင်လက်တွေ ပေးနေခြင်းသာ ဖြစ်သည်ဟုလည်း ယူဆဖွယ်ရာ ဖြစ်ပါသည်။

ဤသို့သော အစွန်းနှစ်ဖက်ကို ညှိနှိုင်းလျက် မယုတ်မလွန် သုံးသပ်ကြသောအခါ ဝတ္ထုကောင်းတစ်ပုဒ်အတွက် လိုအပ်ချက်များကို ယထာဘူတကျကျ တွေ့ရသကဲ့သို့ ဖြစ်လာပါတော့သည်။ ခေတ်အဆက်ဆက် လူတိုင်းနှစ်သက်ခဲ့သော ဝတ္ထုကြီးများနှင့် လူ့သဘာဝကို ယှဉ်တွဲသုံးသပ်လိုက်ကြသောအခါ လူတို့နှစ်သက်တတ်ကြသည့် လက္ခဏာကြီး သုံးရပ်ရှိကြောင်း၊ စံပြဝတ္ထုကောင်းကြီးများ၌ ထိုလက္ခဏာကြီးများကို တွေ့ရမြဲဖြစ်ကြောင်း တင်ပြပါမည်။

ကျွန်တော်လည်း ထိုအချက်များကို နှစ်သက်လက်ခံပါသည်။ စာဖတ်သူလည်း စိတ်ဝင်စားလိမ့်မည်ဟု ယူဆသောကြောင့် ရှေ့လတွင် ဆက်လက် တင်ပြပါမည်။

■

ရှုမဝရုပ်စုံမဂ္ဂဇင်း
ဒီဇင်ဘာ၊ ၁၉၇၈

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတွင် နှစ်သက်ခြင်း သုံးမျိုး (၁)

ဝတ္ထုနှင့် ဖတ်သူ အကွာအဝေး(၁)နှင့် (၂)တွင် အကွာအဝေး အယူအဆကို နိဒါန်းအဖြစ် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဝတ္ထုတစ်ပုဒ်ကို လူမှုရေးသင်ခန်းစာတွေ ပါလို့၊ နိုင်ငံရေးဦးတည်ချက်မှန်လို့၊ ပညာပေးပါလို့၊ ကျန်းမာရေး အသက်ရှည်ရေးအတွက် သိသင့်တဲ့ အချက်အလက်တွေ ပြည့်စုံစွာပါလို့ . . . စသည် စသည်တွေကြောင့် ထိုဝတ္ထုကို ကောင်းပါပေသည်ဟု အကဲဖြတ်လျှင် ဝတ္ထု၏ အနုပညာကို သုံးသပ်ခြင်း မဟုတ်။ ဝတ္ထုကို စာပေရှုထောင့်မှ သုံးသပ်ခြင်း မဟုတ်။ လူမှုရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ ကျန်းမာရေးနယ်ပယ် စသည့် တစ်ပါးသော နယ်ပယ်များမှ လှမ်းပြီး သုံးသပ်နေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် စာပေအနုပညာနယ်ပယ်၊ ဝတ္ထုအနုပညာနယ်ပယ်နှင့် အကွာအဝေး ရှိနေသည်။ ထို့ကြောင့် ဝတ္ထုနှင့် ဖတ်သူ၊ အကဲဖြတ်သူတို့ အကွာအဝေးရှိနေသည်ဟု ယူဆကြကြောင်းကို ယခင် ဆောင်းပါးများတွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ထို့အတူပင် "ဒီဝတ္ထု ဖတ်ရတာ သိပ်ကောင်းတာပဲ။ ရှေ့ဘာဖြစ်မလဲ . . . ဘာဖြစ်မလဲနဲ့ တထိတ်ထိတ် ဖတ်ရတာ၊ လက်ကတောင် မချနိုင်ဘူး။ နောက်ဆုံးအခန်းမှာ ကောင်မလေး သေသွားတော့ ဝတ္ထုဖတ်နေရင်း မျက်ရည်မဆည်နိုင်ဘူး" ဟု ဆိုလျှင်လည်း ဝတ္ထုအနုပညာ၌ နှစ်သက်သာယာနေခြင်း မဟုတ်။ ဝေဒနာကို ခံစားရခြင်း၌ နှစ်သက်နေခြင်းသာလျှင် ဖြစ်သည်။ ထိုသို့ ဝေဒနာများ၌ နှစ်မျောပါသွားခြင်းမှာလည်း အနုပညာနှင့်

အကွာအဝေးရှိနေသည်။ ဇာတ်လမ်းအလျောက် (ဝါ) အဖြစ်အပျက်များကြောင့် ငိုရခြင်း၊ ရယ်ရခြင်းတို့မှာ အနုပညာ မဟုတ်။ ဝေဒနာသာလျှင် ဖြစ်သည်။ ဤသို့ သည်းထိတ်၊ ရင်နင့်ဖြစ်ရမှုကို နုနယ်ငယ်ရွယ်သော ကလေးများနှင့် အနုစ်မဲ့သော လူကြီးများသာလျှင် နှစ်သက်ခြင်း ဖြစ်လေ့ရှိသည်ဟုပင် ရက်ရက်စက်စက် ပစ်ပစ်ခါခါ ဆိုကြကြောင်း ယခင် ဆောင်းပါးများတွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

အနုပညာ၊ စာပေ စသည်တို့ကို ခံစားသုံးသပ်မှုတွင် ဦးတည်ချက် ပညာပေးစသည်တို့ကို ချီးမွမ်းခြင်းမှာ အနုပညာကို ချီးမွမ်းခြင်းမဟုတ်ဟု ဆိုသည်သာမက ဝတ္ထုစသည်တို့၌ ဇာတ်လမ်းနှင့် ဖမ်းစား၍ ဇာတ်လမ်း အဖြစ်အပျက်ကြောင့် သည်းဖိုရဲရင့် ဖြစ်ရခြင်းသည်ပင်လျှင် အနုပညာခံစားခြင်း မဟုတ်။ ဝေဒနာ၌ ယစ်မူးသွားခြင်းသာ ဖြစ်သည်ဟု ဆိုကြပြန်သော အခါ၊ တစ်ဖက်စွန်းသို့ ရောက်လွန်းလေပြီဟု အောက်မေ့လာရပါသည်။ သို့သော်လည်း သူတို့ ဆိုလာသမျှမှာ အကျိုးအကြောင်း ကင်းမဲ့သော ငါ့စကား နွားရစကားမျိုး မဟုတ်ကြောင်းကိုလည်း သတိပြုသင့်သည်ဟု ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ တစ်ဖက်စွန်းရောက်ကြသူများကြောင့် မဖွံ့မပဒ္ဒိပဒါဟူသော အလယ်အလတ်လမ်းစဉ် ပေါ်ပေါက်ရစမြဲ ဖြစ်သည်ဟု ထင်မိပါသည်။

အခြားသော အနုပညာများကို ထားဦးတော့။ လူတို့သည် ဝတ္ထုကို ဘာကြောင့်ဖတ်သလဲ၊ ဘယ်လိုဝတ္ထုမျိုးကို ခေတ်အဆက်ဆက် နှစ်သက်ကြသလဲ ဟူသော ပြဿနာနှင့် ပတ်သက်၍လည်းကောင်း၊ အနုပညာနှင့် ခံစားသူ အကွာအဝေး ပြဿနာနှင့် ပတ်သက်၍လည်းကောင်း၊ အချို့ပညာရှင်များက မယုတ်မလွန် ဆင်ခြင်စူးစမ်းကြပါသည်။ သူတို့၏ တင်ပြချက်များမှာ သင့်တင့်လျောက်ပတ်သော အနေအထားတွင်ရှိသည်ဟု ယူဆမိသောကြောင့် ဆက်လက် တင်ပြလိုပါသည်။ ဝတ္ထုရေးသူများအတွက်ရော ဝတ္ထုဖတ်သူများအတွက်ပါ စဉ်းစားတွေးတောဖွယ်ရာ၊ ဆွေးနွေးဖွယ်ရာဖြစ်လိမ့်မည်ဟုလည်း ယူဆမိပါသည်။

ဝတ္ထုဖတ်ရာတွင် လူတို့တွင် နှစ်သက်ခြင်း သုံးမျိုး ပေါ်ပေါက်လေ့ရှိသည်ဟု ဆိုပါသည်။ ယင်းတို့မှာ . . .

www.burmeseclassic.com

www.burmeseclassic.com

(၁) အသိပညာရ၍ နှစ်သက်ခြင်း။
(၂) အနုပညာ၌ နှစ်သက်ခြင်း။
(၃) လက်တွေ့ ဆင်ခြင်ခွင့်ရ၍ နှစ်သက်ခြင်း။

(၁) အသိပညာရ၍ နှစ်သက်ခြင်း

လူတို့သည် ဘာကိုမဆို သိချင်သည်။ စူးစမ်းချင်သည်။ မွေးခြင်း ကိစ္စမှ သေခြင်းကိစ္စအထိ သိစရာတွေကလည်း မကုန်နိုင်အောင် ရှိသည်။ 'သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ' လုပ်ကြရသည်ပင်လျှင် သူ့ဘဝ၏ အရသာကြီး တစ်ခုလို ဖြစ်နေပေတော့သည်။ ထို့ကြောင့် လူ့လောကကြီးသည်လည်း ဤသို့ တိုးတက်လာရခြင်း ဖြစ်သည်။

အသိပညာဆိုသည်မှာ ဝတ္ထု မဟုတ်ပါ။ အနုပညာလည်း မဟုတ်ပါ။ အနုပညာပင် မဟုတ်သော်လည်း၊ ဝတ္ထုပင် မဟုတ်သော်လည်း အသိပညာကိုမူကား မက်မောတောင့်တမှု၊ စိတ်အားထက်သန်မှုသာလျှင် ကွာချင် ကွာမည်။ အသိပညာကို နှစ်သက်ခြင်း ဖြစ်ကြသည်မှာကား မကွဲပြားပါ။ တံငါ ဗဟုသုတ၊ လေကြောင်း ဗဟုသုတ၊ တောတွင်း ဗဟုသုတ၊ စိတ်ပညာ ဗဟုသုတ စသည်ဖြင့် မိမိနှစ်သက်မှု၊ ဦးစားပေးမှုကား ကွာခြားနိုင်ပါသည်။ အသိပညာတိုးလျှင်ကား နှစ်သက်ကြမြဲ ဖြစ်ပါသည်။

လူထုဦးလှ၏ 'ကျွန်တော် ဘယ်သူဘယ်ဝါ' စသော အတ္ထုပ္ပတ္တိများ၊ ထောင်ဝတ္ထုများကိုလည်း အတွေ့တွေ့သော လူတန်းစား၊ ထူးခြားသော ပတ်ဝန်းကျင်တို့အကြောင်းကို သိရ၊ မှတ်သားရသောကြောင့် နှစ်သက်ခြင်း ဖြစ်ကြသည်။

အထူးသဖြင့် သာမန် စာဖတ်သူတို့၊ သာမန် သူလို ငါလို လူများအဖို့ လက်လှမ်းမီရန် ခဲယဉ်းသော 'လောကစိမ်း' များအကြောင်းကို ရေးထားလျှင် အသိပညာ ဆည်းပူးလိုစိတ် သက်သက်ကြောင့်ပင် နှစ်သက်လေးစားခြင်း ဖြစ်တတ်ကြပါသည်။

ကြယ်နီကို ရေလုပ်သားများ ဘဝသုတကိုသိရသောကြောင့် နှစ်သက်ခြင်း ဖြစ်ကြပါသည်။ ဖိုးကျော့၏ ဝတ္ထုများ၊ အစ်ကိုစော၏ ဝတ္ထုတိုများကြောင့် ဆင်လုပ်သားများ၏ ဘဝ၊ 'တောင်စွယ်တွင် နေကွယ်' နေကြရရှာသော ဆင်လုပ်သားတို့၏ ရင်သွေးများဘဝကို နားလည်နိုင်ရကြပါသည်။

မောင်သင်၊ ဒေါက်တာမောင်မောင်ညို၊ ဆရာဝန်တင်ရွှေ စသော ဆေးပညာရှင် စာရေးဆရာများကြောင့်လည်း ဆေးပညာအကြောင်း၊ ဆေးလောကအကြောင်း၊ ကျန်းမာရေးအတွက် ဆောင်ရန် ရှောင်ရန်တို့ကိုလည်းကောင်း သိရ၍ နှစ်သက်ခြင်း ဖြစ်ကြရပါသည်။ ဒေါက်တာအုန်းမောင်၏ ဝတ္ထုတိုများ ဆိုလျှင်လည်း စိတ်ကျန်းမာရေးအတွက် သိသင့်သိအပ်သော သုတကို ပေးသောကြောင့် နှစ်သက်ကြရသည်။

တက္ကသိုလ် မောင်မောင်ခင်၏ ဝတ္ထုများမှာ ဥပဒေလောက၊ ဥပဒေသဘောကို သိခွင့်ရသည်၊ ရဲအရာရှိတစ်ဦး၏ ပြစ်မှုဝတ္ထုများကြောင့် ရဲနှင့် ရာဇဝတ်မှုလောကအကြောင်း သုတကို မှတ်သားရသည်။ ထို့ပြင်မကကျော်မြသန်းတို့လို ဝတ္ထုရေးဆရာများကိုလည်း နှစ်သက်ခြင်းဖြစ်ကြသည်။ သူတို့ကြောင့် လူဆိုးလောက၊ ခါးပိုက်နှိုက်လောက၊ လူလိမ်လူကောက်တို့၏ လောကအကြောင်းကို သိခွင့်ရသည်။

မင်းကျော်တို့ဆိုလျှင် ဤသို့သော 'လောကစိမ်း' များအကြောင်းကို ကြိုးစားပမ်းစား စူးစမ်းရေးဖွဲ့လေ့ရှိကြသည်။ မင်းကျော်၏ **'အဖြူကို အမည်းမည်သူဆိုးသနည်း'**၊ မြသန်းတင့်၏ **'မာယာဘုံ'** စသည်တို့ကို ကြည့်လျှင် ဝတ္ထုဆရာတို့သည် အသိပညာရှာမှီးလိုစိတ်ကို နှစ်သိမ့်စေနိုင်ရန်အတွက် လောကစိမ်းများအတွင်းသို့ ကြိုးစားပမ်းစားထိုးဖောက် ဝင်ရောက်ကြပုံကို သိမြင်နိုင်ပါသည်။

နိုင်ဝင်းဆွေ၏ **'မသိန်းရှင်ဆီ ပို့ပေးပါ'** တွင် ထန်းလျက်မှောင်ခိုတို့၏ ဘဝ၊ မောင်မောင်ဖြူ၏ **'မရဏမောင်းလော အောင်စည်လော'** တွင် လက်ဖက်ခြောက်၊ သနပ်ဖက်လုပ်သားတို့၏ဘဝ စသည်တို့ကို ပေါ်လွင်အောင် တင်ပြကြသောကြောင့် နှစ်သက်ခြင်း ဖြစ်ကြရပါသည်။

သိန်းဖေမြင့်၏ **'အရှေ့က နေဝန်းထွက်သည့်ပမာ'** ဝတ္ထုကြီးကို ဆိုလျှင် (ဝတ္ထုဖတ်လေ့မရှိသော ကျောင်းသားများပင်) ကိုလိုနီခေတ် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုကြီးများ ကျောင်းသားလှုပ်ရှားမှုကြီးများ အကြောင်းကို အသေးစိတ်သိလိုသောကြောင့် လေးလေးစားစား မှတ်မှတ်သားသား ဖတ်ရှုကြသည်ကို တွေ့ရပါသည်။

ဤနေရာတွင် စကားအလျဉ်းသင့်၍ ပြောလိုပါသေးသည်။ ဤသို့သော သုတမျိုးကို နိုင်ငံရေးသမိုင်းကျမ်းများတွင် မတွေ့နိုင်ပြီလောဟု မေးစရာ

www.burmeseclassic.com

www.burmeseclassic.com

ရှိပါသည်။ သမိုင်းများ၊ မှတ်တမ်းများ၊ ကျမ်းများတွင်ကား သမိုင်းအတွက် ခုနှစ်သက္ကရာဇ်၊ အချက်အလက်၊ ဆုံးဖြတ်ချက် စသည်တို့ကိုသာ ပဓာန ပြုကြရပါသည်။ အသေးစိတ်မြင်ကွင်းကို ရနိုင်သည် မဟုတ်ပါ။ ထို့ကြောင့် သမိုင်းမှတ်တမ်းနှင့် ဝတ္ထု သုတတို့ မတူကြပါ။

ထိုကဲ့သို့ လောကစိမ်း သုတများကိုသာမက ထူးထူးခြားခြားဆိုလျှင် လူတိုင်း သိချင်ကြပါသည်။ ဝတ္ထုနာမည်ကြောင့်ပင်လျှင် 'ဘယ်သူ့အကြောင်း ပါလိမ့်မလဲ'၊ 'ဘာတွေများ ရေးထားသလဲ' စသည့် သိလိုစိတ်ကြောင့်ပင် လျှင် ရှာဖွေပြီးလျှင် ဖတ်မိကြသည်။ ဝတ္ထုဖတ်ချိန်မရသူတို့ကလည်း ဖတ်ပြီး သူများအား အကျိုးအကြောင်းလောက်တော့ မေးမိကြသည်။ ဤသည်မှာ လည်း အသိပညာဆည်းပူးလိုစိတ်ပင် ဖြစ်ပါသည်။

လောလောဆယ်အားဖြင့် လူအများ စိတ်ဝင်စားနေသည့် အကြောင်း အရာနှင့် ဟပ်မိအောင် ဝတ္ထုနာမည်ရွေးရာတွင် မောင်ကိုယုတို့မှာ ချီးကျူး လောက်သောသူများ ဖြစ်ကြပါသည်။ သူတို့သည် လူအများ၏ သုတ ဆည်းပူးလိုစိတ်ကို ကောင်းကောင်းအသုံးချတတ်သောသူများ ဖြစ်ပါသည်။

ထိုကဲ့သို့ပင် လောလောဆယ် ရေးပန်းစားနေသည့်ကိစ္စကို ဇာတ် လမ်းဆင်ပြီး သုတသွင်းထားသော ဝတ္ထုများကို ရေးလေ့ရှိကြပါသေးသည်။ ဥပမာ – ရွှေတိဂုံဘုရားကို ကျားတက်သောအခါတွင် လူအပေါင်းတို့ ရုတ်ရုတ်သဲသဲ စိတ်ဝင်စားကြသည်။ ထိုအခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်း သည်ပင် **'ရွှေတိဂုံဘုရားအမှုးကို ကျားဖူးသောပြဇာတ်'** ကို ရေးခဲ့သည်။ ဆရာစော၏ **'မောင်စံသူ မဘွားသိုက်'** ဝတ္ထုမှာလည်း (ဒုတိယတွဲကိုပင် မတွေ့ရစေကာမူ) ရွှေတိဂုံဘုရားကို ကျားတက်ခြင်း အကြောင်းကို အခြေခံ ဝတ္ထုဆင်ထားကြောင်း တစ်ထစ်ချ ပြောနိုင်သည်။

ဤသို့လျှင် လူအများတောင့်တ လိုလားနေကြသော သုတများကို ခြေခြေမြစ်မြစ် စုံစုံလင်လင် ထည့်သွင်းပြီး ရေးနိုင်အောင် ကြိုးစားကြသည်။ ဤသို့ ကြိုးစားကြသည်မှာ မိမိဝတ္ထု အရောင်းသွက်အောင်ချည်း မဟုတ်ပါ။ ဝတ္ထုဆရာသည်လည်း လူထဲက လူတစ်ယောက်ပင် ဖြစ်သောကြောင့် ခေတ်အခါအလျောက်အများနှင့်အတူ နှစ်သက်စူးစမ်းလိုသော၊ စိတ်ဝင်စား သော အကြောင်းအရာများ ရှိနေရပါလိမ့်မည်။

သို့သော် ခေတ်အလျောက် အသိပညာအမျိုးအစားအလိုက် တန်ဖိုး

ထားမှုတို့မှာကား ပြောင်းလဲ ရွေ့လျော လာတတ်ပါသည်။ ဝတ္ထုများတွင် ပါဝင်သော အသိပညာတို့၏ လမ်းကြောင်းကို ပြန်လည် ဆန်းစစ်လိုက်လျှင် ထင်ရှားစွာ တွေ့နိုင်ပါသည်။

ရှေးခေတ် မြန်မာဝတ္ထုများ ပေါ်စကမူကား မြန်မာ့ လူ့ဘောင်ကြီး ကလည်း ဤမျှ မရှုပ်ထွေးသေး။ ထို့ကြောင့် အသိပညာ နယ်ပယ်ကလည်း ဤမျှ မကျယ်ပြန့်သေး။ ထို့ကြောင့် မိဘဝတ္တရား၊ သားသမီးဝတ္တရား၊ ဘာသာ ရေးအဆုံးအမများ၊ နိပါတ်ပုံပြင်များ၊ ရာဇဝင် ဗဟုသုတများကို ထည့်သွင်း ရေးသားကြသည်။ တစ်ခါတစ်ရံတွင်လည်း ဒံပေါက်ထမင်းချက်နည်း၊ အမဲ သားနုပ် စီရင်နည်း စသည်တို့ကိုပင် ထည့်သွင်းရေးသားတတ်သည်။

တရွေ့ရွေ့နှင့် ခေတ်ပြောင်းလာသောအခါတွင်ကား လူတို့ စိတ်ဝင်စား သော အသိပညာ အမျိုးအစားကလည်း ပြောင်းလဲလာတော့သည်။ တစ် ခေတ်က တန်ဖိုးထား လေးစားခဲ့သော အသိပညာမျိုးကို နောင်တစ်ခေတ် တွင် စိတ်မဝင်စားတော့။ ထိုအခါမျိုးတွင် အသိပညာသက်သက်ကို အားပြု ပြီး ရေးထားသော ဝတ္ထုမျိုးကို ခေတ်နှင့်မဆိုင်လျှင် ကောက်လို့ပင် ကိုင် မကြည့်ကြတော့ချေ။ တစ်ဖန် ထိုအသိပညာကို လူတိုင်း နားရည်ဝလာ လျှင်လည်း စိတ်မဝင်စားကြတော့။ ယနေ့ဆိုလျှင်ပင် ကျန်းမာရေးဌာန၏ ပညာပေးမှု၊ ဝတ္ထုဆရာတို့၏ ရှေးယခင်က ပညာပေးမှုတို့ကြောင့် ကာလသား ရောဂါအကြောင်း လူတိုင်း နားရည်ဝလျက်ရှိကြပြီ၊ ထိုအခါမျိုးတွင် ကာလသား ရောဂါ အသိပညာပေးဝတ္ထုကို စိတ်ဝင်စားစွာ ဖတ်သူမရှိသလောက် ဖြစ် သွားလေပြီ။

ဒုတိယကမ္ဘာစစ်ကြီး ပြီးစတွင် မြန်မာလူမျိုးတို့အဖို့ မြန်မာ့တော်လှန် ရေးအကြောင်း၊ ပြောက်ကျား တော်လှန်ရေးအကြောင်းကို အလွန် စိတ်ဝင် စားကြသည်။ ဘုန်းကြွယ်၏ **'ပြောက်ကျားတစ်သား'** ဝတ္ထုက ဖွဲ့ဆော်ဦး ထွက်လာသောအခါ အလုအယက်ဖတ်ပြီး အငမ်းမရနှစ်သက်ကြသည်။ သို့သော် မဂ္ဂဇင်းတစ်စောင်က ပြန်လည် ဆန်းသစ်ခြင်းကလျှာဖြင့် ပြန်မံ ဖော်ပြလိုက်သောအခါတွင်ကား မည်သူမျှ အရေးတယူ ဆွေးနွေးခြင်း မပြုကြတော့။

ဤသို့နှင့် စစ်ပြီးခေတ် မြန်မာပြည်တွင် ပြောက်ကျားတိုက်ပွဲ၊ ဖက် ဆစ်တော်လှန်ရေး စသည်တို့မှ တစ်ဆင့်တက်၍ မတ်(စ်)ဝါဒ၊ လီနင်ဝါဒ၊

www.burmeseclassic.com

www.burmeseclassic.com

ကွန်မြူနစ်၊ ဆိုရှယ်လစ် စသည်တို့ ခေတ်စားလာပြန်သည်။ ထိုအခါတွင် ဝတ္ထုထဲက ဇာတ်ဆောင်တို့ကလည်း ယင်းစကားတို့ကို တွင်တွင်ကြီး ပြောကြပြန်တော့သည်။ ဝတ္ထုဆရာတို့ကလည်း သူတို့သန်ရာသန်ရာ ဝါဒ ရေးရာအကြောင်းများကို ဝတ္ထုတွင် အသိပညာအဖြစ် သွတ်သွင်းပေးကြ ပြန်သည်။

ယနေ့ဆိုလျှင် အခြားဝတ္ထုဆရာများကို မဆိုထားဘိ၊ လျှို့ဝှက်သည်း ဖို၊ အချစ်အလွမ်း၊ စွန့်စားခန်း ဝတ္ထုဆရာများကပင်လျှင် နယ်စပ်မှောင်ခို များ၊ ဘိန်းဖြူဂိုဏ်းများ၊ ထောက်လှမ်းရေး၊ တန်ပြန်ထောက်လှမ်းရေး၊ အဆင့် မြင့် ကိုယ်ခံပညာများ စသည်တို့ကို သူ့ထက်ငါ ခြေခြေမြစ်မြစ် ရှိအောင် ကြိုးစားထည့်သွင်းနေကြသည်ကိုပင် တွေ့နိုင်ပါသည်။

ဤသို့သော ဗဟိဒ္ဓလောက အတွေ့အတွေ့ အသိပညာများကိုသာမက အဇ္ဈတ္တလောကဟု ဆိုသင့်သည့် လူ့သဘာဝ၊ လူ့သဘော၊ ဘဝနိယာမ စသည်တို့ကိုလည်း လူတို့ သိချင်ကြပါသည်။ ဘဝဆိုတာ ဘာလဲ၊ ဘဝရဲ့ အဓိပ္ပာယ်က ဘာလဲ၊ လူ့ဘဝကို ဘယ်လိုအသက်ရှင်သွားခြင်းဟာ တန်ဖိုး ရှိသလဲ၊ လောကဓံတရားကို ဘယ်လိုသဘောထားမလဲ၊ မိမိနှင့် ပတ်ဝန်း ကျင် ဘယ်လိုဆက်ဆံသင့်သလဲ စသည် စသည်တို့ကိုလည်း သိချင်ကြ ပါသည်။

သို့သော် ဤသို့သော ဘဝကိစ္စ၊ ဘဝနိယာမ ခံယူချက် စသည့် ပြဿနာတို့မှာကား သိမ်မွေ့လေးနက်လှသောကြောင့် တော်ရုံတန်ရုံ ဝတ္ထု ဆရာတို့နှင့် လားလားမျှ မဆိုင်ကြောင်း အထူးပြောစရာ မလိုတော့ပါ။ ဇာတ်လမ်းလေးက ငါးမူးသား၊ အချစ်က တစ်မတ်သား၊ သာမန် အသိပညာ လေးက တစ်မတ်သား၊ စုစုပေါင်း တစ်ကျပ်သားနှင့် ဝတ္ထုထုတ်စားနေကြ သော ဝတ္ထုဆရာများမှာမူကား သူတို့ကိုယ်တိုင်ကပင် ဤသို့လေးနက်သော ဝတ္ထုမျိုးကို အရသာခံစားတတ်ကြသည် မဟုတ်ရကား သူတို့ထံမှ မမျှော် လင့်စကောင်းပါချေ။

မည်သို့ပင်ဖြစ်စေ လူ့သဘာဝ၊ လောကသဘာဝကို သိမ်မွေ့လေး နက်စွာ ဖော်ပြသည့် အသိပညာတို့မှာ ရိုးအီသွားတတ်သော အသိပညာမျိုး မဟုတ်၊ ခေတ်ကူး ခေတ်ပြောင်းတွင် တိမ်ကောသွားတတ်သော အသိ ပညာမျိုး မဟုတ်။ လူသားတို့ တန်ဖိုးထားသော အမြင့်စား အသိပညာမျိုး

ဖြစ်ပါသည်။

အသိပညာအဆင့်အတန်း အနိမ့်အမြင့် ကွာခြားစေကာမူ ဝတ္ထု ဆရာကပေးသော အသိပညာကို နှစ်သက်ခြင်း ဖြစ်တတ်ကြောင်းကား ထင်ရှားပြီဟု ယူဆပါသည်။

(၂) အနုပညာ၌ နှစ်သက်ခြင်း

ဝတ္ထုဖတ်ရာတွင် အသိပညာ၌ နှစ်သက်ခြင်း ဖြစ်တတ်သည်သာမက၊ ဝတ္ထုဆိုင်ရာ အနုပညာ၌ နှစ်သက်ခြင်းလည်း ဖြစ်တတ်ပါသေးသည်။ ဇာတ် လမ်း၊ တင်ပြပုံ၊ အရေးအဖွဲ့ စသည်တို့ကို နှစ်သက်ခြင်းမှာ အနုပညာ၌ နှစ်သက်ခြင်း ဖြစ်သည်ဟု ဆိုရပါမည်။

ဇာတ်လမ်း ။ ။ စာပေပညာရှင်အချို့နှင့် စာပေဝေဖန်ရေး ဆရာအချို့က ဇာတ်လမ်း အဖိအဖော့၊ အတင်အဖြေ၊ အဖုံးအဝှက် စသည် တို့ဖြင့် ရင်ဖိုစေခြင်း၊ စိုးရွံ့စေခြင်း၊ အဖြစ်အပျက်တိုက်ဆိုင်မှု၊ ကြုံကြိုက်မှု တို့ဖြင့် စာဖတ်သူအား ရယ်မောစေခြင်း၊ မျက်ရည်ကျစေခြင်း စသည်တို့မှာ လှည့်ဖြားခြင်းမျှသာ ဖြစ်သောကြောင့် အနုပညာဟုပင် မခေါ်ထိုက်ဟု ယူဆ ကြကြောင်း ရှေ့ပိုင်းဆောင်းပါးများတွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့သော် ဇာတ်ဆောင်၏ စရိုက်ကို ပဓာနပြုသည်ဖြစ်စေ၊ နောက်ခံ ဝန်းကျင်ကို သရုပ်တင်လိုသည်ဖြစ်စေ၊ ဦးတည်ချက်တစ်ခုကို အဆိုပြုလို သည်ဖြစ်စေ၊ ထိုရည်ရွယ်ချက်များကို ဝတ္ထုသဏ္ဌာန်တင်ပြနိုင်ရန် ဇာတ်လမ်း အဖြစ်အပျက်တော့ ဖန်တီးရဦးမည် ဖြစ်ပါသည်။ ထို့ကြောင့် ဇာတ်လမ်း ဆင်ခြင်းအတတ်ကိုလည်း အနုပညာစာရင်း၌ (အောက်ဆုံးတန်းမှာဖြစ်စေ) သွင်းထားရမည် ဖြစ်ပါသည်။

(ဇာတ်လမ်း၊ ဇာတ်ကွက် သက်သက်ကလေးနှင့် လုပ်ကိုင်စားသောက် နေကြသော ဝတ္ထုရေးဆရာတို့ကို ဇာတ်နိမ့်ဝတ္ထုရေးဆရာများ၌ စာရင်းသွင်း သင့်သည်ဟု ဆိုလျှင်ကား ကျွန်တော်လည်း သဘောတူပါသည်။)

လူတို့သည် အကြောင်းတရားတစ်ခုကိုတွေ့လျှင် အကျိုးတရားကို သိချင်ကြသည်။ အကျိုးတရားတစ်ခုကို တွေ့ရလျှင်လည်း အကြောင်းတရား ကို သိချင်ကြသည်။ ဤသည်မှာ လူ့သဘာဝပင် ဖြစ်ပါသည်။ ဤသို့သော သိချင်စိတ်၊ စူးစမ်းချင်စိတ်ကြောင့်လည်း လူ့လောကကြီး တိုးတက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com

ရခြင်း ဖြစ်သည်ဟုလည်း ဆိုရပါမည်။

ဝတ္ထုဆရာတို့သည် အဖြစ်အပျက်တို့၏ အကျိုးအကြောင်း ဆက်စပ်မှုတွင် ဖုံးကာဝှက်ကာဖြင့် စာဖတ်သူ၏ သိချင်စိတ်ကို လှုံ့ဆော်ဖမ်းစားတတ်သည်။ တစ်ချက်လောက် ညွှတ်ခနဲ မိသွားလျှင် ဝတ္ထုမဆုံးမချင်း အမောတကော မရပ်မနား ဖတ်မိတတ်ကြသည်။ မိမိလိုလားနှစ်သက်သော ဇာတ်ဆောင် အရေးနိမ့်မည်လော၊ အောင်မြင်မည်လော သိလိုကြသည်။

ဤသိလိုစိတ်မှာ အသိပညာ ဆည်းပူးလိုစိတ်နှင့် လုံးဝမတူကြောင်းကို သတိပြုမိပါလိမ့်မည်။ ဇာတ်လမ်းအဖြစ်အပျက်တွင် ရှေ့တွင် ဘာဖြစ်မည်လဲဟု သိလိုခြင်းမှာ ပညာဆည်းပူးခြင်းမျိုး မဟုတ်။ ဉာဏ်ပညာကိစ္စမဟုတ်။ လူ့ပေါ်ဦးစ ကျောက်ခေတ်သစ်ကာလများ၌ပင် ကျောက်ဂူအတွင်း မီးပုံကြီးဘေးတွင် ထိုင်ရင်း ဇာတ်လမ်းနှင့် ဖမ်းစားမှုမျိုး ပြုခဲ့ဖူးကြလေပြီ။ ယနေ့တိုင်လည်း ဖမ်းစားနိုင်ဆဲပင် ဖြစ်သည်။ ပုံပြောသူ စိတ်ကူး စိတ်သန်းကောင်းလျှင် ကောင်းသလောက် သိလိုစိတ်ကို နှိုးဆော်နိုင်သည်။ အဖုံးအဖိကောင်းလျှင် ကောင်းသလောက် သိလိုစိတ်ကို ပြင်းပြကြီးမားလာစေနိုင်သည်။ ဤသည်မှအပ အခြားတန်ဖိုးတော့ ဘာမျှမရှိ။ သို့သော်လည်း လူ့ဗိဇမှာ ဇာတ်လမ်းကောင်းကို မက်မောတတ်သည်ဖြစ်လေရာ စာပေဝါနုသူများ၊ လူငယ်များ၊ ကလေးသူငယ်များအတွက် ရည်ရွယ်လျှင်ကား ဇာတ်လမ်းကောင်းမှာ လိုအပ်သော အချက်ကြီးဖြစ်သည်ဟု ဆိုရပါမည်။

တင်ပြပုံ ။ ။ ဇာတ်လမ်းကိုသာမက တင်ပြပုံ၊ ပုံသဏ္ဌာန်ဖွဲ့စည်းမှု ဆန်းသစ်တီထွင်ပုံတို့ကိုလည်း နှစ်သက်တတ်မြဲ ဖြစ်ပါသည်။ ပရိသတ်သည် အနုပညာပစ္စည်းဟူသမျှကို သက်ဆိုင်ရာ ပုံသဏ္ဌာန်နှင့် တွဲဖက်ပြီး မျှော်လင့်ထားတတ်မြဲဖြစ်ပါသည်။ ပန်းချီဆိုလျှင် စုတ်၊ ဆေး၊ ပိတ်ကားရေးခြယ်မှုဖြစ်သည်။ ရုပ်၊ ဆောက်၊ လွှ၊ အင်္ဂတေ စသည်တို့နှင့် တွဲဖက်ပြီး မျှော်လင့်မထားပါ။ စာပေဆိုလျှင်လည်း အက္ခရာရေးသီမှုနှင့် ဆိုင်သော ပုံသဏ္ဌာန်ဟု သိထားကြပါသည်။ တစ်ဖန် စာပေတွင်း၌ပင် ကဗျာဆိုလျှင် ဘယ်ပုံ၊ စကားပြေဆိုလျှင် ဘယ်ပုံ၊ ကဗျာ၌ပင် တေးထပ်ဆိုလျှင် ဘယ်ပုံ၊ လေးချိုးဆိုလျှင် ဘယ်ပုံ၊ စကားပြေ၌ပင်လည်း စာတန်းဆိုလျှင် ဘယ်ပုံ၊ ပြဇာတ်ဆိုလျှင် ဘယ်ပုံ စသည်ဖြင့် ပုံသဏ္ဌာန်တစ်ခုကို ကြိုတင်မျှော်လင့်ထားမိတတ်မြဲ ဖြစ်ပါသည်။

ထို့အတူ ဝတ္ထုတို့၏ ယေဘုယျပုံသဏ္ဌာန်ကိုလည်း သိထားပြီး ဖြစ်သည့်အတိုင်း ဝတ္ထုတစ်ပုဒ်ဖတ်လျှင် ဝတ္ထုပုံသဏ္ဌာန်ကိုပင် မျှော်လင့်မိတတ်ကြပါသည်။ သို့သော် ထိုပုံသဏ္ဌာန်ကို ပိုပြီးလှလာအောင်၊ ဆန်းကြယ်လာအောင် ဖန်တီးထားလျှင် ချီးကျူးနှစ်သက်ခြင်း ဖြစ်မိတတ်ကြပါသည်။ ဤသည်မှာ အနုပညာသက်သက်ကို ချီးကျူးနှစ်သက်ခြင်းပင် ဖြစ်ပါသည်။

ပုံသဏ္ဌာန် ဆန်းကြယ်ထူးခြားလာအောင် ဖန်တီးခြင်းဟု အထက်တွင် ဆိုခဲ့ပါသည်။ မည်မျှ ဆန်းကြယ်မည်နည်းဆိုသည်ကို ချင့်ချိန် ဆုံးဆတတ်ခြင်းသည်ပင်လျှင် အနုပညာစွမ်းရည်တစ်ခုဟု ဆိုကြပါသည်။ ဆန်းကြယ်ထူးခြားစေခြင်း၌ အစဉ်အလာ ပုံသဏ္ဌာန်နှင့် မနီးလွန်း၊ မဝေးလွန်းဖြစ်အောင် (သင့်တင့်မျှတသော အကွာအဝေးကိုရအောင်) ဖန်တီးနိုင်ရန် လိုပါသည်။ အစဉ်အလာ ပုံသဏ္ဌာန်နှင့် နီးလွန်းနေလျှင်လည်း ဆန်းသစ်သည်ဟု မဆိုနိုင်တော့ပါ။ သူလိုငါလို ပုံသဏ္ဌာန်သာ ဖြစ်နေပါလိမ့်မည်။ အစဉ်အလာ ပုံသဏ္ဌာန်နှင့် ဟပ်လို့စပ်လို့ မရအောင် ဝေးလွန်းနေပြန်လျှင်လည်း ဝတ္ထုဟု ခေါ်နိုင်တော့မည် မဟုတ်ပါ။ အခြားစာပေ ပုံသဏ္ဌာန်တစ်မျိုးသာ ဖြစ်လာပါလိမ့်မည်၊ ယင်းကဲ့သို့ မနီးလွန်း၊ မဝေးလွန်းသော ဝတ္ထုပုံသဏ္ဌာန်မျိုးကို ဖန်တီးနိုင်လျှင် ထိုဝတ္ထုဆရာ၏ အနုပညာစွမ်းရည်ကို နှစ်သက်ကြမြဲ ဖြစ်သည်။

ဝတ္ထုတင်ပြပုံ ပုံသဏ္ဌာန်အမျိုးမျိုးရှိပါသည်။ ဝတ္ထုပြောရာ၌ပင် ဝတ္ထုဆရာက ဘေးက ရပ်ကြည့်ပြီး 'အားလုံးသိ' ဇာတ်ဆရာကြီးအဖြစ် ပြောသော ပုံသဏ္ဌာန်၊ ဇာတ်ဆောင်တစ်ဦး၊ နှစ်ဦးကိုသာ သေချာသိသော အပြောပုံသဏ္ဌာန်၊ ဇာတ်ဆောင်ကိုယ်တိုင်က ပြန်ပြောပြသော ပုံသဏ္ဌာန်၊ တစ်ခါတစ်ရံ ဇာတ်ဆောင် ၄-၅ ယောက်တို့ ပြန်ပြောင်း ပြောပြချက်များကို ဆက်စပ်ကြည့်မှ ဇာတ်ကွက်လည်လာသော ပုံသဏ္ဌာန်၊ ပေးစာများကို တစ်ထပ်ကြီး ဖတ်ကြည့်ရင်း ဇာတ်လမ်းပေါ်လာသော ပုံသဏ္ဌာန်၊ နေ့စဉ်မှတ်တမ်း ပုံသဏ္ဌာန် စသည်ဖြင့် အမျိုးမျိုး ရေးသားတင်ပြတတ်ကြပါသည်။

စစ်မဖြစ်မီက (ကျွန်တော် မှတ်မိသလောက်) ရန်အောင်၊ ရဲထွတ်၊ သခင်ါတို့သုံးဦးပေါင်း၍ 'ဤသုံးဦး' ဟူသော ဝတ္ထုတစ်ပုဒ်ကို ရေးခဲ့ဖူးသည်။ မင်းသမီးတစ်ယောက်၊ မင်းသားသုံးလက် ဇာတ်လမ်းမျိုးဖြစ်သည်။ ဇာတ်လိုက်မင်းသား စာရေးဆရာများက မိမိနှင့် မင်းသမီး တွေ့ရသော အပိုင်းကို

www.burmeseclassic.com

မိမိရှုထောင့်မှ ကိုယ်တိုင်ဇာတ်လိုက်လုပ်ပြီး ပြောပြသော ဝတ္ထုဖြစ်ပါသည်။ ဝတ္ထုတွင် သုံးပိုင်းပါ၍ အပိုင်းတိုင်းမှာလည်း ဝတ္ထုတစ်ပုဒ်စီ ဖြစ်နေသည်ဟု မှတ်မိနေပါသည်။

ဤသို့ ပုံသဏ္ဌာန် ဆန်းသစ်မှုကို နှစ်သက်ခြင်းမှာ အသိပညာကို နှစ်သက်ခြင်းလည်း မဟုတ်။ ဦးတည်ချက်၊ ရည်ရွယ်ချက် စသော အခြား အတွေ့အကြုံများကြောင့်လည်း မဟုတ်။ အနုပညာသက်သက်ကို နှစ်သက်ခြင်း ဖြစ်သည်ဟု ဆိုရမည်။

ကဗျာ စသည်တို့၌လည်း ဤသို့ပင် ပုံသဏ္ဌာန် ဆန်းသစ်ခြင်းကို နှစ်သက်မှု ဖြစ်တတ်ကြမြဲ ဖြစ်ပါသည်။ ရှင်မဟာရဋ္ဌသာရ၏ ကဗျာလေးများကို သတိရမိကြပါလိမ့်မည်။ 'ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျိုမျစ်မျစ်လျှင်၊ ကျစ်လျစ်တင့်စံပယ်၊ လှမျိုးကြွယ်သား၊ ဆံသွယ်မြမြိတ်စို့၊ ဆင်းရောင်ပျို့ကို' စသော တောင့်တဲတွန့်ရတုမျိုး၊ 'လှလွန်လွန်းလှည့်၊ ငါးကြန်ပြည့်ကို၊ ဖျော်ဖြေ၊ ဖြေဖျောက်၊ ကြိမ်ကြိမ်လျှောက်လည်း၊ ပြစ်ပျောက်ပျို့ပျို့၊ ဖြူမြိတ်စို့နှင့်၊ သူသို့သွေသည်၊ ဟုတ်မည်မှန်ဘွယ်၊ ဝမ်းဝယ်ပိုးဝါး. . . ' စသော သံတူကပ် ရတုမျိုးတို့ကို နှစ်သက်ကြသည်မှာ ဦးတည်ချက်၊ အဆုံးအမ စသည်တို့ကြောင့် မဟုတ်ပါ။ ပုံသဏ္ဌာန်ဆန်းသစ်မှုကို နှစ်သက်ခြင်းသာ ဖြစ်သည်ဟု ဆိုချင်ပါသည်။

အရေးအဖွဲ့ ။ ။ ပုံသဏ္ဌာန် လုပမှုကိုသာလျှင်မက အရေးအဖွဲ့ လှပခြင်းကိုလည်း နှစ်သက်တတ်ကြပါသေးသည်။ ဝေါဟာရရွေးပုံ၊ ဝါကျဖွဲ့ပုံ၊ ဥပမာပေးပုံ၊ အလင်္ကာတီထွင်ပုံ၊ ငြိလုံးသွင်းပုံ စသည်တို့ကိုလည်း နှစ်သက်တတ်ကြပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ လောက်က ဒဂုန်တာရာသည် သူ၏ 'မေ' ဝတ္ထုကို 'လေနုအေးကား တနွဲ့နွဲ့နော့ဆဲကို' ဟူသော ဝါကျဖြင့် စ၍ ဖွင့်လိုက်ပါသည်။ 'လေနုအေး' ဟူသော စကားလုံးပေါင်းစပ်မှု 'နော့' ဟူသော ကြိယာ၊ 'တနွဲ့နွဲ့' ဟူသော ကြိယာဝိသေသန တို့သည်ပင် ဆန်းသစ်လှပါ ချေပြီ။ ထို့မျှမက ဝါကျနောက်ဆက် ကြိယာဖြစ်သော သည်၊ ၏၊ ပြီး တည်း၊ တကားတို့ကို မသုံးဘဲ၊ 'ကို' နှင့် ဝါကျဆုံးလိုက်ရာ ပို၍ ဆန်းသွားပါတော့သည်။ ယနေ့ 'မေ' ဝတ္ထုကို ဖတ်ကြရသော လူငယ်များအဖို့ 'ရေးဟန်' ကို ထူးထူးခြားခြား သတိပြုမိကြမည် မဟုတ်သော်လည်း ထိုခေတ်ကမူ

ကား စာပေလောကတွင် အတော်ကလေး ဂယက်ခတ်ခဲ့လေသည်။ စာဖတ် ပရိသတ် အများစုကမူကား 'ဖတ်ရတာတော့ တစ်မျိုးပဲ၊ ကောင်းတော့ အကောင်းသား' ဟု နှစ်သက်ခဲ့ကြသည်။ နောင်သော်ကား သူ၏ ရေးဟန် ကိုလိုက်ပြီး တုကြရုံသာမက 'လေနုအေး' ဟူသော စကားလုံးကို လူတကာ သုံးလွန်းသောကြောင့် သူကိုယ်တိုင်ပင် ထပ်ပြီး မသုံးချင်အောင် ဖြစ်လာရ သည်ဟု ကြားဖူးပါသည်။

ထို့နောက် ဗန်းမော်တင်အောင်၏ 'တော့ကာဘဲရယ်နဲ့' ရေးဟန်ကို လည်း နှစ်သက်ကြပါသည်။ 'သည်ထက် ပိုလို့တော့ ကျွန်တော်က ဘာများ တတ်နိုင်ပါဦးမည်နည်း' ဟူသော အရေးအသားမျိုးကိုလည်း သတိပြု နှစ် သက်မိကြပါသည်။ ကျွန်တော်၏ သူငယ်ချင်းတစ်ယောက်ဆိုလျှင် ဗန်းမော် တင်အောင်ကို နှုတ်ဖျားက မချနိုင်အောင် ချစ်ခင်လေးစားပါသည်။ သူ့နာမည် ကလည်း တင်မောင်မို့ သူ့ကိုပါ ဗန်းမော်တင်မောင်ဟု ခေါ်ကြရာ သေသွား သည်အထိ 'ဗန်းမော်ကြီး' တွင်သွားရှာသည်။ (တောင်တွင်းကြီးက ရန်ကုန် သို့ ဆင်းသွားတိုင်း ဗန်းမော်တင်အောင် အိမ်ကို ဝင်ဖြစ်အောင် ဝင်တတ် သောကြောင့် ကိုတင်မောင်ကို ဗန်းမော် တင်အောင်လည်း မှတ်မိလိမ့်ဦး မည် ထင်သည်။)

ကျွန်တော့် အတွေ့အကြုံအရဆိုလျှင် အရေးအဖွဲ့ကောင်းလျှင် (တမင် အလွတ်ကျက်မှတ်ခြင်း မဟုတ်ဘဲ) အခေါက်ခေါက် အရသာခံပြီး ဖတ်မိ သောကြောင့် နှုတ်လွတ် အာဂုံရနေသော စကားပြေများ ရှိပါသည်။ ယခု ထက်တိုင် ရွှေဥဒေါင်း၊ ဇေယျ၊ မောင်ထင်၊ ဗန်းမော်တင်အောင် စသော စာရေးဆရာအချို့၏ စကားပြေ အပိုင်းအစကလေးများကို ရွတ်နိုင်နေပါသည်။

'ငါ့မှာ တာဝန်များစွာကျန်သေးသည်။ ကုန်းပေါ်မှာ သေသေ၊ ရေထဲ မှာ နေနေ၊ လေထဲမှာ ကြေကြေ၊ အထွတ်အထိပ်တွင် ငါနေမည်။ လာမည့် ဘေး ပြေးမရှောင် တွေ့အောင် ငါသွားမည်။ အိမ်သူကို ညှို့သည့်မဲတော် ကားရေ၊ ရန်သူကို ကလှဲ့စားချေ။ အာမဘန္ဒေ' ဟူသော ဘုရားရှိခိုးမှာ မင်းဆွေ ၏ 'ဓား' ဝတ္ထုထဲမှ ဖြစ်ပါသည်။ ဤဘုရားရှိခိုးတွင် နောက်ဆုံးအပြီးသတ် ဖြုန်းခနဲဝင်လာသည့် မဆီမဆိုင် (သို့သော် အလွန်ဆီဆိုင်နေသော) 'အာမဘန္ဒေ' ဆိုသည့်စကားလုံးကို အလွန် သဘောကျမိပါသည်။ နိုင်ငံ တကာစာအုပ်နှစ် ဂျူဗလီဟော စာတမ်းဖတ်ပွဲတွင် မင်းဆွေအကြောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com

ဖတ်သက်၍ တင်ပြရင်း ထိုဘုရားရှိခိုးကို ကျွန်တော် ရွတ်ပြလိုက်ရာ ပရိသတ်မှာ တသောသော ရယ်မောရင်း ခန်းမကြီး ဟည်းသွားအောင် ဩဘာပေးကြပါသည်။ ထိုဩဘာသံမှာ မင်းဆွေ၏ ထိမိသော အရေးအဖွဲ့ကို ချီးကျူးခြင်းဖြစ်သည့်ပြင်၊ ထိုသို့သော အလှကို မှတ်မှတ်သားသား တင်ပြသော ကျွန်တော့်ကိုလည်း အားပေးခြင်းဖြစ်သည်ဟု ကျွန်တော် နားလည်ပါသည်။

မောင်ထင်၏ 'ဘော' နှင့် 'ကိုဒေါင်း' ဝတ္ထုများဆိုလျှင် ဇာတ်လမ်း၊ ဦးတည်ချက် စသည်တို့ထက် အရေးအဖွဲ့ကို အလေးပေးပြီး ဆွေးနွေးချီးကျူးကြကြောင်း သတိပြုမိပါသည်။ ကျွန်တော်လည်း ထိုဝတ္ထုများကို မကြာခဏ ပြန်ပြီး ဖတ်မိပါသည်။ ဇာတ်လမ်းကြောင့်မဟုတ်ပါ။ ဦးတည်ချက်ကြောင့် မဟုတ်ပါ။ အသိပညာတိုးရန်အတွက် မဟုတ်ပါ။ မောင်ထင်၏ အရေးအဖွဲ့ကို အရသာခံလိုသောကြောင့်သာ ဖြစ်ပါသည်။

ဤနေရာတွင် 'ဘော' နှင့် 'ကိုဒေါင်း' ထဲက နှစ်သက်ဖွယ် ကောင်းလှသော စာပိုဒ်များကို ထုတ်နုတ်တင်ပြလိုက်ရလျှင် ပိုမိုပြည့်စုံဖွယ်ရာ ရှိပါသည်။ သို့သော် ဤဆောင်းပါးမျိုးကို စိတ်ဝင်စားစွာ ဖတ်နေသူတစ်ယောက်အဖို့ ဘောတို့၊ ကိုဒေါင်းတို့လို စာအုပ်မျိုးကို နှောကြေနေပြီဖြစ်သောကြောင့် ပုံစံတွေ ထုတ်ပြမနေတော့ပါ။

ထိုကဲ့သို့သော အရေးအဖွဲ့မျိုးသာမက အခြားအခြားသော ဝတ္ထု၏ အစိတ်အပိုင်းကလေးများကို လှအောင်၊ ပအောင် ကြိုးစားထားလျှင် နှစ်သက်တတ်ကြမြဲဖြစ်ပါသည်။ ယင်းသို့သော အစိတ်အပိုင်းကလေးများတွင် စကားချီချ ဆိုခန်းလည်း အပါအဝင် ဖြစ်ပါသည်။ သော်တာဆွေ၏ 'အရိယာနှင့် အရက်' ဝတ္ထုတို ဖွင့်ပုံကို ကြည့်ပါ။

'ဒီမှာ မောင်သော်တာရွှေရဲ့'

'ခင်ညာ'

'အရိယာများ အရက်ကို ရေဖြစ်သတဲ့ကွယ်'

'ဟင် . . . သမြောစရာကြီးနော်'

ဤစကားချီချပြောခန်းတွင် စကား (၄)ခွန်းသာ ပါပါသည်။ သို့သော် ဇာတ်ဆောင်တို့၏ စရိုက်ကိုလည်းကောင်း၊ စာဖတ်သူ စိတ်ဝင်စားစေမည့် ညှို့ကွက်ကိုလည်းကောင်း ပျိုးလာနိုင်သည်ကို တွေ့နိုင်ပါသည်။ 'မောင်သော်တာရွှေ' ဟု ခေါ်လိုက်သူ ဇာတ်ဆောင်မှာ အတော်လေး အသက်ရနေပြီ

ဖြစ်ကြောင်း၊ ပေါ်လွင်သည်သာမက၊ 'ဆွေ' ကို 'ရွှေ' ဟု အသံထွက်သော ကြောင့် တောသားကြီးတစ်ယောက် ဖြစ်ကြောင်းလည်း သိသာနေပါသည်။ သော်တာဆွေက 'ခင်ညာ' ဟု မခိုးမခန့်ထူးလိုက်ခြင်းကြောင့် သော်တာဆွေ၏ ရွတ်နောက်နောက် အမူအယာ ပေါ်သည်သာမက ထိုလူကြီးကို သော်တာဆွေက တန်းတူရည်တူ ဆက်ဆံကြောင်း၊ အရှိအသေ ကြီးကြီးမားမားမထားကြောင်း တွေ့ရပြန်ပါသည်။ 'အရိယာများ အရက်ကို ရေဖြစ်သတဲ့ကွယ်' ဟု ဆိုလိုက်သောအခါတွင်မူကား ဝတ္ထု၏ အကြောင်းအရာ နိမိတ်ပြလာပါပြီ။ ဤကိစ္စမျိုး (ရှာန်ပျံသည်၊ အမြင်ပေါက်သည်၊ အရက်သောက်လျှင်တောင် ရေသာဝင်သွားသည်ဆိုသည့် ကိစ္စမျိုး) ကို လူတို့ စိတ်ဝင်စားမိတတ်ကြသည်။ ထို့ကြောင့် သော်တာဆွေ၏ အဖြေထင်မြင်ယူဆချက်ကိုလည်း သိလိုစိတ် ရိုပ်ခနဲပေါ်လာသည်။ 'ဟင် . . . သမြောစရာကြီးနော်' ဟု ဆိုလိုက်သောအခါ၊ မထင်သည့်အပေါက်က ဝင်လာသောအဖြေကြောင့် ရယ်မောမိရုံသာမက သော်တာဆွေ အရက် ကြိုက်တတ်ပုံကိုပါ ကျကျနန အသိအမှတ် ပြုလိုက်မိပြန်သည်။

'သော်တာဆွေ ချီးမွမ်းခန်း' ဖွင့်နေသည်ဟု မယူဆစေလိုပါ။ ကျွန်တော်တို့စာဖတ်သူများသည် ဝတ္ထုရေးဖွဲ့မှုအတတ်ပညာ၊ အနုပညာဆိုင်ရာတို့တွင် ထူးထူးခြားခြား ကောင်းမွန်အောင် ဖန်တီးပြုလုပ်ထားပါက အသိပညာတွေ၊ ဦးတည်ချက်တွေကိုပင် ဘေးခထားချိတ်ထားပြီး ယင်းအနုပညာသက်သက်ကို အရသာခံစား ချီးကျူး နှစ်သက်ခြင်း ဖြစ်တတ်ကြောင်း ထင်ရှားစေလို၍ တင်ပြခြင်းဖြစ်ပါသည်။

အချုပ်ကို ဆိုရသော် ဝတ္ထုတစ်ပုဒ်ကို ဖတ်ရာတွင် အသိပညာ၌ နှစ်သက်ခြင်းသာမက အနုပညာသက်သက်ကို နှစ်သက်ခြင်းလည်း ရှိသေးကြောင်းပင် ဖြစ်ပါသည်။

■

ရှုမဝနှစ်ပတ်လည်မဂ္ဂဇင်း
ဇန်နဝါရီ၊ ၁၉၇၉

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတွင် နှစ်သက်ခြင်း သုံးမျိုး (၂)

(၃) လက်တွေ့ဆင်ခြင်ခွင့်ရ၍ နှစ်သက်ခြင်း

ကျွန်တော် ဒိဋ္ဌမျှ၊ လက်တွေ့လောကတွင် လူအချင်းချင်း အထင်ကြီးခြင်း၊ အထင်သေးခြင်း၊ ချစ်ခြင်း မုန်းတီးခြင်းတို့ ရှိနေကြပါသည်။ သစ္စာရှိသူကို အထင်ကြီးသည်။ တစ်ကိုယ်ကောင်းကြံသူကို မုန်းသည်။ မိမိပြုသမျှအတွက် တာဝန်ယူဝံ့သော သတ္တိမျိုးရှိသူကို အထင်ကြီးသည်။ မိမိအပြစ်ကို ဟိုလူ့လွှဲချ၊ ဒီလူ့လွှဲချ၊ သတ္တိကြောင်သူများကို အထင်သေး စက်ဆုပ်သည်။ ကျွန်တော်တို့ နေ့စဉ်ဘဝတွင် ဤသို့သော ကိစ္စမျိုးကို ကြုံနေကြရ၊ ကြားနေကြရမြဲ ဖြစ်ပါသည်။

ဝတ္ထုထဲက ဇာတ်ဆောင်များသည်လည်း ဤသို့ပင် အမျိုးမျိုးအဖုံဖုံ သရုပ်ဆောင်တတ်ကြပါသည်။ ဝတ္ထုကောင်းတစ်ပုဒ်ကို ဖတ်မိလျှင် ဇာတ်ဆောင်များနှင့်အတူ မျောပါသွားပြီး သူတို့ကိုလည်း သက်ရှိထင်ရှား ရှိနေသယောင် ဖြစ်လာသည်။ ထို့ကြောင့် သူတို့ကိုလည်း ပြင်ပလောက လူများကို ကဲ့သို့ပင် ချစ်သည်၊ မုန်းသည်၊ အထင်ကြီးသည်၊ အထင်သေးသည်၊ ချီးကျူးသည်၊ ရှုတ်ချသည်။ ဤသို့ ခံစားမိတတ်မြဲ ဖြစ်သည်။

ကျွန်တော်တို့ ငယ်စဉ်ကာလ ရွှေယုန်နဲ့ ရွှေကျားပုံပြင်ကို နားထောင်ရစဉ်ကတည်းကပင် ဤသို့သော အကဲဖြတ်မှုပါဝင်လာခဲ့ပြီ ဖြစ်သည်။ ချစ်ဖွယ်အမူအရာ၊ မုန်းဖွယ်အမူအရာကို ရွေးချယ်လာခဲ့မိပြီ ဖြစ်သည်။ 'ပုစွန်ပညာရှိနှင့် ဗျိုင်းစဉ်းလဲ၊ ရွှဲကုန်သည် နှစ်ဦး' ဝတ္ထု စသည်တို့ကို

ဖတ်ရစဉ်ကပင် မြင့်မြတ် ရိုးသားသူကို ချီးကျူးစိတ်ဝင်စားမိ၍ ကောက်ကျစ်ယုတ်မာသူကို ရှုတ်ချမိကြသည်။ အပြင်လောကတွင် ခံစားအကဲဖြတ်နည်းမျိုး ဒိဋ္ဌလောကတွင် ချင့်ချိန် ဆုံးဆနည်းမျိုးကို ဝတ္ထုဖတ်ရာ၌လည်း လက်တွေ့ အသုံးပြုနေမိကြသည်။

ဤသို့သော အကဲဖြတ်ချီးကျူး၊ ရှုတ်ချမှုတို့ကို အနုပညာဇာတ်လမ်း ဇာတ်ကွက်ကို အကြောင်းခံ၍ ပေါ်လာသည် မှန်သော်လည်း ဝေဒနာသက်သက် မဟုတ်ပါ။ ကျိုးကြောင်းဆင်ခြင်မှုသာလျှင် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဝေဒနာနှင့် ဆင်ခြင်ဉာဏ် ဆန့်ကျင်ဘက်ဖြစ်နေသည့် အချိန်အခါမျိုးတွေပင် ရှိတတ်ပါသည်။ ဇာတ်လမ်းအရ ဇာတ်ဆောင်ကို သနားကြင်နာမိသည်။ သို့သော် သူ၏ လုပ်ရပ်များ၊ ကျင့်ကြံမှုများ မှားယွင်းချွတ်ချော်မှုတို့ကြောင့် အတိဒုက္ခ ရောက်လျှင်၊ ထောင်ကျလျှင်၊ ကြိုးပေးခံရလျှင်၊ သနားပင် သနားသော်လည်း 'ဒီလိုပဲဖြစ်ရမှာပေါ့လေ'ဟု စီရင်ချက်ချပြီး ဖြေသိမ့်ခြင်း ပြုလိုက်နိုင်သည်။

ဇာတ်ဆောင်ကို ဇာတ်လမ်းဖြစ်စဉ်အရ သနားကြင်နာမိသော ဝေဒနာက တခြား၊ ဖြစ်သင့်ဖြစ်ထိုက်သော လောကဥပဒေအရ ဆင်ခြင်အကဲဖြတ်မိခြင်းက တခြား ဖြစ်ပါသည်။ ထို့ကြောင့် လက်တွေ့ဆင်ခြင်မှုသည် ဝေဒနာကို ခံစားခြင်းလည်း မဟုတ်၊ အနုပညာကို ခံစားနေခြင်းလည်း မဟုတ်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ဝင်းဦး၏ '**အတွယ်အတာ**'ဇာတ်ကားကို သတိရမိကြဦးမည် ထင်ပါသည်။ ဝင်းဦးသည် တစ်ကိုယ်တော်သမား လူဆိုးလူမိုက်ကြီးအဖြစ် ကျင်လည်ကျက်စားနေသည်။ လူသတ်ခြင်းအလုပ်ကို ထမင်းစား ရေသောက်မျှသာ သဘောထားသည်။ တစ်နေ့တွင် ကလေးငယ်တစ်ဦးကို တွယ်တာမိရာမှ ကြိုးစင်သို့ရောက်ရတော့သည်။ ကျွန်တော်တို့သည် ဝင်းဦးကို သနားသည်။ ဝင်းဦးအတွက် မျက်ရည်လည်ကြသည်။ သို့သော် ဝင်းဦးကြိုးစင်တက်ရခြင်းကိုလည်း ဘဝင်ကျကျ လက်ခံနိုင်သည်။ အကယ်၍ တစ်စုံတစ်ခုသော ကောက်ကျစ်မှု၊ လှည့်ဖြားမှုတို့ကြောင့် ဝင်းဦးကြိုးမိန့်မှ လွတ်မြောက်သွားလျှင် ကျွန်တော်တို့သည် ထိုမတရားမှုကြောင့်ပင်လျှင် ဝင်းဦးအပေါ် သနားစိတ်ပင် လျော့သွားနိုင်သည်။ ကျွန်တော်တို့၏ လက်တွေ့ဆင်ခြင်စိတ်မှ အဂတိလေးပါး မလိုက်စားဘဲ အကဲဖြတ်နေတတ်ကြသည်ဟု ဆိုရပါသည်။

ပုံပြင်၊ ဒဏ္ဍာရီတို့တွင်ပါသော သင်ခန်းစာများမှာ ထိုသို့သော လက်တွေ့

www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြင်ခွင့်အတွက် အခြေခံများ ဖြစ်သည်ဟု ဆိုရပါမည်။ ဘုရားအလောင်းနှင့် ဒေဝဒတ်တို့၏ အဖြူအမည်း၊ အကောင်းအဆိုး နှိုင်းယှဉ်ပြချက်များမှာ လက်တွေ့ ဆင်ခြင်ခွင့်၊ ကျိုးကြောင်းဆုံးဆခွင့်အတွက် ဖြစ်သည်ဟု ယူနိုင်ပါသည်။

ယနေ့ခေတ် ဝတ္ထုများတွင်ကား ဘုရားအလောင်းနှင့် ဒေဝဒတ်တို့ကဲ့သို့ အဖြူသီးသန့်၊ အမည်းသက်သက် ဇာတ်ဆောင်များ နည်းပါးလှပါပြီ။ အဖြူတစ်ကွက်၊ အမည်းတစ်စက် စသည်ဖြင့် ရောယှက်နေသော ပြဿနာများကိုသာ တွေ့နေရတတ်ပါသည်။ စင်စစ်အားဖြင့် ရှေးခေတ်ဝတ္ထုများ၌ပင်လျှင် ချိုးမွှမ်းဖွယ်၊ ရွံရှာဖွယ်တို့ ရောယှက်နေတတ်သည့် သဘောများပါဝင်နေတတ်ပါသည်။ ဦးပုည၏ ရေသည်ပြဇာတ်ထဲက ရေသည်ယောကျ်ား၊ ဝိဇယပြဇာတ်ထဲက ဝိဇယမင်းသား၊ ဆဒ္ဒန်ဆင်မင်းဝတ္ထုထဲက စူဠသုဘဒ္ဒါတို့၏ အမူအရာကို သုံးသပ်ကြည့်လျှင် တွေ့နိုင်ပါသည်။

ထို့ပြင် ဦးလတ်၏ **'စံပယ်ပင်'**ထဲက လောစံ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ **'မှာတော်ပုံ'**ထဲက ခင်အုံတို့၏ အမူအရာများမှာလည်း ထို့အတူပင် ဖြစ်ပါသည်။

တင့်တယ်၏ **'ကမ္ဘဖလ'**ဝတ္ထုထဲက ဦးကံကောင်း၏ အမူအရာဆိုလျှင် ပို၍ သိသာလာပါသည်။ မောင်ကံကောင်းကလေး ငယ်စဉ်ဘဝကြုံရသည့် ဒုက္ခအဖုံဖုံကို တွေ့မြင်ရသောအခါ သနားကြင်နာခြင်း ဖြစ်ရသည်။

သို့သော် ခါးသီးသောအတွေ့အကြုံတို့ကြောင့် ထက်မြက်စူးရှလာသည့် မာယာအတတ်ဖြင့် စိတ်ရှည်လက်ရှည် ကြောက်ခမန်းလိလိ လက်စားချေပုံကို တွေ့ရသောအခါတွင်ကား သူ့ကို သနားရာမှ ကြောက်ရွံ့လာသည်။ လူစွမ်းဉာဏ်စကို အထင်ကြီးသော်လည်း အပြုအမူကို အထင်သေးလာမိခြင်း မဖြစ်လျှင်တောင် လူကောင်းသူကောင်းတို့ မပြုအပ်သည့် အမူတို့ကို ပြုနေလေပြီဟု ဆုံးဖြတ်မိလာသည်။ ကြိုးမိန့်ခံရသောအခါတွင်လည်း သူ့အတွက် စိတ်မကောင်း။ သို့သော် ခံထိုက်သည်ဟုလည်း တစ်ဖက်က ယူဆနေမိသည်။

လက်တွေ့ဆင်ခြင်မှုတွင် များသောအားဖြင့် ကိုယ်ကျင့်တရားနှင့် ပတ်သက်သော ပြဿနာက ပို၍များသည်ဟု ထင်မိပါသည်။

ယနေ့ခေတ်တွင်မူကား လောကရေးရာများမှာ အတိုင်းမသိ ကျယ်ဝန်းလာသည်။ လေ့လာစရာ၊ သိစရာ ပညာရပ်တွေကလည်း များစွာ တိုးတက်

လာသည်။ ရှေးခေတ်ကလို အနာမျိုး ၉၆ ပါးသာ မဟုတ်တော့။ အနာမျိုး ၉၆၀ လောက် ဖြစ်လာပြီ။ လူ့အသိုက်အဝန်း နယ်ပယ် ကျဉ်းမြောင်းသေးငယ်စဉ်က ပြဿနာကလည်း များများစားစား မရှိ။ ထို့ကြောင့် အဌာရသ တစ်ဆယ့်ရှစ်ရပ်သောပညာဆိုလျှင် ပြည့်စုံကုံလုံပြီ။ ယခုတော့ ပန်းအိုးထဲ ပန်းထိုးတာကပင် ပညာရပ်ကြီးတစ်ခု ဖြစ်လာလေပြီ။ တခြားကိစ္စတွေဆိုလျှင် ပြောမနေနှင့်တော့။

နိုင်ငံရေးပညာ၊ စီးပွားရေးပညာ၊ စိတ်ပညာ၊ ဒဿန စသည်တို့မှာလည်း လေ့လာလို့၊ ဆည်းပူးလို့ မကုန်နိုင်အောင် ဖြစ်လာသည်။ လူ့အသိုက်အဝန်းက ကြီးမားလာသောကြောင့် ပြဿနာတွေကလည်း သောင်းခြောက်ထောင် ဖြစ်လာသည်။ ထိုပြဿနာများကို သုံးသပ်လေ့လာသောအခါ ရှုထောင့်ကလည်း သောင်းခြောက်ထောင် ပွားများလာသည်။

ဥပမာ – ရာဇဝတ်မှု ဆိုပါစို့။ ယခင်က ရာဇဝတ်မှု ကျူးလွန်လျှင် ရာဇဝတ်ဥပဒေအရ စဉ်းစားရုံသာ ရှိသည်။ ယခုသော်ကား ရာဇဝတ်မှုကို လူမှုရေးရှုထောင့်မှ ကြည့်သည်။ နိုင်ငံရေးရှုထောင့်မှ ကြည့်သည်။ စီးပွားရေးရှုထောင့်မှ ကြည့်သည်။ စိတ်ပညာရှုထောင့်မှ ကြည့်သည်။ မနုဿဗေဒရှုထောင့်မှ ကြည့်သည်။ သက်ဆိုင်ရာ ပညာရှင်များက မိမိတို့ရှုထောင့်မှ သုံးသပ်ဆင်ခြင်ပြီး တင်ပြကြသည်။ ယနေ့ ဒိဋ္ဌဓမ္မ လောကတွင် ဤသို့ နက်နဲ ရှုပ်ထွေးလာသည်။

ကုန်ကုန်ပြောရလျှင် 'စစ်' ၏ ကောင်းကျိုးကိုပင် တွက်ချက်ပြကြသော အဆိုအမိန့်မျိုး ပေါ်လာသည်။ စစ်ဆိုတာ မကောင်းဘူးဟု ကျွန်တော်တို့အားလုံး နားလည်ကြသည်။ ကောင်းသောစစ် ဟူ၍ မရှိ။ မကောင်းသော ငြိမ်းချမ်းရေး ဟူ၍ မရှိ။ ဤသို့ ကျွန်တော်တို့ အခိုင်အမာ ယူဆခဲ့သည်။ ယခုသော် တရားသော စစ်၊ မတရားသော စစ် ဟူ၍ ခွဲခြားရပြီ။ တစ်ဖန် စစ်ကြောင့် လူ့လောက တိုးတက်သည်။ လူသုံးပစ္စည်းများ၊ လူ့စွမ်းရည်များ တိုးတက်ရသည်။ စစ်ဖြစ်နေစဉ်တွင် လူတို့သည် စိတ်ဓာတ် ကြံ့ခိုင်လာသည်။ စစ်ဖြစ်နေစဉ်တွင် မိမိကိုယ်ကို သတ်သေမှုများ သိသိသာသာကြီး လျော့ပါးသွားသည်။ ဤသို့ ဆိုလာကြသည်။ ဤအဆိုအမိန့်များကို မှန်ကန်သည်ဟု ထောက်ခံနေခြင်း မဟုတ်ပါ။ ကျွန်တော်တို့ သတိမမူမိသော တစ်ဖက်ရှုထောင့်မှ ကြည့်မြင်သုံးသပ်ကြပုံကိုသာ တင်ပြလိုခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ကပ်ရောဂါကြီးများဖြစ်သော ကာလဝမ်း၊ ပုလိပ်၊ ကျောက်ရောဂါကြီးများကို ကုသကာကွယ်နိုင်သော ဆေးဝါးများ ပေါ်ပေါက်လာသည်ကို ဇရာမ အကျိုးကျေးဇူးကြီး ဖြစ်သည်ဟု ယုံမှားစရာမရှိ ယူမှတ်ကြပါသည်။ သို့သော်လည်း ကပ်ရောဂါကြီးများ ပျောက်ကွယ်သွားသောကြောင့် လူအသေအပျောက် နည်းလွန်းသဖြင့် လူဦးရေ ပေါက်ကွဲမှုကြီး ဖြစ်လာရသည်။ ယခင်ကသော် လူများလွန်းလာလျှင် ကပ်ရောဂါက ဝင်ရောက်လျှော့ချပြီး ထိန်းသိမ်းပေးလိုက်သည်ဟု ရှုထောင့်တစ်ဖက်မှ ပြောသည့်စကားကို ကြားရပါသည်။ ဤအချက်ကို စာဖတ်သူ စိတ်ဝင်စားလျှင် ဆက်ပြီး စဉ်းစားလိုက စဉ်းစားပါ။ ကျွန်တော် တင်ပြလိုသည်မှာ မထင်မှတ်သော ရှုထောင့်တွေ ဝင်လာခြင်း၊ ပြဿနာတစ်ရပ်ကို ရှုထောင့် အမြောက်အမြားမှ ကြည့်ရှု သုံးသပ်ကြခြင်း၊ ထို့ကြောင့် ခက်ခဲ နက်နဲလာခြင်းတို့ ဖြစ်ပေါ်လာရသည် ဟူသော အချက်ပင် ဖြစ်ပါသည်။

ယင်းသို့ လူ့လောကကြီးက ရှုပ်ထွေးနက်နဲလာသောအခါ ဝတ္ထုတွေထဲက ပြဿနာတွေကလည်း ရှုပ်ထွေး နက်နဲလာသည်။ ဇာတ်ဆောင်တစ်ယောက်သည် ခိုးမှု၊ လုယက်မှုတို့ကို ကျူးလွန်စေဦးတော့ သူ့အခြေအနေကို ထောက်ထားပြီးလျှင် လူဆိုးရာဇဝတ်ကောင် မခေါ်ထိုက်ကြောင်း နိုင်ငံရေးရှုထောင့်မှနေ၍ ဝတ္ထုဆရာက လျှောက်လဲချက် ပေးသည်။ သူ့ခိုးဘက်က ပင်းပြီး ရေးသည်။ ကာမ လုယူမှုကို ကျူးလွန်စေဦးတော့၊ အခြေအနေအရပ်ရပ်ကို ထောက်ထားပြီး သူ့ကို လူဆိုး မခေါ်ထိုက်ကြောင်း စိတ်ပညာရှုထောင့်မှနေ၍ ဝတ္ထုဆရာက လျှောက်လဲချက် ပေးသည်။

ဤသို့ဆိုသောကြောင့် ခိုးမှု၊ မုဒိမ်းမှုတို့ကို ဒုစရိုက်စာရင်းမှ ထုတ်ပယ် ချန်လှပ်ခြင်းကား မဟုတ်။ လျှောက်လဲထုချေရပြီဆိုကတည်းက အပြစ်ရှိနေကြောင်း ဝန်ခံနေရဘိသကဲ့သို့ ရှိနေသည်။ သို့သော် ဤအမှုများ ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စူးစမ်းရှာဖွေတင်ပြ၍ ဆင်ခြင်သုံးသပ်စေခြင်းသာလျှင် ဖြစ်သည်။

စာဖတ်သူသည် ပြင်ပလောက ဒိဋ္ဌဓမ္မဘဝတွင် ဤသို့သော ပြဿနာများကို ဆင်ခြင်သုံးသပ်ခြင်း ပြုကြရဘိသကဲ့သို့ ဝတ္ထုဖတ်ရင်း လက်တွေ့ဆင်ခြင်သုံးသပ်နေရသည်။ ဤအခြေအနေ၊ ဤပြဿနာမျိုးတွင် ဤသို့သောသူကို ခွင့်လွှတ်ထိုက်သလော၊ အပြစ်ပေးထိုက်သလော၊ သနားသင့်သလော၊

ရွံရှာသင့်သလော စသည်ဖြင့် စာဖတ်ရင်း လက်တွေ့ဆင်ခြင်နေရသည်၊ ကိုယ်ပိုင် ကျိုးကြောင်းပြဉာဏ်ကို အသုံးချနေရသည်။ ဤသို့ ဆင်ခြင်ခွင့်ရနေခြင်း၊ ဉာဏ်သုံးနေရခြင်းကိုလည်း စာဖတ်သူများ နှစ်သက်ကြသည်ဟု ဆိုချင်ပါသည်။

တစ်ခါတစ်ရံတွင် လောကတစ်ခုလုံး၏ အစဉ်အလာ ယေဘုယျအမြင်ကို ဝေဖန်ချေချွတ်ထားသော အတွေးအမြင်တို့ကိုလည်း ဝတ္ထုများတွင် တွေ့ရတတ်ပါသည်။

ဂျာနယ်ကျော်မမလေး၏ '**စိတ်**' ဝတ္ထုတွင် ဇာတ်ဆောင်ဒေါက်တာမစောလင်းမှာ အဓမ္မပြုကျင့်ခြင်းကို ခံရသည်။ မထင်မှတ်ဘဲ ကိုယ်ဝန်ရှိလာသောအခါ အရှက်ကြောင့် ကိုယ်ဝန်ကို ဖျက်ချရန် စိတ်ကူးသည်။ သို့သော် သမား၊ ဆရာဝန်တို့၏ သစ္စာပဋိညာဉ်အရ အသက်ဇီဝိန်ကို မချစေ ေ ာင်း။ ထို့ကြောင့် ကလေးကို မွေးထုတ်လိုက်သည်။ သို့သော် သူသဘောတူ၍ရသော ကလေးမဟုတ်သဖြင့် မွေးမြူခြင်း မပြုလို။ ထို့ကြောင့် ကျူးလွန်သူယောက်ျားထံ ကလေးကို ပေးပို့သည်။ ဤသည်တွင် ပြဿနာ ကြီးထွားလာသည်။ ရှေ့ဘာဖြစ်မလဲ၊ ဆက်ပြီး သိချင်လာသည်။ ဤသိချင်စိတ်မှာ သာမန်အဖြစ်အပျက် (ဇာတ်လမ်းဇာတ်ကွက်) သိချင်စိတ်မျိုး မဟုတ်တော့။ ဘယ်လိုယူဆမလဲ။ ဘယ်လိုဆုံးဖြတ်မလဲဟူသော ကျိုးကြောင်း လက်တွေ့ဆင်ခြင်မှုအရ သိလိုခြင်းဖြစ်သည်။

မိန်းကလေးတစ်ဦး အဓမ္မပြုကျင့်ခြင်းခံရလျှင် မိန်းကလေးမှာ လူကြားထဲ ခေါင်းမဖော်ဝံ့အောင် ဖြစ်ရသည်။ ဤသို့ ရှက်ရသည်မှာ တရားပါ၏လော၊ ရှက်ရမည့်ကိစ္စဟုတ်ပါသလော၊ မည်သူက ရှက်ရမည့်သူ ဖြစ်ပါသနည်း။ ဤသို့ ဆင်ခြင်တွေးတော လာစေသည်။

ခင်နှင်းယု၏ '**မစန္ဒာ**' ဝတ္ထုတွင် မားပြတစ်ဦးက သီလရှင်တစ်ပါးကို အဓမ္မပြုကျင့်ရာမှ မစန္ဒာဟူသော မိန်းကလေးတစ်ယောက် ပေါ်ပေါက်လာရသည်။ ရုပ်ဆင်းရော၊ ဉာဏ်ပညာပါ ပြည့်စုံသောကြောင့် ထွန်းပေါက်ပါ၏။ သို့သော် သူ၏ ဗီဇသွေးရခဲ့ပုံ မကောင်းသောကြောင့် ချစ်သူ၏ ပတ်ဝန်းကျင်က စွန့်ပယ်ခဲ့သည်။ ဤသည်မှာ ဖြစ်ထိုက်ဖြစ်သင့်သောကိစ္စ မှန်ပါ၏လော။

ငြိမ်းကျော်၏ '**အပြာရောင် သစ်ခွပွင့်၏ သနိုင်းအစ**' တွင် သမီး

www.burmeseclassic.com

www.burmeseclassic.com

ရည်းစားဘဝ ကျူးလွန်ရာမှ ကိုယ်ဝန်ရှိသောအခါ ကောင်လေးက ရှောင်ပြေးသည်။ မိန်းကလေး၏ ဖခင်က ကလေးကို မွေးဖြစ်အောင် မွေးစေသည်။ ရှောင်ပြေးသူက ရှက်ရမည်လော၊ မိန်းကလေးက ရှက်ရမည်လော။ လှည့်ဖြားခြင်းကို အဟုတ်ထင်၍ ယုံမှတ်ပုံအပ်မိလျှင် ယုံမိသူက ရှက်ရမည်လော၊ လှည့်ဖြားသူက ရှက်ရမည်လော။ ဤသို့သော ပြဿနာကို တင်ပြလာသည်။

ဤသည်တို့မှာ ယနေ့လောကကြီးက ယေဘုယျအမြင်၊ ယေဘုယျအပြုအမူတို့ကို သုံးသပ်ဝေဖန်ထားခြင်း ဖြစ်ပါသည်။ ဤအဆင့်သို့ ရောက်သောအခါ စာဖတ်သူသည် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်းသည်လည်း ရှိ၏။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် မမီမကမ်းဖြစ်လောက်အောင် လေးနက်ကျယ်ဝန်းလာသောအခါ ဝတ္ထုရေးသူ၏ တင်ပြချက်များကို မှတ်သားဆည်းပူးလိုစိတ်လည်း ရှိလာ၏။ ထို့ကြောင့် တစ်ခါတစ်ရံ နံပါတ် (၁) အမျိုးအစား အသိပညာဆည်းပူးလိုစိတ်သို့ ကူးပြောင်းသွားသည့်အခါလည်း ရှိပါသည်။

တစ်ခါတစ်ရံ စာဖတ်သူကိုယ်တိုင်က အတွေ့အကြုံအဆင်အခြင်အားဖြင့် တန်ဖိုးထားမှု၊ အလေးပေးမှု သီးခြားရှိနေတတ်ပါသည်။ ထိုအခါမျိုးတွင် ဝတ္ထုဆရာ၏ အယူအဆနှင့် မိမိအယူအဆ တိုက်ဆိုင်မိသွားလျှင် ထိုဝတ္ထုမျိုးကို စွဲစွဲလမ်းလမ်း နှစ်သက်ချီးကျူးခြင်း ဖြစ်လာရတော့သည်။ ဥပမာ–စီးပွားရေး စနစ်ဆိုးကြီးကြောင့် မိန်းကလေးများ ပျက်စီးကြရသည်ဟု လက်တွေ့လောကတွင် မိမိအတွေ့အကြုံအရ သုံးသပ်ဆင်ခြင်မိသောလူတစ်ယောက်သည် ထိုအမြင်ကို ထောက်ခံတင်ပြထားသော ဝတ္ထုကို ပိုမိုနှစ်သက် ချီးကျူးခြင်း ဖြစ်လာတတ်သည်။

ဂျာနယ်ကျော် ဦးချစ်မောင်သည် သတင်းစာအယ်ဒီတာတစ်ဦး၏ဘဝကို အမြတ်နိုးဆုံး၊ တန်ဖိုးအထားဆုံး ဖြစ်လေရာ 'ကွိ' ဝတ္ထုကြီးကို အသည်းစွဲဖြစ်သွားရလေတော့သည်။

ထို့အတူ မိမိနှင့် အယူအဆမတူလျှင်လည်း ထိုဝတ္ထုဆရာကို ပြစ်တင်ရှုတ်ချခြင်း၊ ဝေဖန်ချေချွတ်ခြင်း ပြုတတ်ကြသည်မှာလည်း ဓမ္မတာပင်ဖြစ်သည်။ တက်တိုး၏ ဝတ္ထုတစ်ပုဒ်တွင် မိန်းကလေးကိုယ်တိုင်က သဒ္ဓေမကောင်း၍ ပျက်စီးရကြောင်း တင်ပြထားရာ သိန်းဖေမြင့်က ဝေဖန်ထိုးနှက်ခဲ့သည်ကို သတိရကြဦးမည် ဖြစ်ပါသည်။

သဘောတူခြင်း၊ မတူခြင်းကို အပထား၍ လက်တွေ့ဆင်ခြင်သုံးသပ်

ခွင့်ရခြင်းမှာကား ထင်ရှားပြီဟု ယူဆမိပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဝတ္ထုထဲက ဇာတ်ဆောင်များ၏ ကံသုံးပါးအမူအရာတို့ကို ရှုမြင်ပြီးလျှင် ဝတ္ထုရေးဆရာတင်ပြလာသည့် ပြဿနာသစ်ရှုထောင့်သစ်၊ အတွေးအမြင်သစ်တို့ဖြင့် ညှိနှိုင်းပြီးလျှင် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် သုံးသပ်အကဲဖြတ်ရသော လက်တွေ့ဆင်ခြင်မှုကိုလည်း စာဖတ်သူတို့နှစ်သက်ခြင်း ဖြစ်တတ်ကြပါသည်။

လူသတ္တဝါ၏ ထူးခြားချက်သုံးရပ်

ဝတ္ထုတွင် နှစ်သက်ခြင်းသုံးမျိုးကို တင်ပြပြီးနောက် ကျွန်တော်၏ စာပေခံယူချက်ကလေးကိုလည်း ဖြည့်စွက်တင်ပြချင်ပါသေးသည်။ လူသတ္တဝါ၏ ထူးခြားချက် သုံးမျိုးအကြောင်းကို ဆောင်းပါးတစ်စောင်တွင် ဖတ်လိုက်ရဖူးပါသည်။ ဘာသာပြန်ဆောင်းပါး ဖြစ်ပါသည်။ ငွေတာရီမဂ္ဂဇင်းဟု ထင်ပါသည်။ ဆောင်းပါးအမည်မှာ 'လူ့ဗီဇသတ္တိ' ဖြစ်၍ ဘာသာပြန်သူမှာ 'ဒွေးကျော်အောင်' ထင်ပါသည်။ ပြန်လည်ရှာဖွေရန် အချိန်မရသောကြောင့် တိတိကျကျ မဖြစ်သည်ကို ခွင့်လွှတ်စေလိုပါသည်။ ထိုဆောင်းပါးတွင် ပါဝင်သော လူ့ဗီဇသတ္တိသဘော တင်ပြချက်များ လိုရင်းအချုပ်မှာ . . .

လူသည် တိရစ္ဆာန်အားလုံးအနက် မည်သည့်ထူးခြားချက်၊ မည်သည့်စွမ်းရည်များကြောင့် သီးခြားခွဲထွက်လာနိုင်သနည်း။ တိရစ္ဆာန်ထက် မည်သည့်အချက်တွင် သာလွန်သနည်း။

လူမည်မျှ အပြေးသန်သနည်း။ မြင်းကို မမီ၊ သမင်ကို မမီ။ လူမည်မျှ ရဲရင့်သနည်း။ ခြင်္သေ့ကို မမီ၊ ကျားသစ်ကို မမီ။ လူမည်မျှ ခွန်အားကောင်းသနည်း။ ဆင်ကို မမီ၊ လူမည်မျှ ရေကူးနိုင်သနည်း။ မိကျောင်းကို မမီ၊ လူသည် စနစ်ကျသော စုပေါင်းနေထိုင်မှုကို ပြုတတ်ပါ၏။ ခြ၊ ပျား၊ ပုရွက်တို့လောက် ညီညွတ်စွာ မနေတတ်သေး။ တိရစ္ဆာန်များက သူ့ထက်သာလွန်သော အချက်တွေ တစ်ပုံတစ်ပင်ကြီးရှိသည်။ လူက တိရစ္ဆာန်အားလုံးထက် မည်သည့်နေရာတွင် သာလွန်သနည်း။ ယုံမှားစရာမလိုအောင် တိရစ္ဆာန်အားလုံးထက် သာလွန်နေသောအချက်ကို ရှာကြည့်ရမည်။ ထိုအချက်သည် လူနှင့်တိရစ္ဆာန်ကို ကွဲပြားလာစေသော အင်္ဂါရပ်ကြီးများဖြစ်လိမ့်မည်။ ထိုအင်္ဂါရပ်ကြီးများကို ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် အားပေးခြင်းသည်ပင် လူ့လောက

www.burmeseclassic.com

www.burmeseclassic.com

ကို ဆက်လက်တိုးတက်စေရန် လုပ်ဆောင်ခြင်း မည်ပေလိမ့်မည်။ ယင်းသို့ စူးစမ်းစစ်ဆေးကြသောအခါ အင်္ဂါရပ်သုံးခုကို တွေ့သည်။ ယင်းတို့မှာ –

(၁) ကျိုးကြောင်းဆင်ခြင်တတ်သော ဉာဏ်ကြီးခြင်း၊

(၂) ကိုယ်ကျင့်တရားရှိခြင်း၊

(၃) အလှအပကို ခံစားဖန်တီးတတ်ခြင်း။

ကျိုးကြောင်းဆင်ခြင်တတ်သော ဉာဏ်မှာ တိရစ္ဆာန်များတွင်လည်း အတန်အသင့်အားဖြင့် ရှိကြသည်ပင် ဖြစ်၏။ သို့သော် လူလောက်ကြီးမားသော ဉာဏ်မျိုးကို မည်သည့်တိရစ္ဆာန်တွင်မျှ မတွေ့။

ကိုယ်ကျင့်တရားမူကား လူတွင်သာ ရှိတော့သည်။ တိရစ္ဆာန်တို့မှာ ကိုယ်ကျင့်တရား မရှိ။ ဇာတိစိတ် ဦးဆောင်မှုအတိုင်းသာ ပြုမူကြသည်။ ကျားသည် သမင်ကို ဖမ်းပြီး စားသည်။ တရားသလော၊ မတရားသလော စဉ်းစားနေစရာ မလို။ သူ့ဇာတိစိတ်က နှိုးဆော်သည့်အတိုင်း ပြုမူလိုက်ရုံသာ ရှိသည်။

အလှအပကို တိရစ္ဆာန်တို့လည်း အတန်အသင့် နှစ်သက်ခံစားနိုင်ကြောင်း တွေ့ရသည်။ သို့သော် လူလောက်ခံစားနိုင်သော၊ လူကဲ့သို့ ဖန်တီးနိုင်သော တိရစ္ဆာန်ဟူ၍ကား တစ်ကောင်တစ်မြီးမျှ မရှိ။

ဤသုံးချက်မှာမူကား ရှိရှိသမျှ တစ်ပါးသော သတ္တဝါအားလုံးထက် လူက မုချ သာလွန်သည်။ ထို့ကြောင့် ဤအင်္ဂါသုံးချက်သည် လူနှင့်တိရစ္ဆာန် ကွဲပြား လာစေခဲ့သော(ဝါ)လူကို မြင့်မားသော သတ္တဝါ ဖြစ်လာစေခဲ့သော သတ္တိကြီးများဟု ဆိုနိုင်သည်။ ထို့ကြောင့် ဤစွမ်းရည်သတ္တိကြီးသုံးမျိုးကို ဖွံ့ဖြိုး တိုးတက်အောင် ပြုလုပ်ခြင်းသည် လူ့လောကကြီးကို ပိုမိုတိုးတက်အောင် ပြုလုပ်ခြင်းဟု ဆိုနိုင်သည်။

ဤသည်တို့မှာ ထိုဆောင်းပါး၏ ဆိုလိုချက်များ ဖြစ်ပါသည်။ မနုဿဗေဒပညာရှင်တို့၏ တင်ပြချက်ဖြစ်သောကြောင့် လေးစားမှတ်သားဖွယ်ရာ အချက်ဖြစ်သည်ဟုလည်း ကျွန်တော် ယူဆပါသည်။ ထို့ကြောင့် . . .

ထို့ကြောင့် ကျွန်တော့်အနေနှင့် ဤအင်္ဂါရပ်များကို ဖွံ့ဖြိုးစေသော စာပေသည်လည်း လူ့လောကကို အကျိုးပြုသော စာပေ ဖြစ်သည်ဟု ယူဆခဲ့ပါသည်။ ဤအယူအဆ ကျွန်တော့်တွင် ရှိနေခဲ့သည်မှာ အတော်ကြာပါပြီ။

ယခု 'ဝတ္ထုတွင်တွေ့ရသော နှစ်သက်ခြင်းသုံးမျိုး' ကို သေချာစမ်းစစ်

ကြည့်လိုက်သောအခါ ဤသုံးမျိုးပင် ဖြစ်နေကြောင်း အံ့သြစွာ တွေ့ရပြန်ပါတော့သည်။

ထို့ကြောင့် ဤအင်္ဂါရပ်သုံးမျိုးတွင် ထက်ထက်မြက်မြက် မြင့်မြင့်မားမား ရှိသော ဝတ္ထုမျိုးကို ဝတ္ထုကောင်းဟု ခေါ်နိုင်သည်သာမက လူ့လောကို အကျိုးပြုသည့်စာပေ ဖြစ်သည်ဟု တစ်ထစ်ချ မှတ်ယူမိပါသည်။ ဤသည်မှာ ကျွန်တော်၏ ယုံကြည်ချက်ပင် ဖြစ်ပါသည်။

နိဂုံးစကား

ဝတ္ထုတွင်တွေ့ရသော အသိပညာရ၍ နှစ်သက်ခြင်း၊ အနုပညာ၌ နှစ်သက်ခြင်း၊ လက်တွေ့ဆင်ခြင်ခွင့်ရ၍ နှစ်သက်ခြင်းဟူသော နှစ်သက်ခြင်းသုံးမျိုးကိုလည်းကောင်း၊ ကျွန်တော် ဆက်စပ်တွေးတောမိသည့် လူ့ဇီဇသတ္တိ(ဝါ)လူ၏ ထူးခြားသော စွမ်းရည်သတ္တိသုံးမျိုးကိုလည်းကောင်း ရှင်းလင်းတင်ပြပြီးခဲ့ပါပြီ။

ဝတ္ထုကောင်းတို့၏ အင်္ဂါရပ်၊ နှစ်သက်ဖွယ် သုံးမျိုးနှင့် ပတ်သက်ပြီး နိဂုံးစကား ပြောလိုပါသည်။

စာပေပညာရှင်ကြီးများက ဝတ္ထုကောင်းကြီးများတွင် ဤအင်္ဂါရပ်သုံးမျိုးစလုံး ညီညွတ်သင့်တင့်စွာ ပါဝင်နေကြသည်ဟု ဆိုကြပါသည်။ ဦးဆောင်မှုပြုခြင်းကား အတန်အသင့် ကွာခြားတတ်သည် ဆိုပါသည်။ အသိပညာဦးဆောင်သော ဝတ္ထုလည်း ရှိသည်။ သို့သော် ကျန်နှစ်ပိုင်းကလည်း ပါဝင်နေသည်။ လက်တွေ့ဆင်ခြင်မှု ဦးဆောင်နေသော ဝတ္ထုလည်း ရှိသည်။ သို့သော် ကျန်နှစ်ပိုင်းကလည်း ပါဝင်နေသည်။ ဤသို့ ဦးဆောင်မှု ကွာသော်လည်း သုံးမျိုးစလုံး မျှတစွာ အားကောင်းနေသည့်ဝတ္ထုများမှာ ခေတ်အဆက်ဆက်တွင် နှစ်သက်စွာ ဖတ်ရှုတတ်ကြသည်ဟု ဆိုကြပါသည်။

သာမန် အပေါစား၊ အပေ့စား ဝတ္ထုများတွင်ကော ဤလက္ခဏာသုံးရပ် မပါဝင်တော့ပြီလောဟု မေးဖွယ်ရာရှိပါသည်။ ပါဝင်နိုင်ပါသည်။ သို့သော် ဝတ္ထုရေးဆရာကိုယ်တိုင်၏ အတွေးအမြင် ဆင်ခြင်ဉာဏ်မှာ နိမ့်နေသောကြောင့် အနိမ့်စားအသိပညာ၊ အနိမ့်စားအနုပညာ၊ အနိမ့်စားလက်တွေ့ဆင်ခြင်မှုတို့ကိုသာ ရနိုင်ပါလိမ့်မည်။ ဝတ္ထုဖတ်သူ၏ ဉာဏ်ရည်ကို မြှောက်ချီးနိုင်သော ဝတ္ထုမျိုး ဖြစ်လာလိမ့်မည် မဟုတ်ပါ။

တကယ့်ဝတ္ထုကောင်းကြီးများကို စီရင်နိုင်သော ဝတ္ထုဆရာကြီးများ၏

www.burmeseclassic.com

www.burmeseclassic.com

ဦးနှောက်မှာ ကမ္ဘာ့အတွေးအမြင်ကို ပြောင်းလဲစေသည့် သိပ္ပံဆရာကြီးများ၊ ဒဿနိကပညာရှင်ကြီးများ၏ ဦးနှောက်ထက် မပိုလျှင်သာ ရှိမည်၊ တစ်ပြားသားမှ မလျော့ဟု ကျွန်တော် ယုံကြည်ပါသည်။

ကျွန်တော်တင်ပြခဲ့သော အင်္ဂလိပ်ရပ်နှင့် ဝတ္ထုကောင်းကြီးများကို လှမ်းပြီးကြည့်စေချင်ပါသည်။

ဆရာကြီး ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ မြသန်းတင့်၊ ထင်လင်း စသော ဘာသာပြန်ပုဂ္ဂိုလ်ကျော်များ ကျေးဇူးကြောင့် ကျွန်တော်တို့တစ်တွေ **'အင်နာကရီနီးနား'**၊ **'စစ်နှင့်ငြိမ်းချမ်းရေး'**၊ **'လေရူးသုန်သုန်'**၊ **'စည်းအပြင်ကလူ'** စသော ဝတ္ထုရှည်ကြီးများကို ဖတ်ခွင့်ရကြပါပြီ။ ဇော်ဂျီ၊ တက်တိုး၊ မောင်ထင်၊ တင့်တယ်စသော ပုဂ္ဂိုလ်တို့ကြောင့် ဝတ္ထုများကိုလည်း ဖတ်ခွင့်ရကြပါပြီ။ ထိုဝတ္ထုများကိုလည်း ဆင်ခြင်ကြည့်စေချင်ပါသည်။

ကျွန်တော်တို့ မြန်မာပြည်က နာမည်ကျော်ဝတ္ထုဆရာများဖြစ်ကြသော သိန်းဖေမြင့်၊ မြသန်းတင့် စသောပုဂ္ဂိုလ်တို့၏ ဝတ္ထုများကိုလည်း ဆင်ခြင်သုံးသပ်ကြည့်စေချင်ပါသည်။

ယခုတစ်လောတွင် ဝတ္ထုစာအုပ်များ အရောင်းရမတွင်သောကြောင့် ဝတ္ထုဆရာများ၊ ထုတ်ဝေသူများ ခြုံသံပါအောင် ညည်းနေကြသည်ဟု သိရပါသည်။ ဝတ္ထုဆရာတို့သည်လည်း ဤအင်္ဂလိပ် သုံးမျိုးအတွက် ခွန်အားကောင်းနိုင်သမျှကောင်းအောင် ကြိုးစားရေးသားကြပါစေဟု ဆုတောင်းနေရပါသည်။ အကြောင်းသော်ကား ဝတ္ထုကောင်းကြီးတစ်ပုဒ်ကို ဖတ်ရတိုင်း အသိပညာ တိုးတက်ရုံသာမက ဆင်ခြင်ဉာဏ်စွမ်းအားကိုပါ တိုးတက်စေနိုင်သောကြောင့် ဖြစ်ပါသည်။ ထိုကဲ့သို့သော ဝတ္ထုကောင်းများ မွေးဖွားပေါ်ပေါက်လာခြင်း မရှိလျှင် လူ့ဦးရေ မတိုးတက်သည်ထက်ပင် နစ်နာသည်ဟု ဆိုလိုက်ချင်ပါသေးသည်။ ကဗျာဆရာကြီး မီလ်တန် ပြောဖူးသော စကားကို သတိရ၍ ဤစကားကို ဆိုလိုက်ရခြင်း ဖြစ်ပါသည်။ ဆရာကြီးက ဤသို့ပြောပါသည်။

> 'စာအုပ်ကောင်းတစ်အုပ်ကို သတ်လိုက်ခြင်းသည် လူတစ်ယောက်ကို သတ်လိုက်ခြင်းနှင့်တူသည်။ လူတစ်ယောက်သက်တမ်းမှာ နှစ်အနည်းငယ်သာရှိမည်။ စာအုပ်တစ်အုပ်၏ သက်တမ်းမှာ ခေတ်စဉ်ဆက်ပင် တည်နိုင်သည်။ လူကို သတ်လိုက်ခြင်းမှာ တွေးခေါ်မြော်မြင်တတ်သော

> သတ္တဝါတစ်ဦးကို သတ်လိုက်ခြင်း ဖြစ်သည်။ စာအုပ်ကို သတ်လျှင်ကား တွေးခေါ်မြော်မြင်မှုကြီးကို သတ်လိုက်ခြင်းပင် ဖြစ်သည်။ လူကို သတ်ခြင်းကား ဘုရားသခင်ဖန်တီးထားသော အရုပ်ကို သတ်ခြင်းနှင့် တူ၍ စာအုပ်ကိုသတ်ခြင်းကား ဘုရားရှင်၏ သဏ္ဌာန်တော်ကို သတ်ခြင်းပေတည်း'

ယခု ကျွန်တော်တို့ မြန်မာစာပေတွင် စာအုပ်ကောင်းများ မွေးဖွားမှု နည်းလွန်းနေပါသည်။ ကျွန်တော်တို့မြန်မာပြည်လို တိုင်းပြည်မျိုးတွင် လူဦးရေ တိုးပွားရန် လိုအပ်သည်သာမက စာအုပ်ကောင်းများ မွေးဖွားရန်လည်း လိုအပ်သည်ဟု ယူဆမိပါသည်။

ဝတ္ထုများ လစဉ်ထွက်နေပါသော်လည်း ဝတ္ထုကောင်း အလွန်နည်းလှပါသည်။ မရှိသလောက် ဖြစ်ပါသည်။ ဇာတ်လမ်းဝတ္ထုတွေကသာ များနေပါသည်။ ဇာတ်လမ်းလည်း လိုအပ်ပါသည်ဟု ကျွန်တော် ရေးခဲ့ဖူးပါသည်။ သို့သော် အခြား သည့်ထက်အရေးကြီးသော ပြဿနာများကို တင်ပြရန်အတွက်သာ ဇာတ်လမ်းကို မသုံးဘဲ ဇာတ်လမ်းကိုသာလျှင် ပဓာနထားနေသော ဝတ္ထုတွေက ပိုများပါသည်။ ဇာတ်လမ်းကို 'ဆား' အဖြစ်မသုံးဘဲ 'ဟင်းချိုမှုန့်' အဖြစ် သုံးဆွဲနေကြသော ဝတ္ထုရေးဆရာဦးရေက ပိုပြီး များနေပါသည်။

ဝတ္ထုနှင့်ဖတ်သူအကျွာအဝေး ဆောင်းပါးများတွင် တင်ပြခဲ့သော အကျွာအဝေးသဘောတရားနှင့် ချိန်ထိုးကြည့်လျှင် အသိပညာဆည်းပူးရခြင်း၌ နှစ်သက်ခြင်း၊ လက်တွေ့ဆင်ခြင်ခွင့်ရ၍ နှစ်သက်ခြင်းနှင့် ဇာတ်လမ်းကြောင့် ရသခံစားရခြင်းတို့မှာ အနုပညာနှင့်အကျွာအဝေး ရှိနေပြီဟု ဆိုရပါတော့မည်။

သူတို့က မည်သို့ပင်ဆိုစေ ဤအင်္ဂါသုံးခုပါဝင်နေသော ဝတ္ထုကြီးများကို နှစ်သက်ခြင်း ဖြစ်ကြသည်ကိုလည်း မငြင်းနိုင်ကြပါ။ သို့သော်လည်း အနုပညာ၌ နှစ်သက်ခြင်းကို မရလျှင်(ဂ)အနုပညာစွမ်းရည် နုံနည်းလျှင်ကား သူ့ကို ဝတ္ထုဆရာကောင်းတစ်ယောက်ဟု မသတ်မှတ်နိုင်ပါ။ အတွေးအခေါ်တွေ၊ သုတတွေ မိုးပျံလောက်အောင် မြင့်မားစွာ ပါဝင်နေစေဦးတော့ သူ့ပုံကို ထိပ်တန်းတင်စာရင်းတွင် တင်သွင်းထားနိုင်လိမ့်မည် မဟုတ်ပါ။

ကျွန်တော်၏ ဤဆောင်းပါးများကို စာပေသဘောတရား စာတမ်းများဟု ယူလိုလျှင် ယူနိုင်ပါသည်။ သို့သော် ဝတ္ထုကောင်းဖတ်ရှုသော စာဖတ်သူတစ်ဦးက ဝတ္ထုဆရာများအား တိုက်တွန်းတောင်းပန်သောစာတမ်းဟု ယူဆလျှင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ ရည်ရွယ်ချက်နှင့် ပို၍ ကိုက်ညီမည် ဖြစ်ပါသည်။

သာမန်စာဖတ်ပရိသတ် စိတ်ဝင်စားရန် ခက်လှသော ဤဆောင်းပါး ရှည်ကြီးမျိုးကို ထည့်သွင်းပေးသည့် ရှမဝမဂ္ဂဇင်းကို ကျေးဇူးတင်စကားပြောရင်း နိဂုံးချုပ်ပါသည်။

ဝတ္ထုကောင်းကြီးများ မွေးဖွားရှင်သန်ပါစေသတည်း။

■

ရှမဝရှပ်နံ့မဂ္ဂဇင်း
?

အကွာအဝေး အဟောင်းအသစ်

ရေသည်ပြဇာတ်နှင့် မင်းတုန်းမင်းကြီး

ဦးပုည 'ရေသည်ပြဇာတ်' ရေးခဲ့ရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ စာပေသမိုင်းတွင် ဤသို့ဆိုပါသည်။ မင်းတုန်းမင်းတရားကြီး ထီးနန်းရမှုအတွက် ကနောင်မင်းသားသည် ကြိုးကြိုးပမ်းပမ်း လုပ်ဆောင်ပေးခဲ့ရသည်။ ထို့ကြောင့် မင်းတုန်းမင်းသား နန်းစည်းစိမ်ကို ရသောအခါတွင် ကနောင်မင်းသားက အိမ်ရှေ့စံ ဖြစ်လာသည်။ ထို့ကြောင့် မင်းတုန်းမင်းတရားကြီး နတ်ရွာစံလျှင် ကနောင်မင်းသားကသာလျှင် အရိုက်အရာကို ခံယူရမည်ဖြစ်သည်။ သည်အတိုင်းသာဆိုလျှင် ကနောင်မင်းသား မင်းအဖြစ်ရောက်ပြီးမှ နတ်ရွာစံလျှင် ကနောင်မင်းသား၏ သားတော်တစ်ယောက်ကသာလျှင် ထီးနန်း ဆက်ခံပေတော့မည်။ မင်းတုန်းမင်း၏ သားတော်ဆက်နွယ်တို့ ထီးနန်းဆက်ခံနိုင်ခွင့် မရှိတော့ပြီ။

မင်းတုန်းမင်းကြီးသည် သားတော်များအနက် 'မလွန်မင်းသား' ကို အတော်လေး မြတ်နိုးတော်မူသည်။ ထီးနန်းကိုလည်း (ကနောင်ကို ကျော်၍) မလွန်မင်းသားကိုပင် 'ပေးလိုရိပ်' ရှိသည်ပဲ့ ကနောင်မင်းသားက အခွင့်ရှိသည်။ ညီနောင်နှစ်ဦး ပူးပေါင်း၍ လုပ်ကြံရယူခဲ့ရသော ထီးနန်းစည်းစိမ်ဖြစ်ပါလျက်၊ မိမိကိုယ်တိုင်လည်း အိမ်ရှေ့မင်းအဖြစ် ရှိနေပါလျက် သားဖြစ်သူ မလွန်မင်းသားအား အရိုက်အရာ လွှဲလိုတော်မူသည်ကို စိတ်ထောင့်သောကြောင့် (နားကိုက်ဝေဒနာ ခံစားနေရပါသည်ဟူသော အကြောင်းပြချက်နှင့်)

www.burmeseclassic.com

www.burmeseclassic.com

နန်းတွင်းသို့ အခစားမဝင်ဘဲ ရှိနေသည်။ မင်းတုန်းမင်းကြီးကလည်း ရိပ်မိသည်။ သို့သော် သူက 'စကြာဒေဝီ' မိဖုရားခေါင်ကြီးအား တစ်ဆင့်လွှဲသည်။ မိဖုရားခေါင်ကြီးက ငွေတိုက်တော်မှ ငွေတော် နှစ်သောင်းကို ထုတ်ယူ၍ မောင်တော်ကလေး ကနောင်မင်းသားအား 'ခမည်း' ပေးပြီးလျှင် မတွေ့ရသည်မှာ ကြာပြီဖြစ်၍ အခစားဝင်စေလိုကြောင်း မိန့်တော်မူသည်။

ကနောင်မင်းသားလည်း၊ မိမိတို့ ညီနောင်နှစ်ဦးအပေါ်တွင် တကယ်ချစ်မြတ်နိုးသည့် အစ်မတော် စကြာဒေဝီ၏ စကားကို မလွန်ဆန်နိုင်သောကြောင့် အခစားဝင်သည်။ ထိုအခါတွင်မှ မင်းတုန်းမင်းကြီးက ညီတော်အား ဖက်လှဲတကင်းပြုပြီးလျှင် သူ့အပေါ် အထင်မမှားသင့်ကြောင်း၊ သားတော်တွေ နောက်ထပ်ပြီး လိုသလောက်ရနိုင်စေဦးတော့ ညီတော်ကို မရနိုင်တော့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် သားတော်များကို ညီတော်ထက် အချစ်မပိုနိုင်ကြောင်း စသည်ဖြင့် မိန့်တော်မူသည်။

ကနောင်မင်းသားသည်လည်း နောင်တော်အပေါ် စိတ်ကွက်ခဲ့မိသည်ကို ဝမ်းနည်းခြင်း ဖြစ်မိသည်။ သို့သော် မည်သို့မျှတော့ ဖွင့်ဟဝန်ခံ တောင်းပန်ခြင်း မပြုခဲ့ပေ။ သို့သော် နောင်တော်ကိုတော့ ဝန်ခံတောင်းပန်ခြင်း ပြုလိုသည်။ နည်းလမ်းရှာဖွေလိုက်သောအခါတွင် 'ဦးပုည' ကို သွားပြီး သတိရသည်။

ထို့ကြောင့် ဦးပုညကိုခေါ်ပြီး 'ညီတော်က နောင်တော်အား ဝန်ချတောင်းပန်ခန်း' ပါသော ပြဇာတ်တစ်ခု စီရင်စေရန် အမိန့်ချသည်။ ဤတွင် ဦးပုညက ဘုရားဟော ငါးရာ့ငါးဆယ်နိပါတ်တွင်ပါသည့် 'ဂင်္ဂါမာလဇာတ်' ကို ပြဇာတ်ဖွဲ့သည်။ နောင်တွင်ကား 'ရေသည်ပြဇာတ်' ဟုသာ လူသိများသည်။

'ဂင်္ဂါမာလ' ဇာတ်လမ်းအကျဉ်းမှာ ဤသို့ဖြစ်သည်။

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥပုသ်သီတင်း သီလစောင့်ခြင်းသည် အလွန်အကျိုးကျေးဇူး ကြီးမားသည်ဖြစ်ရာ နေ့ဝက်မျှ သီတင်းသီလစောင့်ခြင်းသည်ပင်လျှင် သံသရာ၌ မင်းစည်းစိမ်ကို ပေးနိုင်ကြောင်း 'ဂင်္ဂါမာလ' ဇာတ်ကို ဟောကြားသည်။

ဗာရာဏသီပြည်၌ သူဌေးသားတစ်ဦး၏ အခစား ယောကျ်ားတစ်ဦးသည် နေ့ဝက်မျှသော ဥပုသ်ကို ဆောက်တည်နေစဉ် ဗာရာဏသီမင်း တိုင်းခန်း

လှည့်လည်လာသည်ကို တွေ့လျှင် မင်းစည်းစိမ်ကို တောင့်တမိ၏။ အစာအိမ်ရောဂါကြောင့် လေနာထသဖြင့် ကွယ်လွန်လေရာ ဗာရာဏသီပြည်၌ပင် ဥဒယမည်သော မင်း ဖြစ်လေသည်။ ထိုဗာရာဏသီနေပြည်၏ မြောက်မြို့မှုန်းတွင် ရေရောင်းသော ယောကျ်ားတစ်ယောက်သည် မိမိဆုဆောင်းမိသည့် ပဲဝက်သော အသပြာကို မြို့ရိုးကြားတွင် ဝှက်ထားသည်။ ထို့နောက် တောင်မြို့ရိုးသို့ သွား၍ ရေရောင်းပြန်ရာ သူကဲ့သို့ပင် ပဲဝက်အသပြာစုမိသော ရေသည်မိန်းမတစ်ယောက်နှင့်တွေ့၍ အကြောင်းပါကြသည်။ ဥဒယမင်း၏ ဘိသိက်ပွဲတော်တွင် နှစ်ဦးသား စားသောက်ပျော်ရွှင်ကြရန် ရေသည်ယောကျ်ားသည် မိမိ၏ ပဲဝက်ငွေကို ယူအံ့သောငှာ မြောက်မြို့ရိုးသို့ ပင်ပန်းကြီးစွာ ပြေးသွားသည်။ မင်းကြီးမြင်လျှင် အကြောင်းကို သိလိုသောကြောင့် ခေါ်၍ မေးသည်။ အကြောင်းကို လျှောက်လျှင် သနားလှသောကြောင့် မြောက်မြို့ရိုးသို့ မသွားလေတော့နှင့် ဟုဆိုပြီး ငွေတစ်ပဲကို ပေးသည်။ ရေသည်က ထိုတစ်ပဲကိုလည်း ယူမည်။ ပဲဝက်ကိုလည်း သွားပြီး ယူဦးမည်ဟု ဆိုသည်။ မင်းကြီးက တစ်မူး၊ တစ်မတ် စသည်အားဖြင့် ကုဋေထိအောင် ပေးသော်လည်း ပဲဝက်ကို အာရုံမဖြတ်နိုင်။ နောက်ဆုံး အိမ်ရှေ့မင်းစည်းစိမ်ကိုပါ ပေးသည်။ အိမ်ရှေ့မင်းစည်းစိမ်ကို ရသော်လည်း ပဲဝက်ကို သွားပြီး ယူသေးသည်။

တစ်နေ့တွင် မင်းကြီးသည် အိမ်ရှေ့မင်း၊ မောင်းမမိဿံတို့နှင့်အတူ ဥယျာဉ်ကစားကြပြီးနောက် ပင်ပန်းတော်မူသည်နှင့် အိမ်ရှေ့မင်း၏ ပေါင်ထက်တွင် ခေါင်းတင်ပြီး စက်တော်ခေါ်သည်။ ရေသည်ယောကျ်ား အိမ်ရှေ့မင်းလည်း မင်းကြီး၏ ဦးခေါင်းကို ဖြတ်ပြီး ထီးနန်းစည်းစိမ်ကို ယူအံ့ဟု အကြိမ်ကြိမ်ကြံသည်။ နောင်တရပြီးနောက် မင်းကြီးအားနှိုး၍ တောင်းပန်သည်။ မင်းကြီးက မင်းစည်းစိမ်ကို ယူလိုလျှင် ယူပါတော့ဟု ပေးသော်လည်း မယူတော့ဘဲ တောထွက်သွားလေသည်။

ဤအဖြစ်ကိုမြင်သော 'ဂင်္ဂါမာလ' အမည်ရှိ ဆတ္တာသည်လည်း တရားသံဝေဂရ၍ မင်းကြီးထံခွင့်ပန်ပြီး တောထွက်သွားရာ ပစ္စေကဗုဒ္ဓါ ဖြစ်သွားသည်။

*

ရေသည်ပြဇာတ်ဟု ကျော်ကြားလာသော ဂင်္ဂါမာလဇာတ်၏ ရည်ရွယ်ချက်များကို ကျွန်တော် သုံးသပ်ကြည့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁) ဘုရားရှင်၏ ရည်ရွယ်ချက်မှာ ဥပုသ်သီတင်း တည်ဆောက်ခြင်း၏ အကျိုးကြီးမားပုံကို ရည်ညွှန်းတော်မူလိုခြင်း ဖြစ်ပါသည်။

(၂) ကနောင်မင်းသား၏ ရည်ရွယ်ချက်မှာ နောင်တော်မင်းတုန်းမင်းအား ဝန်ချတောင်းပန်လိုခြင်း ဖြစ်ပါသည်။

(၃) ဦးပုည၏ ရည်ရွယ်ချက်(ဝါ)အာရုံညွှတ်ပျောင်းချက်၊ ထိုအချက်ကိုတော့ ပြဇာတ်စာကိုယ်တွင် မည်သည့်အာဘော်က လွှမ်းနေသနည်း ဟူသော အချက်ကို ရှာဖွေကြည့်မိပါသည်။ ဥပုသ်သီတင်းတည်ဆောက်ခြင်း၏ အကျိုးကြီးမားပုံ အာဘော်ကို လုံးဝမတွေ့ကြရတော့ပါ။ နောင်တော်ကို ညီတော်က ဝန်ချတောင်းပန်ခန်း ပါလာသည်တော့ မှန်ပါ၏။ သို့သော် တကယ်လွှမ်းမိုးနေသည့်အာဘော်မှာ –

"အရှင်ပေးတဲ့ ထိုငွေကိုလည်း ခံယူပါမည်၊ ရေကြည်ရောင်းခ အမိုးရတဲ့ ငွေစလေးရွေး၊ မြို့ရိုးကြားမှာ၊ သူနေရှာတဲ့ ဟိုဟာလေးကိုလည်း ပြေး၍ ယူချင်ပါသေးသည်။ အထည်အထုပ်၊ ငွေစသာဟုတ်ပါစေ၊ ဖြုတ်မျက်လုံးလောက်၊ သေးလို့ပင် ပျောက်ကာထဲ၊ အနည်းငယ်မျှရယ်လို့ တယ်ကရ မပြုသင့်ပါဘူး၊ ဝတ္ထုကာမဂုဏ် ငွေစနှင့်ကြုံသောအခါ၊ အာရုံကို ဖြတ်နိုင်ခဲလှပါသည် ဘုရား။

"တဏှာလောဘ၊ ကျယ်ပြောလှတဲ့၊ ဘဝဆောင်ကို၊ ပုပ်ဟောင်နံ့ညှီ၊ နှလုံးနောက်လို့ ကြောက်လှပြီ၊ လောကီအာရုံ ကာမဂုဏ်မှာ၊ ပုံဥပဒေ၊ ကျွတ်တွင်းရေသို့၊ သောက်လေသောက်လေ၊ ဝတ်မပြေဘူး၊ တွေမနောက်၊ လေးမင်ရေကို၊ ရှာဖွေလို့သောက်ရမှ၊ ဝမ်းမြောက် ရွှင်ပြုံး၊ ရေငတ်စ တုံးတော့မယ်၊ ဘုန်းဘုရာ့စည်းစိမ်၊ ဘုံကြငှန်းနှင့်၊ နန်းရွှေအိမ်ကို၊ ကြိုးလိမ်ထူးပတ်၊ တောင်တန်းလောက်မှတ်ပြီမို့ မမြတ်နိုးချင်၊ လက်ငင်းခုပဲ၊ လျှော်တေကို လဲလို့ မြိုင်ထဲကို ဝင်ပါတော့မည်၊ ထိပ်ချာရွှေနန်းရှင် ဘုရား"

စသော အတွေးအမြင်မျိုးတွေကသာ လွှမ်းမိုးနေပါတော့သည်။

မင်းတုန်းမင်းကြီးနှင့် ကနောင်မင်းသားအကြောင်း၊ မူရင်းနိပါတ် ဇာတ်ဝတ္ထုအကြောင်းတွေကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ 'ရေသည်ပြဇာတ်'

သန့်သန့်ကိုသာ ဖတ်ပြီး ဦးပုည၏ အာဘော်ကို ရှာကြည့်မည်ဆိုပါလျှင် အဆောမသတ်သော လောဘ၏ ကြောက်မက်ဖွယ်ကောင်းပုံကိုသာလျှင် တွေ့ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ဦးပုည၏ ရည်ရွယ်ချက်မှာ "လောဘသည် အဆုံးမသတ် ကြီးမားလာတတ်ပြီး သံသရာတွင် နစ်စေတတ်၏" ဟူသော အချက်ဖြစ်သည်ဟု ဆိုချင်ပါသည်။

*

မင်းတုန်းမင်းကြီးသည် ထိုပြဇာတ်ကို နှစ်သက်တော်မူလှသဖြင့် မကြာခဏ ဖတ်လျှောက်စေသည်။ ပြဇာတ်ကိုလည်း အကြိမ်ကြိမ် ခင်းကျင်းကပြစေသည်ဟု အဆိုရှိပါသည်။

ကျွန်တော်လည်း မင်းတုန်းမင်းကြီး ထိုပြဇာတ်ကို နှစ်သက်ရခြင်း အကြောင်းကို မကြာခဏ စဉ်းစားမိတတ်ပါသည်။

ညီတော် ကနောင်မင်းသားက သူ့အား ဝန်ချတောင်းပန်သည့်အနေဖြင့် ဤပြဇာတ်ကို ဦးပုညအား အရေးခိုင်းခြင်းဖြစ်ကြောင်းကို သူ ကောင်းကောင်းသိနေသည်။ ညီနောင်နှစ်ပါး ပြန်လည်သင့်မြတ်ရသည့်အတွက်ကိုလည်း ဝမ်းမြောက်မိပါလိမ့်မည်။ ညီတော်၏ ဝန်ချတောင်းပန်ခြင်းကို ဝမ်းမြောက်ချစ်ခင်စွာ ခွင့်လွှတ်လက်ခံကြောင်းကိုလည်း ညီတော် သိစေချင်ပါလိမ့်မည်။ ထိုထိုသောအကြောင်းတို့ကြောင့် မကြာခဏ ကြားနာကြည့်ရှုခြင်း ဖြစ်တန်ရာသည်ဟု ကျွန်တော် အောက်မေ့မိပါသည်။

သည်လိုဆိုတော့ ဦးပုည၏ အနုပညာစွမ်းရည်ကို နှစ်သက်မြတ်နိုးခြင်း လုံးဝ မပါတော့ပြီလောဟု မေးစရာရှိလာပါသည်။ အနုပညာကိုလည်း မြတ်နိုးခြင်း ပါနေဦးမည်မှာတော့ မုချဖြစ်ပါသည်။ သို့သော် မိမိတို့၏ ကိုယ်ရေးကိစ္စများ၊ နိုင်ငံအရေးအခင်းကိစ္စများကြောင့် နှစ်သက်ခြင်းဖြစ်သည်က ပိုကဲနေလိမ့်မည်ဟု ကျွန်တော် ဆုံးဖြတ်မိပါသည်။

အနုပညာပစ္စည်းနှင့် ခံစားသူအကွာအဝေး

အနုပညာသန့်သန့်ကို (အခြားပယောဂတစ်စုံတစ်ရာ မပါစေဘဲ) ခံစားနိုင်ရန် ဆိုသည်မှာ ဖန်တီးသူအတွက်ရော၊ ခံစားသူအတွက်ရော မလွယ်ကူလှသော ကိစ္စဟု ကျွန်တော် ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ဗုဒ္ဓဘာသာအိမ်များတွင် ရွှေတိဂုံစေတီတော်ကြီး၏ ဓာတ်ပုံကို ဘုရားဆောင်၊ ဦးခေါင်းရင်းတို့တွင် ချိတ်ဆွဲထားတတ်ကြပါသည်။ ဓာတ်ပုံပညာ (အလင်းအမှောင်၊ အရောင်၊ ဆေးသား) စသည်တို့ ကောင်းနေသောကြောင့်သာ မဟုတ်ဘဲ ကျွန်တော်တို့ကြည်ညိုရာ ဘာသာရေးအဆောက်အအုံကြီးတစ်ခု ဖြစ်နေသောကြောင့်လည်း ချိတ်ထားခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာမှ မဟုတ်ပါ။ အခြားသော ဘာသာဝင်များသည်လည်း ထိုကဲ့သို့သော ဘာသာရေးဆိုင်ရာ အနုပညာပစ္စည်းတို့ကို တရိုတသေ ထားတတ်ကြသည်ကို တွေ့နိုင်ပါသည်။

တစ်ခုရှိသည်မှာ ရွှေတိဂုံစေတီတော်ပုံဖြစ်သော်လည်း အနုပညာအားဖြင့် လေးစားလောက်သည့် အဆင့်မရှိလျှင် အိမ်တွင် မချိတ်ချင်ကြပါ။ ထို့အတူ ဓာတ်ပုံအနုပညာအဆင့်မြင့်မှုပင် မြင့်နေစေဦးတော့ ဗုဒ္ဓဘာသာဝင်မဟုတ်ပါလျှင် ခေါင်းရင်းခန်း ဘုရားကျောင်းဆောင်တွင် ချိတ်ဆွဲကြလိမ့်မည် မဟုတ်ပါ။

နိုင်ငံခြားရှိ အခြားဘာသာဝင်တစ်ဦးက မိမိ၏ ဧည့်ခန်း၌ ရွှေတိဂုံဘုရားပုံတော် ပန်းချီကားကို အမြတ်တနိုး ချိတ်ဆွဲထားသည်ဆိုလျှင်တော့ တကယ့်ကို အနုပညာသန့်သန့်ကို နှစ်သက်ခြင်းကြောင့်သာလျှင် ဖြစ်သည်ဟု ဆိုနိုင်ကောင်း ဆိုနိုင်မည် ထင်ပါသည်။ ဤနေရာ၌ပင်လျှင် ထင်ရှားကျော်ကြားသော ဗိသုကာအဆောက်အအုံပုံတစ်ခုအဖြစ် ဟူသော စေတနာ ပါနေနိုင်ပါသေးသည်။

ထိုကဲ့သို့ပင် ပန်းချီဓာတ်ပုံ စသည်တို့တွင်သာမက အခြားသော အနုပညာရပ်များတွင်လည်း 'အနုပညာနှင့် ခံစားသူအကွာအဝေး' တို့ ရှိလာနေကြသည်ဟု ကျွန်တော် ဆိုချင်မိပါသည်။

ရွှေတိဂုံဘုရားပုံတော်မို့ ကြည်ညိုမဝအောင် ပီတိဖြစ်မိပါသည်ဟု ဆိုလျှင် ခံစားသူသည် အနုပညာနှင့် အတန်ဝေးသွားပြီ(ဝါ)အနုပညာကို ခံစားခြင်း မဟုတ်တော့ပြီဟု ဆိုရပါတော့မည်။

ကျွန်တော်တို့ 'စာပေအနုပညာ' နယ်ပယ်တွင်ကား ပိုလို့ပင် ရှုပ်ထွေးသိမ်မွေ့လာသည်ဟု ထင်မိပါသည်။ ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ်၏ ဦးတည်ချက်ကောင်းမှု၊ မကောင်းမှု၊ လူ့လောကအတွက် အကျိုးပြုချက်ပါမှု၊ မပါမှု

စသည်တို့မှာ အနုပညာကို ခံစားခြင်း၊ တိုင်းတာခြင်း မဟုတ်တော့ဘဲ အနုပညာ၏ ပြင်ပနယ်ပယ်မှ ကျူးကျော်ဝင်ရောက်ပြီး အနုပညာကို ခံစားတိုင်းတာနေခြင်းဖြစ်သည်ဟု ဆိုဖွယ်ရာရှိလာပါတော့သည်။

နောက်တစ်ဆင့် တက်လိုက်သောအခါ ဝတ္ထု စသည့် ဓာတ်လမ်းပါသော စာပေပစ္စည်းတို့တွင် ဓာတ်လမ်းနှင့် မချင့်မရဲဖြစ်အောင် ပြုလုပ်ဖမ်းစားခြင်း စသည်တို့ပင်လျှင် အနုပညာမဟုတ်ဟု အထင်ရောက်လာကြပြန်ပါတော့သည်။ အနည်းငယ်ချဲ့၍ ရှင်းပြပါရစေ။

ကျွန်တော်တို့ ဘောလုံးပွဲကြည့်ကြသောအခါ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ဖြစ်နေလျှင် အလွန် သဘောကျပါသည်။ အားပြိုင်မှုကြီးလေ သဘောကျလေ ဖြစ်ပါသည်။ ဘောလုံး ဂိုးရှေ့ရောက်သွားပြီး အလုအယက်ဖြစ်နေကြပြီဆိုလျှင် (တစ်စုံတစ်ရာသော အပြောင်းအလဲကို ဖြစ်စေတော့မည်ကို သိနေသောကြောင့်) မရိုးမရွ ထပြီး အော်လိုက်ဟစ်လိုက်မိသည့်တိုင်အောင် စိတ်ဝင်စားတတ်ကြပါသည်။

ဘောလုံးသည် အနုပညာဖြစ်ပါသလော။ ဘောလုံးပွဲကြည့်ခြင်းကို အနုပညာခံစားခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသလော။

စင်စစ် အားပြိုင်မှုကို နှစ်သက်ခြင်းသက်သက်သာဖြစ်သည်ဟု ဆိုကြပါလိမ့်မည်။ ဂိုးသွင်းခါနီး၌ တက်ကြွထက်သန်စွာ စောင့်ကြည့်မိခြင်းမှာလည်း အရှုံး အနိုင် အပြောင်း အလဲ ဆုံးဖြတ်တော့မည့် ဖြစ်ခြင်းကြောင့်သာလျှင် ဖြစ်ပါသည်။

သို့ဖြစ်၍ ရုပ်ရှင်၊ ဝတ္ထု စသည်တို့မှ ဓာတ်လမ်းနောက်သို့ လိုက်ပါသွားရင်း တမက်မောမော၊ မချင့်မရဲဖြစ်ရခြင်း စသည်တို့မှာ အနုပညာသက်သက်ကို ခံစားနေခြင်း မှန်ပါ၏လော။ အားပြိုင်မှုကို နှစ်သက်တတ်သော လူ့သဘာဝအတိုင်း အကြိတ်အနယ်ဖြစ်ချိန်တွင် စောင့်ကြည့်နေချင်တတ်သော၊ အဆုံးအဖြတ်တစ်ခုကို သိချင်တတ်သော 'လူ့သဘာဝ အရိုင်းစိတ်' ကို သွေးဆောင်ပြီး ဆွဲမက်အောင်လုပ်နေခြင်းမျှသာ မဟုတ်ပါလော၊ အနုပညာသက်သက်နှင့် ဖမ်းစားခြင်း၊ အနုပညာသက်သက်ကို ခံစားခြင်းမှ ဟုတ်ပါ၏လော။ အနုပညာနှင့် ခံစားသူအကွာအဝေး ရှိနေသည် မဟုတ်ပါလော။ ဤသို့လျှင် တွေးတောဆင်ခြင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အကွာအဝေး ပျောက်စေလိုသူများ

ဤသည်တွင် အနုပညာဖန်တီးမှုတွင် မရောင့်ရဲနိုင်ကြသော အနုပညာရှင်များက သူတို့ဖန်တီးလိုက်သည့် အနုပညာပစ္စည်းကို ခံစားကြရာတွင် တခြားနယ်ပယ်များမှ သုံးသပ်ခံစားခြင်းကို မကြိုက်နိုင်ကြတော့ဘဲ အနုပညာသက်သက်ကို ခံစားမိကြစေရန်သာ အလိုရှိလာကြလေတော့သည်။

ဘာသာတရားရှုထောင့်၊ နိုင်ငံရေးရှုထောင့်၊ ကိုယ်ကျင့်တရားရှုထောင့်၊ လူသားအကျိုးပြုရှုထောင့် စသည်အားဖြင့် အခြားသောနယ်ပယ်များမှ စံများ၊ ပေတံများနှင့် တိုင်းတာ သုံးသပ် ဝေဖန်လိုက်ကြသော အခါတွင်ကား ပို၍ပင် ခံပြင်းဒေါသထွက်လာကြလေသည်။ အနုပညာကို အနုပညာစံဖြင့် မတိုင်းတတ်ကြသောကြောင့် အနုပညာသန့်သန့်ကို ခံစားနိုင်စွမ်း မရှိသောကြောင့် ဤသို့ဖြစ်ကြရသည်ဟု ဒေါသတကြီး ခွန်းတုံ့ပြန်လာကြတော့သည်။

ပန်းချီကားဆိုလျှင်လည်း မိန်းကလေးရုပ်ပုံက လှလို့၊ ရဟန်းတော်၏ပုံက ကြည်ညိုဖွယ်ကောင်းလွန်းလို့၊ ပကတိလူနှင့်တူသော အရုပ်မို့၊ ပကတိခွေးနှင့်၊ သစ်ပင်တောတောင်နှင့် တူသောအရုပ်မို့ စသည်ဖြင့် ချီးကျူးအကဲဖြတ်ကြသောအခါတွင်လည်း အနုပညာကို ခံစားနေခြင်း မမည်သေးဟု အောက်မေ့ကြသည်။

ထို့အတူ ဝတ္ထု၊ ရုပ်ရှင် စသည်တို့၌ ဇာတ်လမ်းကြောင့် မချင့်မရဲဖြစ်ရမှု၊ ထိတ်လန့်ရမှု၊ လွမ်းရမှု စသည်တို့မှာ ဘောလုံးပွဲကြည့်သည်နှင့် ဘာများ ခြားနားပါသေးသနည်း။ ဤသို့ ဇာတ်လမ်းနှင့်ဖမ်းစားခြင်း ဟူသည်မှာ အနုပညာနှင့်ဖမ်းစားမှု ဖြစ်ပါသည်ဟု တကယ်ပြောနိုင်ပါမည်လား။ မလွဲသာ၍ အနုပညာစာရင်းတွင် သွင်းလိုက်ရပါစေဦးတော့ အဘယ်မျှအဆင့်အတန်းနိမ့်ပါသနည်း စသည် . . . စသည်ဖြင့် စဉ်းစားလာကြပါသည်။

*

အနုပညာသက်သက်ကို ခံစားရအောင်

ဤသို့အားဖြင့် အနုပညာရှင်တို့သည် မိမိ၏ ခံစားမှုကို ပရိသတ်အား အမျှဝေကြရာတွင် အနုပညာသက်သက် ပေါင်းကူးနှင့်သာ ပို့ဆောင်ရေး၊ မဆီမဆိုင် အခြားပယောဂများက ဝင်ပြီး မနှောင့်ယှက်နိုင်ရေးအတွက် ကြိုးစားကြလေတော့သည်။ ဤသို့လျှင် ကျွန်တော် သုံးသပ်မိပါသည်။

ထို့ကြောင့် ပန်းချီဆရာများသည် ပန်းချီအနုပညာကို ထက်မြက်လာစိမ့်သောငှာ 'အရုပ်ရေးခြင်း' အလုပ်ကို သိသိသာသာကြီး လျှော့ပစ်လိုက်သည်။ စင်စစ်အားဖြင့် အရုပ်ရေးခြင်းကို လျှော့ချလိုက်ရုံမျှသာဟု မယူဆနိုင်တော့ဘဲ လုံးဝနီးနီး စွန့်လွှတ်လိုက်သည်ဟုပင် ဆိုနိုင်စကောင်းပါသည်။

သူတို့ပန်းချီကားတွင် အရုပ်တွေ ပါနေမည်မှန်သော်လည်း ဒါကဖြင့် လူရုပ်ပဲ၊ ဒါကဖြင့် ခွေးရုပ်ပဲ၊ ဒါကဖြင့် သစ်ပင်ပဲ စသည်ဖြင့် မည်မည်ရရ မည်သူမျှ မပြောနိုင်ကြတော့။ လူရုပ်ဟု ဆိုရမည် ထင်သော်လည်း လူရုပ်ပါပဲဟု တစ်ထစ်ချမပြောနိုင်ကြတော့။ အကယ်၍ လူရုပ်ပါပဲဟု ဆိုနိုင်စေဦးတော့ ပန်းချီဆရာက လူရုပ်နှင့်မတူအောင် ရေးထားသောကြောင့် 'လူရုပ်ကို ပြောချင်တာမဟုတ်ဘူး' ဟု ပရိသတ်က အလိုလိုသိနေသည်။ လူရုပ်နှင့်တူသည်၊ မတူသည်ဆိုသည့် ပေတံနှင့် အကဲဖြတ်ခြင်းငှာ မဖြစ်နိုင်တော့။ ရှေးဟောင်း 'စံ' တို့သည် လုံးဝ အသုံးဝင်လာခြင်း မရှိတော့။

ထို့အတူ ပန်းပု စသည်တို့တွင်လည်း 'အရုပ်ထုခြင်း' (ဝါ) 'ရုပ်တုထုခြင်း' ကို စွန့်လွှတ်သူများ ပေါ်ပေါက်လာလေသည်။ ယခင့်ယခင်က နည်းလမ်းများနှင့် ဝေဖန်အကဲဖြတ်ရန် လုံးဝ မဖြစ်နိုင်တော့။

အနုပညာနယ်ပယ်မှ အပဖြစ်သော ဘာသာရေး၊ လူ့လောကအကျိုးပြုရေး၊ နိုင်ငံရေး၊ ရာဇရေး၊ လောကရေး၊ ဓမ္မရေးဆိုသည့် စကားများသည် သူတို့၏ အနုပညာနယ်ပယ်သို့ ထိုးဖောက်ဝင်ရောက်နိုင်စွမ်း မရှိတော့။ ဤသို့အားဖြင့် အခြားပယောဂမပါ အနုပညာသက်သက်ကိုသာ အမျှဝေနိုင်အောင် ကြိုးစားလာကြသည်။

စာပေလောက ဝတ္ထုကဏ္ဍတွင်လည်း အဆင့်နိမ့် နည်းပညာတစ်ခုဖြစ်သော ဇာတ်လမ်းနှင့်ဖမ်းစားသည့်နည်းကို အသုံးမပြုချင်ကြတော့။ ထို့ကြောင့် ဇာတ်လမ်း ဇာတ်ကွက် မည်မည်ရရ ဘာမှမရှိဘဲ ဝတ္ထုဖြစ်အောင် ဖန်တီးကြပြန်သည်။

ထိုမျှနှင့်ပင် မရောင့်ရဲနိုင်သေးဘဲ အကျိုးအကြောင်းဆိုတာတွေ၊ သူတို့ ကွင်းဆက်မိသော အတွေးအမြင်ဆိုတာတွေနှင့် ဖမ်းစားရခြင်းသည်ပင်လျှင် စာပေအနုပညာသက်သက် မဟုတ်ဟု ယူဆလာကြဟန်နှင့် မိမိတကယ်ခံစားရမှုကို (ကျိုးကြောင်းဆက်စပ်မှု သေားချိတ်ပြီး) ခံစားမှုအစဉ်ကိုသာ (ပရမ်းပတာ ဖြစ်နေစေဦးတော့) ရေးချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ . . . ဤသို့လျှင် တိုးမြှင့်ဖန်တီးရန် အားထုတ်လာကြသည်။

ထို့ကြောင့် ပရိသတ်ကလည်း ထိုသို့သော အနုပညာပစ္စည်းမျိုးကို ခံစားကြရာတွင် ယခင်ကကဲ့သို့ သက်သာလွယ်ကူစွာ ခံစားနိုင်ခြင်းမရှိတော့။ မိမိကိုယ်တိုင်ကလည်း (အနုပညာရှင်တစ်ပိုင်း ဖြစ်လာလောက်အောင်) ကြိုးစားအားထုတ်ပြီး ခံစားနိုင်ရန် ကြိုးစားကြရသည်။ ဤသို့ ခံစားကြရသည်ကိုလည်း နှစ်သက်မှုရှိလာကြသည်။

*

ကလေးကစားစရာ သစ်သားတုံးကလေးများ

ကလေးစိတ်ပညာရှင်များက ပြောပြသော အချက်လေးတစ်ခုကို သွားပြီး သတိရမိပါသည်။

ကလေးများအတွက် မော်တော်ကား၊ လေယာဉ်ပျံ၊ မီးရထား စသည်အားဖြင့် အရုပ်ကလေးတွေ ရှိကြပါသည်။ ထို့ပြင် ဘာရယ်မဟုတ် သစ်သားတုံး လုံးလုံး၊ ရှည်ရှည်၊ ပြားပြား၊ ဝိုင်းဝိုင်း၊ လေးထောင့်၊ သုံးထောင့် စသည် မည်မည်ရရ မဟုတ်သော ကစားစရာကလေးများလည်း ရှိတတ်ကြပါသေးသည်။

တကယ့်မော်တော်ကားနှင့်တူသော မော်တော်ကားရုပ်၊ တကယ့်လေယာဉ်ပျံနှင့်တူသော လေယာဉ်ပျံရုပ် စသည်တို့ကို ကလေးများ မနှစ်သက်မဟုတ်ပါ။ နှစ်သက်ကြပါသည်။ သို့သော် ကလေးတို့သည် ထိုပီသသော အရုပ်များနှင့် ကြာရှည်ကစားလေ့ မရှိကြ။ သုံးလေးရက် တစ်ပတ်လောက်ရှိလျှင် သစ်သားတုံးကလေးများကိုသာ ပြန်ပြီး ကောက်ကြလေတော့သည်။

အကြောင်းက တကယ့်မော်တော်ကားနှင့်တူသော မော်တော်ကားရုပ်မှာ မော်တော်ကား ပီသလွန်းနေသည်။ မော်တော်ကားမှအပ အခြား ဘာမှ မဖြစ်နိုင်။ ကလေးအဖို့ (မော်တော်ကား ပီသလွန်းနေသောကြောင့်) လေယာဉ်ပျံဟု စိတ်ကူးလို့ လုံးဝ မရနိုင်တော့။

သစ်သားတုံးကလေးများမှာမူကား ဘာရုပ်မျှမဟုတ်သောကြောင့် ဘာမဆို ဖြစ်နိုင်သည်။ ပါးစပ်က 'ဝူး . . . ဝူး' နှင့် မြည်ပြီး တွန်းလိုက်လျှင် မော်တော်ကား ဖြစ်သွားသည်။ သစ်သားတုံးကလေးတွေကို တစ်ခုနှင့်တစ်ခု

တန်းစီပြီး တွန်းလိုက်လျှင် မီးရထားကြီး ဖြစ်သွားသည်။ ရေထဲချလိုက်လျှင် သင်္ဘော ဖြစ်သွားသည်။ တစ်ခုပေါ်တစ်ခုဆင့်ပြီး တင်လိုက်လျှင် အိမ် ဖြစ်နိုင်သည်။ ရဲတိုက်ကြီး ဖြစ်နိုင်သည်။ သူ့စိတ်ကူးရှိသလောက် လူးလွန့်ဖန်တီးယူနိုင်သည်။ သူ့စိတ်ထဲတွင် မော်တော်ကားဖြစ်နေစေချင်လျှင် တကယ့်မော်တော်ကား ဖြစ်နေသည်။ ဘာရုပ်မျှ မဟုတ်သောကြောင့် ဘာအပိတ်အပင်အတားအဆီးမျှ မရှိဘဲ စိတ်ကူးထဲတွင် စိတ်ကြိုက်ဖန်တီးပြီး ကစားနိုင်သည်။ တကယ့်မော်တော်ကားရုပ်က သူ၏ စိတ်ကူးစိတ်သန်းကို နှောင်ဖွဲ့ထားသည်။ သစ်သားတုံးက သူ့စိတ်ကူးကို လွတ်လပ်ခွင့်ပေးသည်။

တစ်နည်းအားဖြင့် သူကိုယ်တိုင်က ဖန်တီးမှုတွင် ပါဝင်နေသောကြောင့် ထိုသစ်သားတုံးကလေးများကို ပို၍ တွယ်တာနှစ်သက်သည်ဟု ဆိုနိုင်ပါလိမ့်မည်။

အနုပညာသစ်ကို ခံစားကြရာတွင်လည်း မိမိကိုယ်တိုင်က ထပ်ဆင့်ဖန်တီးနေကြရသောကြောင့်လည်းကောင်း၊ ဘောင်ခတ်ပေးမှုနည်းပါး၍ လွတ်လပ်စွာ လူးလွန့်ဖန်တီးနိုင်သောကြောင့်လည်းကောင်း ပိုမိုနှစ်သက်ခြင်း ဖြစ်လာကြသလောဟုလည်း စဉ်းစားဖွယ် ဖြစ်ပါသည်။

ထိုကဲ့သို့ လွတ်လပ်စွာ ခံစားကြစေလိုသော စေတနာနှင့် အနုပညာပစ္စည်းကို ဖန်တီးလိုက်ကြခြင်း ဖြစ်သောကြောင့် အနုပညာရှင်များကလည်း မိမိတို့ အနုပညာပစ္စည်း၏ အဓိပ္ပာယ်ကို ပြောပြစမ်းပါဆိုလျှင် ပြောပြဖို့ ဝန်လေးတတ်ကြမြဲ ဖြစ်ပါသည်။ ထို့ကြောင့် 'ဒီပန်းချီကားရဲ့ အဓိပ္ပာယ်ကို ပြောပြစမ်းပါ'၊ 'ဒီကဗျာရဲ့ အဓိပ္ပာယ်ကို ပြောပြစမ်းပါ' ဟူသော မေးခွန်းမျိုးကို မေးလိုက်လျှင် ထိုသို့သော ပန်းချီဆရာ၊ ကဗျာဆရာ စသည့်အနုပညာရှင်များက 'ခင်ဗျားကြိုက်သလိုသာ ခံစားကြည့်ပေါ့' စသည်ဖြင့်လည်းကောင်း၊ လုံးဝမဖြေဘဲနေ၍လည်းကောင်း တုံ့ပြန်တတ်ကြပါသည်။

သည်လိုဆိုတော့ သူများယောင်လို့ ယောင်ပြီး စတန့်လုပ်ထားသည့် အနုပညာ အတုအယောင်မျိုးတွေကော မပေါ်နိုင်ဘူးလားဟု မေးစရာရှိပါသည်။ အတုဆိုသည်မှာ လူကြိုက်များသောပစ္စည်း ဟူသမျှတွင် ပေါ်နိုင်စမြဲ ဖြစ်ပါသည်ဟုသာ ဖြေရပါတော့မည်။ သို့သော် အတုဆိုသည်မှာ အတုသာ ဖြစ်၍ အစစ် ဘယ်တော့မှ ဖြစ်မလာနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

အဟောင်းနှင့် အသစ်

အနုပညာ အဟောင်းနှင့်အသစ်တို့တွင် မည်သူက ပိုကောင်းသနည်း၊ မည်သူက ပို၍ ချီးကျူးသင့်သနည်း၊ မည်သည်က ပို၍ အသုံးကျသနည်း စသည်ဖြင့် မေးရန် ရှိလာပါသည်။

ကျွန်တော့်အမြင်အရ ပြောရလျှင်တော့ နည်းဟောင်းဖြစ်စေ၊ နည်းသစ် ဖြစ်စေ တကယ်တမ်း ကောင်းအောင် ဖန်တီးနိုင်လျှင် ကောင်းသည်ချည်းပင် ဖြစ်သည်ဟု ဖြေလိုက်ချင်ပါသည်။

ကျွန်တော် ခတ်ငယ်ငယ်က ဖတ်ခဲ့ဖူးသော ဝတ္ထုတိုလေးတစ်ပုဒ် အကြောင်းကို ပြောပြချင်ပါသည်။ ၁၉၄၈–၄၉ ခုလောက်က မဂ္ဂဇင်းတစ်စောင်တွင် ဖတ်လိုက်ရသော ဝတ္ထုလေးတစ်ပုဒ် ဖြစ်ပါသည်။ ဝတ္ထုဆရာက မဂ္ဂဇင်းအတွက် ပန်းချီဆရာများထံ အလုပ်အပ်ခြင်း၊ ပန်းချီပုံများ သွားပြီးယူရခြင်း စသည်တို့ကို ပြုလုပ်ရသူ ဖြစ်ပါသည်။

နာမည်ကျော် ပန်းချီဆရာနှစ်ယောက် ရှိသည်။ တစ်ယောက်က ခေတ်ဟောင်းနည်း။ တစ်ယောက်က ခေတ်သစ်နည်း။ သူတို့နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် အထင်မကြီးကြ။ ကိုယ့်ပညာကိုသာ ပညာဟု ထင်ကြသည်။ နည်းဟောင်းပန်းချီဆရာကလည်း ပန်းချီရုပ်ကို ပကတိသဘာဝနှင့်တူအောင် ကောင်းကောင်းကြီး ရေးတတ်သည်။ ဆေးရောင်တွေကအစ မြိုင်ဆိုင်အောင် သွင်းပေးတတ်သည်။ နည်းသစ်ပန်းချီဆရာကတော့ ဘာပုံရယ် ဘာရုပ်ရယ်လို့ မသိနိုင်အောင် ရေးတတ်သည်။ ရုတ်တရက်ကြည့်လိုက်လျှင် ကလေးတွေ ရေးထားသော အရုပ်ဟုပင် ထင်ရတတ်သည်။

တစ်နေ့တွင် မဂ္ဂဇင်းဆရာက နည်းသစ်ပန်းချီဆရာ၏ အိမ်သို့ သရုပ်ဖော်ပုံကားယူရန် ရောက်သွားသည်။ သူ့အိမ်ခန်းခေါင်းရင်းဘက်တွင် ချိတ်ထားသည့် ပန်းချီကားတစ်ချပ်ကို သတိပြုမိလိုက်သည်။ သဘာဝကျစွာ ရေးချယ်ထားသည့် အဘွားကြီးတစ်ယောက်၏ ပုံ ဆီဆေးပန်းချီကား ဖြစ်နေသည်။ နည်းသစ်ပန်းချီမျိုး မဟုတ်။ မဂ္ဂဇင်းဆရာက မေးကြည့်လိုက်တော့မှ 'ကျွန်တော့် အမေ ပုံတူပေါ့ဗျာ' ဟု ကြည်နူးလွမ်းဆွတ်ဟန် ဖြေလေသည်။

သို့နှင့် နည်းဟောင်းပန်းချီဆရာ၏ အိမ်သို့ ရောက်သွားပြန်သည်။ သူ့အိမ်တွင်ချိတ်ထားသည့် ပန်းချီကားကတော့ နည်းသစ်ပန်းချီရေးနည်းဖြင့် ရေးထားသည့်ပုံ ဖြစ်သည်။ ကလေးပန်းချီဆန်ဆန် ဖြစ်သည်။ ကလေးရေးသည်ဟု

ဆိုရအောင်ကလည်း မှန်ဘောင်တွေဘာတွေ သေချာသွင်းထားပြန်သည်။ အမျိုးသမီး ခပ်ရွယ်ရွယ်တစ်ယောက်၏ ပုံ။ ထူးခြားသည်က ရုပ်ပုံအမျိုးအစားနှင့် မမျှလောက်အောင် ကြီးမားသော မျက်ရည်ပေါက်ကြီးများ ကျနေသည်ကို တွေ့ရသည်။ မဂ္ဂဇင်းဆရာက 'ဒီပုံကတော့ ခေတ်သစ်ပန်းချီရေးနည်း ဖြစ်နေပါကလား ဆရာ' ဟု မေးလိုက်တော့ ပန်းချီဆရာက 'ကျွန်တော့်သားဆွဲပြီး ပို့လိုက်တဲ့ပုံပေါ့ဗျာ၊ ကျွန်တော့်မိသားစုက နယ်မှာပဲ ရှိသေးတယ်၊ ရန်ကုန်ကိုလဲ မခေါ်နိုင်သေးဘူးဗျာ၊ တစ်ကွဲစီပဲ ဖြစ်နေကြရသေးတယ်၊ အဲဒါ ကျွန်တော့်သားက ဖေဖေ့ကိုလွမ်းလို့ မေမေငိုနေပုံဆိုပြီး ရေးပို့လိုက်တာပါပဲ၊ သူ့အမေငိုတော့ သူလဲ စိတ်မကောင်းဖြစ်ဟန် တူပါရဲ့၊ ကျွန်တော်လဲ စိတ်မကောင်းဘူးပေါ့ဗျာ၊ အေးလေ . . . မကြာခင်တော့ သူတို့ကို ခေါ်နိုင်တော့မှာပါ' ဟု ကြေကွဲဆို့နင့်စွာ ပြန်ဖြေရှာသည်။

ထိုဝတ္ထုတိုကလေး ရေးသူ၏ အမည်ကို ကျွန်တော် မမှတ်မိတော့သည့်အတွက် စိတ်မကောင်းစွာ အားနာခြင်း ဖြစ်မိပါသည်။

မည်သို့ပင်ဖြစ်စေ ထိုဝတ္ထုတိုကလေးက အနုပညာနှင့်ပတ်သက်၍ အရေးကြီးသော အချက်နှစ်ခုကို တင်ပြလိုက်သည်ဟု ကျွန်တော် ယူချင်ပါသည်။ ၎င်းတို့မှာ . . .

ပထမအချက် . . . အနုပညာခံစားသူတို့တွင် ပုဂ္ဂလိကခံစားမှု ပါနေတတ်မြဲဖြစ်သောကြောင့် အနုပညာသက်သက်ကိုသာ ခံစားမည်ဆိုပါသော်လည်း အနုပညာနှင့် ခံစားသူတို့ အကွာအဝေးမှာ အတန်အသင့် ရှိနေတတ်သည်။

ဒုတိယအချက် . . . နည်းဟောင်းဖြစ်စေ၊ နည်းသစ်ဖြစ်စေ တကယ်တမ်း ပြောင်မြောက်အောင် ဖန်တီးနိုင်လျှင် ပရိသတ်က ချစ်မြတ်နိုးစွာ လက်ခံကြမြဲဖြစ်သည်။

နိဂုံး

ထို့ကြောင့် ကျွန်တော်တို့ စာပေလောကတွင်လည်း ဝတ္ထုရေးရာတွင် ဇာတ်လမ်းကောင်းနှင့် ဖမ်းစားခြင်း (စသည့်နည်းကောင်းများ) ကို ဂုဏ်ငယ်သည်ဟု ကျွန်တော်ကဖြင့် ဘယ်တော့မှ မယူဆပါ။ တကယ်ကောင်းလျှင် နည်းဟောင်းဖြစ်စေဦး ကျွန်တော်လည်း အခုအသက်အရွယ် ရောက်နေသည့်

www.burmeseclassic.com

www.burmeseclassic.com

တိုင် စွဲစွဲလမ်းလမ်း ဖတ်ချင်နေမိပါသေးသည်။ တကယ်ကောင်းအောင် ကြိုးစားဖို့လိုသည်ဟု ထင်ပါသည်။

အနုပညာ နည်းဟောင်း နည်းသစ်တို့နှင့်ပတ်သက်၍ ကျွန်တော် စဉ်းစား ချင့်ချိန်မိသမျှ တင်ပြလိုက်ပါသည်။ စာဖတ်သူများကိုယ်တိုင် သင့်၊ မသင့် ဆက်လက်ကြံဆကြရန် ဖြစ်ပါသည်။ ■

ရှုထောင့်နှင့် ဇာတ်လမ်း

ဝတ္ထုအကြောင်းကို ဆွေးနွေးလျှင်ဖြစ်စေ၊ ဝတ္ထုတစ်ပုဒ်ကို သုံးသပ်လျှင် ဖြစ်စေ၊ ဝတ္ထုဆရာ၏ ရှုထောင့် (point of view) ကို ချန်ထား၍ မရပါ။ ရှုထောင့်ဆိုသည်မှာ ဤနေရာတွင် ဝတ္ထုပြောသူ ရပ်တည်သော နေရာကို ဆိုလိုပါသည်။

မည်သည့်ဝတ္ထုမျိုးတွင်မဆို ဝတ္ထုဆရာ ရှိနေစမြဲ ဖြစ်ပါသည်။ ဝတ္ထုကို သေချာဖတ်ပြီး စဉ်းစားကြည့်လျှင် မည်သည့်နေရာတွင် ရပ်တည်ပြီး ပြောနေသည်ကို တွေ့နိုင်ပါသည်။ ထိုမျှမက မည်သည့်ဇာတ်ဆောင်အပေါ်တွင် မည်သို့စေတနာထားသည်၊ မည်သည့်တရားကို မည်သို့ခံယူထားသည် စသည်တို့ကိုပါ တွေ့နိုင်ပါသည်။ ထို့ကြောင့် ရှုထောင့်သည် အလွန်ကျယ်ဝန်း သိမ်မွေ့သော ကိစ္စ တစ်ခုဖြစ်ပါသည်။ တကယ် နှိုက်နှိုက်ချွတ်ချွတ် လေ့လာကြပြီဆိုလျှင် အပြော၊ အပြု၊ အာဘော် စသည်တို့နှင့်ပါ ဆက်စပ်လာပါတော့သည်။

ယခု ဤဆောင်းပါးတွင်ကား အခြေခံမျှသာလျှင်ဖြစ်သော ရှုထောင့်နှင့် ဇာတ်လမ်းဆက်စပ်ပုံကို တင်ပြချင်ပါသည်။

ဝတ္ထုတွင် ရှုထောင့်လေးမျိုး ကွဲပြားသည်ဟု စာပေပညာရှင်များ ကြိုက်ညီကြပါသည်။ ယင်းတို့မှာ . . .

(၁) အားလုံးသိ (omniscient)
(၂) ကန့်သတ်သိ (limited omniscient)
(၃) ကိုယ်တိုင်ပြော (first person)
(၄) ဓမ္မဓိဋ္ဌာန် (objective)

www.burmeseclassic.com

www.burmeseclassic.com

တို့ဖြစ်ပါသည်။ ယင်းတို့၏ သဘောတရားများကို ရှင်းလင်းဖွင့်ဆိုနေလျှင် အလွန်ရှုပ်ထွေးဖွယ်ရာဖြစ်သော်လည်း ပုံစံပြလိုက်လျှင် အလွန် လွယ်ကူပါသည်။ စာဖတ်သူလည်း တွေ့ဖူးကြုံဖူးပေါင်း များလှပြီဖြစ်၍ 'သြော် . . . ဒါကိုး' ဟု ချက်ချင်း သဘောပေါက်နိုင်ပါသည်။

ပိုမိုလွယ်ကူစေရန်အတွက် ရုပ်ပုံများပါ ထည့်သွင်းဖော်ပြလိုက်ပါသည်။ ထိုပုံများတွင် ပြင်ပစက်ဝန်းကြီးမှာ ဝတ္ထုနယ်မြေ လောကကြီးတစ်ခုလုံးကို ကိုယ်စားပြုထားပါသည်။ အတွင်းရှိ အေ၊ ဘီ၊ စီတို့မှာ ဇာတ်ကောင်များဖြစ်၍ စက်ဝန်းငယ်များမှာ သူတို့၏ ဘဝလောကကို ကိုယ်စားပြုပါသည်။ အင်န်မှာ ဝတ္ထုဆရာ(ဝါ)ဝတ္ထုပြောသူကို ကိုယ်စားပြုပါသည်။ မြားချွန်မှာ ဇာတ်ကောင်၏ ကာယကံ၊ ဝစီကံ၊ မနောကံအားလုံးကို သိနိုင်စွမ်းရှိကြောင်း ဆိုလိုပါသည်။ မြားတံ့တိုမှာ ကာယကံ၊ ဝစီကံကိုသာ မြင်နိုင်ကြားနိုင်စွမ်းရှိသည်ဟု ဆိုလိုပါသည်။ (မျက်စိရှင်းရန် အင်္ဂလိပ်အက္ခရာများကို သုံးလိုက်ပါသည်။)



အားလုံးသိ

ဝတ္ထုဆရာသည် ဝတ္ထုလောကတွင် မပါဝင်။ သီးခြားဖြစ်သည်။ ရေးသောအခါ သူ၊ သူတို့၊ သူမ စသည့် အပြောခံ နာမ်စားကိုသာ သုံးပြီး ဝတ္ထုကို ရေးသည်။ ဝတ္ထုထဲတွင်ပါသည့် ဇာတ်ကောင်အားလုံး၏ ကံသုံးပါးလုံးကို သူ သိနိုင်ခွင့်ယူထားသည်။ မည်သည့်ဇာတ်ကောင်၏ အကြံအစည်ကိုမဆို သူ ဖော်ပြနိုင်သည်။ ဝတ္ထုဆရာ၏ သိခွင့်နယ်ပယ်မှာ အကန့်အသတ် မရှိ။

ရှေးခေတ်ဝတ္ထုများတွင် ဤနည်းကို သုံးလေ့ရှိကြသည်။ သို့သော် အေနှင့် ဘီအကြောင်းကို အပြည့်အစုံ ရေးသားဖော်ပြသော်လည်း စီအကြောင်းကို မြှုပ်ချင် မြှုပ်ထားမည်။ နောက်ပိုင်း တစ်နေရာရောက်မှ ဖော်ချင် ဖော်မည်။ ဤသို့အားဖြင့် ဇာတ်လမ်းတွင် မြှုပ်ကွက်များ ပြုလုပ်ပြီး မက်လုံးကို ပေးတတ်သည်။

ဤနည်းကိုသုံးရာတွင် အခွင့်အလမ်းကောင်းလည်း ရှိ၍ အန္တရာယ်လည်း ရှိသည်ဟု ဆိုကြပါသည်။

ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးချတတ်လျှင် ကျယ်ဝန်းနက်ရှိုင်းသော ဝတ္ထုကြီးများ ဖြစ်လာနိုင်သည်။ လူ့ဘဝ၊ လူ့သဘာဝ၊ လောကသဘာဝကို လေးနက်စွာ ဖော်ပြနိုင်သည်။ အလွှာအသီးသီး၊ ထောင့်အသွယ်သွယ်ရှိ လူတို့၏ ခံစားမှု၊ အသိအမြင်တို့ကို ပေါ်လွင်ပီပြင်လာနိုင်စေသည်ဟု ယူဆကြပါသည်။ '**စစ်နှင့်ငြိမ်းချမ်းရေး**' မှာ အားလုံးသိ ရှုထောင့်ရေးနည်းမျိုးပင် ဖြစ်ကြောင်း သတိပြုမိကြပါလိမ့်မည်။

သို့သော် မကျွမ်းကျင်လျှင် အန္တရာယ်ရှိတတ်သည်။ မလိုအပ်သော အချက်များကို မလိုအပ်သောအချိန်တွင် ဖော်ပြမိတတ်သောကြောင့် ဇာတ်လမ်း ယုတ္တိတန်မှုကို ပျက်ပြားစေနိုင်သည်။ ဇာတ်လမ်းတွင် မြှုပ်ကွက်မရှိ၊ မက်လုံး မရှိ ဖြစ်သွားစေတတ်သည်။ ဇာတ်ကောင်အားလုံး၏ အကြံအစည်ကို စာဖတ်သူက ကြိုတင်သိထားနေပါလျှင် မြှုပ်ကွက်ဖန်တီးရန် မဖြစ်နိုင်တော့ပြီ။ ကံကြမ္မာကြောင့် တစ်စုံတစ်ခု ပြောင်းလဲသွားမှသာလျှင် ထိတ်လန့်ဖွယ်ရာ၊ အံ့ဩဖွယ်ရာ ဖြစ်လာနိုင်ပေတော့မည်။ ယနေ့ခေတ်တွင်ကား ဤနည်းကို သုံးစွဲသူ အလွန် နည်းသွားပါပြီ။ ကျွမ်းကျင်စွာ သုံးစွဲနိုင်သူလည်း မြန်မာဝတ္ထုလောကတွင် မရှိသလောက်ဖြစ်သည်ဟု ထင်မိပါသည်။



ကန့်သတ်သိ

ယနေ့ ဝတ္ထုဆရာများ အများဆုံး သုံးကြသောနည်း ဖြစ်ပါသည်။ အပြောခံနာမ်စားဖြင့်ရေး၍ ဝတ္ထုဆရာက ဇာတ်ကောင်တစ်ယောက်၊ သို့မဟုတ် နှစ်ယောက်လောက်၏ အကြံအစည်ကိုသာ သိနိုင်ခွင့်ယူထားသည်။ ကျန်

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကောင်များကိုမူကား ကာယကံ၊ ဝစီကံကိုသာ သိခွင့်ယူသည်။ မနောကံကို သိခွင့်မယူ။ ထို့ကြောင့် လျှို့ဝှက်သည်းဖို ဝတ္ထုများတွင် ဤနည်းကို အသုံးများသည်။ ဆရာကြီး ရွှေဥဒေါင်း၏ **'သူတော်စိန်'** ဝတ္ထုတိုများတွင် ဤနည်းကို အသုံးပြုထားကြောင်း တွေ့နိုင်သည်။ လျှို့ဝှက်သည်းဖို ဝတ္ထုများတွင်ကား များသောအားဖြင့် ဇာတ်ကောင်တစ်ကောင်ကိုသာလျှင် အားလုံးသိခွင့်ယူပြီး ရေးလေ့ရှိကြသည်။ ထိုဇာတ်ကောင်သည်လည်း ပဓာနဇာတ်ဆောင်ပင် ဖြစ်နေတတ်သည်။ အရေးမပါသော ဇာတ်ရံ၏ ထောင့်မှ ဝင်ပြီး ရေးခဲလှပါသည်။ ဝတ္ထုတိုများတွင်ကား အရေးမပါသော ဇာတ်ရံ၏ ထောင့်မှ ရေးသည်ကို မကြာခဏ တွေ့ရတတ်ပါသည်။



ကိုယ်တိုင်ပြော

ကျွန်ုပ်၊ ကျွန်တော်၊ ကျွန်မ စသည့် ပြောသူနာမ်စားဖြင့် ရေးသည်။ ဝတ္ထုပြောသူကိုယ်တိုင် ဇာတ်လမ်းတွင် ပါဝင်နေသည်။ သူ၏ ကံသုံးပါးလုံးကို လိုအပ်သလို ထည့်သွင်းဖော်ပြနိုင်သည်။ သို့သော် အခြားဇာတ်ကောင်တို့ကိုမူကား ကိုယ်၊ နှုတ်ကိုသာ မြင်ကြားခွင့်ရှိသည်။ စိတ်ကို မသိနိုင်။ သို့သော် ဝတ္ထုဆရာသည် မည်သည့်ဇာတ်ကောင်တွင် ဝင်၍ ပူးသနည်း(ဝါ)မည်သည့် ဇာတ်ကောင်ရှုထောင့်မှနေပြီး ရေးသနည်း။ ဤအချက်မှာ အရေးကြီးသည်။ ဤအချက် အနေမှန်မှ ဇာတ်လမ်းမှာ မက်မောဖွယ်ရာ ဖြစ်လာနိုင်ပါသည်။

အဓိကဇာတ်ဆောင်နေရာက ပြောသည်လည်း ရှိသည်။ သာမန် အရေးမပါသော ဇာတ်ရံနေရာမှ ဝင်ပြောသည်လည်း ရှိသည်။ တင့်တယ်၏ **'ကမ္ဘာဖလ'** ဆိုလျှင် အဓိကဇာတ်ဆောင်နေရာမှ ဝင်ပြောကြောင်း တွေ့နိုင်သည်။

ရွှေဥဒေါင်း၏ **'စုံထောက်မောင်စံရှား'** တွင်မူကား ဦးသိန်းမောင်သည် အဓိကဇာတ်ဆောင် မဟုတ်။ မောင်စံရှားသာလျှင် အဓိကဇာတ်ဆောင်ဖြစ်

သည်။ ထို့ပြင် ဦးသိန်းမောင်မှာ မောင်စံရှားကဲ့သို့ ထက်မြက်မှု မရှိ။ ထို့ပြင် ဦးစံရှားကလည်း မပြီးသေးခင် ဘာမှဖွင့်ပြောတတ်သူ မဟုတ်။ ဤသို့ ဖန်တီးထားရသည်။ ထို့ကြောင့် တရားခံကို ဖမ်းလိုက်သောအခါ အံ့ဩခြင်း၊ ချီးကျူးခြင်း ဖြစ်လာရသည်။ ဤသို့လျှင် မက်လုံးပေးနိုင်ရန်အတွက် အကွက်ဆင်ရသည်။

ဒဂုန်ရွှေမျှား၏ **'ထောင်မင်းသားဦးဖိုးထော်'** ဝတ္ထုများကို ကြည့်လိုက်လျှင်လည်း ရုတ်တရက်ဆိုလျှင် ဦးဖိုးထော်ပင်လျှင် အဓိကဇာတ်ဆောင်ကြီးဖြစ်သည်ဟု ထင်မှတ်ဖွယ်ရာ ရှိပါသည်။ သို့သော် ဇာတ်လမ်းဟူသမျှတွင် ဦးဖိုးထော်မှာ အရေးပါသော ဇာတ်ရံတစ်ယောက်မျှသာ ဖြစ်နေကြောင်း တွေ့နိုင်ပါသည်။ ဦးဖိုးထော်၏ ဇာတ်လမ်းများ မဟုတ်။ ဦးဖိုးထော် တွေ့ကြုံပါဝင်ခဲ့ရသော တစ်ပါးသူတို့၏ ဇာတ်လမ်းများသာလျှင် ဖြစ်သည်။

ပြောသူနာမ်စားသုံး ကိုယ်တိုင်ပြောပုံစံများရေးရာတွင် ဝတ္ထုဆရာ ပူးဝင်သော ဇာတ်ကောင်က လျင်မြန်ပါးနပ်သော၊ သိမြင်နှံ့စပ်သောသူ ဆိုလျှင်ကား မထောင်းတာ၊ ဇာတ်ဆောင်ကိုယ်တိုင်က အ,တီးအ,တဖြစ်နေလျှင် ဝတ္ထုဆရာ အဖို့ အတော်လေးခက်ခဲသည်။ အကြောင်းသော်ကား ဘေးပတ်ဝန်းကျင် ဇာတ်ကောင်များအကြောင်းကို ဝတ္ထုထဲက ကိုယ်တိုင်ပြောဇာတ်ဆောင် (ကျွန်တော်–ကျွန်မ) က မသိစေဦးတော့၊ စာဖတ်သူကတော့ သိနေရပေလိမ့်မည်။

သော်တာဆွေ၏ **'ကျောက်ဖြုန်းကျော်ကြီး'** ဝတ္ထုတွင် ကျော်ကြီး ကိုယ်တိုင်ပြောအဖြစ် ရေးထားသည်။ ကျော်ကြီးမှာ လူရိုး လူအတို့၏ ထိပ်ခေါင်ဟု ဆိုရလောက်အောင်ပင် အ,သည်။ သို့သော် သူ၏ အပြောနှင့်ပင် ပတ်ဝန်းကျင်ရှိ လူများ၏ စရိုက်ကို ပေါ်လွင်အောင် ရေးဖွဲ့နိုင်သည့်အတွက် ဝတ္ထုဆရာ သော်တာဆွေမှာ ချီးကျူးဖွယ်ရာဖြစ်သည်ဟု ဆိုသင့်သည်။

ဤရေးနည်းမျိုးကို သုံးသည့် ဝတ္ထုရှိသော်လည်း အလွန်နည်းကြောင်း သတိပြုမိပါသည်။ စစ်မဖြစ်မီက ဂျာနယ်တစ်စောင်တွင် ဆရာဇဝန၏ **'အမှုသည်၏ အစီရင်ခံစာ'** ဟူသော စာကလေးတစ်ပုဒ်ကို ယခုထက်တိုင် မှတ်မိနေပါသည်။ အမျိုးသားနွေလှုပ်ရှားမှု မြင်ကွင်းများကို အမိမြန်မာပြည် တစ်လုံးလုံးလည်း တွန်းရသူ (ထမ်းရသူ) ကော်ရင်ဂျီကုလား အပ္ပနားက ပြန်လည် ပြောပြဟန်ဖြင့် ရေးထားခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဓိဋ္ဌာန်

အနောက်တိုင်းစာပေတွင်မူ နှစ်ဆယ်ရာစုတွင် ဤရေးနည်းမျိုး အလွန်ထွန်းကားလာသည်။ ဝတ္ထုဆရာက ဇာတ်ကောင်တို့၏ ဘဝလောက၌ တစ်စုံတစ်ရာမျှ ဝင်ရောက်စွက်ဖက်မှု မပြုလိုခြင်း၊ ဝတ္ထုဖတ်သူ၏ ထင်မြင်ခံယူချက်ကို သီးသန့်ဖြစ်စိမ့်သောငှာ ရေးသူက စကားဦးမသမ်းလိုခြင်း၊ ရေလာမြောင်းပေးလုပ်ငန်းများ မပါဝင်စေလိုခြင်းတို့ကြောင့် ဤရေးနည်းပေါ်လာရသည်ဟု ပညာရှင်များက ဆိုကြပါသည်။

ရေးသောအခါတွင်ကား အပြောခံနာမ်စားဖြင့်ပင် ရေးသည်။ ဝတ္ထုဆရာက မည်သည့်ဇာတ်ကောင်၏ စိတ်ကိုမျှ သိနိုင်ခွင့်မယူ။ အမူအရာနှင့် အပြောအဆိုကိုသာလျှင် တင်ပြသည်။ ဤသို့ တင်ပြရာ၌ပင် ဝတ္ထုဆရာ၏ အပြောတွင် 'ဘက်လိုက်' သော ကရုဏာသံ၊ ဒေါသသံ၊ အလင်္ကာ စသည်တို့ကို မသုံးမိအောင် တတ်နိုင်သမျှ အားထုတ်သည်။ သို့သော် လုံးဝကင်းစင်သွားအောင်ကား မတတ်နိုင်ကြဟု ဆိုပါသည်။ မြန်မာစကားတွင် 'သူက ပြောလိုက်ရှာသည်'၊ 'သူကလေးခမျာ' စသည်တို့၌ 'ရှာ'၊ 'ခမျာ' တို့မှာ ပြောသူ၏ ကရုဏာသံပါနေကြောင်း တွေ့ရပါလိမ့်မည်။ 'သူ့မျက်နှာကြီးက'၊ 'သူ့မျက်နှာလေးက' ဆိုလျှင်ပင် ပြောသူ၏ စေတနာပါနေကြောင်း သိသာလှပါသည်။

အတွေ့အကြုံများသော၊ အသိအမြင်ရင့်ကျက်မှုကို ကြိုးပမ်းသော ဝတ္ထုဆရာတို့ကား ဓမ္မဓိဋ္ဌာန်ကျနိုင်သမျှကျအောင် ကြိုးပမ်းကြပါသည်။ အထူးသဖြင့် ဝတ္ထုတိုများတွင် တွေ့ရတတ်ပါသည်။ မောင်ဝဏ္ဏလည်း အားထုတ်တတ်ပါသည်။ မောင်ဝဏ္ဏရေးသော သတင်းစာတစ်စောင်တွင် ပါသည့် (တစ်ယောက် တစ်မတ်) ဝတ္ထုတိုကလေးတစ်ပုဒ်မှာ ဓမ္မဓိဋ္ဌာန်သဘောမျိုးပင်

ဖြစ်သည်။

ဝတ္ထုရေးသူ၏ ကိုယ်ရောင်လေသံကို မမြင်ရ မကြားရသောကြောင့် ပြဇာတ်နှင့် ပုံသဏ္ဌာန်ဆင်သည့်အတွက် ပြဇာတ်ဟန်ရှုထောင့် (dramatic point of view) ဟုလည်း တချို့က ခေါ်ကြပါသည်။

ဤသည်တို့မှာ ဝတ္ထုပြောနည်းရှုထောင့် (၄) မျိုးတို့၏ အခြေခံသဘောပင် ဖြစ်ပါသည်။ ရှုထောင့်နှင့်ဇာတ်လမ်း ဆက်စပ်ပုံကို တင်ပြလိုရင်း ဖြစ်ပါသည်ဟု ပန္နီညာဉ် ပြုခဲ့သည့်အတိုင်း ဆက်လက် တင်ပြလိုပါသည်။

ရှင်းလင်းတင်ပြရာတွင် သဘောတရားကို ဖွင့်ဆိုခြင်းထက် ပုံစံပြလိုက်ခြင်းက ပို၍ ရှင်းလင်းလွယ်ကူသောကြောင့် ဝတ္ထုတိုကလေးတစ်ပုဒ်ကို တင်ပြလိုက်ပါသည်။ မရှည်ပါ။ တိုတိုကလေး ဖြစ်ပါသည်။

*

ညစာစားပွဲ

ရေးသူ–မိုနာဂါဒ်နာ

(ဤအဖြစ်အပျက်ကို ပထမဆုံးကြားခဲ့ရဖူးသည်မှာ အိန္ဒိယတွင် ဖြစ်ပါသည်။ တောရိုင်းသဘာဝသိပ္ပံ လိုက်စားသူများအနေနှင့် မဖြစ်နိုင်ဟု ဆိုကြမည်ဖြစ်သော်လည်း အိန္ဒိယတွင်မူကား တကယ့်ဖြစ်ရပ်မှန်ဟု ပြောကြပါသည်။ ထို့ပြင် ပထမကမ္ဘာစစ် မဖြစ်မီကလေးတွင် မဂ္ဂဇင်းဝတ္ထုလေးအဖြစ် ပါလာဖူးသေးကြောင်း သိရပါသည်။ သို့သော် ထိုဝတ္ထုကိုရော ရေးသူကိုပါ ခြေရာခံ၍ မရတော့ပါ။)

အိန္ဒိယပြည်တွင် ဖြစ်ပါသည်။ ကိုလိုနီအရာရှိကြီးတစ်ဦးနှင့် ဇနီးက ညစာစားပွဲကြီးတစ်ခုကို တည်ခင်းသည်။ အိမ်ရှင်ဇနီးမောင်နှံနှင့်အတူ ထမင်းစားပွဲတွင် ဝိုင်းထိုင်ကြသော ဧည့်သည်များမှာ စစ်ဘက်အရာရှိကြီးများ၊ အစိုးရသံမှူးများနှင့် ဇနီးများအပြင် ခေတ္တရောက်နေသော အမေရိကန်လူမျိုး တောရိုင်းသိပ္ပံသမားတစ်ယောက်လည်း ပါဝင်ပေသည်။ ထမင်းစားခန်းကြီးမှာ ကျယ်ဝန်းလှသည်။ ကြမ်းပြင်မှာ ကျောက်ဖြူသားခင်းထားသည်။ အမိုးတွင် မျက်နှာကြက်မခံ။ ကျယ်ဝန်းသော မှန်တံခါးကြီး ဖွင့်ထား၍ ဟိုဘက်တွင် ဆင်ဝင်တာရှိသည်။

မကြာမီ စကားစစ်ထိုးပွဲကလေးတစ်ခု ဖြစ်လာသည်။ မိန်းကလေးတစ်ယောက်က အမျိုးသမီးများသည် ကြွက်ကလေးတစ်ကောင်ကို မြင်ရုံနှင့်

www.burmeseclassic.com

www.burmeseclassic.com

လန့်ခုန်သော ခေတ်ကို လွန်ခဲ့ပြီဖြစ်ကြောင်း ပြောသည်။ ဗိုလ်မှူးကြီး တစ်ယောက်က မဟုတ်ကြောင်း ငြင်းသည်။

ဗိုလ်မှူးကြီးက "အရေးဟဲ့ . . . အကြောင်းဟဲ့ဆိုရင် မိန်းမတွေ လန့်အော်တာချည်းပဲဗျ။ ယောကျ်ားတွေက သူတို့နဲ့စာရင် မဖြစ်စလောက် ကလေး ဝိုပြီးထိန်းနိုင်တယ်၊ ဒါပေမဲ့ အဲဒီမဖြစ်စလောက်ကလေးကပဲ ဖြစ်လောက်တဲ့ ကိစ္စကြီးကိုခင်ဗျ"

အမေရိကန် တောရိုင်းသိပ္ပံဆရာကတော့ ဘာမှဝင်မပြော။ အခြား ဧည့်သည်များကိုသာ လှောက်ကြည့်နေသည်။ ထိုစဉ်တွင် အိမ်ရှင်အမျိုးသမီး၏ မျက်နှာ ကွက်ခနဲ ပြောင်းသွားသည်ကို သတိပြုမိလိုက်သည်။ ရှေ့တည့်တည့်ကို စိုက်နေပြီး ဆတ်ခနဲ ဖြစ်သွားသည်ကိုလည်း သတိပြုမိလိုက်သည်။ သူ ကုလားထိုင်နောက်တွင် ရပ်နေသော ကုလားအစေခံကလေးကို အသာလေး လက်ရိပ်ပြ၍ ခေါ်လိုက်ပြီး တီးတိုးပြောလိုက်ရာ အစေခံလည်း မျက်လုံးပြူး သွားပြီး ချက်ချင်း အခန်းထဲက ထွက်သွားသည်။

အစေခံက နွားနို့ခွက်ကြီးတစ်ခုကို ယူလာပြီး မှန်တံခါးအပြင်ဘက် ဝရန်တာတွင် ချလိုက်သည်ကို အမေရိကန်မှအပ မည်သူမျှ မမြင်လိုက်မိကြ။

အမေရိကန်မှာ သတိရပြီး လန့်သွားသည်။ အိန္ဒိယတွင် နို့ခွက်ဆိုသည် မှာ မြွေဟောက်ကို မျှားခေါ်ရာတွင်သာ သုံးကြသည် မဟုတ်လား။ အခန်းထဲတွင် မြွေဟောက်ရှိနေတာ သေချာပြီ။ အဖြစ်နိုင်ဆုံးနေရာဖြစ်သော ခေါင်မိုးအုတ်ကြွပ် တန်းများကို လှမ်းကြည့်လိုက်သည်။ မတွေ့။ အခန်းထောင့်တစ်ခုတွင် အစေခံ များ ပွဲလိုက်ရန် အသင့်ရှိနေကြသည်။ ကျန်သုံးထောင့်ကို လှမ်းကြည့်သည်။ ဘာမှုမရှိ။ ရှိနိုင်တာ တစ်နေရာပဲကျန်သည်။ စားပွဲအောက် . . .

ခုန်ထွက်ပြီး ဧည့်သည်များအား ပြောလိုက်လျှင် ကောင်းမည်ဟု ရုတ်တရက် တွေးလိုက်ပြီးမှ ရုတ်ရုတ်ရက်ရက်ဖြစ်သွားလျှင် မြွေက လန့်ပြီး တစ်ယောက်ယောက်ကို ပေါက်လိုက်လိမ့်မည်ဟု သတိရလိုက်သည်။ သူက စကားကို ခပ်သွက်သွက် ပြောလိုက်သည်။ သို့သော် သူ့လေသံက ဖမ်းစား လိုက်သောကြောင့် အားလုံးငြိမ်ကျသွားသည်။

"ဒီဝိုင်းထဲမှာ ဘယ်သူဟာ ကာအိန္ဒြေအကြီးနိုင်ဆုံးလဲဆိုတာ စမ်းကြည့် ချင်ပါတယ်၊ ကျွန်တော်က တစ် . . . နှစ် . . . သုံး . . . လေးကို သုံးရာအထိ ရေမယ်၊ ငါးမိနစ်ပေါ့၊ အဲဒီအတွင်း တစ်ယောက်မှ တစ်ချက်ကလေး မလှုပ်

ရဘူး၊ လှုပ်မိတဲ့လူ ငွေငါးဆယ်ပေးကြေး၊ ဟုတ်လား၊ ကဲ . . . စပြီ"

လူနှစ်ဆယ်မှာ ကျောက်ရုပ်ကြီးတွေလို ငြိမ်သက်နေသည်။ အမေရိကန် က ဂဏန်းရေနှစ်ရာ့ရှစ်ဆယ်အရောက် မျက်စောင်းထိုးကြည့်လိုက်ရာ မြွေ ဟောက်တစ်ကောင် ဝရန်တာထွက်၍ နို့ခွက်ဆီသို့သွားသည်ကို မြင်လိုက်သည် နှင့်တစ်ပြိုင်နက် လွှားခနဲ ပြေးပြီး မှန်တံခါးကို ဝိတ်တော့မှ အော်သံတွေ ကျွက်ကျွက်ညံသွားလေသည်။

အိမ်ရှင် အမျိုးသမီးက . . .

"ဗိုလ်မှူးကြီးပြောတာ မှန်ပါပေတယ်ရှင်၊ ယောကျ်ားဟာ မိန်းမထက် သတိကြီးတယ်ဆိုတာ ယောကျ်ားတစ်ယောက်က လက်တွေ့ပြသွားပါပြီ"

အမေရိကန်က အိမ်ရှင် အမျိုးသမီးဘက် လှမ်း၍ . . .

"ဒါထက် နေပါဦးခင်ဗျာ၊ အခန်းထဲ မြွေဟောက်ရောက်နေတာ မစ္စက် ဝင်နီစ် ဘယ်လိုသိလိုက်ပါသလဲ"

အနည်းငယ်ပြုံးယောင်သန်းလာပြီးနောက် . . .

"ဒါကတော့ မြွေက ကျွန်မခြေထောက်ပေါ်က ဖြတ်သွားတာကိုးရှင့်"

*

အထက်ပါဝတ္ထုတိုကလေးကို ကန့်သတ်သိရှုထောင့်ဖြင့် ရေးသားထားသည်ကို တွေ့ရပါလိမ့်မည်။ တစ်ဖန် အမေရိကန်ဧည့်သည်တွင် ရှုကွက်စုထားသည်ကို လည်း သတိပြုမိပါလိမ့်မည်။ ထို့ကြောင့် အိမ်ရှင်အမျိုးသမီး၏ စိတ်ကို သိခွင့်မရ။ အမူအရာ မျက်နှာထားကိုသာ မြင်ခွင့်ရသည်။ ထို့ကြောင့် အရေးအကြီးဆုံးသော အချက် (မြွေက ခြေထောက်ပေါ်ဖြတ်သွားခြင်း) ကို ဖုံးထားနိုင်ခြင်း ဖြစ်သည်။ အကယ်၍ အိမ်ရှင်အမျိုးသမီးပေါ်တွင် ရှုကွက်စုထားလိုက်ပါက ဝတ္ထုပျက်သွား ပေလိမ့်မည်။ ဝတ္ထုပင် မဖြစ်နိုင်တော့။ ထို့ကြောင့် ဝတ္ထုဆရာက အားလုံးသိ ရှုထောင့်ကို မရွေး။ ကန့်သတ်သိ ရှုထောင့်ကိုသာ ရွေးထားသည်။

တစ်ဖန် ဓမ္မဓိဋ္ဌာန်ရှုထောင့်နှင့် ရေးမည် ဆိုကြပါစို့၊ မည်သူ့စိတ်ကိုမျှ သိခွင့်မရ။ အမေရိကန်ဧည့်သည်၏ စိတ်ကိုလည်း သိခွင့်မရ။ ထို့ကြောင့် အခန်းထဲတွင် မြွေရောက်နေကြောင်းကို စာဖတ်သူလည်း သိခွင့်မရနိုင်။ ထို့ ကြောင့် သည်းထိတ်ရင်ဖို ဖြစ်လာစရာအကြောင်း မရှိ။ နောက်ဆုံး မြွေဟောက် ဝရန်တာထွက်သွားသည်ကို မြင်လိုက်ရရုံသာ ရှိမည်။ ကော်ကောင်တို့ ရှင်းလင်း

www.burmeseclassic.com

www.burmeseclassic.com

ပြောပြသောအခါတွင်မှ အကြောင်းစုံပြန်ပြီး သိခွင့်ရမည်။ ထိတ်လန့်ဖွယ်ရာအားလုံးကို လွန်မြောက်ပြီးမှ သိရလျှင် ထိတ်လန့်ဖွယ်ရာ မဟုတ်တော့။ ထို့ကြောင့် ဓမ္မဓိဋ္ဌာန်ကို သုံးလျှင်လည်း ဝတ္ထုကောင်း မဖြစ်နိုင်။

တစ်ဖန် ကိုယ်တိုင်ပြောရှုထောင့်က ရေးမည် ဆိုပါစို့။ မည်သူကပြောမည်နည်း။ အိမ်ရှင်အမျိုးသမီးက ပြောလျှင်တော့ ရင်ဖိုစရာ လုံးဝမရှိနိုင်။ မြှုပ်ကွက်ထားလို့ မရတော့။ အမေရိကန်ဧည့်သည်က ပြောရပေလိမ့်မည်။ သို့သော် သူ့စိတ်ကိုသာ သိခွင့်ရ၍ သူ့အမူအရာ၊ သူ့စကားပြောသံ၏ ဖမ်းစားမှုတို့ကို ထည့်သွင်းရေးရန် အတန်ငယ်ခက်သွားလိမ့်မည်။ ထို့ပြင် 'မြွေရောက်နေတာ အိမ်ရှင်အမျိုးသမီး ဘယ်လိုသိလိုက်သလဲ' ဟူသော မေးခွန်း သူ့စိတ်ထဲတွင်ပေါ်နေကြောင်း ကြိုတင်ပြောထားရပေတော့မည်။

ထို့ကြောင့် ကန့်သတ်သိရှုထောင့်သည်သာလျှင် ဤဝတ္ထုတိုအတွက် အသင့်ဆုံးဟု ဆိုရပေတော့မည်။

ဤမျှဆိုလျှင်ပင် ဝတ္ထုတစ်ပုဒ်အတွက် ရှုထောင့်ရွေးချယ်မှုသည် မည်မျှအရေးကြီးကြောင်း သိလောက်ပြီဟု ထင်မိပါသည်။ ဤသို့လျှင် ဖတ်သမျှသော ဝတ္ထုတို့တွင် ဝတ္ထုရေးသူ ရှုထောင့်ရွေးချယ်ပုံကို စိစစ်ကြည့်ပါက စိတ်ဝင်စားဖွယ်ရာကောင်းလှသည်ကို တွေ့ရပါလိမ့်မည်။ ထိုမျှမက မိမိဘာသာ ရှုထောင့်ပြောင်းပြီး စိတ်ကူးကြည့်လျှင် ဇာတ်လမ်းပုံသဏ္ဍာန်မျိုးမျိုး ပြောင်းသွားသည်ကို တွေ့ရပါလိမ့်ဦးမည်။ ထိုအခါ ဝတ္ထုဆရာ ရှုထောင့်ရွေးပုံ ကောင်းသည်ကိုလည်း တွေ့ရပါလိမ့်မည်။ ညံ့သည်ကိုလည်း တွေ့ရပါလိမ့်မည်။ တစ်ခါတစ်ရံ ရှုကွက်စသော ဇာတ်ကောင်ရွေးပုံ မှားနေသည့်အတွက် ပေါ့ပျက်ပျက်ဖြစ်နေသော ဝတ္ထုများကိုလည်း တွေ့ရပါလိမ့်မည်။ 'ဇာတ်လိုက်မင်းသမီး ခင်ဖေနွယ်ညွှန့်မှာ ရှုကွက်စုထားလို့သာပဲ၊ အိမ်ဖော်ကောင်မလေး မိစောမှာ ရှုကွက်စုလိုက်ရင် တော်တော်ကောင်းမယ့် ဝတ္ထုလေး' စသည်ဖြင့် အားမလိုအားမရဖြစ်သောအခါမျိုးလည်း ကြုံကောင်း ကြုံပါလိမ့်မည်။

မကြာသေးမီက လှိုင်ဝှက်သည်းဖို ထောက်လှမ်းရေးဝတ္ထုတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။ ဇာတ်ဆောင်က မောင်မြင့်ပဲဆိုပါစို့။ ကန့်သတ်ရှုထောင့် မောင်မြင့်တွင် ရှုကွက်စုထားသည်။ မောင်မြင့်၏ ကံသုံးပါးအားလုံးကို သိခွင့်ယူထားသည်။ စာဖတ်သူလည်း မောင်မြင့်နောက်မှ တကောက်ကောက်ပါသွားရသည်။ သူသာလျှင် စာဖတ်သူအသိဆုံးဇာတ်ဆောင် ဖြစ်နေသည်။ သူက

ဒုစရိုက်မှောင်ခိုဂိုဏ်းဝင်။ အသတ်အပုတ်လိမ္မာသော၊ ရဲရင့်သောသူအဖြစ် တောက်လျှောက်သိလာခဲ့ရသည်။ နောက်ဆုံး ဇာတ်သိမ်းပိုင်းရောက်မှ သူ့ကို ထောက်လှမ်းရေးအရာရှိတစ်ယောက်အဖြစ် မင်းသမီးနှင့် ပေါင်းဖက်ပေးလိုက်သည်။ ထိုမျှမက သူ့မှာ ရုပ်ချင်းချွတ်စွပ်တူသော အမြွှာညီတစ်ယောက်ရှိသေးကြောင်း သိရသည်။ ဤအခါမျိုးတွင်ကား၊ ရှုကွက်စုရာ ဇာတ်ဆောင်၏ အရေးကြီးသော နောက်ခံသမိုင်းကြောင်းကိုပင် ဖုံးထားသောကြောင့် စာဖတ်သူအပေါ် မတရားအခွင့်အရေးယူသည်ဟု ဆိုရပါမည်။ မျက်လှည့်ပြရာတွင် ပရိသတ်မျက်စိကို ပိတ်ပြီးမှ အလှည့်အပြောင်းလုပ်သကဲ့သို့ ရှိသောကြောင့် ပရိသတ်ကျေနပ်မှု မရနိုင်။ မျက်လှည့်ပြသည်ဆိုခြင်းမှာ မျက်စိအောက်၌ပင် လှည့်ပြတတ်ရပါမည်။ ထို့ကြောင့် ဝတ္ထုဆရာအပေါ် အယုံအကြည် နည်းသွားတတ်သည်။ လှုလည်လုပ်သည်ဟု ယူဆလာတတ်သည်။ ဝတ္ထုတစ်ပုဒ်အပေါ် ယုံကြည်စိတ်လျော့ပါးသွားလျှင် ဝတ္ထုယုတ္တိပျက်သွားတော့သည်သာ ဖြစ်သည်။ ထို့ကြောင့် အဖြစ်အပျက်ယုတ္တိရှိရုံ၊ သဘာဝကျရုံမျှမက ရှုထောင့်ရွေးပုံ၊ ရှုပ်ကွက် စုပုံလည်း ယုတ္တိရှိမှ ဝတ္ထုကောင်းဟု ခေါ်ချင်ပါသည်။

ယခု အတန်အသင့် နာမည်ရနေပြီဖြစ်သော ဝတ္ထုဆရာတစ်ယောက်၏ စောစောပိုင်းက လုံးချင်းဝတ္ထုတစ်ပုဒ်တွင်ကား ရှုထောင့်တွေ ရောထွေးနေသည်ကိုပင် တွေ့ရသည်။ ပထမပိုင်းတွင် ကန့်သတ်သိရှုထောင့်ဖြင့် ရေးလာပြီးနောက် ဝတ္ထုပြီးခါနီးနှစ်ခန်းလောက်တွင် ဝတ္ထုရေးသူက 'ကျွန်တော်' ဆိုပြီး ဘာမပြော ညာမပြော ဇာတ်လမ်းထဲစွတ်ပြီး ဝင်လာရာ စာဖတ်သူမှာ အတော်လေး အူကြောင်ကြောင်ဖြစ်သွားရပါသည်။ ရှုထောင့်သည် ဇာတ်လမ်းယုတ္တိအတွက် အဘယ်မျှအရေးကြီးကြောင်း နားမလည်သောကြောင့် ဤသို့ရေးမိခြင်းဖြစ်ပါသည်။

တစ်လက်စတည်း ရှေ့ပိုင်းတွင်တင်ပြခဲ့သော ဝတ္ထုတိုကလေးနှင့် ပတ်သက်ပြီး ဆက်ပြောလိုက်ချင်ပါသေးသည်။ ကျွန်တော်၏ ဆောင်းပါးခေါင်းစဉ်နှင့် မသက်ဆိုင်သောကြောင့် စကားချပ်ဟုသာ မှတ်ယူစေချင်ပါသည်။

ထိုဝတ္ထုတိုကလေးကို သေချာသတိထားပြီးကြည့်လျှင် သံကြိုးကြီး တစ်စောင်ပါပဲဟု ဆိုလောက်အောင်ပင် အပိုအလိုမရှိ ကျစ်လျစ်နေသည်ကို တွေ့ရပါလိမ့်မည်။

ပထမဆုံး စာပိုဒ်တစ်ခုတည်းနှင့်ပင် ဝတ္ထုအတွက် လိုအပ်သမျှသော

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ဆောင်၊ နေရာထိုင်ခင်း၊ ပတ်ဝန်းကျင်ပစ္စည်းများကို အပြည့်အစုံဖော်ပြလိုက်ပြီးဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။ ဖော်ပြထားသမျှ ပစ္စည်းများမှာလည်း အပိုမပါ၊ အားလုံး ဇာတ်ဝင်ပစ္စည်းများချည်းဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။

ဗိုလ်မှူးကြီးနှင့် အမျိုးသမီးလေး၏ စကားစစ်ထိုးပွဲကို ဖြတ်လိုက်လျှင် ဤဝတ္ထုကို ဝတ္ထုဟုခေါ်ရန်ပင် ခက်သွားပါလိမ့်မည်။ ထိုစကားစစ်ထိုးပွဲမှာ ဇာတ်လမ်းနိမိတ်၊ အာဘော်နိမိတ်ဖြစ်သည်ဟု ဆိုရပါမည်။ ရှေ့တွင်ဖြစ်မည့် ဇာတ်လမ်းမှာ စကားစစ်ထိုးပွဲ၏ ခေါင်းစဉ်နှင့် တစ်စုံတစ်ရာသက်ဆိုင်လိမ့်မည်ဟု စာဖတ်သူက သိနေပါသည်။ အကယ်၍ နောက်ပိုင်းဇာတ်လမ်းက စစ်ထိုးပွဲခေါင်းစဉ်နှင့် ဘာမှမသက်ဆိုင်လျှင် စစ်ထိုးပွဲက ကြောင်စီစီ ဇတ်တုတ်ကြီးဖြစ်နေသောကြောင့် 'ဒါကြီးက ဘာလဲဟ' ဟု စာဖတ်သူက ကြောင်စီစီ ခေတ္တကြည့်နေပြီးမှ 'ဝတ္ထုဆရာက ပေါကြောင်ကြောင်ပဲ'ဟု မှတ်ချက်ချပါလိမ့်မည်။

အခြားဧည့်သည်တို့၏ ပုံပန်းသွင်ပြင်ကို ဘာမျှထူးထူးခြားခြား ဖော်ပြခြင်းမပြု၊ မလိုအပ်သည့်အချက်များကို ဇာတ်ခွင်အတွင်းသို့ လုံးဝမသွင်း။ မလိုအပ်သူတို့ကို သရုပ်ဖော်ပြီး အရေးမကြီးသည်တို့ကို ထည့်သွင်းပြောဆိုလိုက်လျှင် စာဖတ်သူအာရုံထွေပြားသွားနိုင်သည်။ လိုအပ်သမျှကိုတော့ အစေ့မျက်လုံးပြူးသွားသည်ကအစ တစ်ခုမကျန် ဖော်ပြထားသည်။

နောက်ဆုံးဇာတ်သိမ်းတွင် အိမ်ရှင်အမျိုးသမီးက အမေရိကန်ဧည့်သည်အား စတင်ချီးကျူးလိုက်ခြင်းသည်လည်းကောင်း၊ သူမ၏ သတိကြီးလိုက်မှုကို နှိမ့်ချစွာ စကားဆိုလိုက်ခြင်းသည်လည်းကောင်း၊ အမျိုးသမီးများက ပိုပြီး သတိကြီးသည်ဟူသော အာဘော်ကို လှပစွာ နှစ်ဆတိုး ခိုင်မာသွားစေပါသည်။

နောက်တစ်ဆင့်တိုးပြီး အချို့ဝတ္ထုရေးဆရာများ လုပ်လေ့ရှိသကဲ့သို့ 'ဩော် . . . အမျိုးသမီးများက ပိုပြီး သတိကြီးပါပေ၏တကား' ဟု တွန့်လိုက်လျှင် ရှပ်ရှင်ထဲတွင် မြေပဲလှော်စားရင်း နောက်ဆုံးတစ်စေ့ကျမှ အပုပ်စေ့ကို ဝါးမိလိုက်သလို ဖြစ်သွားနိုင်ပါသည်။

ဇာတ်ကောင်ရွေးပုံများတွင်လည်း အမေရိကန် သဘာဝသိပ္ပံသမားတစ်ယောက် ထည့်ထားခြင်း၊ စကားစစ်ထိုးပွဲတွင် အမျိုးသမီးငယ်နှင့် ဗိုလ်မှူးကြီးတစ်ယောက် ဖြစ်နေစေခြင်းတို့မှအစ အခြားအသေးအဖွဲကလေးများကိုပါ စာဖတ်သူ ဆက်လက်စူးစမ်းလျှင် တွေ့နိုင်ပါလိမ့်ဦးမည်။ ကျွန်တော်၏ ဤ

ခေါင်းစဉ်နှင့် မသက်ဆိုင်လှသောကြောင့် ဤမျှသာ တင်ပြလိုက်ပါသည်။

ကျွန်တော့ညွှန်းကွက်တစ်ခုကို တင်ပြလိုက်ရပါဦးမည်။ ဝတ္ထုတိုကလေး၏ စာပိုဒ် (၄) 'အမေရိကန် သဘာဝသိပ္ပံသမားကတော့ ဘာမျှဝင်မငြင်း' ဟူသောစာပိုဒ်တွင် မူလအင်္ဂလိပ်လိုရေးထားသည်မှာ -

> The American does not join in the argument but watches the other guests. As he looks, he sees a strange expression come over the face of the hostess. She is staring straight ahead, her muscles contracting slightly. With a slight gesture she summons the native boy standing behind her chair and whispers to him.

. . . ဟူ၍ ဖြစ်ပါသည်။ ထိုစာပိုဒ်တွင် 'အက်စ်' သံဖြစ်သော 'စ' သံ၊ 'ရှ' သံတွေကို တရှီးရှီး တရှဲရှဲနေအောင် ထည့်ထားသောကြောင့် သူတို့ (အင်္ဂလိပ်စာဖတ်ပရိသတ်)က မြွေဟောက်လာတော့မည်ဟု ရိပ်မိလိုက်သည်ဟု ဆိုပါသည်။ ကျွန်တော် အဲဒီစာပိုဒ်ကိုဖတ်လိုက်တော့ ဘာမြွေသံမျှ မကြားလိုက်ရမိကြောင်း ဝန်ခံပါသည်။ သူတို့ဘာသာစကားနှင့် အစဉ်အလာအရ သိနိုင် နားလည်နိုင်ကြပါလိမ့်မည်။ ကဗျာတွင်လည်း ဤသို့သော အသံနိမိတ်ကို မှတ်မှတ်ထင်ထင် သုံးကြသည် မထင်ပါ။ ထို့ကြောင့် မူရင်းအရသာပေါ်အောင် ကျွန်တော် ဘာသာ မပြန်တတ်ပါ။ အသံကို ဘာသာပြန်လို့ ရနိုင်သည်ဟု ကျွန်တော် မထင်ပါ။

နိဂုံးစကား ပြောလိုပါသည်။

ရှုထောင့်ရွေးပုံ လိမ္မာခြင်းသည် အခြားသော ကိစ္စများကို အပထားဘိဦး။ ဇာတ်လမ်းဇာတ်ကွက်ကို ပိုမိုလှပစေသည်ဟူသော အချက်ကို မမေ့သင့်ကြပါ။

ဤအတတ်ပညာပိုင်းဆိုင်ရာ ကိစ္စများကို တင်ပြနေသည်မှာ ဝတ္ထုရေးနည်း ပို့ချနေတာလား။ ဝေဖန်ရေးလား။ စာပေသဘောတရား ဆွေးနွေးပါးလား၊ စာဖတ်သူအတွက် ဘာအကျိုးရှိလဲ စသည်ဖြင့် မေးကောင်းမေးကြပါလိမ့်မည်။ ကျွန်တော်ကတော့ အဲဒါတွေအားလုံးအတွက်ပါပဲဟု ဖြေရပါလိမ့်မည်။ စာဖတ်သူအပေါ်မှာသာ တည်ပါလိမ့်မည်။

ဝတ္ထုရေးချင်သော လူငယ်များအတွက်ဆိုလျှင် ရှုထောင့်ကို သတိပြုမိ

www.burmeseclassic.com

www.burmeseclassic.com

ကြပါလိမ့်မည်။ ယင်းသို့ သတိပြုမိလာလျှင် သူတို့၏ဝတ္ထု ပို၍သာ ကောင်းလာနိုင်ဖွယ် ရှိပါသည်။ အကျိုးတော့ မယုတ်နိုင်ပါ။ အချို့လူများက 'ဒါတွေသိနေတော့ ဖန်တီးမှုမှာ အနှောင့်အယှက်ဖြစ်တာပဲရှိတယ်၊ အဲဒီနည်းပညာတွေကို ဂရုစိုက်နေဖို့ မလိုဘူး' စသည်ဖြင့် နာမည်ကျော်ပါရမီရှင် အနုပညာသမားကြီးတို့ အရှဲ့တိုက်ပြီး ပြောတတ်သောစကားကို ဘုမသိဘမသိ သံယောင်လိုက်ပြီး ပြောတတ်ကြပါသည်။ အခြေခံနည်းပညာကို သိလိုက်ရသောကြောင့် အကျိုးယုတ်နိုင်သည်ဟု ကျွန်တော် နားမလည်ပါ။ သို့သော် ထိုနည်းပညာ၊ နည်းစနစ်ကို သိလိုက်စတွင် အနည်းငယ်တော့ မလွတ်မလပ် ဖြစ်သွားတတ်ပါသည်။ သူများဆိုသံကို နားထောင်ပြီး ထင်သလို သီချင်းဆိုနေသူအဖို့ စည်းနှင့်ဝါးနှင့် စနစ်တကျ ဝင်ဆိုရသကဲ့သို့ပင် ဖြစ်ပါသည်။ ပထမတော့ စည်းသံဝါးသံကို နားထောင်ပြီး သတိထားနေရသည်ကပင် ပင်ပန်းလှသည်။ နောက်တော့လည်း စည်းဝါးမနိုင်သော အတီးအမှုတ်သမားများနှင့် တွဲဆိုရလျှင် လက်ထဲတွင်ကိုင်ထားသော စည်းဝါးနှင့်လှမ်းပြီးပေါက်ချင်အောင် ဒေါသဖြစ်လာတတ်ပါသည်။ ဤသို့လျှင် ဝတ္ထုရေးချင်သော လူငယ်များအတွက် အသုံးဝင်နိုင်ပါသည်။

ဝေဖန်ရေးလားဟု မေးလျှင်လည်း ဟုတ်ပါသည်။ အချို့ဝတ္ထုများကို နာမည်မဖော်ဘဲ ဝေဖန်တင်ပြခဲ့ပါသည်။ 'ညစာစားပွဲ' ဝတ္ထုတိုကလေး၏ ကောင်းပုံကောင်းနည်းကိုလည်း ဝေဖန်တင်ပြထားပါသည်။

စာပေသဘောတရား ဆောင်းပါးလားဆိုလျှင်လည်း ဟုတ်သည်ဟု ဖြေရပါမည်။ ဝေဖန်ရေးနှင့် သဘောတရားမှာ တစ်ကြောတည်းဖြစ်ပါသည်။ ဝေဖန်ရေးကြောင့် ယေဘုယျသဘောတရားများ ပေါ်ပေါက်လာရပါသည်။ ယေဘုယျသဘောတရားကို အခြေပြု၍ ဝေဖန်ရေးလုပ်ငန်းကို ဆက်ကြရပြန်ပါသည်။ အခြားသော ပညာရပ်နယ်ပယ်များတွင်လည်း သည်အတိုင်းပင် ဖြစ်ပါသည်။ ဆေးပညာ ဆိုကြပါစို့၊ လက်တွေ့များကို အခြေပြု၍ ဆေးပညာသဘောတရားများကို ပြုစုရသည်။ ထိုသဘောတရားကို အမှီပြု၍ ဆေးကုသကြရပြန်သည်။ လက်တွေ့တွင် အသစ်အဆန်းကိုစွပေါ်လာလျှင် သဘောတရားနှင့်ထပ်ပြီး ထိုးဖြည့်လိုက်ရပြန်သည်။

စာဖတ်သူတို့အတွက် ဘာအကျိုးရှိသလဲဟုမေးလျှင် စာဖတ်သူအတွက်သာမက မြန်မာစာပေအတွက်ပါ အကျိုးရှိပါသည်ဟု သာသာထိုးထိုးကလေး

ဖြေလိုက်ချင်ပါသည်။ ဤအချက်များကို သိလာသောကြောင့် စာဖတ်သူများက လူတော်ဝတ္ထုဆရာများ၏ ဂုဏ်ကို ချီးကျူးတတ်လာကြပါလိမ့်မည်။

ဤသို့လျှင် ကျွန်တော် မျှော်လင့်ပါသည်။

■

ရှမဝရုပ်စုံမဂ္ဂဇင်း

အောက်တိုဘာ၊ ၁၉၇၉

www.burmeseclassic.com

www.burmeseclassic.com

တွေးထောင့်နှင့် ဝတ္ထု

ရှေးတစ်ရံရောအခါ လန်ဒန်မြို့တော်ကြီးတွင် သူဌေးကြီးတစ်ဦး၏ ကြွေးမြီ၌ နစ်အပ်သော အဘိုးအိုတစ်ဦး ရှိ၏။ ထိုအဘိုးအို၌ သမီးငယ် တစ်ယောက် ရှိရာ လှပတင့်တယ် ရှုချင်ဖွယ်သော အဆင်းရောင်ဝါနှင့် ပြည့်စုံ၏။ ဉာဏ်ပညာလည်း ရှိ၏။ သူဌေးလည်း ထိုသတို့သမီးငယ်၌ တပ်မက်ခြင်း ဖြစ်ရကား မယားအဖြစ်သိမ်းပိုက်အံ့သောငှာ ကြံလျက် 'အဘယ် မြီစား၊ သင်လဲ ငါ၏ မြီကို ပေးဆပ်နိုင်အံ့ မမြင်ပြီ၊ ငါလဲ မြီကို ဆုံးရှုံးရန် အလိုမရှိ၊ သို့ဖြစ်ရာ ဤမြီကို ကောင်းကင်ဘုံရှင် ဘုရားသခင်ကိုသာလျှင် စီရင်ဆုံးဖြတ်စေအံ့၊ ဤငွေ ထည့်သော ကတ္တီပါအိတ်ငယ်တွင် တစ်ခုအားဖြင့် အဖြူ၊ တစ်ခုအားဖြင့် အနက်ဖြစ်သော ကျောက်စရစ်နှစ်ခုကို ထည့်အံ့၊ သင်၏ သမီးငယ်အား တစ်ခုသော ကျောက်စရစ်ကို နှိုက်စေလော့၊ အဖြူတည်း ရအံ့မူကား ကြွေးမြီမှ လွတ်အံ့သတည်း၊ အနက်လျှင် ရအံ့မူကား သင်၏ သမီးငယ်အား ငါ သိမ်းပိုက်လျက် ကြွေးမြီမှ လွတ်အံ့၊ ဤသို့လျှင် ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်စေလော့၊ သို့တည်းမဟုတ်မူကား ကြွေးမြီမှ မနုတ်နိုင်သမျှ ကာလပတ်လုံး အကျဉ်းထောင်၌သာလျှင် သင် နေဘိလော့' ဟုဆို၏။ ထိုခေတ်ကမူကား ကြွေးမြီမဆပ်နိုင်လျှင် ထောင်သွင်း၍ ထားလေ့ရှိရကား အဘိုးအိုလည်း ပြင်းစွာ ကြောက်ခြင်း ဖြစ်လေ၏။ သတို့သမီးငယ်လည်း ဖခင်အား ကြင်နာခြင်းဖြစ်ရကား၊ သူဌေးအို၏ အလိုအတိုင်း ဖြစ်စေလော့ဟု ဆို၏။ ဤသို့လျှင် အများ သက်သေ ရှေ့မှောက်၌ပင်လျှင် ကျောက်စရစ်ကို မနှိုက်၍ အဆုံးအဖြတ်ပြုကြရန်

စီရင်ကြလေ၏။ သူဌေးလည်း ကောက်ကျစ်သောအားဖြင့် အနက်ချည်းသာလျှင် ဖြစ်သော ကျောက်စရစ်နှစ်ခုကို အမှတ်မထင်စေဘဲ အိတ်တွင်းသို့ ထည့်၏။ သတို့သမီးငယ်လည်း ထိတ်လန့်သော စိတ်ဖြင့် သူဌေးကို ကြည့်နေမိရကား အနက်ချည်းသော ကျောက်စရစ်နှစ်ခု ထည့်သည်ကို မြင်လေ၏။

*

ဤပုံပြင်မဆုံးသေးမီ ဖြတ်၍ စကားဆိုပါရစေ။ သတို့သမီးငယ်က မကြံတတ် မစည်တတ်ဖြစ်ပြီး စာဖတ်သူထံ အကြံတောင်းမည်ဆိုပါလျှင် မည်သို့ အကြံပေးမည်နည်း။ အနည်းငယ် စဉ်းစားကြည့်စေချင်ပါသည်။ လုပ်ဆောင်နိုင်သော အခွင့်အလမ်းတို့ကို စာရင်းချကြည့်လျှင် ဤသို့ တွေ့နိုင်ပါသည်။

(၁) ကျောက်စရစ်ကို မနှိုက်တော့ပြီဟု ငြင်းနိုင်သည်။

(၂) အနက်ကိုပင် နှိုက်ယူလျက် ဖခင်အတွက် အနစ်နာခံနိုင်သည်။

(၃) သူဌေးကြီးကောက်ကျစ်မှုကို လူသိရှင်ကြား ဖော်နိုင်သည်။

(၁) အချက်ကို လုပ်လျှင် ဖခင် ထောင်ကျမည်။ (၂) အချက်ကို လုပ်လျှင် သူဌေးအိုရွတ်တွကြီး၏ မယား ဖြစ်ရမည်။ (၃) အချက်ဆိုလျှင် သူဌေးကြီးက မတော်တဆဖြစ်ရပါသည်ဟု လိမ်ပြောပြီး နောက်တစ်ခါ ထပ်လုပ်လိမ့်မည်။ သတို့သမီးငယ်အဖို့တော့ ဘာအကျိုးကျေးဇူးမျှ တိုးမလာနိုင်။ ကျွန်တော်တို့ စဉ်းစားမိသမျှ ကုန်ပါပြီ။ သို့သော် သတို့သမီးငယ် လုပ်လိုက်ပုံကို ဆက်ပြီး ဖတ်ကြည့်ပါဦး။

*

သတို့သမီးငယ်လည်း ဉာဏ်ပညာနှင့်ပြည့်စုံလေရကား သူဌေးကြီး၏ အပြုအမူကို မသိကျိုးကျွံပြု၍ ကျောက်စရစ်တစ်ခုကို နှိုက်ယူပြီးနောက် ရုတ်ချည်းလျှင် အနီးရှိရေကန်တွင်းသို့ ပစ်လိုက်လေ၏။ လူအများလည်း 'အသို့မူသနည်း' ဟု ဆိုကြကုန်၏။ သတို့သမီးငယ်က 'အကျွန်ုပ်မ မကြည့်ဝံ့တကား၊ ထိုကြောင့် ပစ်၏၊ သို့သော် အိတ်၌ကျန်ရစ်သော ကျောက်စရစ်ကို ကြည့်လျှင် အကျွန်ုပ်မ၏ လက်၌ရှိပါသော ကျောက်စရစ်အရောင်ကို သိနိုင်သည်သာတည်း' ဟု ဆို၏။ ဤသို့လျှင် သတို့သမီးငယ်၏ ဉာဏ်ပညာကြောင့် ဖခင်လည်း မြီမှ လွတ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အဖြူတစ်ခု အနက်တစ်ခုထည့်လျှင် လွတ်ခွင့်တစ်ဝက်၊ ရှုံးခွင့်တစ်ဝက် ၅၀း၅၀ အခွင့်အရေးကို ရမည်။ သူဌေးကြီးက အနက်ချည်းထည့်လိုက်သောကြောင့် ၁၀၀ လုံး သူဌေးကြီးဘက်သို့ ရောက်သွားပါသည်။ သူဌေးကြီးဘက်သို့ ၁၀၀ လုံးပြန်ရောက်လာအောင် ကြံစည်နိုင်သည်မှာ သတို့သမီးငယ်၏ ဉာဏ်ပညာပင် ဖြစ်ပါသည်။

လုံမငယ်နှင့် ကျွန်တော်တို့ မည်သည့်အချက်တွင် ကွာသနည်း။ တွေးထောင့်ချင်း ကွာခြားမှု ဖြစ်ပါသည်။ ကျွန်တော်တို့က ထက်ထဲတွင်ပါလာမည့် ကျောက်စရစ်ခဲကိုသာလျှင် သဲကြီးမဲကြီး တွေးနေသည်။ ကျန်ရစ်ခဲ့မည့် ကျောက်စရစ်ခဲကို လုံးဝ လှမ်းပြီး မတွေးမိ။ သတို့သမီးက ကျန်ရစ်ခဲ့မည့် ကျောက်စရစ်ခဲကိုပါ လှမ်းပြီး တွေးမိသည်။ ကျွန်တော်တို့က တွေးရိုးတွေးစဉ် ထောင့်ထဲက ရုန်းမထွက်နိုင်၊ လုံမငယ်က ရုန်းထွက်သွားသည်။ တစ်ပါးသော တွေးထောင့်သို့ သက်သာလွယ်ကူစွာ ရောက်သွားနိုင်သည်။ ဤသည်မှာ ပဓာနခြားနားချက် ဖြစ်ပါသည်။

ကျွန်တော်သည် လုံချည်ဝတ်သည်ဟုသာ တွေးမိသည်။ လုံချည်ထဲသို့ လူက ဝင်လိုက်သည်ဟု မတွေးမိတတ်ကြ။ အသက်ရှည်ချင်ကြသည်။ သို့သော် အိုမင်းခြင်းကို အလိုမရှိကြ။ အသက်ရှည်လျှင် အိုရမည်ကို မေ့နေတတ်ကြသည်။

ဤသည်တို့ကို ရေးသားတင်ပြသည်မှာ နှိုက်နှိုက်ချွတ်ချွတ်တွေးနည်း၊ ကတ်သီးကတ်သတ် စဉ်းစားနည်းတို့ကို နည်းပေးလမ်းပြ လုပ်လိုသောကြောင့် လုပ်တတ်သောကြောင့် မဟုတ်ပါ။ ဤသို့သော တွေးထောင့် သစ်လွင်ဆန်းကြယ်မှုသည် ဝတ္ထု (အထူးသဖြင့် ဝတ္ထုတို) များတွင် ခွန်အားတစ်ခု ဖြစ်သည်ဟု ယူဆမိသောကြောင့် ဖြစ်ပါသည်။

တွေးထောင့်နှင့် ဇာတ်လမ်းအာဘော်

တွေးထောင့်ပြောင်းလျှင် အမြင်ပါ ပြောင်းသွားတတ်ပါသည်။ နွားတစ်ကောင်ကို ကြည့်ရာ၌ပင် လယ်သမားနှင့် သားသတ်သမားတို့ ကြည့်မြင်ပုံချင်း မတူသကဲ့သို့ ဖြစ်ပါသည်။ လယ်သမားက ဘယ်နှမိုး နိုင်းရမလဲဟု တွေးပါလိမ့်မည်။ သားသတ်သမားကတော့ ဘယ်နှပိဿာထွက်မလဲဟု တွေးပါလိမ့်မည်။

တွေးထောင့်သစ်လွင်လျှင် အမြင်လည်း သစ်လွင်လာတတ်ပါသည်။

ထိုအမြင်သည် ဝတ္ထု၏ အာဘော် ဖြစ်လာတတ်လေရာ၊ ထိုထောင့်သစ်မှ မြင်ရသော အမြင်သစ်ကို စာဖတ်သူတို့ နှစ်သက်တတ်ကြပါသည်။

အဖြစ်အပျက်ချင်း တူညီတော့ တွေးထောင့်ပြောင်းလျှင် အမြင် ပြောင်း၍ အာဘော် ပြောင်းသွားတတ်ပါသည်။ အဖြစ်အပျက်ချင်း တူပါလျက် အာဘော်ချင်း ကွာခြားသွားသော ဝတ္ထုများကို ပုံစံအဖြစ် တင်ပြလိုပါသည်။

(၁) ကျီးသားငယ်တစ်ကောင်သည် သမုဒ္ဒရာ၌ ကျ၍ မျောလေသော် ကျီးအပေါင်းတို့လည်း ကျီးငယ်ကို သမုဒ္ဒရာမှ ထုတ်ယူနိုင်စိမ့်သောငှာ ရေကို နှုတ်သီးဖြင့် ငုံကြလျက် သယ်ဆောင်၍ ကုန်းမြေ၌ ထွေးအန်ကြကုန်၏။ ရုက္ခစိုး နတ်လည်း မိုက်မဲစွာသော ကျီးတို့ကို ရှုံ့ရှာသောကြောင့် ခြောက်လှန့်၍ ပြေးစေ၏။

(၂) တစ်ခုသော ရှဉ့်သားငယ်သည် သမုဒ္ဒရာ၌ ကျ၍ နစ်မြုပ်သည်ရှိသော် ထိုသားငယ်ကို ထုတ်ယူအံ့သောငှာ ရှဉ့်အပေါင်းတို့သည် အမြီးဖွား၌ သမုဒ္ဒရာရေကို စွတ်စေ၍ ကုန်းထက်သို့ တက်၍ ခါကြကုန်၏။ ရုက္ခစိုးနတ်လည်း ရှဉ့်တို့၏ ကြိုးပမ်းမှုကို နှစ်သက်သည်ဖြစ်၍ သမုဒ္ဒရာရေကို ခေတ္တခန်းစေလျက် ရှဉ့်သားငယ် ရှင်ပြန်စေ၏။

(၃) လိပ်တစ်ကောင်သည် မိမိနေသော ရေအိုင်မှာ ရေခန်းပြီ ဖြစ်သော်လည်း ဤရေအိုင်ကို မှီ၍သာ ကြီးပြင်းခဲ့ရသောကြောင့် ဤရေအိုင်ကို မစွန့်ဟု ရွှံ့နွံထဲတွင် ကျည်းဖွဲ့၍နေရာ အိုးဖုတ်သူတို့ ရွှံ့တူးရာတွင် တူရွင်းခုတ်မိ၍ သေလေ၏။

(၄) ငှက်တစ်ကောင်သည် သစ်ပင်တစ်ခုကို အမှီပြု၍နေရာ ထိုသစ်ပင်သည် သေလတ်သော်လည်း ကျေးဇူးရှင်ကို မစွန့်ဘဲ အသီးတို့ကုန်သော် အပွင့်၊ အပွင့်တို့ကုန်သော် အရွက်၊ အရွက်တို့ကုန်သော် အပွေးအခေါက်တို့ကို စားလျက်နေသည်ကို မြင်သော် ရုက္ခစိုးသည် သစ်ပင်ကို အသီးအရွက်တို့ဖြင့် ပြန်လည်စည်ပင် ကြီးပွားစေ၏။

ဤဝတ္ထုများတွင် ၁ နှင့် ၂ တို့သည်လည်းကောင်း၊ ၃ နှင့် ၄ တို့

www.burmeseclassic.com

www.burmeseclassic.com

သည်လည်းကောင်း အဖြစ်အပျက်ချင်း ဘာမျှမကွာကြောင်း တွေ့ရပါလိမ့်မည်။ သို့သော် တွေးထောင့်ချင်းမတူသောကြောင့် အာဘော်ချင်း ကွဲလွဲသွားပါသည်။ အာဘော်ကွဲလွဲသောကြောင့် ဇာတ်လမ်းနောက်ပိုင်းကလေးများ တိမ်းယိမ်းကွဲလွဲသွားကြောင်း သတိပြုမိပါလိမ့်မည်။

ဤဝတ္ထုများကို ပုံစံအဖြစ်တင်ပြခြင်းမှာ ဤဝတ္ထုများ၏ အာဘော်များကို သင့်–မသင့်၊ မှန်–မမှန် ခွေးနွေးလိုသောကြောင့် မဟုတ်ပါ။ တွေးထောင့်ကွာလျှင် အာဘော်ကွာ၍ ထိုအာဘော်ကို ပေါ်လွင်အောင် ဇာတ်လမ်းဆင်မှု ပြုရကြောင်း ထင်ရှားစေလို၍ ဖြစ်ပါသည်။

တွေးထောင့်နှင့် ဟာသ

တစ်ခါက မဂ္ဂဇင်းတစ်စောင်တွင် ဟာသတိုလေးတစ်ခုကို တွေ့လိုက်ရပါသည်။

ဖခင် ။ "မင်းဟာ ဘာမှအသုံးမကျဘူး၊ ကျောင်းစာမှာလဲ မထူးချွန်ဘူး၊ အိမ်မှာလဲ အသုံးမဝင်ဘူး၊ မင်းဟာ မငယ်တော့ဘူး၊ ဂျော့ဝါရှင်တန်ဆိုရင် မင်းအသက် မင်းအရွယ်မှာ ဘာဖြစ်နေပြီလဲ သိလား"

သား ။ "အဲဒါတော့ မသိဘူး၊ ဒါပေမဲ့ ဖေဖေ့ အသက်အရွယ်မှာတော့ သမ္မတကြီးဖြစ်နေပြီ"

ကျွန်တော် အလွန်သဘောကျသွားပါသည်။ ကျွန်တော်တို့မရောက်ဖူးသော တွေးထောင့်မှ ပြောလိုက်ခြင်းကြောင့် ဖြစ်ပါသည်။ မမျှော်လင့်သော ထောင့်မှ တွေးရုံမျှမက တစ်စုံတစ်ခုသော အမှန်တရားကိုလည်း ဆောင်ကြဉ်းလာသောကြောင့် နှစ်ခြိုက်မိခြင်း ဖြစ်ပါသည်။

များမကြာမီ ကျွန်တော်၏ ဦးလေးတော်တစ်ယောက် အိမ်ကိုရောက်လာရာ စကားစမြည်ပြောကြရင်း၊ သတိရသောကြောင့် ထိုဟာသတိုလေးကို ဖတ်ပြလိုက်ပါသည်။ ဦးလေးတော်က ရယ်မောလိုက်ပြီးနောက် ခဏလေးကြာမှ တွေးတွေး ငေးငေး မှတ်ချက်ကလေး ပေးပါသည်။

"ဖအေကြီးက သူကိုယ်တိုင်မှာ သမ္မတမဖြစ်နိုင်သော်လဲ သူ့သားကိုတော့ ဖြစ်စေချင်တာကိုးကွဲ့"

ကျွန်တော် အတော်လေးလန့်သွားပါသည်။ ဟာသအဖြစ် ပထမဖတ်ခဲ့စဉ်က မိမိကိုယ်တိုင်တော့ မလုပ်နိုင်ဘဲ သူတစ်ပါးအား အပြစ်ပြောချင်နေ

သော ဖခင်မှာ ရေရေလည်လည်ကြီး ခံသွားရပြီဟု နှစ်ထောင်းအားရ ဖြစ်နေပါသည်။ ဦးလေးတော်၏ မှတ်ချက်ကို ကြားလိုက်ရသောအခါတွင်ကား ထိုဖခင်ကြီးကို သနားကြည်ညိုသယောင် ဖြစ်လာရပြန်ပါသည်။

ထိုအဖြစ်အပျက် ကြုံပြီးသည့်နောက် ကျွန်တော့်အတွေးအမြင်များ အချို့နေရာများတွင် အတန်အသင့် ပြောင်းသွားသလိုလိုရှိပါသည်။ ယခင်ကသော် 'ငါပြောသလို လုပ်၊ ငါလုပ်သလို မလုပ်နဲ့' ဟူသော လူစားမျိုးကို ကျွန်တော် စက်ဆုပ်ပါသည်။ နောင်သော်ကား ပုဂ္ဂိုလ်နှင့်တရားကို သီးခြားထားပြီး တရားကိုယ်သန့်သန့်ကို ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားသုံးသပ်သင့်သည် ဟူသော အတွေးမျိုး ဝင်လာတတ်ပါသည်။ 'ပုဂ္ဂိုလ်ခင်မှ တရားမင်သည်' ဟူသော စကားကို မငြင်းပယ်လိုသော်လည်း ပုဂ္ဂိုလ်ခင်မှမဟုတ်။ ပုဂ္ဂိုလ်ကို မုန်းစေဦးတော့ သူ့တရားကို မင်သင့်လျှင် မင်ရမည်ဟူသော အတွေးမျိုး ဝင်လာတတ်ပါသည်။ ဤသည်မှာ ဟာသတိုကလေးတစ်ခုမှရခဲ့သော တွေးထောင့်ဖြစ်ပါသည်။

ဤသို့ တွေးထောင့်သစ်ကို ပေးလျှင် မည်သည့်အရာမျိုးကိုမဆို လူတို့ နှစ်သက်ကြသည်ဟု ကျွန်တော် ထင်မိပါသည်။ ဝတ္ထုတို၊ ဝတ္ထုရှည်များတွင် ပါလာလျှင်လည်း နှစ်သက်ကြမြဲ ဖြစ်ပါသည်။ စင်စစ်အားဖြင့် ဝတ္ထုတစ်ပုဒ်လုံးတွင်သာ မဟုတ်ပါ။ ယုတ်စွအဆုံး စကားချီချ ဆိုခန်းကလေး၌ တစ်ကွက်တစ်လေ ပါလာစေဦးတော့ နှစ်သက်ကြပါသည်။

တစ်ချိန်က '**ဗမာ့ခေတ်**' သတင်းစာတွင် သခင်ဘသောင်းက ဖဝေးနှင့် တောင်လုံးကျော်တို့ စကားချီချဆိုခန်းများ ရေးခဲ့ဖူးပါသည်။ ဟာသကွက်ကလေးတစ်ခုကို ကျွန်တော် ယခုတိုင် မှတ်မိနေပါသေးသည်။

တောင်လုံးကျော် ။ ။ "ဖဝေးရေ"

ဖဝေး ။ ။ "ဘာလဲဟ"

ကျော် ။ ။ "လခ ၈၀ ရတဲ့လူ လာဘ်စားတာနဲ့ လခ ၈၀၀ ရတဲ့လူ လာဘ်စားတာ ဘယ်သူက ပိုအပြစ်ကြီးသလဲကွ"

ကျွန်တော်တို့က လခ ၈၀၀ ရတဲ့လူက ပိုပြီးအပြစ်ကြီးသင့်တယ် ဘာညာစသည်ဖြင့် စဉ်းစားနေပါသည်။ သို့သော် ဖဝေးဖြေလိုက်ပုံက . . .

ဝေး ။ ။ "မိသွားတဲ့ကောင်က ကြီးတာပဲဟ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မထင်မှတ်သော ထောင့်က ထွက်လာပါသည်။ ထို့ပြင် သူ့အဖြေက မှန်နေသလိုလိုလည်း ရှိပါသည်။

ဤသည်တို့မှာ တွေးထောင့်သစ်တို့၏ ခွန်အားကို ထင်ရှားစေလို၍ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။ တွေးထောင့်သစ်လျှင် သစ်သလောက်၊ ယထာဘူတ ကျလျှင် ကျသလောက်၊ တစ်ဖန် လူ့လောကကို အကျိုးပြုလျှင် ပြုသလောက် လူတို့သည် ထိုအတွေးရှင်ကို ချီးမွမ်းဝမ်းသာ ကြိုဆိုကြပါသည်။ လူ့သမိုင်းတွင် ထင်ရှားခဲ့သော လူမှုရေးခေါင်းဆောင်ကြီးများ၊ ဒဿနဆရာကြီးများမှာ ဤသို့သောပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။ သူတို့၏ တွေးထောင့်ကြောင့် လူမှုဆက်ဆံရေးများ သွက်သွက်ခါအောင် ပြောင်းသွားသည်များလည်း ရှိပါသည်။

ယင်းသို့သော တွေးထောင့်သစ်အမြင်များမှာ ဝတ္ထုရေးဖွဲ့မှု မဟုတ်ပါ။ ကဗျာသီမှု မဟုတ်ပါ။ ပင်ကိုယ်အားဖြင့်ပင် တန်ဖိုးရှိနေပါသည်။ ဝတ္ထုဖွဲ့လျှင်မူကား ထိုဝတ္ထုအတွက် ခွန်အားကြီးတစ်ခု ဖြစ်လာပါတော့သည်။

ခွန်အားကြီးတစ်ခုဟု ဆိုလိုက်ခြင်းမှာ ဝတ္ထုကောင်းဖြစ်ရန် အနုပညာခွန်အားလည်း လိုသေးသောကြောင့် ဖြစ်ပါသည်။ တွေးထောင့် မည်မျှပင် သစ်လွင်လတ်ဆတ်နေစေဦးတော့ အနုပညာမကောင်းလျှင် ဝတ္ထုကောင်း မဖြစ်နိုင်ပါ။ ဝတ္ထုကောင်းဟူသည် အတွေးသစ် အမြင်သစ်ကိုသာမက ထိုအတွေးအမြင်နှင့်ပတ်သက်သော ခံစားမှုကိုပါ ပေးနိုင်ရမည် ဖြစ်ပါသည်။ အတွေးအမြင် မည်မျှပင်ကောင်းစေဦးတော့ စာဖတ်သူ၏ နှလုံးသားကို လက်တွေ့ကွင်းဆင်း ခံစားမိအောင် ဆွဲခေါ်ခြင်းမပြုနိုင်လျှင် ဝတ္ထုကောင်းဟု ခေါ်နိုင်ရန် ခဲယဉ်းပါသည်။ ဤသို့ဆိုသောကြောင့် တွေးထောင့်သစ်လွင်ခြင်းသည် ဝတ္ထုတစ်ပုဒ်၏ ခွန်အားဖြစ်သည်ဟူသော အဆို ယိမ်းယိုင်မသွားကြောင်းကိုလည်း သတိချပ်မိရန် လိုပါသည်။

တော်သော ဝတ္ထုဆရာ

ဤသို့သော တွေးထောင့်သစ်ကိုရအောင် မည်သို့ ရှာမည်နည်း။ မည်သို့ အားထုတ်မည်နည်း။ နည်းလမ်းကော ရှိသလား။ ကျွန်တော် မကြာခဏ စဉ်းစားကြည့်ဖူးပါသည်။ တိတိကျကျ လက်ဆုပ်လက်ကိုင်တော့ မပြတတ်ပါ။ သို့သော် အထောက်အပံ့ဖြစ်နိုင်ဖွယ်ရှိသော အချက်များကို တင်ပြလိုက်ပါသည်။ အထူးသဖြင့် လူငယ်ဝတ္ထုဆရာများကို ရည်စူးပါသည်။

လူငယ်ဝတ္ထုဆရာများအား ရည်ရွယ်သည်မှာ အကြောင်းရှိပါသည်။ ယခုတစ်လော 'ဒိုင်းညှောင့်'၊ 'အီး . . . ယား' ဝတ္ထုတွေ ပလူပျံအောင် ထွက်နေစဉ်မှာပင် ပြိုးခနဲ ပြက်ခနဲ ဝင်းဝင်းလက်လက် ထွက်လာသော ကလောင်သစ်ကလေးများကို တွေ့နေရပါသည်။ အထူးသဖြင့် မဂ္ဂဇင်းများတွင် တွေ့ရတတ်ပါသည်။ နာမည်ကြီးအောင် ရေးမပိုစတာကြီးတွေနှင့် ကြော်ငြာခြင်းမခံရသော်လည်း သူတို့၏ အနာဂတ်မှာ ထိုပိုစတာကြီးများထက် ခမ်းနားကြီးကျယ်သည်ဟု ထင်ပါသည်။ ထိုလူငယ်များကို လေးစားသောအားဖြင့် တင်ပြရခြင်း ဖြစ်ပါသည်။

ကျွန်တော့်အမြင်အရ တော်သော ဝတ္ထုဆရာဖြစ်ရန် အခြေခံအားဖြင့် လူတော်တစ်ယောက်တော့ ဖြစ်ရန်လိုပါသည်။ ပင်ကိုယ်အားဖြင့် လူတော်တစ်ယောက်မဟုတ်လျှင် တော်သော ဝတ္ထုဆရာ မဖြစ်နိုင်ပါ။ လူတော်တစ်ယောက်တွင် ဝတ္ထုအနုပညာစွမ်းပါ ပေါင်းထည့်လိုက်မှ တော်သော ဝတ္ထုဆရာ ဖြစ်နိုင်ပါလိမ့်မည်။ ထို့ကြောင့် အခြေခံအားဖြင့် လူတော်တစ်ယောက်တော့ ဖြစ်နေရန် လိုပါလိမ့်မည်။

တစ်ဖန် ဝတ္ထုမရေးစေဦးတော့ **ရိုးရိုးလူတော်တစ်ယောက်ဖြစ်ရန် အခြေခံအရည်အချင်းနှစ်ရပ် လိုအပ်သည်ဟု ထင်ပါသည်။ ယင်းတို့မှာ ဗဟုသုတကြွယ်ဝခြင်းနှင့် ကြောင်းကျိုးဆင်ခြင်မှုကောင်းခြင်း ဖြစ်သည်။** ဗဟုသုတကြွယ်ဝသော်လည်း ဆင်ခြင်ဉာဏ်မကောင်းလျှင် အတွေးသစ် အမြင်သစ် မရနိုင်ပါ။ ဆင်ခြင်ဉာဏ်ကောင်းသော်လည်း ဗဟုသုတမကြွယ်ပြန်လျှင် အတွေးသစ် အမြင်သစ် မရနိုင်ပါ။ ဥပမာအားဖြင့် ဆေးဝါးပြည့်စုံမှု၊ ကုထုံးကျွမ်းကျင်မှုတို့နှင့် တူပါသည်။ ဆေးဝါးပြည့်စုံသော်လည်း ကုထုံးမကျွမ်းကျင်လျှင် ရောဂါမပျောက်နိုင်ပါ။ ကုထုံးကျွမ်းကျင်သော်လည်း ဆေးဝါးဓာတ်စာ မပြည့်စုံလျှင် ရောဂါမပျောက်နိုင်ပါ။

ဗဟုသုတပြည့်စုံမှု၊ ဆင်ခြင်ဉာဏ်ကောင်းမှုအတွက် အရေးအပါဆုံးသောအချက်မှာ အတွေ့အကြုံဖြစ်ပါသည်။ မိမိကိုယ်တိုင် တွေ့ကြုံခြင်း၊ သူတစ်ပါးအတွေ့အကြုံကို ဆည်းပူးခြင်း၊ မိမိကိုယ်တိုင် ဆင်ခြင်စမ်းခြင်း၊ သူတစ်ပါး ဆင်ခြင်စူးစမ်းပုံကို မှတ်သားခြင်း ဖြစ်ပါသည်။ ဤကာစာပေဖတ်ခြင်းမှာ သူတစ်ပါး၏ အတွေ့အကြုံနှင့် ဆင်ခြင်ပုံကို မှတ်သားဆည်းပူးခြင်းပင် ဖြစ်သည်။ ကိုယ်တွေ့ကြုံရလျှင်ကား အကောင်းဆုံးဖြစ်သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့သုတနယ်ပယ်ဆိုသည်မှာ အချိန်အားဖြင့်လည်းကောင်း၊ နေရာအားဖြင့်လည်းကောင်း ကျဉ်းမြောင်းလှပါသည်။ ရှေးပဝေသဏီကဖြစ်ရပ်ကို ကိုယ်တိုင်ကြုံချင်၍ မဖြစ်နိုင်ပါ။ ရန်ကုန်မြို့တွင်ရှိနေစဉ် မန္တလေးကို ကြုံချင်၍ မဖြစ်နိုင်ပါ။ ထို့ကြောင့် သုတစာပေဖတ်ခြင်းကိုသာ အားကိုးရပါသည်။

လူငယ်ဝတ္ထုဆရာများမှာ (များသောအားဖြင့်) ဝတ္ထုရေးလိုသော ဇောစိတ်ကသာ လွှမ်းမိုးနေသောကြောင့် တခြားသူများရေးသော ဝတ္ထုတွေကို နင်းကန်ဖတ်ပြီး အတုခိုးရေးသားခြင်း ပြုနေကြပါသည်။ သုတစာပေဘက်သို့ မျက်စိမရောက်နိုင်အောင် ရှိနေကြသည်။ သုတစာပေ အဖတ်နည်း၍ ဗဟုသုတခေါင်းပါးလျှင် ရေရှည်အောင်မြင်ရန် ခက်သည်ဟု ထင်ပါသည်။

စာမဖတ်ဘဲ အတွေ့အကြုံများကို ပြန်ရေးခြင်းဖြင့် အောင်မြင်နေသော ဝတ္ထုဆရာများ မရှိပြီလော မေးစရာရှိပါသည်။ ရှိပါသည်။ သို့သော် ကျွန်တော်လည်း ပြန်ပြီး မေးရပါလိမ့်မည်။ သူတို့သြဇာ မည်မျှကြီးသနည်း။ ပရိသတ်က မည်မျှရှိသေသနည်း။ သူတို့သက်တမ်း ဘယ်မျှကြာကြာခံပါသနည်း။ အကြောင်းအရာထပ်မလာအောင် ဘယ်လောက်ကြာကြာ ရေးနိုင်သနည်း။ ခေတ်နှင့်အတူ ဘယ်နှယောက်ပါလာသနည်း။ ဤသို့မေးရပါလိမ့်မည်။

ထို့ကြောင့် ဝတ္ထုဆယ်အုပ်လောက်ဖတ်လျှင် သုတစာပေ နှစ်အုပ်လောက်တော့ ဖတ်သင့်သည်ဟု ထင်ပါသည်။ ဤသို့ သုတစာပေကို ဖတ်လျှင် တွေးတောင့်သစ်ကို ရနိုင်ပါသလားဟု မေးစရာ ရှိပါသည်။ သုတစာပေတွင် သုတသက်သက်စာပေသာမက အတွေးအခေါ်ကို ဖွင့်ဆိုရှင်းပြသော အတွေးစာပေများလည်း ရှိတတ်လေရာ စာဖတ်သူ၏ သုတနယ်ပယ်ကိုလည်းကောင်း၊ အတွေးနယ်ပယ်ကိုလည်းကောင်း ကျယ်ပြန့်စေနိုင်သည်ဟု ယုံကြည်မိပါသည်။ ဤသို့အားဖြင့် ကိုယ်ပိုင်အတွေးသစ် အမြင်သစ်များကို အမှတ်မထင် ရလာတတ်သည်ဟု ထင်ပါသည်။ ထိုအတွေးအမြင်သစ်တို့သည် ဝတ္ထု၊ ကဗျာတို့၏ ခွန်အားတစ်ခု ဖြစ်လာနိုင်ပါသည်။

ကောင်းသော ဝတ္ထုဆရာ

အထက်တွင် 'တော်' သော ဝတ္ထုဆရာဟု သုံးခဲ့ပါသည်။ ဝတ္ထုဆရာကောင်း ဝတ္ထုကောင်းဟု မဆိုခဲ့သေးပါ။ ကောင်းရန်အတွက် နောက်တစ်ချက် လိုသေးသောကြောင့် ဖြစ်ပါသည်။ လူတော်လူကောင်းဟု ဆိုကြပါသည်။

လူတော်ဆိုသည်မှာ ဗဟုသုတကျယ်ဝန်းခြင်း၊ ဆင်ခြင်ဉာဏ်ကောင်းခြင်းတို့ ပေါင်းဖွဲ့ထားခြင်းဖြစ်ကြောင်း တင်ပြခဲ့ပြီးပါပြီ။ လူကောင်းဖြစ်ရန်ကား စေတနာကောင်းဖို့ လိုပါသည်။ စေတနာကောင်းဆိုတာ ဘာလဲဟု မေးစရာ ဖြစ်ပါသည်။ ဤကဲ့သို့သော ဆောင်းပါးမျိုးတွင် အကျယ်တဝင့် ဖြေနိုင်သည် မဟုတ်ပါ။ အကျယ်တဝင့် ဖြေနိုင်စွမ်းလည်း မရှိပါ။ လိုအပ်သမျှကို တိုတိုဖြေရလျှင် မိမိတည်း ဟူသောအကြောင်းကြောင့် တစ်ပါးသူတို့အား စိတ်၏ ချမ်းသာမှု ကိုယ်၏ ချမ်းသာမှု ဖြစ်စေလိုသော စေတနာဟုပင် ဆိုရပါမည်။

အချုပ်ကိုဆိုရလျှင် ဗဟုသုတကျယ်ဝန်းသော၊ ဆင်ခြင်ဉာဏ်ကြီးမားသော၊ စေတနာကောင်းသော လူကို လူတော်လူကောင်းဟု ခေါ်နိုင်ပါလိမ့်မည်။ ထိုလူတော်လူကောင်းတွင် ဝတ္ထုအနုပညာစွမ်းရည် ပေါင်းထည့်ပေးလျှင် ဝတ္ထုဆရာကောင်း မုချဖြစ်လာပါလိမ့်မည်။

နိဂုံး

ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ ဝက်ဝုတ္တိအလင်္ကာ စသည်တို့တွင်လည်းကောင်း၊ သမာဓိဂုဏ် စသည့်တင်စားမှုတို့တွင်လည်းကောင်း၊ သစ်လွင်လတ်ဆတ်လျှင် လူတို့ နှစ်သက်တတ်မြဲဖြစ်ပါသည်။ ထို့အတူ တွေးတောင့်သစ်လွင်လတ်ဆတ်လျှင်လည်း ပရိသတ်က ချီးကျူးလက်ခံကြမြဲ ဖြစ်ပါသည်။

ထို့ကြောင့် အလားအလာ ခမ်းနားလှသော လူငယ်ဝတ္ထုဆရာတို့သည် ဝတ္ထုရေးနည်း၌သာ အာရုံနစ်မနေဘဲ တွေးတောင့်သစ်လွင်မှုအတွက်ပါ ဂရုပြုနိုင်ရန် နှိုးဆော်လိုက်ရပါသည်။

ဤမျှ ရှည်လျားစွာရေးသားခဲ့သော ကျွန်တော်၏ ဆောင်းပါးတစ်ခုလုံးကို အကျဉ်းချုပ်လိုက်လျှင် 'စာများများဖတ်ပြီး လေးလေးနက်နက်တွေးကျင့်ပြု၍ စေတနာကောင်းထားပါမှသာ ဝတ္ထုကောင်းများထွက်လာနိုင်ရာ ယနေ့လူငယ်ဝတ္ထုဆရာများ သုတစာပေကိုလည်း ဂရုပြုဖတ်သင့်သည်' ဟု ဝါကျတည်ခုတည်းဖြင့် ပြီးနိုင်ပါသည်။ သို့သော် ဝါကျတစ်ခုနှင့် ဆောင်းပါးတစ်စောင်တို့၏ ခြားနားမှုကိုလည်း စာဖတ်သူ သိပါသည်။

■

ရှုမဝရုပ်စုံမဂ္ဂဇင်း
ဇွန်၊ ၁၉၈၀

www.burmeseclassic.com

www.burmeseclassic.com

တွေးထောင့်နှင့် အနုပညာ

၁၉၈၀ ဖွန်လ၊ ရှုမဝမဂ္ဂဇင်းတွင် 'တွေးထောင့်နှင့် ဝတ္ထု' ဟူသော ဆောင်းပါးကို ရေးခဲ့ပါသည်။ တွေးထောင့်သစ်လှုပ်မှုသည် ဝတ္ထုတွင် ခွန်အားကြီးတစ်ခုဖြစ်ရာ ထိုတွေးထောင့်သစ်ကို ရရန် ဗဟုသုတနှင့် ဆင်ခြင်ဉာဏ် လိုအပ်သောကြောင့် စာဖတ်များရန်လိုအပ်ကြောင်း လူငယ်ဝတ္ထုဆရာများအား တိုက်တွန်းနိုးဆော်ခဲ့ပါသည်။

ဗဟုသုတအတွေ့အကြုံနှင့် ဆင်ခြင်ဉာဏ်တို့ကြောင့် တွေးထောင့်ပြောင်းရပုံကို ဆက်လက် တင်ပြလိုပါသေးသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အတန်ကြာက ကျွန်တော်တို့မြို့တွင် လူသတ်မှုကြီးတစ်ခု ဖြစ်ခဲ့ဖူးပါသည်။ ရက်စက်ကြမ်းကြုတ်လှသော စစ်ကြီးကို မကြုံတွေ့ရသေးသော ထိုခေတ်ကမူကား လူသတ်မှုဆိုသည်မှာ လူတိုင်းကို ထိတ်လန့်ချောက်ချားသွားစေသော ကိစ္စကြီးဖြစ်ပါသည်။ လူမှန်းသိစကျွန်တော်တို့ကလေးများပင်လျှင် ရောယောင်ထိတ်လန့်၍ မျက်လုံးအဝိုင်းသားနှင့် လူကြီးများ ပြောကြဆိုကြသံကို နားထောင်ခဲ့ရသည်ကို သတိရမိပါသေးသည်။

ကိုကျော်လွှား၊ ကိုစိန်ဘူးနှင့် ကိုထွားကြီးတို့မှာ မြို့စွန်မကျတကျ ရပ်ကွက်တွင် နေထိုင်သူများဖြစ်ကြ၍ သူငယ်ချင်းများလည်း ဖြစ်ကြသည်။ ကိုကျော်လွှား၏ မိဘများမှာ အတန်အသင့် ကုံလုံပြည့်စုံသည်။ ကိုစိန်ဘူးကတော့ အတီးအမှုတ်နှင့် စက်မှုပညာတစ်ရပ်ကိုပါ အတန်အသင့် တတ်ကျွမ်း

သောကြောင့် သူ့ဝင်ငွေနှင့်သူ မပူမပင် နေနိုင်သည်။ ကိုထွားကြီးတစ်ယောက်ကတော့ လက်လုပ်လက်စားပင် ဖြစ်သည်။

တစ်ညနေတွင် ကိုကျော်လွှားနှင့် ကိုစိန်ဘူးတို့က ကိုထွားကြီးကို အရက်သောက်ရန် လာခေါ်သည်။ သုံးယောက်သား မြို့လယ်ဈေးအနီးရှိ အစိန်၏ ခေါက်ဆွဲဆိုင်သို့ ရောက်သွားကြသည်။ ထိုအခါ အလွန်ခေတ်စားနေသော မန္တလေး 'တက်ခေတ်' အရက်ဖြူတစ်လုံးကိုမှာပြီး တစိမ့်စိမ့်သောက်နေကြသည်။

ကိုကျော်လွှားက အသားညိုညို၊ ကိုယ်ဟန်ခွဲ့ခွဲ့၊ ရုပ်ကလည်း မဆိုးလှ။ ကြည့်ပျော်ရှုပျော်၊ ရယ်ရယ်မောမော နေတတ်သည်။ မူးလာလျှင်တော့ 'ရိ' တတ်သည်။ လက်ကလည်း လျင်သည်။ ထစ်ခနဲဆို ရိုက်ပြီးနှက်ပြီး ဖြစ်နေတတ်သည်။

ကိုစိန်ဘူးကတော့ အသားနည်းနည်းမည်းသည်။ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး၊ ဗလင်တီနိုးဘိုကေကို ပိပြားနေအောင် ဖြီးထားတတ်ပြီး သပ်သပ်ရပ်ရပ်နေလေ့ရှိသည်။ စကားပြောလျှင် နဲနဲထစ်သည်။ ပင်ကိုယ်အားဖြင့် သဘောကောင်း လိုက်လျောတတ်သူ ဖြစ်သည်။

ကိုထွားကြီးကတော့ နာမည်နှင့်လိုက်သည်။ လူလုံးလူဖန် ထွားထွားကျိုင်းကျိုင်း။ လူလုံးလူဖန်ကြီးသလောက် သဘောကောင်း သည်းခံတတ်သူဖြစ်ရာ ကလေးများကပင်လျှင် သူ့ကို တွေ့လျှင် နှုတ်ဆက်ရဲသည်။ သူကလည်း ဖော်ဖော်ရွေရွေ အရေးတယူ ပြန်လည်နှုတ်ဆက်သည်။

သူတို့သုံးယောက် အရက်ရှိန်ကလေး တက်လာစတွင် . . .

"ဟေ့ . . . အစိန်ရေ၊ ခေါက်ဆွဲကြော် နှစ်ထုပ်ဟေ့၊ ခပ်မြန်မြန်ကွာ'

အသံကြားသောကြောင့် သူတို့သုံးယောက်က လှမ်းကြည့်လိုက်သည်။ ဆိုင်ထဲသို့ဝင်လာရင်း ခေါက်ဆွဲကြော်မှာလိုက်သူမှာ ကိုဘိုးကြည်။ ကားသမားကိုဘိုးကြည်။ သူကလည်း ကားသမားလောကနှင့် သူတို့ရပ်ကွက်မှာတော့ နာမည်ကြီး လူမိုက်စာရင်းဝင်။ အဝေးပြေးကားမောင်းရာမှအပြန် ခေါက်ဆွဲဝင်ဝယ်ခြင်း ဖြစ်သည်။

သည်တော့ ကိုကျော်လွှားက လှမ်းပြီး . . .

"ဟေ့ . . . ဘိုးကြည်ပါလားကွ"

"အေးကွာ၊ အိမ်ဖို့ ခေါက်ဆွဲကြော်ဝင်ဝယ်တာ"

www.burmeseclassic.com

www.burmeseclassic.com

"လာပါကွာ၊ ခေါက်ဆွဲကြော် စောင့်ရင်း တစ်ခွက်လောက် သောက်သွားပါဦး"

"တော်ပြီကွာ၊ ငါ့မှာ ကားထွက်ဖို့ကိစ္စက မပြီးသေးဘူး၊ သောက်ကြတော့ကွာ"

အမှန်ကတော့ ကိုဘိုးကြည်ကလည်း ကိုကျော်လွှားနှင့် မသောက်ချင်။ ကိုကျော်လွှားနှင့်သောက်ရသည်မှာ အရက်ဖိမ်ပျက်သည်။ သူ့ကို အပေါင်းအသင်းများက 'မစိန်သုန်ကြီး' ဟုခေါ်ကြောင်းလည်း ကြားထားပြီးဖြစ်သည်။ 'မစိန်သုန်' ဆိုသည်မှာ ထိုခေတ်က နာမည်ကြီးမင်းသမီး။ အထူးသဖြင့် 'ဖြစ်ကြောင်းရယ်မှကုန်စင်' အစရှိသော ငိုချင်းရှည်ဆို၍ နောက်ကြောင်းပြန်သည့်အခန်းများတွင် ပရိသတ်မျက်ရည်မစဲအောင် လွမ်းနိုင်သည်ဟု ဆိုကြသည်။ ကိုကျော်လွှားကလည်း နည်းနည်းမူးလာလျှင် သောက်ဖော်စားဖက်ချင်းပင် ဘယ်တုန်းကဘယ်လို ဘာညာနှင့် ရေးဟောင်းနှောင်းဖြစ်တွေ ပြန်ဖော်ပြီး ရိုတတ် ခန့်တတ်သည်။ ဤသို့ နောက်ကြောင်းပြန်ကောင်းလှသောကြောင့် မစိန်သုန်ကြီး။ ဒါကြောင့် ကိုဘိုးကြည်က ငြင်းသည်။

သို့သော် ကိုကျော်လွှားကလည်း အရက်ရှိန်တက်နေပြီ။

"လာပါကွ သူငယ်ချင်းရ၊ တခြားလူတွေမှ မဟုတ်ပဲ၊ ငါတို့တိုက်တာကို သောက်ကွာ"

"တော်ပါပြီကွာ၊ တကယ်မသောက်ချင်လို့ပါ"

"တစ်ခွက်တည်းကွာ"

ကိုကျော်လွှားက အရက်ခွက်ကိုယူပြီး ကိုဘိုးကြည်ထိုင်နေသော စားပွဲဆီသို့ ထသွားမည်ပြုသည်။ ကိုစိန်ဘူးက "သူမသောက်ချင်လဲ နေပါစေကွာ" ဟု တားသေးသည်။ သို့သော် မရ၊ ကိုစိန်ဘူးလက်ကို ဖယ်ချပြီး ကိုဘိုးကြည်ဆီ သွားသည်။

"ရော့ကွာ၊ ဒါလေးပဲ သောက်လိုက်"

"ကျော်လွှားရယ်၊ ငါ တကယ်မသောက်ချင်လို့ ပြောနေတာပါကွာ"

"အေး ... ငါတိုက်တာတော့ သောက်ရမယ်ကွာ"

"မင်း မူးနေပြီကွာ၊ ဟော့ ... အစိန်၊ ခေါက်ဆွဲမရသေးဘူးလား"

"ရမှာပါကွ၊ ရော့ကွာ ... ဒါလေးတော့ မင်း ငါ့ကို ခင်ရင် သောက်ကွာ"

"အေး ... ခင်ပါတယ်ကွ၊ မင်း ငါ့ကို ခင်ရင် မတိုက်နဲ့တော့ ဒါပဲ"

"ခင်လို့တိုက်တာပေါ့ကွ၊ ရော့ကွာ ... သောက်ပါကွ"

"ကျော်လွှား ... မင်း မူးနေပြီ၊ တော်တော့ကွာ"

ပြောပြောဆိုဆို ကိုဘိုးကြည်က အရက်ခွက်ကို တွန်းဖယ်လိုက်သည်။ အရက်ခွက် ခွပ်ခနဲ ကျသွားသည်။ ကိုကျော်လွှားက ဆတ်ခနဲ ကိုဘိုးကြည်၏ မျက်ခွက်ကို လက်သီးနှင့်ထိုးလိုက်သည်။ ရုတ်တရက်မို့ ရှောင်ချိန်မရလိုက်။ သူ့ကို ထိလာတော့ ကိုဘိုးကြည်ကလည်း ပြန်ထိုးလိုက်ရာ ကိုကျော်လွှား ဖင်ထိုင်ကျသွားသည်။ သည်တော့ ကိုစိန်ဘူးကပါ ဝင်ထိုးသည်။ သို့သော် သူတို့နှစ်ယောက်က မူးနေပြီ။ ဟိုက လူကောင်း။ ဘယ်မှာယှဉ်လို့ရမလဲ၊ တဖြောင်းဖြောင်း ခံနေရသည်။ ကိုထွားကြီးက ပထမတော့ ကြောင်ပြီး ကြည့်နေသည်။ နောက်မှ သတိရပြီး အနီးရှိ ထင်းပုံထဲက သုံး–နှစ်လက်မ၊ အရှည်နှစ်တောင်ခန့်ရှိ သစ်သားချောင်းကို ကောက်ယူပြီး ကိုဘိုးကြည်နောက်က ဝင်ရိုက်လိုက်သည်။ တစ်ချက်တည်းပါပဲ၊ ကိုဘိုးကြည် ဒုံးခနဲ လဲကျသွားသည်။ ကိုကျော်လွှားနှင့် ကိုစိန်ဘူးက လဲနေသူကို လက်သီးနှင့်ဖိပြီး ထိုးနေသေးသည်။ လုံးဝမလှုပ်တော့မှ လန့်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိသည်။ ကိုထွားကြီးကတော့ လက်ထဲမှာ သစ်သားချောင်းကြီးနှင့်။

ရုံးရောက်တော့ ဆရာဝန်၏ ထွက်ဆိုချက်အရ နောက်စေ့ဦးဆက် ဒဏ်ရာကြောင့် သေသည်။ အစိန်နှင့်တကွ မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်အရ ကိုထွားကြီး၏ လက်ချက်။ ထို့ကြောင့် ကိုကျော်လွှားနှင့် ကိုစိန်ဘူး ထောင်ဒဏ် ရှစ်လစီ။ ကိုထွားကြီး ထောင်ဒဏ် တစ်သက်တစ်ကျွန်း။

ကျွန်တော် ယခုတိုင်မှတ်မိနေသည်မှာ ကိုထွားကြီး တစ်ကျွန်းက ရေးလိုက်သော စာပင်ဖြစ်သည်။ ရေးတာကတော့ သူ့အဖေ၊ သူ့အမေဆီ ရေးတာပဲ ဖြစ်သည်။ သို့သော် သူကောင်းမွန်စွာ ရောက်ကြောင်း၊ စိတ်မပူဖို့အကြောင်း၊ မိတ်ဆွေများကို လွမ်းဆွတ်သတိရကြောင်းတို့မှာ တိုတိုပဲ ဖြစ်သည်။ ဖွဲဖွဲနွဲ့နွဲ့ ပြည့်ပြည့်စုံစုံ ရေးတတ်ဟန်လည်း မတူပါ။ ဤမျှအကြောင်းအရာကိုသာ တိုတိုရေးသော်လည်း စာရွက်မှာ လေးရွက်လောက်ရှိသည်။ ထိုလေးရွက်လောက်ရေးထားသည်မှာ စာမဟုတ်။ စာရင်းကြီးဖြစ်သည်။ ကျွန်းက နေပြီး သတိရနေကြောင်း ပြောပြလိုက်ရန် နှုတ်ဆက်သည့် လူစာရင်းဖြစ်သည်။ ကျွန်တော်တို့ရပ်ကွက်တစ်ခုလုံးကို အိမ်ပေါက်စေ့ လမ်းအလိုက် ဝင်ကာ

www.burmeseclassic.com

www.burmeseclassic.com

ထွက်ကာ တန်းစီပြီး ရေးထားသည်။ သူ့အမေလည်း သူ့သား တစ်ကျွန်းစံ လူ့မိုက်ကြီးထံမှစာကို မျက်ရည်တစမ်းစမ်းနှင့် အိမ်ပေါက်စေ့လိုက်ပြီး ပြရှာသည်။ နောက်ကလည်း ကျွန်တော်တို့ကလေးတွေအပါအဝင် လူတွေ တရှုန်းရှုန်းနှင့်။

ယခု ပြန်ပြီးစဉ်းစားကြည့်တော့ ကိုထွားကြီး အိမ်ကို လွမ်းရသော ဒုက္ခကို မှန်းဆမိပါသည်။ တစ်ကျွန်းသို့ပို့သည့် သင်္ဘောပေါ်ရောက်ကတည်းက ကိုယ့်ရပ်ကိုယ့်ရွာကို စာရင်းချပြီး လွမ်းနေဟန်ရှိပါသည်။ သူ့အဖို့ အိမ်နားက ညောင်ပင်ကြီးကလည်း လွမ်းစရာ၊ အဲဒီညောင်ပင်ကြီးမှာရှိတဲ့ တောက်တဲ့ကြီးကလည်း လွမ်းစရာ၊ တံတားပျက်ကလေးကလည်း လွမ်းစရာ၊ အဲဒီနားက အုတ်ခဲကျိုးနဲ့ မြက်ပင်ကလေးတွေကစပြီး အားလုံး လွမ်းစရာတွေချည်း ဖြစ်နေရှာပါလိမ့်မည်။

*

ကျွန်တော်လည်း သူ့ကို စဉ်းစားမိလျှင် (ဘုမသိဘမသိ) သူ့အစား လွမ်းမိသလိုလို ဖြစ်ခဲ့မိပါသည်။ ဤမျှထက်ပို၍ မခံစားမိခဲ့ပါ။ ဝတ္ထုရေးတတ်၍ ရေးလျှင်လည်း အကြမ်း၊ အလွမ်း ဝတ္ထုလောက်သာ ဖြစ်ဖွယ်ရာရှိပါသည်။

စစ်ကြီးပြီးသောအခါ တစ်ကျွန်းကလူများကို ပြန်လွှတ်လိုက်သောကြောင့် ကိုထွားကြီးလည်း နှစ်မစေ့မီပင် ပြန်ရောက်လာပါသည်။ စစ်ကြီးအတွင်း၌ပင် ကျွန်တော်တို့ လူလားမြောက်ခဲ့ရပါသည်။ စစ်ကြီးပြီးသောအခါ ကာလသားပေါက်ဟု ဆိုနိုင်သော အရွယ်ဖြစ်ပါသည်။

ထိုအခါတွင် ကျွန်တော်တို့လို ကာလသားလူငယ်တို့၏ ဆရာလည်းဖြစ်သော၊ ခေါင်းဆောင်လည်းဖြစ်သော တောင်တွင်းကြီး သခင်ကျော်စိန်က လူသတ်မှုအကြောင်းကို စကားစပ်မိသဖြင့် အသေ့းစိတ်ထပ်၍ ပြန်ပြောင်းပြောပြပါသည်။ သူ၏ မှတ်ချက်ကလေးတစ်ခုကိုလည်း ထည့်သွင်းပြောပြပါသည်။

"တကယ့်တရားခံကတော့ ကျော်လွှားပဲကွ၊ ငါက သူတို့တွေနဲ့ ငယ်ပေါင်းဆိုတော့ သူတို့အကြောင်းကို အားလုံးသိပါတယ်။ ဘိုးကြည်ကသဲ သူ့နယ်နဲ့သူမှာတော့ လူစွာပဲကွ၊ ကျော်လွှားကလဲ လူမိုက်ချင်း အကဲစမ်းတာပဲ။ ရှမ်းရင်းဆန်ခတ်ဖြစ်တော့ ထွားကြီးကလဲ မနေသာတော့ဘဲ ဝင်ပြီး

ချရတာပေါ့။ အမှန်က ထွားကြီးက လူရိုးသဘောကောင်းကြီးပါ။ သို့သော်လည်း အတူတူအရက်သောက်မိလျက်သားဖြစ်နေတော့ သောက်ဖော်သောက်ဖက်ချင်း သစ္စာရှိလိုက်တာပေါ့ကွာ။ ဒီလိုမှ မလုပ်လိုက်ရင်လဲ ကျော်လွှားက ထွားကြီးကို အခွင့်ကြုံတိုင်း နောက်ကြောင်းပြန်ရှုတ်ချလို့ ဆုံးမှာမဟုတ်ဘူး။

"လူမိုက်ကို ရှောင်ကြဉ်ရမယ်ဆိုတဲ့စကားက မှန်လွန်းအားကြီးနေတော့ သိပ်ရိုးပြီး ဟောင်းနေတဲ့စကားကြီး ဖြစ်နေတယ်၊ ဒါပေမဲ့ အမြဲမှန်နေတဲ့စကားကွ၊ အရက်သောက်တတ်တဲ့လူများဟာ သာပြီး သတိပြုဖို့လိုသေးတယ်၊ ကျော်လွှားလို လူမျိုးနဲ့တွဲပြီး သောက်မိရင် ဂါတ်နဲ့ဆေးရုံ တစ်ခုခုရောက်သွားတတ်တယ်၊ သူများနဲ့ဖြစ်ရင်ဖြစ် မဖြစ်ရင် အတူသောက်တဲ့လူချင်း ဖြစ်ရတော့တာပဲ"

သခင်ကျော်စိန်မှာ သူ့တစ်သက်တွင် အရက်ကို တစ်စက်မှသောက်ခဲ့ဖူးသူ မဟုတ်ပါ။ သို့သော်လည်း သူ့အပေါင်းအသင်းများမှာ အရက်သမား၊ ဘိန်းသမားချည်းလိုလိုဖြစ်ကြောင်း သတိပြုခဲ့မိပါသည်။ သူတို့ကို ကြည့်ပြီး မကြာခဏလည်း ဆင်ခြင်တွေးတောမိဟန်တူပါသည်။

သူ့ဆင်ခြင်မိသော ကောက်ချက်ကလေးကို ကြားလိုက်ပြီးသောအခါ ထိုလူသတ်မှုအကြောင်းကို သတိရတိုင်း အရက်ဝိုင်းနှင့်ပတ်သက်သော အပေါင်းအသင်းသဘာဝကိုပါ သတိထားမိပြန်ပါသည်။ အရက်ဝိုင်းကို တွေ့သောအခါတွင်လည်း ထိုလူသတ်မှုကို သွားပြီး သတိရမိတတ်ပြန်ပါသည်။ သင်ခန်းစာဟု ဆိုနိုင်ပါသည်။ တွေးထောင့်ကြောင့်သာ သစ်ခန်းစာပေါ်လာရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အတွေ့အကြုံ ဗဟုသုတသာမက ဆင်ခြင်ဉာဏ်လည်းရှိပါမှ တွေးထောင့်သစ်ပေါ်နိုင်သည်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

*

၁၉၅၃ ခုနှစ်လောက်က တောင်တွင်းကြီးမြို့ မိုးထိအလယ်တန်းကျောင်း၌ ကျွန်တော် အလယ်တန်းပြဆရာ ဖြစ်လာပါသည်။ ကျွန်တော် ရောက်ပြီး မကြာမီ ဆရာသစ်တစ်ယောက် ဝင်လာပါသည်။ သူ့အမည်မှာ ဦး[illegible]မြိုင်။ သူကလည်း ကိုကျော်လွှားတို့နှင့် ခေတ်ပြိုင်ကာလသားစာရင်းဝင်၊ ရိုက်လားနှက်လား

www.burmeseclassic.com

www.burmeseclassic.com

လုပ်တတ်သူမျိုးဖြစ်သည်။ အိမ်ထောင်ကျပြီး သမီးလေးတစ်ယောက်ရမှ ထိုသမီးကို ချစ်ရာလွန်း၍ မူး၊ ပေ၊ ရမ်း လုပ်ငန်းကြီးကို စွန့်လာခဲ့သူဖြစ်သည်။ စိတ်ရင်းကောင်း၊ ပျော်ရွှင်ရယ်မောတတ်သောကြောင့် ကျွန်တော်က သူ့ကို အလွန်ခင်သည်။

တစ်နေ့တွင် ရှေးဟောင်းနှောင်းဖြစ်များပြောကြရင်း ဤလူသတ်မှုကြီး အကြောင်း စကားစပ်မိတော့ သူက . . .

"ဘိုးကြည်က အဲဒီနေ့ညမှာ သေကို သေရမှာဗျ"

သူပြောပုံ လေသံ ဟန်ပန် ထူးဆန်းသောကြောင့် ကျွန်တော်က . . .

"ဟုတ်လား၊ ဘာပြုလို့လဲဗျ"

"ကျုပ်လဲ နောက်မှ သိလာရတာပါ၊ ဘိုးကြည်ကလဲ ကျွတ်ဆတ်ဆတ် ဆိုတော့ ရန်ကအများသားဗျ၊ ခင်ဗျား ဦးကျော်ဆောင်းကြီးကို မီလိုက်သေး တယ် မဟုတ်လား၊ အဲဒီလူကြီးကလဲ လက်ရဲ ဇက်ရဲကြီးဗျ၊ သူက ကျုပ်တို့လို တုတ်သမား မဟုတ်ဘူး၊ ဓားမြှောင်သမား၊ သူ့ဓားမြှောင်ကလဲ အသွား ချည်း တောင်ဆုပ်လောက်ရှိတယ်၊ ဓားပုန်းထိုးတဲ့နေရာမှာတော့ ဝိတ်ပေါ့များ၊ ပါးစပ်ကပြောနေတဲ့လူမျိုး မဟုတ်ဘူး၊ ကိုုတ်ပြီး တွယ်တဲ့လူမျိုး၊ အဲဒါ ဘိုးကြည် ကိုချောင်းနေတာ ကြာပြီ၊ အဲဒီညမှာတော့ အစိန့်ဆိုင်ရှေ့လမ်းတစ်ဖက် ဖောင်တော်ဦးဘုရားနံဘေးက ကုက္ကိုပင်ကြီးရှိပါရောလား၊ အဲဒီ ကုက္ကိုပင်မှာ ကွယ်ပြီးစောင့်နေတာ၊ ဘိုးကြည်ကို အသေကိုထိုးဖို့ စောင့်တာ၊ အဲဒါ ဆိုင်ထဲ တင် ကိစ္စပြီးသွားတော့ ဓားကို ချိုင်းကြားဝှက်ပြီး အသာပြန်သွားရတာပေါ့၊ သူ့ ကံကောင်းတယ်ဆိုရမှာပေါ့၊ နို့မဟုတ်ရင် ထွားကြီးနေရာမှာ သူပေါ့၊ အင်း . . . လူဟာ သူ့ကံနဲ့ သူပဲဗျ"

ဤသည်မှာ ထပ်ပြီး သိလာရသောအချက် ဖြစ်ပါသည်။ သေဖို့ကိစ္စ တွေကစောင့်နေသော ကိုဘိုးကြည်။ ကြိုးဒဏ်၊ ကျွန်းဒဏ်လွတ်သွားသော ဦးကျော်ဆောင်း။ အမှတ်မထင် အရက်တစ်ခွက်ကြောင့် တစ်သက်တစ်ကျွန်း ရောက်သွားရသည့် ကိုထွားကြီး။

တွေးစရာတွေ တစ်ပြုံကြီး တိုးလာပြန်ပါသည်။ ဝတ္ထုရေးလျှင် မည်သည့် တွေးထောင့်က ရေးမည်နည်း။

ကျွန်တော် ပမာနပြုချင်သည်မှာ ပြဿနာတစ်ခုအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိလာလေလေ၊ တွေးထောင့်သစ်သစ်လွင်လွင်တွေ ပေါ်လာလေလေဟူသော အချက်ဖြစ်ပါသည်။ ထို့ကြောင့် ဗဟုသုတကျယ်ပြန့် ရန် လူငယ်ဝတ္ထုဆရာများ စာများများဖတ်ရန် လိုအပ်သည်ဟု အလေးအနက် တိုက်တွန်းရခြင်း ဖြစ်ပါသည်။

*

ဤမျှအထိ ကျွန်တော်ရေးခဲ့သော တွေးထောင့်ဆိုသည်မှာ သင်ခန်းစာ၊ ဘဝအမြင်၊ လောကအမြင်တို့နှင့်သာ သက်ဆိုင်ကြောင်း သတိပြုမိကြပါလိမ့် မည်။ တွေးထောင့် သစ်လွင်လတ်ဆတ်လျှင် ဝတ္ထု၏ ခွန်အားတစ်ခုဖြစ်ကြောင်း ကိုလည်း ပြောခဲ့ပါမည်။

သို့သော် အနုပညာဖန်တီးခြင်း၌ မရောင့်ရဲနိုင်သော သူတို့ကမူကား ဘဝအမြင်၊ လောကအမြင်၊ သင်ခန်းစာ စသည်တို့ကို အနုပညာဟု သဘော မထား။ ဇာတ်လမ်းနှင့် ဖမ်းစားရခြင်းကလည်း အောက်တန်းစား။ ဇာတ်ဆောင် စရိုက်ဆိုသည်ပင်လျှင် ဘဝအမြင်၊ လောကအမြင်နှင့် မကင်း။ တစ်ဖန် လူ့ သဘော လူ့သဘာဝအပေါ် အခြေတည်ရသောကြောင့် ဆိုင်ခြင်းဆိုင်လျှင် စိတ်ပညာနှင့်သာ ဆိုင်သည်။ အနုပညာနှင့်မဆိုင်။ ဘဝအကြောင်းပြောသည် ဆိုခြင်းမှာ အနုပညာမဟုတ်။ ဘယ်လိုပြောသည် ဆိုခြင်းသာလျှင် အနုပညာ ဖြစ်သည်။ ထို့ကြောင့် တွေးထောင့်ဆိုသည်ကို အနုပညာစာရင်း မသွင်း။

အတွေးအမြင် လူ့သဘာဝမပါဘဲ ဝတ္ထုရေး၍ ရုပ်ရှင်ရိုက်၍ မရနိုင် သည်မှာ မှန်၏။ သို့သော် ထိုအချက်များက အနုပညာကို လွှမ်းမိုးမသွား အောင် (ဝါ) အဲဒါတွေကောင်းလို့ ဝတ္ထုကောင်းသည်ဟူသော အဖြစ်မျိုးကို မရောက်အောင် ကြိုးစားကြသည်။ သူပြောသော အရာထက် သူပြောပုံ ဆိုပုံ အနုပညာက လွှမ်းတက်လာအောင် ကြိုးစားကြသည်။

ဝတ္ထု ကဗျာ စသည့် စာပေကိစ္စ၌ မဆိုထားဘိ၊ ရုပ်ရှင်သမားများ ကပင် ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ဆောင်စရိုက်၊ သင်ခန်းစာ၊ ဗဟုသုတ စသည်တို့ကို ရုပ်ရှင်အနုပညာက လွှမ်းတက်သွားအောင် ကြိုးစားကြသည်။ ရုပ်ရှင်အနုပညာသည် ဝတ္ထုဇာတ်လမ်း၊ ဇာတ်ညွှန်း စသည့် စာပေ၏ လက် အောက်ခံမဟုတ်၊ သူ့ကိုယ်ပိုင် သီးသန့်အနုပညာဖြစ်သည်ဟူသောအချက် ကိုပြရန် အားထုတ်နေကြသည်။

၁၉၅၅ တွင် ဒါရိုက်တာဆူ၊ ရုပ်ရှင်ကားဆူများ အပါအဝင် အော်စကာ

www.burmeseclassic.com

www.burmeseclassic.com

ဆု (၇) ဆုကို ရရှိခဲ့သော Srar War (ကြယ်တာရာစစ်ပွဲ) ရုပ်ရှင်ကားကို ရိုက်သူ ဂျော့(ဂျ်)လူးကပ်စ်က မနေ့တစ်နေ့ကပင် စကားတစ်ခွန်း ပြောလိုက်ပါသေးသည်။ "ကျွန်တော်ကတော့ 'အမြင် ပုံရိပ် ကဗျာ' အဖြစ်နဲ့ (Visual tonc pocms) လွတ်လပ်ရုပ်ရှင်အယူအဆ (cincma vcrite) ပေါင်းစပ်တဲ့ ဂိုဏ်းဆီကိုပင် ပြန်သွားချင်ပါတယ်။ အဲဒီကားမျိုးမှာ လူတွေကတော့ ပါမှာပေါ့လေ။ ဒါပေမဲ့ ဇာတ်လမ်းတွေ၊ စရိုက်တွေ မပါတော့ဘူး။ ရုပ်ရှင်အနုပညာသန့်သန့်လေးကို ကစားသွားချင်ပါတယ်"

ဤမျှဆိုလျှင်ပင် အနုပညာဖန်တီးမှု၌ မရောင့်ရဲနိုင်သောသူတို့၏ အနုပညာလိပ်ပြာကို ရိပ်စားမိလောက်ကြပါပြီ။

ထို့ကြောင့် တွေးထောင့်သစ်လွှင်လတ်ဆတ်မှုသည် ဝတ္ထု၏ အင်အားကြီးတစ်ခု ဖြစ်သည်ဟုဆိုသော်လည်း အနုပညာခွန်အား မဟုတ်ကြောင်းကိုလည်း မမေ့သင့်ပါ။

ကျွန်တော်၏ ဆောင်းပါးနှစ်စောင်လုံးကို ဖတ်ပြီးနောက် 'ဟ . . . အောင်သင်းရေ၊ မင်းဟာက အမျိုးမျိုးပါပဲလားကွ' ဟု ပြောစရာရှိပါသည်။ မှန်ပါသည်။ သို့သော် ဗလောင်းဗလဲပြောခြင်း မဟုတ်ပါ။ တွေးထောင့်ကွာပုံ အမျိုးမျိုးသာလျှင် ဖြစ်ပါသည်။

■

ရှမဝရုပ်စုံမဂ္ဂဇင်း
ဇူလိုင်၊ ၁၉၈၀

တွေးထောင့်၊ ရှုထောင့်၊ ရေးဟန်၊ အပြော၊ အပြ

၁၉၇၉ ခုနှစ်၊ စက်တင်ဘာလ ရှမဝတွင် ရှုထောင့်များအကြောင်းကို သရုပ်ပြစက်ဝိုင်းများနှင့် တင်ပြခဲ့ဖူးပါသည်။

၁၉၈၀ ခုနှစ်၊ ဇွန်လ–ဇူလိုင်လ ရှမဝမဂ္ဂဇင်းများတွင် တွေးထောင့်သဘော ကျွန်တော့်အယူအဆကို တင်ပြခဲ့ပါသည်။

ယခု အပြောနှင့် အပြ သဘောကို ဆက်လက် တင်ပြလိုပါသည်။ တွေးထောင့်၊ ရှုထောင့်၊ အပြော၊ အပြတို့မှာ တစ်ခုနှင့်တစ်ခု သိမ်မွေ့စွာ ဆက်စပ်လျက်ရှိသောကြောင့် တွေးထောင့်၊ ရှုထောင့်တို့သဘောကိုလည်း အနည်းငယ် ပြန်လည် ပြောဆိုရဦးမည် ဖြစ်ပါသည်။

*

တွေးထောင့်နှင့် ရှုထောင့်

သားရေကုန်သည်နှင့် စပါးကုန်သည်တို့နှစ်ဦးအကြောင်းကို ဖတ်ဖူးကြသူများတွင် ယနေ့လူငယ် များများစားစား ပါဝင်ကြမည် မထင်ပါ။ ကျွန်တော်တို့ခေတ်ကတော့ စတုတ္ထတန်း ဖေါင်းဖတ်စာတွင် ပါဝင်သောကြောင့် လူငယ်တိုင်းလိုလို သိကြပါသည်။

(ယခု ခေတ်လူငယ်များကို ရည်ရွယ်ပြီး စာရေးလျှင် အတော်လေး သတိထားရပါသည်။ ကျွန်တော်တို့ငယ်စဉ်က လူငယ်တိုင်းသိနေသော အကြောင်းအရာကို သူတို့ သိချင်မှ

ငွေနှင့်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

သိပါသည်။ ကျွန်တော်တို့ဘဝတွင် အတော်အတန် အသက်ကလေးရလာမှ သိရသော အကြောင်းအရာကို ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောလိုက်ပြန်လျှင်လည်း သူတို့က မူလတန်းဖတ်စာ၊ ရွှေသွေး၊ တေဇတို့တွင် တွေ့ဖူးပြီးဖြစ်နေသောကြောင့် ပြုံးစိစိလုပ်ချင် လုပ်နေတတ်ကြပါသည်။ ကျွန်တော် ရေးသော ‘ရွှေယုန်နှင့် ရွှေကျား’ စာတမ်းကို အလယ်တန်းတွင် ပြဌာန်းရာ ကျောင်းသားများကို မဆိုထားဘိ၊ ခပ်ရွယ်ရွယ် ဆရာ ဆရာမများကပင် ရွှေယုန်နှင့်ရွှေကျားပုံပြင်ကို ရေရေရာရာမသိသောကြောင့် ကျွန်တော့်ထံ စာရေးပြီး မေးကြဖူးပါသည်။ ထို့ကြောင့် ယနေ့လူငယ်တွေ ယေဘုယျ သိနေကြသော၊ မသိသေးသော အကြောင်းအရာများကို ကိုယ်က မှန်းဆတတ်အောင် သူတို့ ဖတ်သည့်စာများကို လိုက်ဖတ်နေရသည်ကပင် တစ်ဒုက္ခ ဖြစ်နေပါသည်။ တစ်ခါတစ်ရံတွင်လည်း သူတို့ထံ ချဉ်းကပ်ပြီး မေးမြန်းရပါသည်။)

(စကားချပ်)

ယခုလည်း သားရေကုန်သည်နှင့် စပါးကုန်သည်အကြောင်းကို အကျဉ်းမျှ ရေးလိုက်ပါသည်။

သားရေကုန်သည်နှင့် စပါးကုန်သည်နှစ်ဦးတို့သည် ကုန်စည်ဝယ်ရန် တစ်မြို့တစ်ရွာသို့သွားကြရင်း လမ်းခရီး ဘုန်းတော်ကြီးကျောင်းတစ်ခု၌ ဝင်ရောက်တည်းခိုခွင့် တောင်းလေ၏။ ဘုန်းတော်ကြီးလည်း ကုန်ဝယ်ရန် ထွက်လာသော သားရေကုန်သည်နှင့် စပါးကုန်သည်ဖြစ်ကြောင်းကို သိလျှင် စပါးကုန်သည်အား ကျောင်းခန်းတွင်း၌ နွေးထွေးစွာ အိပ်စေ၍ သားရေကုန်သည်အား ကျောင်းခန်းပြင်ပ၌သာ အိပ်စေ၏။ သားရေကုန်သည်လည်း စိတ်ဝမ်းညှိုးငယ်ခြင်းဖြစ်၏။ အပြန်ခရီး၌ကား သားရေကုန်သည်လည်း မိမိအား ခွဲခြားနှိမ့်ချသောကြောင့် ထိုကျောင်းတွင် တည်းခိုခြင်း မပြုလိုတော့။ သို့သော် တစ်ပါးနေရာမရှိသောကြောင့် ထိုကျောင်း၌ပင် တည်းရလေ၏။ ထိုအခါ၌ကား ဘုန်းတော်ကြီးက သားရေကုန်သည်ကို ကျောင်းခန်းတွင်း၌ အိပ်စေ၍ စပါးကုန်သည်အား ကျောင်းခန်းပြင်ပ၌ အိပ်စေ၏။ ကုန်သည်နှစ်ဦးတို့လည်း ဘုန်းတော်ကြီး၏ အပြုအမူကို နားမလည်နိုင်အောင် ရှိကြလေ၏။ ထို့ကြောင့်

နောက်တစ်နေ့နံနက် ခရီးမထွက်မီ ဘုန်းတော်ကြီးအား လျှောက်ထားမေးမြန်းကြလျှင် ဘုန်းတော်ကြီးက . . . ‘ဒကာတို့ ကုန်ဝယ်သွားကြသောအခါ သားရေကုန်သည်က သားရေများ ပေါပေါများများရှိ၍ ဈေးချိုပါစေဟု ဆုတောင်းလိမ့်မည်၊ ကျွဲနွားသတ္တဝါများ အသေအပျောက်များပါစေဟု ဆုတောင်းရာရောက်သောကြောင့် ယုတ်ညံ့သော နှလုံးသွင်းရှိသည်။ ထို့ကြောင့် ယုတ်ညံ့သော နေရာ၌ အိပ်စေသည်။ စပါးကုန်သည်မူကား ဆန်စပါးပေါများ၍ ဈေးနှုန်းချိုပါစေဟု အာရုံပြုလိမ့်မည်။ သတ္တဝါများအတွက် ဆန်ရေစပါးပေါများပါစေဟု အာရုံပြုရာရောက်သောကြောင့် ကုသိုလ်စိတ်နှလုံးသွင်းရှိ၏။ ထို့ကြောင့် သင့်မြတ်သောနေရာ၌ အိပ်စေ၏။ အပြန်ခရီး၌မူကား ယင်းသို့မဟုတ်တော့ပြီ၊ အမြတ်အစွန်းရလိုသည်ဖြစ်သောကြောင့် သားရေကုန်သည်က သားရေများ ရှားပါးပါစေ၊ ဈေးတက်ပါစေဟု အာရုံပြုလိမ့်မည်။ တိရစ္ဆာန်များ အသေအပျောက်နည်းပါစေဟု ဆုတောင်းရာရောက်သောကြောင့် စိတ်ထားမြင့်မြတ်၏။ ထို့ကြောင့် နေရာကောင်းတွင် အိပ်စေ၏။ စပါးကုန်သည်မူကား ဆန်စပါးရှားပါး၍ ဈေးတက်ပါစေဟု အာရုံပြုလိမ့်မည်။ သတ္တဝါများ ဒုက္ခရောက်စေသော ဆန္ဒဖြစ်၍ ယုတ်ညံ့၏။ ထို့ကြောင့် ယုတ်နိမ့်သောနေရာ၌ အိပ်စေ၏’ ဟု မိန့်တော်မူလေသည်။

*

ရှေးဦးစွာ ဤဝတ္ထုတွင် တွေ့ရသော ဝတ္ထုဆရာ၏ တွေးထောင့်ကို စူးစမ်းကြည့်စေချင်ပါသည်။

“လူတို့သည် မိမိတို့အကျိုးကိုသာလျှင် ပဓာနထား၍ လုပ်ဆောင်တတ်ကြရာ ထိုလုပ်ဆောင်မှုကြောင့် လောကကို အကျိုးပြုခြင်း၊ အကျိုးယုတ်စေခြင်း ရှိလာတတ်၏” ဟူသောအချက်မှာ ဝတ္ထုဆရာ၏ တွေးထောင့်ဟု ယူဆချင်ပါသည်။

ဤသည်မှာ ဝတ္ထုဆရာ၏ တွေးထောင့်မျှသာ ဖြစ်ပါသေးသည်။ ဝတ္ထုအဖြစ် ပုံသဏ္ဌာန်ဖွဲ့၍ မပြောသေး၊ မရေးသေးလျှင် ရှုထောင့်ပြဿနာ ပေါ်မလာနိုင်တော့ပါ။ သို့သော် ထိုတွေးထောင့်ကို ပေါ်လွင်အောင် ဝတ္ထုဆင်ပါပြီ။ သားရေကုန်သည်၊ စပါးကုန်သည်၊ ဘုန်းတော်ကြီး ဇာတ်ဆောင်သုံးဦး ပါဝင်သည့် ဇာတ်လမ်းဖွဲ့ပါပြီ။ ထိုအခါတွင်ကား ရှုထောင့်ပြဿနာ ဝင်လာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် ဇာတ်လမ်းအတွင်း၌ပင် သားရေကုန်သည်၏ တွေးထောင့်၊ စပါးကုန်သည်၏ တွေးထောင့်၊ ဘုန်းတော်ကြီး၏ တွေးထောင့်၊ သူ့တွေးထောင့်နှင့်သူ ကွဲပြား နေသည်ကို တွေ့ရပါလိမ့်မည်။ ဇာတ်ဆောင် စရိုက်ဟု ဆိုရပါမည်။

ထိုတွေးထောင့်၊ ထိုစရိုက်များ ပေါ်လွင်သည်သာမက စိတ်ဝင်စားဖွယ် ဇာတ်လမ်းဖြစ်အောင် ဖန်တီးရပါမည်။ ထိုအခါတွင်မှ ရှုထောင့်ပြဿနာက ကြီးလာပါသည်။

ဝတ္ထုဆရာကား သူ့ဝတ္ထုကို ကန့်သတ်သိ ရှုထောင့်ဖြင့် ရေးထားပါသည်။ သားရေကုန်သည်၏ စိတ်ဝမ်းညှိုးငယ်ခြင်းကို သိရပါသည်။ ကုန်သည်နှစ်ဦးလုံး၏ အံ့အားသင့်ခြင်း၊ နားမလည်နိုင်ခြင်းတို့ကို သိခွင့်ပေးပါသည်။ သို့သော် ဘုန်းတော်ကြီး၏ စိတ်အကြံအစည်ကို သိခွင့်မရပါ။ ထို့ကြောင့် ဘုန်းတော်ကြီး၏ အပြုအမူကို ကုန်သည်နှစ်ဦး နားမလည်နိုင်သကဲ့သို့ ကျွန်တော်တို့လည်း နားမလည်နိုင်ကြပါ။ ထို့ကြောင့် ဆက်လက် သိချင်လာကြပါသည်။ ကန့်သတ်ရှုထောင့်သည် ထိုမြှုပ်ကွက်ကို ဖြစ်ပေါ်လာစေပါသည်။

အားလုံးသိ ရှုထောင့်ဖြင့်ရေးလျှင် မြှုပ်ကွက်ပေါ်နိုင်တော့မည် မဟုတ်ပါ။ ဘုန်းတော်ကြီး တွေးတောကြံစည်ပုံကို အစောကြီးကပင် သိနေပါလိမ့်မည်။ ဝတ္ထုပုံသဏ္ဌာန် ပျက်စီးသွားပါလိမ့်မည်။ ကြားနာသူကို ညှို့ငင်နိုင်စွမ်းရှိတော့မည် မဟုတ်ပါ။

ဝတ္ထုဆရာက သူ၏ တွေးထောင့်ကို လှလှပပတင်ပြရန် ဝတ္ထုဖွဲ့ခြင်းဖြစ်ရာ ဝတ္ထုပုံသဏ္ဌာန်လှမှသာလျှင် သူ၏ တွေးထောင့်လည်း တန်ဖိုးတက်လာပါလိမ့်မည်။ ယင်းသို့ တန်ဖိုးတက်လာရန် မြှုပ်ကွက်ပြု၍ ဆွဲခေါ်သွားပါသည်။ နောက်ဆုံးကျမှ ထိုမြှုပ်ကွက်ကို ဘွားခနဲ ဖော်ပြလိုက်သောကြောင့် ပြုံးပြုံးပြက်ပြက် တန်ဖိုးတက်သွားပါသည်။

ဤသို့ဖြစ်လာရန် ရှုထောင့်ရွေးချယ်မှု အတတ်ပညာကို ကျွမ်းကျင်စွာ သုံးစွဲသွားကြောင်း တွေ့နိုင်ပါသည်။

ထို့ကြောင့် **တွေးထောင့်က ရှုထောင့်ကို ပြဋ္ဌာန်းသည်ဟုပင် ဆိုနိုင်ပါသည်။ သို့သော် တွေးထောင့်သည် ဒဿနနယ်ပယ်နှင့်သက်ဆိုင်၍ ရှုထောင့်မှာ အနုပညာ (ဝတ္ထုအနုပညာ) နယ်ပယ်နှင့်သက်ဆိုင်ကြောင်းကိုကား သတိမူသင့်ပါသည်။**

ရှုထောင့်နှင့် ရေးဟန်

ရှုထောင့်ကို ရွေးချယ်ပြီးသည်နှင့် ထိုရှုထောင့်နှင့်လိုက်လျောသော ရေးဟန်ကိုပါ သုံးရပြန်ပါတော့သည်။ ဤအချက်ကို ထင်ရှားစေရန် အလွယ်ကူဆုံးပုံစံတစ်ခုကို တင်ပြလိုပါသည်။ ပြောသူ နာမ်စားရှုထောင့်ဖြင့် သားရေကုန်သည် စပါးကုန်သည်ဝတ္ထုကို ရေးမည် ဆိုပါစို့။ ရေးရာတွင် ဘုန်းတော်ကြီးက ပြန်ပြောသည့်ပုံစံမျိုး ရေးမည် ဆိုပါစို့။

*

စက်နာရီအားဖြင့် ည ၇ နာရီခွဲခန့် ရှိလေပြီ။ ညနေဝတ်တက်ချိန် ပြီးပြီဖြစ်သောကြောင့် မောင်ရှင်များနှင့် ကျောင်းသားငယ်တို့လည်း သူတို့ အိပ်ခန်းသို့ ဝင်သွားကြလေပြီ။ စကားပင် ကျယ်ကျယ်မပြောကြတော့။ ဤသည်မှာလည်း ကျုပ်ကျောင်း၏ စည်းကမ်းပင် ဖြစ်သည်။ ကျုပ်ကျောင်းမှာ စည်းကမ်းကြီးလှသောကြောင့် မောင်ရှင် ကျောင်းသားနည်းပါးသည် မှန်သော်လည်း လူမှုကိစ္စလျော့ပါးလှသဖြင့် ရဟန်းကိစ္စအတွက် အာရုံပြုချိန် ပိုမိုရရှိသည်ဖြစ်၍ အခြွေအရံနည်းသည်ကိုပင် နှစ်သက်နေမိသေးတော့သည်။ ရဟန်းဝါနုစဉ်ကမူကား အခြွေအရံ ပရိဘောဂ ပေါများခြင်း၌ သာယာနှစ်သက်ခြင်း ဖြစ်ခဲ့ဖူးသည်၊ ယခုသော်ကား ယင်းတို့၏ အန္တရာယ်ကိုလည်း မြင်ပြီ၊ ယင်းတို့၌ သာယာသောစိတ်လည်း ခန်းပြီ။ သျှင်တော်ဘုရား၏ ဓမ္မအာဝါသ၌သာလျှင် နေလိုတော့သည်။ ကျုပ်စိတ်၏ ပြောင်းလဲလာပုံကို ပြန်လည်ဆင်ခြင်မိသောအခါ အစိန္တေယျ ကျေးဇူးတော်ရှင် မြတ်ဘုရားနှင့် ပို၍နီးကပ်လာလေပြီဟု တွေးမိလိုက်သဖြင့် ကြက်သီးမွေးညင်းထအောင် ဝမ်းမြောက်သွားမိသည်။

"ဝုတ် . . . ဝုတ်"

"ဟဲ့ခွေး . . . ဟဲ့ခွေး"

ကျုပ်၏အတွေးမျှင်များ ပြတ်သွားသည်။

*

www.burmeseclassic.com

www.burmeseclassic.com

ဤသို့သောဟန်မျိုးဖြင့် ရေးလိမ့်မည် ထင်ပါသည်။ ရှုထောင့်နှင့် လိုက်လျောသော ရေးဟန်ကို ရေးရပါသည်။ တစ်ဖန် ထိုရေးဟန်၌ပင် တွေးထောင့်၏ ဩဇာလွှမ်းနေသည်ကို သတိပြုသင့်ပါသည်။ အကယ်၍ ထိုကဲ့သို့မရေးဘဲ အောက်ပါအတိုင်း ရေးမည်ဆိုပါစို့ . . . ။

*

ညနေ ၇ နာရီခွဲလောက်ပေါ့။ ကိုရင်ပေါက်စ၊ ကျောင်းသားပေါက်စ မျောက်လောင်းကလေးတွေလဲ စက်တော်ခေါ်ဖို့ ပြင်ဆင်နေကြပြီ။ တစ်ကျောင်းလုံးငြိမ်လို့။ မငြိမ်လဲမရဘူး၊ ကျုပ်ကခေါ်ပြီး တီးလိုက်တာပဲ၊ ကျုပ် ကျောင်းနေ ကျုပ်စာအံပေါ့။ ကျုပ်က စည်းကမ်းကြီးလို့တဲ့လေ။ တချို့က သူတို့ကလေးတွေ ကျုပ်ကျောင်းမှာ မထားဘူး။ မထားလဲ အရေးမစိုက်ပါဘူး။ ကိစ္စတောင်နည်းသေး။

အဲဒီလို ကျုပ်က ကိုယ့်အတွေးနဲ့ကိုယ် နှပ်နေမယ်လို့ ကြံကာ ရှိသေး ညီနို့ စိတ်တိုဆိုတဲ့ ကျုပ်ခွေးကြီးနှစ်ကောင် ထဟောင်လိုက်တာ ကျုပ်တောင်လန့်သွားတယ်။

*

ဤသို့ရေးလိုက်လျှင် ဘုန်းတော်ကြီး၏ စရိုက် တစ်မျိုးဖြစ်သွားပါလိမ့်မည်။ ဤဘုန်းကြီးမျိုးထံမှ တန်ဖိုးရှိ လေးနက်သောအတွေးအမြင်၊ အကဲဖြတ် သုံးသပ်ချက်တစ်ခုရဖို့ အတော်လေးခက်ပါသည်။ ဝတ္ထုကိုပါ ထိခိုက်သွားပါလိမ့်မည်။

ပြောသူနာမ်စား ရှုထောင့်ဖြင့်မရေးဘဲ အခြားရှုထောင့်တစ်ခုခုကို သုံးစွဲရေးသားလျှင်လည်း ဇာတ်ဆောင်တို့၏ စရိုက်ကိုလိုက်၍ ရေးရပါလိမ့်မည်။ ဝတ္ထုဆရာ ရပ်တည်နေသော နေရာ ရှုထောင့်နှင့် လိုက်လျောအောင် ရေးဟန်ကို ရွေးချယ်သုံးစွဲရပါလိမ့်မည်။

ကန့်သတ်သိ ရှုထောင့်ကို ရွေးသည်ပဲ ထားဦးစို့၊ ရှုကွက်စုထားသော ဇာတ်ဆောင်၏ စရိုက်ကိုလိုက်ပြီး ရေးဟန်က ပြောင်းလာပါလိမ့်မည်။

မိန်းမပျက်၊ မိန်းမလည်တစ်ယောက်အကြောင်းကို ရေးပြီဆိုပါစို့။

*

သူ့နာမည်က မြမြခက်၊ ဒါပေမဲ့ အလွန်လွယ်တဲ့မိန်းမ။ မြမြခက်ဆိုတဲ့ နာမည်ကိုက သူ့ဘာသာသူ ခပ်လွယ်လွယ် မှည့်ထားတဲ့နာမည်၊ တကယ်ဆိုတော့ သူ့နာမည်တွေက သုံးဒါဇင်လောက်ရှိသည်။ သူ့အသက် နှစ်ဆနီးပါး။ နာမည်မများလဲ ခံနိုင်ပါ့မလား။ တစ်နေရာမှာ တစ်နာမည်၊ တစ်ရာသီတစ်မျိုး၊ သည်အချိုးနဲ့ ကြံဖန်ပြီး သစ်နေရတာ မဟုတ်လား။ အမယ် 'သစ်' ဆိုမှ ပြောရဦးမယ်။ သူ့နာမည်တွေထဲမှာ သစ်သစ်လွင်ဆိုတဲ့နာမည်လဲပါသေး၊ ဒါပေမဲ့ ဘယ်ကလာ သစ်ရမှာလဲ၊ ဟောင်းလိုက်တာမှ . . .။

*

ဤသို့ရေးလိုက်လျှင် ဝတ္ထုဆရာရပ်တည်သော နေရာ (ဝါ) ရှုထောင့်မှာ အလိုလို သိသာနေပါတော့သည်။ ထို့ပြင်မက ဝတ္ထုဆရာ၏ စေတနာကိုပါ သိသာလာပြန်ပါသည်။ စေတနာကို ဖော်ပြသည်မှာ သူ၏ အပြောကြောင့် ဖြစ်ပါသည်။

ထိုရေးဟန်ကို ပြောကြပြီဆိုလျှင် 'အပြော' ကိုပါ ထည့်ပြီး စဉ်းစားရပါပြီ။ 'အပြော' ကို စဉ်းစားသောအခါတွင်လည်း 'အပြု' ကို ချန်ထားလို့ မရတော့ပါ။

အပြောမှာ ရေးဟန်နှင့်သာမက၊ တွေးထောင့်နှင့်သာမက ဝတ္ထုရေးသူ၏ စေတနာနှင့်ပါ ဆက်စပ်နေပါတော့သည်။ ဝတ္ထုဆရာသည် တွေးထောင့်တစ်ခုကြောင့် အတွေ့အမြင်သစ်ကိုရသည်။ ထိုအတွေးအမြင်ကြောင့် ချစ်သော၊ မုန်းသော၊ ချီးကျူးသော၊ ရှုတ်ချသော စေတနာတို့ ပေါ်လာရမည်။ တစ်ဖန် ထိုစေတနာအတိုင်း ပေါ်လွင်ရန် ဝတ္ထုရေးတော့ ရှုထောင့်ကို သင့်အောင်ရွေးသည်။ ရှုထောင့်နှင့် လိုက်လျောအောင် ရေးဟန်ကို ရွေးသည်။ ထိုရေးဟန်တွင် သူ၏ အသံပါလာသည်။ ချစ်သံနှင့်ပြောသည့်အခါ ပြောသည်၊ မုန်းသံနှင့် ပြောသည့်အခါ ပြောသည်။ ထိုအသံကို အပြောတွင် တွေ့နိုင်သည်။

အသိသာဆုံး အကြမ်းစား ပုံစံတစ်ခုကို ပြပါမည်။ တရားခံတစ်ဦး ဖြောင့်ချက်ပေးသော စကား ဟာသကလေးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"သူက ကျွန်တော်မျိုးကို လက်သီးကြီးနဲ့ထိုးလို့

ကျွန်တော်မျိုးက ဓားကလေးနဲ့ ပြန်ပြီး ခုတ်လိုက်မိပါတယ်

ဘုရား"

သူများကလုပ်တာကျတော့ လက်သီးကြီး၊ ကိုယ်က လုပ်တာကျတော့ ဓားကလေး။ ခုတ်လိုက်မိပါတယ် . . . ဟု ဆက်လိုက်သေးသည်။ ဤတွင် 'ကြီး'၊ 'ကလေး' ဟူသော ဝေါဟာရများ၊ 'မိပါတယ်' ဟူသော နောက်ဆက် ပစ္စည်းများကို သတိပြုစေချင်ပါသည်။

အကယ်၍ တရားသူကြီးက ဆင့်ပြီး မေးလိုက်သော မေးခွန်းကိုပါ ထည့်ရေးမည်ဆိုပါစို့။

"ဩော် . . . သူက လက်သီးလေးနဲ့ထိုးရုံနဲ့

မောင်မင်းက ဓားကြီးနဲ့တောင် ပြန်ပြီးခုတ်ပစ်တယ်ဆိုပါတော့"

ဤမေးခွန်းတွင်လည်း ထိုကဲ့သို့သော ဘာသာစကား ဆိုင်ရာ နောက်ဆက်ပစ္စည်းများ ပါလာပြန်ပါပြီ။

ထိုတရားခံ၊ ထိုတရားသူကြီးတို့အပြောတွင် သူတို့၏ စေတနာကို တွေ့နိုင်သကဲ့သို့ ဝတ္ထုတွင်လည်း ဝတ္ထုဆရာ၏ အပြောတွင် စေတနာကို တွေ့နိုင်ပါသည်။

သိသာထင်ရှားသော ပုံစံတစ်ခုကို ပြပါမည်။ နောက်ပေါက်ဝတ္ထုဆရာ တစ်ဦး၏ ဝတ္ထုတစ်ပုဒ်မှ ထုတ်ယူထားပါသည်။

ဝတ္ထုဇာတ်လမ်းမှာ ထုံးစံအတိုင်း ဇာတ်လိုက်က သိုင်းပညာကို အရည် ကျိုသောက်ထားသူ၊ ကောင်မလေးတစ်ယောက်နှင့်တွေ့ရာမှ ရောမ ကြောက် စရာ မှောင်မိုက်ဂူကြီးတစ်ခု၏ စက်ဝန်းထဲသို့ ရောက်သွား ဇာတ်လိုက်၏ လက်ရုံး ရည် ကြံရည်ဖန်ရည်တွေကြောင့် ဂိုဏ်းခေါင်းဆောင်ကြီးကို မိ၊ ဂိုဏ်းကြီးပြိုကွဲ မလွဲသာ၍ ဂိုဏ်းထဲပါဝင်နေခဲ့ရသော ကောင်မလေးနှင့်ပေါင်း၊ အလုပ်လုပ်ကိုင် နေစရာ မလို၊ နှစ်ယောက်စလုံးက မိမွေ၊ ဘမွေ ပစ္စည်းတွေ တစ်ပုံကြီးနှင့် ကျိကျိတက်ချမ်းသာပြီးသား၊ ဒါပါပဲ။ ကျွန်တော်ပြောချင်တာက ဇာတ်လမ်း မဟုတ်ပါ။ ဝတ္ထုဆရာက 'အပြော' ကိုသာ တင်ပြလိုခြင်း ဖြစ်ပါသည်။

ဇာတ်လိုက်နှင့် ဂိုဏ်းသားတစ်ယောက် တိုက်ခိုက်ခန်းကို ကြည့်ပါ။

*

"ယား . . ."

တင်ထူးက အတွင်းအိမ်ဆီ [illegible] လိုက်သည်။

ဟစ်သံနှင့်အတူ သူ၏ ညာခြေ မြောက်သွားသည်။

ရန်သူက ရှောင်လိုက်သည်။

သို့သော် မရ။

မရ။

တင်ထူးက ညာခြေကို ဟန်ပြသာလျှင် မြှောက်ပြီး ဘယ်ခြေနှင့် ရိုက်ထည့်လိုက်သည်။

တင်ထူး၏ ဘယ်ခြေအကြောင်းကို သူတို့မသိ။

မသိတော့ ခံပေါ့။

ဖလက်။

သွားပြီ တစ်ကောင်။

*

နောက် တိုက်ခန်းတစ်ခုကို ကြည့်ပါဦး။ ဤအခန်းတွင်တော့ လူဆိုး က စပြီးတိုက်သည်။

*

"ယား . . ."

ဖင်ပိတ်ပြီး ညှစ်အော်လိုက်သော အသံ။

ဘယ်ခြေကို ကွေး ညာခြေဆန့်ပြီး ခုန်ဝင်လာသည်။ တင်ထူးကို ဒီလိုလုပ်လို့ ဘာရမလဲ။

ဒါတွေက မူလတန်းအခြေခံသင်ခန်းစာလေးတွေ။

တင်ထူးက ညာဘက်သို့ ကိုယ်ကိုနွဲ့ပြီး ရှောင်လိုက်သည်။

ပြီးတော့ သူ့ခြေကို ဘယ်လက်ဖြင့် ပယ်လိုက်သည်။ ဘယ်ခြေကို နောက်တစ်လှမ်းရွှေ့လိုက်ပြီး ကျုံ့ဝင်လာသော ရန်သူ့ကုပ်ဆက်ကို ညာလက်ဝါးစောင်းဖြင့် ရိုက်ထည့် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဖြောင်း . . . "
"အွတ် . . . "
"ဗုန်း . . . "
မြည်လိုက်တဲ့အသံတွေ။
ဖြောင်း' ဆိုတာက တင်ထူးရိုက်လိုက်တဲ့အသံ။
'အွတ်' ဆိုတာက ဟိုကောင်ပါးစပ်က မချိမဆန့်အသံ။
'ဗုန်း' ဆိုတာက မြေကြီးပေါ်ခွေကျသွားတဲ့အသံ။
သွားပြီ။ တစ်နာရီလောက်တော့ အိပ်လိုက်ဦး။

*

အထက်ပါပုံစံများကို ကြည့်ပါ။ ကိုယ့်လူ 'ယား' တော့ အတွင်းအား စုသတဲ့။ သူများ 'ယား' တော့ ဖင်ပိတ်ပြီး ညှစ်အော်သတဲ့။ (ဤစကားများကို ရိုင်းသည်ဟုထင်လျှင် ခွင့်လွှတ်ပါ။ 'အပြော' သဘောကို သိသာအောင် သူတို့ရေးထားသည့်အတိုင်း ဖော်ပြရခြင်း ဖြစ်ပါသည်။)

တစ်ခါတစ်ရံ ထိုမျှနှင့်အားမရ၍ ဝတ္ထုရေးသူက ခပ်ပြောင်ပြောင် ပေါ်ပေါ်ထင်ထင်ကြီး ဝင်ပြောသည့်အခါပင် ရှိပါသေးသည်။

ဝတ္ထုတစ်ပုဒ်တွင် ညီအစ်မနှစ်ယောက် ရှိသည်။ ညီမက ပိရိစွာ အကောက်ကြဲသည်။ လုံးဝ မရိပ်မိရ။ သိမ်မွေ့နူးညံ့လှသော မိန်းကလေး တစ်ယောက်ပုံစံ အပြည့်အဝ ရှိသည်။ နောက်ဆုံးဇာတ်သိမ်းခန်းရောက်မှ ဘူး ပေါ်သလို ပေါ်လာသည်။ ထိုအခါတွင်ကား သိန်းသန်းချီနေသော လျှို့ဝှက် အမွေရတနာများကို အပိုင်စီးရန် အစ်မဖြစ်သူကို သတ်တော့မည်။ သည်အခါ တွင်မှ အစ်မက . . .

*

"ကြည့်စမ်း၊ ညည်း တစ်သက်လုံး ငါ့ကို လှည့်စားခဲ့တာ ပေါ့လေ။ ငါကတော့ ကိုယ့်ညီမလေးဆိုပြီး ယုံလိုက်ရတာ"

"ဟုတ်တယ်၊ အဲဒီလိုယုံအောင် ဟန်ဆောင်ပြီး အယုံ သွင်းခဲ့တာ။ ခုတော့ အောင်ပြီ၊ မမသေမှ ကျွန်မ အားလုံးရ မယ်၊ ရှင်းပလား"

ကြည့်စမ်း . . . ယုတ်မာလိုက်တဲ့ကောင်မ၊ ဘယ်
လောက်များ ပါးရိုက်ပစ်ဖို့ကောင်းသလဲ။

*

ဝတ္ထုဆရာက မနေနိုင်မထိုင်နိုင် ဤသို့ပင် ပြောင်ပြောင်ကြီး ဝင်ပြောတတ်ပါ သေးသည်။

ဤမျှဆိုလျှင် 'အပြော' ၏ သဘောကို သိလောက်ပါပြီ။ ရေးဟန်နှင့် တစ်ကြောတည်းဖြစ်သော်လည်း အပြောမှာ သီးခြားဖြစ်ကြောင်း စဉ်းစား ကြည့်လိုက်လျှင် သိနိုင်ပါသည်။

ဤသို့ တွေးထောင့်မှ စေတနာ၊ စေတနာမှ အပြော၊ တစ်ဆင့်စီ ဩဇာပြုပုံမှာ သိုင်းဝတ္ထုများတွင်မှ မဟုတ်ပါ။ အခြားသော အဆင့်မြင့်ဝတ္ထု များတွင်လည်း တွေ့နိုင်ပါသည်။

ချစ်ဦးညို၏ **'လက်ဘဒီပချစ်သူ'** တွင်လည်း ထင်ရှားစွာ တွေ့နိုင်ပါ သည်။ ကျွန်တော်တို့ ရိုးရာ ရာမဇာတ်လမ်းအရဆိုလျှင် ရာမနှင့် သီတာ တို့ကိုသာ ကရုဏာသက်ရမည်။ သို့သော် ချစ်ဦးညိုက ဒသဂီရိကို ကရုဏာ ထားသော တွေးထောင့်မှ တွေးသည်။ ထို့ကြောင့် သူ၏ အပြောတွင် ဒသဂီရိ အကြောင်းကို ကရုဏာသက်စရာဖြစ်အောင် ပြောသည်။ ပထမနာမ်စား ဒသဂီရိအနေဖြင့် ပြောစေကာမူ ဒသဂီရိ၏ အတွေ့အကြုံတို့ကို သနားဖွယ်ရာ ဖြစ်အောင် ပြောထားရသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက မှာပုံတော်ဝတ္ထုကို အားလုံးသိ ရှုထောင့်ဖြင့်ရေးသည်။ သို့သော် ခင်အုံအပေါ်တွင် ရှုကွက်ကို စုထားသည်။ ခင်အုံက ကြီးမြင့်လိုသော မိန်းမလည်း ဖြစ်သည်။ ကိုပေါက ရိုးအသည်။ ဗားကရာ လူထွက်ကြီး ဦးကျော်ဒွေးက လူဖြောင့်စိတ်တို ဂွစာကြီးဖြစ်သည်။ သူတို့ သုံးယောက်ကို ဝတ္ထုဆရာပြောပုံနှင့်ပတ်သက်၍ ဆရာဇော်ဂျီက . . .

'ဆရာကြီးသည် ခင်အုံ၏ အကြောင်းကို ခွင့်လွှတ်စိတ်နှင့် ပြောသည်။
ကိုပေါအကြောင်းကို ချစ်စိတ်နှင့်ပြောသည်။
ဦးကျော်ဒွေးအကြောင်းကို လေးစားစိတ်နှင့်ပြောသည်။'

ဟု မှတ်ချက်ပေးခဲ့ပါသည်။ ဆရာဇော်ဂျီ၏ မှတ်ချက်မှာ ဝတ္ထုဆရာ၏ အပြော၊ အသံကို ဆိုလိုကြောင်း ထင်ရှားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အပြ

သို့သော် အနုပညာဖန်တီးမှု၌လည်းကောင်း၊ တွေးခေါ်မြော်မြင်မှု၌လည်းကောင်း မရောင့်ရဲနိုင်သော ဝတ္ထုဆရာတို့က 'ဝတ္ထုဆရာက စေတနာရှေ့ပြေးလျက် ဘက်လိုက်ခြင်းသည် တရားမျှတပါ၏လော။ ငါမိတင်ပြသည့် ဝတ္ထုထဲက ဇာတ်ကောင်များအပေါ် သာစေနာစေ သဘောထားခြင်းသည် ဝတ္ထုဆရာ သမာဓိတရား ကင်းမဲ့ရာရောက်သည် မဟုတ်လော' စသည်ဖြင့် ကြံဆလာကြပါသည်။

ဝတ္ထုထဲကဇာတ်ကောင်တွေ လုပ်ချင်တာ လုပ်ကြပါစေ၊ သူတို့လုပ်သမျှကို ပေါ်လွင်အောင် တင်ပြရန်သာလျှင် ဝတ္ထုဆရာ၏ လုပ်ငန်းဖြစ်သည်။ ဟိုလူ့ပင့်လိုက်၊ သည်လူ့ဖိလိုက် မပြောအပ်၊ မပြောစကောင်း။ ဝတ္ထုဆရာ၏ ကိုယ်ကျင့်သမာဓိ (Novelist's ethics) ရှိရမည်။

ဥပမာအားဖြင့် သတင်းစာဆရာတစ်ယောက်သည် ချစ်ခြင်း၊ မုန်းခြင်း၊ ဒေါသဖြစ်ခြင်း စသည့် မိမိတစ်ကိုယ်ရေခံစားမှုဟူသမျှကို ဘေးချိတ်ပြီး ဖြစ်ပျက်ပုံအခြင်းအရာကိုသာ ပေါ်လွင်အောင် ရေးကြစမြဲ ဖြစ်သည်။

ဝတ္ထုဆရာသည်လည်း ထိုနည်းတူ ဓမ္မဓိဋ္ဌာန်ကျသင့်သည်။ ဦးလွန်းဆိုသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ရှိသည်။ သို့သော် **'မှာတော်ပုံ'** ကို ရေးသည်မှာ ဦးလွန်းမဟုတ်။ ဦးလွန်း၏ ကိုယ်တွေ့လိပ်ပြာ (Second Self, Writing Self) မစ္စတာမောင်မှိုင်း ဖြစ်သည်။ ထို့အတူ **'ရန်ကြီးအောင်'** ဝတ္ထုရေးသူမှာ ဦးဖေသိန်း မဟုတ်။ သူ၏ ကိုယ်ပွား ရွှေဥဒေါင်းသာ ဖြစ်သည်။ ဦးလွန်း၊ ဦးဖေသိန်းတို့၏ ချစ်ခြင်း၊ မုန်းခြင်း စသည့် တစ်ကိုယ်ရေပုဂ္ဂလိကဝေဒနာများကို မစ္စတာမောင်မှိုင်း၊ ရွှေဥဒေါင်းတို့၏ ဘဝအတွင်းသို့ သွင်းယူသယ်ဆောင်ခြင်း ပြုမလာအပ်။ ထိုစေတနာမျိုးနှင့် ဝတ္ထုမပြောအပ်ဟု ယူဆလာကြပါသည်။

(ဤနေရာတွင် စကားချပ်တစ်ခု ပြောရပါဦးမည်။ ကျွန်တော်တို့ဆီတွင် လူတစ်ဖက်သားဘဝကို အရှက်ကွဲအကျိုးနည်းစေလိုသော ဆန္ဒသက်သက်ဖြင့် ဝတ္ထုဆင်ပြီး ရေးတတ်ကြသောသူများ ပေါ်လာတတ်ပါသည်။ ယခင်လ ရှုမဝမဂ္ဂဇင်းတွင် မောင်ဆွေတင့်က **'ဒါမျိုးတော့'** ဟူသော အမည်ဖြင့် ထိုကိစ္စမျိုးကို ရှုတ်ချသော ဝတ္ထုတိုတစ်ပုဒ် ရေးလိုက်သည်ကို တွေ့ရပါသေးသည်။ ယခုပြောနေသောကိစ္စမှာ ထိုမျှ

နိမ့်ကျသော ကိစ္စမျိုးကို ဆိုလိုသည် မဟုတ်ပါ။)

ထိုကဲ့သို့ ဘက်လိုက်ပြီး ချစ်သံ၊ မုန်းသံ၊ သနားသံ၊ ချီးမွမ်းသံ၊ ရှုတ်ချသံတွေနှင့် ပြောခြင်းသည် 'ဒီကိစ္စမျိုးဟာ ကောင်းတယ်၊ ဒီကိစ္စမျိုးဟာ မကောင်းဘူး' စသည်ဖြင့် တရားဟောရာ ပြောရာရောက်သည်။ ဝတ္ထုဆရာက ဘာမျှ မှတ်ချက်ပေးနေစရာမလို၊ ပြောစရာမလို၊ ပြရုံသက်သက်ပဲ ပြပါ။ စာဖတ်သူမှာလည်း အသိဉာဏ်ရှိသည်။ သူ့ဘာသာသူ ဆုံးဖြတ်လိမ့်မည်။ စာဖတ်သူအပေါ် လှမ်းပြီး လူလည်မလုပ်သင့်။ လူလည်လုပ်ရအောင် ဝတ္ထုဆရာက ဘယ်လောက်ကြီးများ တော်နေလို့လဲ၊ ဘုရားလား၊ ရဟန္တာလား၊ လောကအမှန်တရားကို ဆုံးခန်းတိုင်သိနေပြီမို့လား။ သူလိုငါလိုချင်းအတူတူ ဆရာမလုပ်နဲ့၊ ဝတ္ထုရေးသူမှာ ဆရာလုပ်ရန်မဟုတ်။ လောကအဖြစ်ကို ပေါ်လွင်အောင်တင်ပြရန်သာ သူ့တာဝန်ဖြစ်သည်။ အပြောတွေစွတ်ပြီး ထည့်နေခြင်းသည် အနုပညာမြောက်အောင် မပြတတ်၍သာ ဖြစ်သည်။ တကယ်တမ်း ပြတတ်လျှင် ပြောစရာမလိုဟုလည်း ဆိုကြပါသည်။

ပြင်သစ်ဝတ္ထုဆရာကြီး **ဂုစတာဗ်ဖလော်ဘဲ** ပေါ်ပေါက်ခဲ့ပြီးသည့်နောက် ဝတ္ထုလောကကြီး အတော်ပြောင်းလဲသွားသည်ဟု ဆိုကြပါသည်။ ဂုစတာဗ်ဖလော်ဗဲက ဂျော့ဆန်သို့ပေးစာ (၁၀–၈–၁၈၆၈) ကို ဖတ်ကြည့်စေချင်ပါသည်။ (သီပေါမင်းပါတော်မမူမီ ၁၇ နှစ်ခန့်က ရေးသောစာ ဖြစ်ပါသည်။)

"ကျုပ်မှာ ဘယ်သူ့ကိုမျှ စွပ်စွဲပိုင်ခွင့်ရှိတယ်လို့ မယူဆဘူး၊ ဝတ္ထုဆရာဟာ ဒီလောကကြီးရဲ့ ကိစ္စထွေလာနဲ့ ပတ်သက်ပြီး သူ့ထင်မြင်ချက်ကို ပေးကောင်းတယ်လို့တောင် မထင်မိဘူး။ ကိစ္စထွေလာနဲ့ ဆက်သွယ်ပေးပေ့ါ၊ ပြောဖို့မလိုဘူး (ဒါက ကျုပ်ရဲ့ သီးသန့်ကိုယ်ကျင့်တရားတစ်ခုပဲ။) ကိစ္စထွေလာတွေကို ကျုပ် တွေ့ရ၊ မြင်ရသမျှ ရေးမယ်၊ အမှန်ကန်ဆုံးလို့ ကျုပ် ထင်တာတွေကို ရှင်းလင်း တင်ပြမယ်၊ ဖြစ်ချင်တာ ဖြစ်ပါစေ၊ ကိစ္စမရှိဘူး။ ခနရှင်ပဲ၊ သူတောင်းစားပဲ၊ နိုင်သူပဲ၊ ရှုံးသူပဲ၊ ဒါတွေ မစဉ်းစားဘူး။ နောက်ပြီး ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်း၊ စက်ဆုပ်ခြင်းဆိုတာတွေလဲ ကျုပ် မလိုချင်ဘူး။ အဲ . . . မေတ္တာတရား၊ ဒါကတော့ တစ်ကမ္ဘာ မေတ္တာတရားဆိုတာ ပိုတယ်မှမရှိဘဲ။

www.burmeseclassic.com

www.burmeseclassic.com

"သမာသမတ်ကျတဲ့ တရားမျှတမှုကို အနုပညာမှာလဲ ကျင့်သုံးသင့်ကြပြီ မဟုတ်လား၊ ပန်းချီကားတစ်ချပ်ရဲ့ ဘက်မလိုက်သော (အပြသဘော) ကို စံပြဥပဒေသပြုပြီး သိပ္ပံရဲ့ တိကျမှုကို ကျင့်သုံးသင့်ပြီ"

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က ဖလော်ဘဲက ဤသို့ပြောခဲ့ပါသည်။ ၁၉၅၇ ခုနှစ်က နာမည်ကျော်ဝတ္ထုဆရာ **မာ့ခ်ဟဲရစ်** (Mark Harris) ပြောသော စကားကိုလည်း ကြည့်စေချင်ပါသေးသည်။

"ကျွန်တော်ကတော့ ဘာမှပြောလိမ့်မယ် မဟုတ်ဘူး၊ ကျွန်တော့်လူတွေ (ဇာတ်ကောင်တွေ) ပြောကြတာကို တိတ်တိတ်နားထောင်ပေါ့။ သူတို့က တစ်ခါတစ်ရံ မှန်တာပြောတယ်၊ တစ်ခါတစ်ရံ လိမ်ပြောတယ်၊ ဘယ်ဟာ မှန်သလဲ၊ ဘယ်ဟာ လိမ်ပြောသလဲဆိုတာတော့ ကိုယ်က ချင့်ချိန်ရမှာပေါ့၊ လောကမှာလဲ နေ့စဉ်နဲ့အမျှ ဒီလိုပဲ ချင့်ချိန်နေကြရတာပဲ မဟုတ်လား။ အမဲသားဆိုင်သွားတော့ အမဲသားသည်က ဘာပြောလဲ၊ 'ကောင်းပေ့ဆိုတဲ့အသားတွေပါ' လို့ပြောတာပဲ၊ ခင်ဗျားကလဲ 'ဒါက ခင်ဗျားအဆိုကိုးဗျ' လို့ ပြန်ပြောတာပဲ မဟုတ်လား၊ ကျုပ်ဝတ္ထုထဲက လူတွေကလဲ အဲဒီအမဲသား သည်ထက်ပိုပြီး သူတော်ကောင်းနိုင်ပါ့မလား၊ ကျုပ်က အများကြီးကို ပြသွားမယ်၊ ဒါပေမဲ့ ပြရုံသက်သက်ပဲ . . . "

ဤသို့သော အယူအဆများကြောင့် ဓမ္မဓိဋ္ဌာန်ရှုထောင့် ပေါ်လာခြင်းဖြစ်ပါသည်။ ၁၉၇၉ ခု၊ စက်တင်ဘာလ၊ ရှုမဝတွင် ဓမ္မဓိဋ္ဌာန်ရှုထောင့်နှင့် ပတ်သက်၍ ကျွန်တော် ဤသို့ ရေးခဲ့ပါသည်။

အနောက်တိုင်းစာပေတွင်မူ နှစ်ဆယ်ရာစုတွင် ဤရေးနည်းမျိုး အလွန် ထွန်းကားလာသည်။ ဝတ္ထုဆရာက ဇာတ်ကောင်တို့၏ ဘဝ လောက၌ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်မှု မပြုလိုခြင်း၊ ဝတ္ထုဖတ်သူ၏ ထင်မြင်ခံယူချက်ကို သီးသန့်ဖြစ်စိမ့်သောငှာ ရေးသူက စကားဦးမသန်းလိုခြင်း၊

ရေလာမြောင်းပေးလုပ်ငန်းများ မပါဝင်စေလိုခြင်းတို့ကြောင့် ဤရေးနည်းပေါ်လာရသည်ဟု ပညာရှင်များက ဆိုကြပါသည်။

ရေးသောအခါတွင် အပြောခံနာမ်စားဖြင့်ပင် ရေးသည်။ ဝတ္ထုရေးသူက မည်သည့်ဇာတ်ကောင်၏ စိတ်ကိုမျှ သိခွင့်မယူ၊ အမူအရာနှင့် အပြောအဆိုကိုသာလျှင် တင်ပြသည်။ ဤသို့ တင်ပြရာ၌ပင် ဝတ္ထုဆရာ၏ အပြောတွင် 'ဘက်လိုက်' သော ကရုဏာသံ၊ ဒေါသသံ၊ အလင်္ကာ စသည်တို့ကို မသုံးမိအောင် တတ်နိုင်သမျှ အားထုတ်ကြသည်။ သို့သော် လုံးဝကင်းစင်သွားအောင်ကား မတတ်နိုင်ကြဟု ဆိုပါသည်။ . . . . . ဝတ္ထုရေးသူ၏ ကိုယ်ရောင် လေသံကို မမြင်မကြားရသောကြောင့် ပြဇာတ်နှင့် ပုံသဏ္ဌာန်ဆင်သည့်အတွက် (Dramatic point of view) ဟုလည်း တချို့က ခေါ်ကြပါသည်။

အထက်ပါရေးသားချက်တွင် 'အပြောခံနာမ်စား' ဖြင့်ပင် ရေးသည်၊ မည်သည့်ဇာတ်ကောင်၏ စိတ်ကိုမျှ 'သိခွင့်မယူ' ဟူသော စကားရပ်ကို တွေ့ရပါလိမ့်မည်။ တကယ့် ဓမ္မဓိဋ္ဌာန်ရေးနည်းသဘောမှ ဇာတ်ဆောင်၏ စိတ်ကို သိခွင့်ယူခြင်း၊ မယူခြင်းသည် ပဓာန မဟုတ်တော့ပါ။ ဝတ္ထုနှင့် ရေးသူ အကွာအဝေးသာ ပဓာနဖြစ်သောကြောင့် 'အပြော'၊ 'အပြ' နှင့် ပို၍သက်ဆိုင်လာကြောင်း၊ သတိပြုသင့်ပါသည်။

ဤမျှဆိုလျှင် တွေးထောင့်၊ ရှုထောင့်၊ ရေးဟန်၊ အပြော၊ အပြတို့ တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြပုံကို အကြမ်းအားဖြင့် သိသာလောက်ပြီဟု ထင်ပါသည်။ အကြမ်းအားဖြင့်ဟူသော ကျွန်တော် ဆိုပါသည်။ အကျယ်အားဖြင့် အနုစိတ်အားဖြင့်ဆိုသော် ကျမ်းတစ်ဆူ၊ နှစ်ဆူပြုရုံနှင့် လုံလောက်သော ကိစ္စမျိုး မဟုတ်ပါ။

နိဂုံး

ဘာသာပြန်ဆရာကြီးများ၏ ကျေးဇူးကြောင့် မြန်မာစာဖတ်ပရိသတ်မှာ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုကြီးများနှင့် အတန်အသင့် ကျွမ်းနီးနေပြီ ဖြစ်ပါသည်။ ကမ္ဘာ့ဝတ္ထုကြီးများကို ဖတ်ရ တွေ့ရခြင်းသည် မြန်မာ့ဝတ္ထုလောကကို တစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com

မြင့်လာစေဖွယ်ရာ ဖြစ်ပါသည်။

သို့သော် ဝတ္ထုတစ်မျိုးတည်းနှင့် လုံလောက်သည် မဟုတ်ပါ။ ကမ္ဘာ့စာပေလောက ဝတ္ထုသဘောတရားများ၊ ဝေဖန်ရေးသဘောတရားများကိုပါ ကျွမ်းနိုးလာမှ မြန်မာ့ဝတ္ထု တကယ်အဆင့်မြင့်လာနိုင်မည်ဟု ယုံကြည်မိပါသည်။ တစ်ခါတစ်ရံ ဝတ္ထုသဘောတရား အခြေခံကို မသိလျှင် အချို့ဝတ္ထုများကို အရသာမခံနိုင်လောက်အောင် ဖြစ်တတ်ပါသည်။

ဥပမာတစ်ခု ပြပါမည်။ ကမ္ဘာကျော်စာရေးဆရာကြီး **ဟဲမင်းဝေး၏ 'လူသတ်သမားများ'** (The Killers) ဆိုသော ဝတ္ထုတိုကလေးကို ဆရာကြီးရွှေဥဒေါင်းက မြန်မာမှုပြု၍ ဘာသာပြန်ဖူးပါသည်။ *ဆရာကြီးရေးနေကျ ဝတ္ထုမျိုးမဟုတ်၍ ဖတ်ရသည်မှာ ပေါ့ရှက်ရှက် အူလည်လည် ရှိလှသောကြောင့် "ဆရာကြီးရွှေဥဒေါင်း ဒီတစ်ခါ ဘယ့်နှယ်ဖြစ်သွားပါလိမ့်" ဟုပင် အောက်မေ့ခဲ့ဖူးပါသည်။ မူရင်းဝတ္ထုကို ကြုံလာ၍ ဖတ်မိသောအခါတွင်မှ "ဆရာကြီး ဒီဝတ္ထုတိုကလေးကို လုပ်ထားတာပဲ" ဟု သိလိုက်ပါသည်။ သို့သော် မူရင်းဝတ္ထုကိုလည်း အရသာ မခံတတ်ခဲ့ပါ။ အူလည်လည်ပဲ ရှိနေခဲ့ပါသည်။ နီးစပ်ရာ မိတ်ဆွေများကို မေးကြည့်တော့လည်း "ဘယ်လိုကြီးမှန်း မသိဘူးဗျ" ဟုသာ ပြောကြပါသည်။

နောင်တွင် ဝတ္ထုသဘောတရား၊ ဝေဖန်ရေးသဘောတရားများတွင် ဆရာ့ဆရာကြီးများက ဤဝတ္ထုတိုနှင့်ပတ်သက်၍ "ဓမ္မဓိဋ္ဌာန်ကျသော ဝတ္ထုဆရာ၏ ကိုယ်ရောင်လေသံမပါရလေအောင် (exit author) လုပ်ရာတွင် စံထားလောက်သော ဝတ္ထုတို ဖြစ်ပါပေသည်" ဟု တခမ်းတနား ချီးကျူးထားကြသည်ကိုတွေ့ရမှ ဒီလိုကိုးဟု အရသာခံစားတတ်သလိုလို ရှိလာပါသည်။

ထို့ကြောင့် ကမ္ဘာ့ဝတ္ထုလောကတွင် အရေးတကြီး သဘောထားနေကြသည့် အပြောနှင့်အပြ သဘောတရားအခြေခံ မိတ်ဆက်တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ■

---

*'လူဆိုး ဘုန်းကြီးသော ခေတ်' -ကာလယန္တရားနှင့် အခြားဝတ္ထုတိုများ။ ဆရာကြီး ကွယ်လွန်ခဲ့ရာကသာ့ပြီ။ ဇရပ်ချောင်းရွာ စသည်တို့ကို နောက်ခံ၍ အတန်အသင့် ပြောင်းလဲပြုပြင်ထားသည်။

နှစ်ဆယ်ရာစု နိုင်ငံခြားဝတ္ထုတို

အမေရိကန်

အားနက်စ်ဟဲမင်းဝေး (၁၈၉၉–၁၉၆၁)

(အမေရိကန် စာရေးဆရာ)

ကမ္ဘာ့စာပေပညာရှင်များက
ဓမ္မဓိဋ္ဌာန်ရှုထောင့်
(objective point of view) နှင့်
ပတ်သက်လျှင်လည်းကောင်း၊
အပြော၊ အပြ (telling and showing) နှင့်
ပတ်သက်လျှင်လည်းကောင်း၊
ဤဝတ္ထုတိုကို ဂန္ထဝင်စံပြအဖြစ်
ညွှန်းလေ့ရှိကြပါသည်။
မူရင်းဝတ္ထုဆရာ၏ ဓမ္မဓိဋ္ဌာန်ရှုထောင့်
အပြော၊ အပြကို မထိပါးအောင်
အထူးသတိထား အားထုတ်
ပြန်ဆိုလိုက်ပါသည်။
ကွက်စိပ်ပြော ဝတ္ထုများနှင့်သာ
ယဉ်ပါးနေသော ကျွန်တော်တို့ တင်ပြသွားအံ့

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် အရသာတွေ့ရန်
ခက်လိမ့်မည်ဟု ထင်ပါသည်။
ဤဝတ္ထု၏ အာဘော်နှင့်ပတ်သက်၍
စာပေပညာရှင် အချို့၏ သုံးသပ်ချက်ကို
ဖတ်ရှု မှတ်သားဖူးပါသည်။
သို့သော် စာဖတ်သူ၏ သီးသန့်ခံစားမှုကို
မထိပါးစေလိုသောကြောင့်
စကားဦး မသန်းလိုက်တော့ပါ။

အောင်သင်း

လူသတ်သမားများ
(The Killers)

ရေးသူ – ဟဲမင်းဝေး
အောင်သင်း မြန်မာပြန်သည်

'ဟင်နရီ၏ စားသောက်ဆိုင်' တံခါးပွင့်သွားပြီးနောက် လူနှစ်ယောက် ဝင်လာ၍ ကောင်တာစားပွဲတွင် ဝင်ထိုင်လိုက်သည်။

"ဘာစားကြမလဲ"

ဂျော့ဂျ်က မေးလိုက်သည်။

တစ်ယောက်က . . .

"မသိသေးဘူးကွာ၊ ဟော့ . . . အယ်လ်၊ မင်း ဘာစားမလဲ"

"မပြောတတ်ဖူးကွာ၊ ဘာစားရရင် ကောင်းမလဲ"

အပြင်ဘက်တွင် မှောင်စပြုနေပြီ။ လမ်းမီးများပင် လင်းလာပြီ။ ကောင်တာတွင် ထိုင်နေသူနှစ်ယောက်က စားစရာ စာရင်းကို ဖတ်နေသည်။ ကောင်တာတစ်ဘက်စွန်းတွင် ထိုင်နေသော နစ်အဒမ်ကတော့ သူတို့ကို ကြည့်နေသည်။ အဒမ်က ဂျော့ဂျ်နှင့် စကားစမြည်ပြောနေဆဲ သူတို့ဝင်လာကြခြင်း ဖြစ်သည်။

ပထမလူ . . .

"ဟော့ . . . ဝက်သား မိုးခိုသားကင်ရယ်၊ ပန်းသီးဆော့စ်ရယ်၊ အာလူးကြော်ရယ် ပေးကွာ"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ မရသေးဘူးဗျ"

"မင့်မေလွှား ... ဒါဖြင့် ဘာကြောင့် စာရင်းထဲရေးထားသေးသလဲကွ"

"အဲဒါက ညစာဗျ၊ ၆ နာရီထိုးရင်ရမယ်"

ဂျော့ဂျ်က ကောင်တာနောက်ဘက် နံရံရှိ နာရီကို လှမ်းကြည့်လိုက်ပြီး ...

"ခုမှ ၅ နာရီပဲ ရှိသေးတယ်"

ဒုတိယလူ ...

"နာရီက ၅ နာရီ ၂၀ မိနစ် ရှိနေပါပကောကွာ"

"နာရီက မိနစ် ၂၀ မြန်နေတယ်"

ပထမလူ ...

"မင့်မေလွှား နာရီ၊ ကဲ ... ဘာရမလဲ ပြောစမ်း"

ဂျော့ဂျ် ...

"အသားညှပ် ဆိုရင်တော့ အားလုံးရပါပြီ၊ ဝက်ပေါင်ခြောက်နဲ့ ကြက်ဥ၊ ဝက်သားကျပ်တင်နဲ့ ကြက်ဥ၊ အသည်းနဲ့ ဝက်ပေါင်ခြောက်၊ ဒါမှမဟုတ် အကင်"

"ဒါဖြင့် ကြက်သားလုံးကြော်နဲ့ ပဲစိမ်းရယ်၊ မလိုင်ဆော့စ်ရယ်၊ အာလူး ကြော်ရယ် ပေးကွာ"

"အဲဒါက ညစာဗျ"

"ဟာ ... မင့်မေလွှား၊ မေးလိုက်သမျှ ညစာချည်းပါပဲလားကွ၊ မင်းတို့ဆိုင်က ဒီလိုပဲလား"

"ရတာက ဝက်ပေါင်ခြောက်နဲ့ ကြက်ဥ၊ ဝက်သားကျပ်တင်နဲ့ ကြက်ဥ၊ အသည်းနဲ့ ..."

"ကဲ ... ဝက်ပေါင်ခြောက်နဲ့ ကြက်ဥပဲ ပေးတော့ကွာ"

အယ်လ်ဆိုသူက ပြောလိုက်သည်။ သူက သက္ကလတ်ဦးထုပ်ကို ဆောင်းထား၍ ရင်ဘတ်တွင် ကြယ်သီးတွေ ကန့်လန့်ဖြတ် စီတပ်ထားသော ကုတ်အင်္ကျီအနက်ကို ဝတ်ထားသည်။ အသားဖြူဖြူ၊ မျက်နှာသေးသေး နှုတ်ခမ်းစေ့စေ့၊ ပိုးပဝါလည်စည်းနှင့် လက်အိတ်လည်း စွပ်ထားသည်။

နောက်တစ်ယောက်က ...

"ငါတော့ ဝက်သားကျပ်တင်နဲ့ ကြက်ဥပဲ ပေးကွာ"

သူကလည်း အယ်လ်နှင့် ကိုယ်လုံးကိုယ်ထည် တစ်ရွယ်တည်းလောက်ပဲ ရှိသည်။ မျက်နှာချင်း မတူကြသော်လည်း ဝတ်ဆင်ထားပုံက အမြွှာညီနောင်။ အပေါ်ကုတ်အင်္ကျီမှာ ကျပ်လွန်းလှသည်။ နှစ်ယောက်လုံး ကောင်တာစားပွဲပေါ်တွင် တံတောင်ဆစ်တင်ပြီး ထိုင်နေကြသည်။

အယ်လ်ဆိုသူက ...

"သောက်စရာရမလားဟေ့"

"ဆင်းလ်ဗား ဘီယာ၊ ဗင်တို၊ ဂျင်ဂျာအေးလ်"

"သောက်စရာပြောတာကွ၊ မင်းနားမလည်ဘူးလား"

"ခု ပြောတာတွေပဲရမယ်"

နောက်တစ်ယောက်က ...

"တယ်ပူတဲ့မြို့ပါလားကွ၊ ဘာမြို့ခေါ်လဲ"

"ဆမ့်မစ်"

အယ်လ်က သူ့အဖော်ကို ...

"မင်း ... ကြားဖူးလား"

"ဟင့်အင်း"

အယ်လ်က ...

"မင်းတို့ ဒီမြို့မှာ ညဆိုရင် ဘာတွေလုပ်ကြသလဲ"

"ညစာ စားကြမှာပေါ့ကွ၊ တစ်မြို့လုံး ဒီကိုလာပြီး ညစာစားပွဲကြီး ကျင်းပကြမှာပေါ့"

ဂျော့ဂျ်က ...

"မှန်ပါတယ်"

အယ်လ်က ဂျော့ဂျ်ကို ...

"အဲဒါကို မှန်တယ်လို့ မင်းက ထင်သပေါ့လေ"

"ဟုတ်ပါတယ်"

"မင်းက တော်တော်လေးလည်တဲ့ကောင်နဲ့တူတယ်၊ [illegible]"

"ဟုတ်ပါတယ်"

ကျန်တစ်ယောက်က ဝင်၍ ...

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဟုတ်ရဲ့လားကွ အယ်လ်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com

အယ်လ်က နစ်အဒမ်ဘက်သို့ လှမ်း၍ . . .

"ဟိုကောင်က စကားမပြောတတ်ဘူးထင်တယ်၊ မင်းနာမည် ဘယ်သူလဲဟေ့"

"အဒမ်"

အယ်လ်က . . .

"သူကလဲ လူလည်တစ်ယောက်နဲ့ တူတယ်၊ ဟုတ်တယ် မဟုတ်လား မက်စ်"

မက်စ်က . . .

"တစ်မြို့လုံး လူလည်တွေချည်းပဲ ထင်ပါ့ကွာ"

ဂျော့ဂျ်က ပန်းကန်နှစ်ချပ် ချပေးလိုက်သည်။ တစ်ချပ်က ဝက်ပေါင်ခြောက်နှင့် ကြက်ဥ။ နောက်တစ်ချပ်က ဝက်သားကျပ်တင်နှင့် ကြက်ဥ။ ပွဲရဲ့ အာလူးကြော် နှစ်ပန်းကန်လည်း ချပေးလိုက်သည်။ ထို့နောက် မီးဖိုဘက်မှ လျှာထိုး တံခါးလေးကို ဆွဲချပိတ်လိုက်သည်။

"ဘယ်ဟာ မင်းပန်းကန်လဲကွ"

အယ်လ်ကို မေးလိုက်သည်။

"မမှတ်မိဘူးလား"

"ဝက်ပေါင်ခြောက်နဲ့ ကြက်ဥ"

"တကယ့် လူလည်ပဲကွ"

မက်စ်က ပြောပြီးနောက် ဝက်ပေါင်ခြောက် ကြက်ဥပန်းကန်ကို လှမ်းပြီး ယူလိုက်သည်။ နှစ်ယောက်လုံး လက်အိတ်မချွတ်ပဲ စားကြသည်။ ဂျော့ဂျ်က သူတို့ကို ကြည့်နေသည်။

မက်စ်က ဂျော့ဂျ်ကို ကြည့်ပြီး . . .

"မင်း ဘာကြည့်နေတာလဲ"

"ဘာမှ မကြည့်ပါဘူး"

"ငါ့လခွေး . . . ကြည့်နေတာပဲကွ၊ မင်း ငါတို့ကို ကြည့်နေတာ"

"ဒီကောင်က ရယ်စရာအောက်မေ့နေ ထင်ပါရဲ့လား"

ဂျော့ဂျ်က ရယ်လိုက်သည်။

မက်စ်က . . .

"မင်း ရယ်စရာ မဟုတ်ဘူး၊ မင်းက ဘာမှ ဝင်ပြီး ရယ်စရာ မဟုတ်

ဘူး။ နားလည်လား"

"မှန်ပါတယ်"

ဂျော့ဂျ်က ပြောလိုက်သည်။

မက်စ်က အယ်လ်ဘက် လှည့်၍ . . .

"သူက မှန်တယ်လို့ချည်းပဲ တွေးနေတာကွ၊ မှန်တယ်လို့ချည်း တွေးနေတာ၊ အဲဒါလဲ ကောင်းပါတယ်"

"အို . . . သူက အတွေးဆရာကြီးပေါ့ကွာ"

အယ်လ်က ပြောလိုက်ပြီး စားနေကြသည်။

"ကောင်တာ ဟိုဘက်စွန်းက လူလည်က ဘယ်သူတဲ့လဲကွ"

အယ်လ်က မက်စ်ကို မေးလိုက်သည်။

မက်စ်က နစ်အဒမ်ကို လှမ်းပြီး . . .

"ဟေ့ . . . လူလည်၊ ကောင်တာ ဟိုဘက်သွားပြီး မင့်လူနဲ့ အတူသွားနေစမ်း"

"ဘာလုပ်မလို့လဲဗျ"

"ဘာလုပ်မလို့မှ မဟုတ်ဘူး"

အယ်လ်က . . .

"လူလည်ကလေး . . . သွားဆိုရင် သွားလိုက်ကွ"

နစ်က ကောင်တာနောက်ဘက်ထဲသို့ ဝင်သွားသည်။

"ဘာလုပ်ကြတာလဲဗျ"

"ဒါ . . . မင့်သောက်ကိစ္စ မဟုတ်ဘူး။ မီးဖိုထဲကဟာ ဘယ်သူလဲ"

အယ်လ်က မေးလိုက်သည်။

"လူပဲ"

"လူပဲ . . . ဘာလူပဲလဲကွ"

"ထမင်းချက်တဲ့လူပဲပေါ့"

"သူ့ကို ခေါ်လိုက်စမ်းကွာ"

"ဘာလုပ်မလို့လဲ"

"သူ့ကို ခေါ်လိုက်စမ်း"

"ခင်များတို့ ဘာတွေလုပ်နေကြတယ်ဆိုတာ သိကြရဲ့လား"

"သောက်ကျိုးနဲ့ သိသပေါ့ကွာ၊ ငါတို့များ သောက်ရူးတွေ အောက်မေ့

www.burmeseclassic.com

www.burmeseclassic.com

နေသလား'' မက်စ်က ပြောရာ . . .

အယ်လ်ကဝင်၍ . . .

''မင်းက သောက်ရှူးပြော ပြောနေတာကိုးကွ၊ မင့်မေလွှား၊ ဒီကောင်တွေနဲ့ စကားဖက်ပြောနေဖို့မှ မဟုတ်ပဲ''

ဂျော့ဂျ်ဘက်လှည့်၍ . . .

''ဟေ့ . . . လူမည်းကို လှမ်းခေါ်လိုက်စမ်း၊ ကြားလား''

''ခေါ်ပြီး သူ့ကို ဘာလုပ်မလို့လဲ''

''ဘာမှမလုပ်ဘူး၊ ဉာဏ်ကလေးများ သုံးစမ်းပါဦး၊ တို့က လူမည်းတစ်ကောင်ကို ဘာများလုပ်နေရဦးမှာလဲ''

ဂျော့ဂျ်က မီးဖိုဘက် လျှာထိုးတံခါးလေးကို မ,ဖွင့်လိုက်ပြီး . . .

''ဆမ်ရေ ရှေ့ဘက်ကို ခဏလာပါဦး''

မီးဖိုတံခါးပွင့်သွားပြီး နီဂရိုးတစ်ယောက် ဝင်လာကာ . . .

''ဘာဖြစ်ကြလို့လဲ''

လူနှစ်ယောက်က သူ့ကို တစ်ချက် လှမ်းကြည့်လိုက်ကြပြီး အယ်လ်က . . .

''အေး . . . ဟုတ်ပြီ၊ လူမည်း အဲဒီမှာပဲ ရပ်နေစမ်း''

ခါးစည်းအဝတ်ကလေးနှင့် နီဂရိုးဆမ်သည် ကောင်တာက လူနှစ်ယောက်ကို ကြည့်နေရင်း . . .

''ဟုတ်ကဲ့ဆရာ''

အယ်လ်က သူ့ခွေးခြေ ခုံမြင့်မှ ဆင်းလာပြီး . . .

''ငါက လူမည်းနဲ့ လူလည်ကို မီးဖိုထဲခေါ်သွားမယ်၊ ကဲ . . . လူမည်း မီးဖိုထဲပြန်ဝင်၊ မင်းလဲလိုက်သွား''

အယ်လ်က နစ်နှင့် ဆမ်တို့နောက်က မီးဖိုထဲလိုက်သွားပြီး တံခါးပိတ်ထားလိုက်သည်။ မက်စ်ဆိုသူက ကောင်တာတွင် ဂျော့ဂျ်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။ သို့သော် ဂျော့ဂျ်ကို မကြည့်။ ကောင်တာနောက်ဘက်နံရံတွင် အလျားလိုက်တပ်ထားသော မှန်ထဲကို ကြည့်နေသည်။ ဟင်နရီ၏စားသောက်ဆိုင်မှာ မူလက ဆံသဆိုင်ဖြစ်လေသည်။

မက်စ်က မှန်ထဲလှမ်းကြည့်နေရင်း . . .

''ဟေ့ . . . လူလည်ကလေးရဲ့၊ စကားလေး ဘာလေး ပြောစမ်းပါ

ဦးကွ''

''ဘာလုပ်ကြတာလဲဗျ''

မက်စ်က . . .

''ဟေ့ . . . အယ်လ်ရေ၊ ဟောဒီလူလည်ကလေးက ငါတို့ ဘာတွေလုပ်နေကြတယ်ဆိုတာ သိချင်သတဲ့ကွ''

''မင်းက မပြောလိုက်ဘူးလား''

အယ်လ်က မီးဖိုထဲက ပြန်ပြောသည်။

''ဘာတွေလုပ်နေတယ်လို့ ထင်သလဲကွ''

''မသိဘူး''

''မင်း ဘယ်လိုထင်သလဲ'' မက်စ်က ပြောနေသော်လည်း မျက်နှာက မှန်နှင့်မခွာ။

''ပြောမနေနိုင်ဘူးဗျာ''

''ဟေ့ . . . အယ်လ်ရေ၊ ဘာလုပ်နေကြတယ် ထင်သလဲဆိုတော့ ပြောမနေနိုင်ဘူးတဲ့ကွ''

''အေးပါ . . . ကြားပါတယ်ကွ''

အယ်လ်က မီးဖိုထဲက ပြန်ပြောသည်။ ပန်းကန်ပေးသော မီးဖိုဘက်လျှာထိုးပြတင်းလေးကို မ,တင်ပြီး ချဉ်ရေပုလင်းတစ်လုံးဖြင့် ခုထားပြီးဖြစ်သည်။ ဂျော့ဂျ်ကို လှမ်းပြီး . . .

''ဟေ့ . . . ဒီမှာ မင်းက ဘား ဟိုဘက်စွန်းကို နည်းနည်းရွှေ့ပြီး ရပ်လိုက်၊ မက်စ် . . . မင်းက ဘယ်ဘက် နည်းနည်းတိုးလိုက်''

ဓာတ်ပုံဆရာတစ်ယောက် လူစုလိုက၊ ဓာတ်ပုံရိုက်ရန် ပြင်ဆင်နေသည့်ပုံမျိုးဖြစ်သည်။

မက်စ်က . . .

''စကားပြောစမ်းပါဦးကွ လူလည်လေးရေ၊ ဘာတွေဖြစ်လာလိမ့်မယ်ထင်သလဲ''

ဂျော့ဂျ်က ဘာမှ ပြန်မပြော။

''ကဲ . . . ငါပြောမယ်၊ ငါတို့ ဆွီဒင်လူမျိုးတစ်ယောက်ကို သတ်မလို့မင်း အိုလီအင်ဒါဆိုတဲ့ ဆွီဒင်ကောင်ကြီးကို သိတယ် မဟုတ်လား''

''သိတယ်''

www.burmeseclassic.com

www.burmeseclassic.com

"ညတိုင်း ဒီမှာ ညစာ စားတယ်မဟုတ်လား"

"တစ်ခါတလေ စားတယ်"

"ညနေ ခြောက်နာရီမှာ လာတယ်မဟုတ်လား"

"လာရင်တော့ အဲဒီအချိန်ပဲ"

"ငါတို့အားလုံး သိပြီးသားပါ။ ကဲပါကွာ၊ တခြားအကြောင်းတွေကို ပြောရအောင်ပါ၊ မင်း ရုပ်ရှင်မကြည့်ဘူးလား"

"တစ်ခါတလေ ကြည့်တယ်"

"များများကြည့်ရမယ်ကွ၊ ရုပ်ရှင်ဆိုတာ မင်းတို့လို လူလည်ကလေးတွေအတွက် ကောင်းတယ်ကွ"

"ခင်ဗျားတို့ အင်ဒါဆင်ကို ဘာလုပ်ဖို့သတ်ကြမှာလဲ၊ သူက ခင်ဗျားတို့ကို ဘာများလုပ်ခဲ့ဖူးလို့လဲ"

"မလုပ်ဖူးပေါင်ဗျာ၊ တို့ကိုတောင် မမြင်ဖူးပါဘူး"

အယ်လ်က မီးဖိုထဲမှ လှမ်း၍ . . .

"ဒီတစ်ခါတော့ဖြင့် မြင်ဖူးသွားမှာပေါ့ကွာ"

"ဒါဖြင့်လဲ ဘာကြောင့် သတ်ကြမှာလဲဗျာ"

"တို့လူတစ်ယောက် အတွက်ပါကွာ၊ မိတ်ဆွေ တစ်ယောက်အတွက်ပေါ့"

"ဟေ့ . . . တိတ်စမ်းကွာ"

အယ်လ်က မီးဖိုထဲက လှမ်းပြောလိုက်သည်။ "သောက်ကျိုးနဲ့ စကားများတဲ့ကောင်ကိုးကွ"

"ငါက ကောင်လေးတွေ အပျင်းပြေပါစေတော့လို့ပါကွာ၊ နော်ကွာ လူလည်ကလေး"

"မင်းကိုက သောက်စကားရှည်ပါတယ်ကွာ၊ ငါ့ဆီက ချာတိတ်နဲ့ နီဂရိုးကတော့ သဘောကို ခွေ့လို့၊ သီလရှင်ကျောင်းမှာ ကောင်မလေးတွေ လုပ်သလို နှစ်ယောက်ပူးပြီး ချည်ထားလိုက်တာပဲ"

"မင်းက ကျူးသီလရှင်ကျောင်းမှာ နေခဲ့ဖူး မှတ်တယ်"

"တော်ကွာ၊ မသိဘဲနဲ့"

"မင်း ကျူးသီလရှင်ကျောင်းထွက်ပါကွာ၊ မင်းက အဲဒီကလာခဲ့တဲ့ကောင်ပါ"

ဂျော့ဂျ်က နာရီကို ကြည့်လိုက်သည်။

"တကယ်လို့များ တစ်ယောက်ယောက်ဝင်လာရင် ထမင်းချက်မရှိဘူးလို့ ပြောလိုက်၊ ဆက်ပြီးမေးနေရင် မင်းကိုယ်တိုင် မီးဖိုထဲဝင်ပြီး ကျွေးမယ်လို့ပြော၊ ကြားလား လူလည်ကလေး"

"ဟုတ်ပါပြီ၊ နောက်ပြီး ကျုပ်တို့ကို ဘာလုပ်ကြဦးမှာလဲ"

"အဲဒါကတော့၊ အဲ . . . ဒီလို ရှိတယ်ကွာ၊ ခုနေမှာ မပြောနိုင်သေးဘူးကွ"

ဂျော့ဂျ်က နာရီကို ကြည့်ပြန်သည်။ ခြောက်နာရီတစ်မတ်ရှိပြီ၊ ဆိုင်တံခါး ပွင့်သွားပြီးနောက် ဓာတ်ရထားမောင်းသမားတစ်ယောက် ဝင်လာသည်။

"ဟေး . . . ဂျော့ဂျ်၊ ညစာရမလားဟေ့"

"ဆမ် အပြင် ထွက်သွားလို့ဗျ၊ နာရီဝက်လောက်ဆိုရင်တော့ ပြန်ရောက်မှာပါ"

"ဒါဖြင့် လမ်းထိပ်ဘက်ပဲ သွားမှာထင်ပါရဲ့ကွာ"

ဂျော့ဂျ်က နာရီကို လှမ်းကြည့်လိုက်သည်။ ၆နာရီ ၂၀ ရှိသွားပြီ။

မက်စ်က . . .

"ဒီလိုမှပေါ့ကွ လူလည်ရ၊ မင်းက လူလည် လူတည်လေးပါလား"

"ငါက သူ့ခေါင်းကို ဖြုတ်ပစ်လိုက်မှာ သိနေတာကိုးကွ"

အယ်လ်က မီးဖိုထဲက လှမ်းပြောသည်။

"မဟုတ်ပါဘူးကွာ၊ အဲဒါကြောင့်မဟုတ်ဘူး၊ သဘောကောင်းလေးမို့ပါ၊ ငါကတော့ သူ့ကို ကြိုက်သွားပြီ"

၆နာရီ ၅၅ တွင် ဂျော့ဂျ်က . . .

"သူလာမှာ မဟုတ်တော့ဘူး"

နောက်ထပ်လူနှစ်ယောက် ရောက်လာသေးသည်။ လူတစ်ယောက်က ဝက်ပေါင်ခြောက်၊ ကြက်ဥအသားညှပ်ကို ထုပ်ပြီး ယူသွားချင်သည်ဆို၍ ကိုယ်ကြပ်တင်ကိုဖြည့်ပြီးအောင် မီးဖိုထဲကိုယ်တိုင်ဝင်ပြီး ကျွေးပေးလိုက်ရသေးသည်။ အယ်လ်က ပန်းကန်သွင်းပေါက်ကလေးဘေးနားတွင် ထိုင်နေသည်။ ဦးထုပ်ကို နောက်မော့ထားပြီး ပြောင်းဖြတ်တိုထားသော တောသစ်သေနတ်ကို လျှာထိုးပေါက်ဝ ပန်းကန်တင်သည့် ပျဉ်တန်းကလေးတွင် မေးတင်ထားသည်။ နစ်နှင့် ထမင်းချက်မှာ အခန်းထောင့်တွင် ကျောချင်းကပ်ကြိုးတုပ်လျက် တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်လုံး မျက်နှာသုတ်ပဝါတစ်ထည်စီ ပါးစပ်ထဲသွင်းပြီး စည်းထားသည်။ ဂျော့ဂျ်က အသားကြော်ပြီး မုန့်တွင် ညှပ်၊ ဆီစိမ်စက္ကူနှင့် ထုပ်၊ အိတ်တစ်လုံးထဲ သွင်းပြီး ပြန်ထွက်လာသည်။ ဝယ်သူက ပိုက်ဆံပေးပြီး ထွက်သွားသည်။

မက်စ်က . . .

"လူလည်လေးက အကုန်လုပ်တတ်တာကိုးကွ၊ ချက်တတ်ပြုတ်တတ်လဲ ရှိသကွ၊ မိန်းမရရင်တော့ မယားကောင်းဖြစ်လာအောင် သင်ပေးနိုင်မယ့်ကောင်ပဲကွ"

ဂျော့ဂျ်က . . .

"ဟုတ်ကဲ့ . . . ခင်ဗျားတို့လူ အိုလီအင်ဒါဆင် လာတော့မှာ မဟုတ်ဘူးဗျ"

"၁၀ မိနစ်တော့ စောင့်ဦးမယ်ကွာ"

မက်စ်က မှန်ကို ကြည့်ပြီး နာရီကို ကြည့်လိုက်ပြန်သည်။ နာရီလက်တံက ရနာရီမှာ။ ထို့နောက် ရနာရီ ၅မိနစ်။

မက်စ်က . . .

"အယ်လ်ရေ . . . လာကွာ၊ သွားကြရင်ကောင်းမယ်ကွ၊ လာတော့မယ် မထင်ဘူး"

အယ်လ်က မီးဖိုထဲမှ . . .

"၅မိနစ်လောက်တော့ ထပ်စောင့်ဦးကွာ"

ထို ၅မိနစ်အတွင်းမှာပင် လူတစ်ယောက် ဝင်လာပြန်သည်။ ဂျော့ဂျ်က ထမင်းချက်နေမကောင်း၍ မလာကြောင်းပြောလိုက်ရာ . . .

"မင့်မေလွှား . . . ဘာဖြစ်လို့ နောက်တစ်ယောက်ခေါ်မထားလဲကွ၊ မင်းတို့ဆိုင်လေး ပြုတ်သွားချင်ပြီမှတ်တယ်" ဟုပြောပြီး ပြန်ထွက်သွားလေသည်။

မက်စ်က . . .

"ဟေ့ . . . အယ်လ်ရေ၊ လာကွာ"

"ဒီလူလည်နှစ်ကောင်နဲ့ လူမည်းကို ဘယ်လိုလုပ်ခဲ့မလဲကွ"

"သူတို့က ကိစ္စမရှိပါဘူးကွာ"

"ဟုတ်ပါ့မလားကွ"

"ဟုတ်ပါတယ်ကွာ၊ တို့ကိစ္စလဲ ဒီမှာပြီးပေါ့ဟာ"

"မဟုတ်သေးဘူးနော်၊ ပေါ့တီးပေါ့ပြက်နဲ့၊ မင်းက လျှာကိုချောင်လွန်းတယ်"

"အိုကွာ၊ ငါလခွေးမှပဲ၊ ပျင်းတာကိုးကွ၊ မဟုတ်ဘူးလား"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်းက သောက်စကားကို များလွန်းတယ်"

အယ်လ် မီးဖိုထဲက ထွက်လာသည်။ ပြောင်းတို အမဲပစ်သေနတ်ကြောင့် ကုတ်အင်္ကျီခပ်ကျယ်ကျယ်မှာ ခါးတွင် ခပ်ဖောင်းဖောင်းဖြစ်နေသည်။ လက်အိတ်စွပ်ထားသော လက်များဖြင့် အင်္ကျီကို စန့်စန့်ရန့်ရန့်ဖြစ်အောင် လုပ်လိုက်သည်။

အယ်လ်က ဂျော့ဂျ်ဘက်လှည့်၍ . . .

"ကဲ . . . သွားပြီနော်၊ မောင်ရင်တို့ သိပ်ကံကောင်းတယ်ကွာ"

"အစစ်ပဲကွ၊ မင်းတို့ မြင်းပွဲထိုးလေး ဘာလေးတောင် ထိုးကြည့်ဖို့ကောင်းတယ်"

နှစ်ယောက်သား အပြင်ထွက်သွားကြသည်။ သူတို့နှစ်ယောက် လမ်းမီးရောင်အောက်တွင် လမ်းတစ်ဖက်သို့ ဖြတ်ကူးသွားကြသည်ကို ပြတင်းပေါက်မှ လှမ်းမြင်နေရသည်။ ကုတ်အင်္ကျီကျယ်ကျယ်၊ သက္ကလတ်ဦးထုပ်ဆင်တူနှင့် ဘားကျွမ်းကဇာတ်အဖွဲ့သားများနှင့်ပင် တူနေသေးတော့သည်။ ဂျော့ဂျ်သည် ဆင်နားရွက်တံခါးကို ဖွင့်ပြီး နစ်နှင့် ထမင်းချက်ကို ကြိုးဖြေပေးလိုက်သည်။

ထမင်းချက် ဆမ်က . . .

"တော်ပြီ . . . တော်ပြီ၊ ဒါမျိုးတော့ တစ်သက်နဲ့တစ်ကိုယ် မကြုံပါရစေနဲ့"

နစ်က မတ်တစ်ရပ်လိုက်သည်။ သူလည်း ဒီလို ပါးစပ်ပိတ်လား၊ ချည်လား၊ နှောင်လား လုပ်သည်ကို မကြုံခဲ့စဖူး။

"နင့်မေလွှား . . . စံပါပဲကွာ"

သူက ဟိတ်တွေဟန်တွေလုပ်ပြီး စိတ်ကို တင်ထားလိုက်သည်။

ဂျော့ဂျ်က . . .

"သူတို့ အိုလီအင်ဒါဆင်ကို သတ်လိမ့်မယ်ကွ၊ ဒီကို ညစာ လာစားရင် ပစ်သတ်မလို့စောင့်နေတာ"

"အိုလီအင်ဒါဆင် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"အစစ်ပေါ့ကွ"

နီကရိုးက သူ့နှုတ်ခမ်းအောက်စွန်းကို လက်မနှင့် စမ်းကြည့်ရင်း . . .

"သူတို့ မရှိကြတော့ဘူးနော်"

ဂျော့ဂျ်က . . .

"အေးပါ . . . မရှိတော့ပါဘူး"

ထမင်းချက်က . . .

"ကျုပ်တော့ စိတ်ပျက်တယ်၊ တကယ့်စိတ်ပျက်စရာပဲ"

ဂျော့ဂျ်က . . .

"ဒီမယ် နစ်၊ မင်း အိုလီအင်ဒါဆင် ဆီကို သွားရင်ကောင်းမယ်ကွာ"

"သွားမယ်လေ"

"ဆရာလေးတို့နော်၊ ဒီကိစ္စထဲ ဘာမှ ဝင်မရှုပ်ရင်ကောင်းမယ်၊ ဝေးဝေးက ရှောင်နေရင် ပိုကောင်းမယ်"

ဂျော့ဂျ်က . . .

"အေးလေ . . . မင်းမသွားချင်ရင်လဲ မင်းသဘောပါပဲ"

"ငါ သွားပြီးတွေ့မယ်ကွာ၊ သူ ဘယ်မှာနေသလဲ"

ထမင်းချက်က အသာလှည့်ထွက်သွားရင်း . . .

"ကောင်လေးတွေဟာ သူတို့လုပ်ချင်တာ တစ်ခုပဲ သိကြတာကိုး"

"သူနေတာက ဟာ့စ် တိုက်တန်းလျားမှာကွ"

"သွားလိုက်မယ်ကွာ"

အပြင်ဘက်တွင် လမ်းမီးရောင်သည် ရိုးတံပြိုင်းပြိုင်း သစ်ကိုင်းများအကြားဝယ် ထိန်လင်းနေသည်။ နစ်သည် ကားလမ်းဘေးမှ လမ်းတစ်လျှောက်အတိုင်း လိုက်သွားပြီး လမ်းမီးတိုင်နောက်တစ်ခုရောက်လျှင် လမ်းကြားလေးတစ်ခုထဲသို့ ဖွဲ့ဆင်းသွားသည်။ ထိုလမ်းကြား သုံးအိမ်ကျော်လောက်တွင် ဟာ့စ်တိုက်တန်းလျားရှိသည်။ နစ်သည် လှေကားထစ်နှစ်ခုကို တက်လိုက်ပြီး လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်သည်။ မိန်းကလေး တစ်ယောက် ထွက်လာလျှင် . . .

"အိုလီအင်ဒါဆင် ဒီမှာနေသလား"

"သူနဲ့တွေ့ချင်တာလား"

"ရှိနေရင် တွေ့ချင်ပါတယ်"

ထိုမိန်းမက သူ့ကို ခေါ်သွားသည်။ လှေကားတစ်ခုကို တက်၍ ကြြ လမ်းမြှောင်လေးအတိုင်း လိုက်ပြီး နောက်ဘက်သို့ရောက်သွားလျှင် အခန်းတံခါးကို ခေါက်လိုက်သည်။

"ဘယ်သူလဲ"

"ဒီမှာ ရှင့်ကိုတွေ့ချင်လို့တဲ့"

"ကျွန်တော် နစ်အဒမ်ပါ"

"ဝင်ခဲ့လေ"

နစ်က တံခါးဖွင့်ပြီး အတွင်းဝင်လိုက်သည်။ အင်ဒါဆင်မှာ အဝတ်အစားဝတ်ပြီးဆင်ပြီးကြီးနှင့်ပင် အိပ်ရာပေါ်တွင် လှဲနေသည်။ ဟဲဗီးဝိတ် ကြေးစားလက်ဝှေ့သမားဟောင်းကြီးဖြစ်ရာ သူ့အရပ်အမောင်းမှာ ခုတင်နှင့်မဆံ့အောင် ရှည်ထွက်နေသည်။ ခေါင်းအုံးနှစ်လုံးဆင့်ပြီး လှဲနေရင်း နစ်ကိုလည်း လှည့်မကြည့်ဘဲ . . .

"ဘာကိစ္စလဲ"

"ကျွန်တော်က ဟင်နရီစားသောက်ဆိုင်မှာ ရောက်နေတယ်၊ လူနှစ်ယောက်ဝင်လာပြီး ကျွန်တော်နဲ့ ထမင်းချက်ကို ကြိုးနဲ့တုပ်ထားတယ်၊ သူတို့က ခင်ဗျားကို သတ်ကြမလို့တဲ့"

နစ်ပြောပုံမှာ ကြောင်စီစီနိုင်လှသည်။ အင်ဒါဆင်က ဘာမှ ပြန်မပြော။

"ကျွန်တော်တို့ကို မီးဖိုခန်းထဲ ထည့်ထားတယ်၊ ခင်ဗျား ညစာစားဖို့လာရင် ပစ်သတ်မလို့တဲ့"

အင်ဒါဆင်က နံရံကိုသာ စိုက်ကြည့်နေသည်။ ဘာမှလည်း ပြန်မပြော။

"အဲဒါနဲ့ ဂျော့ဂျ်က အဲဒါ ခင်ဗျားကို သွားပြောရင် ကောင်းမယ်ဆိုလို့"

"ဘယ်တတ်နိုင်မလဲကွာ"

အင်ဒါဆင်က ဒါပဲပြောသည်။

"သူ့ပုံပန်းကို ပြောဦးမယ်"

"ဘယ်လိုပုံပန်းဖြစ်နေနေ မလိုပါဘူးကွာ" အင်ဒါဆင်က ပြောပြီး နံရံကို ကြည့်နေပြန်သည်။

"အေးကွယ် . . . အခုလိုလာပြီးပြောတာကို ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူးခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

နစ်သည် အိပ်ရာပေါ်မှ ရောမလူကြီးကို ကြည့်နေသည်။

''ကျွန်တော် ရဲစခန်းကို သွားတိုင်ပေးရမလား''

''နေပါစေ၊ တိုင်လဲ မထူးဘူး''

''ကျွန်တော် ဘာလုပ်ပေးရမလဲ''

''နေပါစေ ဘာမှလုပ်ဖို့မလိုပါဘူး''

''ဖြီးလုံး ခြောက်လုံးဖြစ်ချင်လဲ ဖြစ်မှာပေါ့လေ''

''မဟုတ်ဘူး၊ ဖြီးတာမဟုတ်ဘူး''

အင်ဒါဆင် နံရံဘက်သို့ စောင်းလိုက်ပြီး နံရံနှင့် စကားပြောနေသကဲ့သို့ . . .

''ခက်နေတာက အပြင်ကို ထွက်မဟဲ့လို့ကိုပဲ ပိုင်ပိုင်နိုင်နိုင် သန္နိဋ္ဌာန်ချလို့မရဘဲဖြစ်နေတယ်၊ ငါ တစ်နေ့လုံး အခန်းအောင်းနေတာ''

''တခြား ရှောင်သွားရင်ကောခင်ဗျာ''

''တော်ပြီကွာ၊ တရှောင်ရှောင် တပြေးပြေးလုပ်နေရတာ စိတ်ကုန်လှပြီ''

အင်ဒါဆင် နံရံကိုပဲ ကြည့်နေရင်း . . .

''ခုမှတော့ ဘာမှလုပ်စရာမလိုတော့ဘူး''

''တစ်နည်းနည်းနဲ့ ရှင်းလို့မရနိုင်တော့ဘူးလား ခင်ဗျာ''

''မရတော့ဘူး၊ ငါက မှားခဲ့တာကိုး'' သူ့အသံက အေးစက်စက်။

''ဘာမှလုပ်စရာမရှိတော့ဘူး၊ အေးလေ၊ ခဏရှိရင်တော့ဖြင့် အပြင်ထွက်ဖို့ စိတ်တင်းကြည့်ရမှာပေါ့''

''ဒီလိုဆို ဂျော့ဂျ်ဆီ ပြန်ပြီးတိုင်ပင်မှထင်တယ်''

နစ်က ပြောလိုက်သည်။

အင်ဒါဆင်က နစ်ကို တစ်ချက်မျှ မကြည့်ဘဲ . . .

''ပြန်ပေဦးတော့ လူလေးရေ၊ ခုလိုလာပြီး ပြောဖော်ရတာ ကျေးဇူးတင်ပါတယ်ကွယ်''

နစ် ထွက်လာခဲ့သည်။ တံခါးကို ပြန်စေ့တော့ ဝတ်စုံပြည့်ကြီးနှင့် အိပ်ရာထက်တွင် လှဲလျက် နံရံကို စိုက်ကြည့်နေသော အင်ဒါဆင်ကို မြင်ခဲ့ရသေးသည်။

အိမ်အောက်ရောက်တော့ အိမ်ရှင်အမျိုးသမီးက . . .

''တစ်နေ့လုံး အခန်းအောင်းနေတာပဲကွယ်၊ နေလို့လဲ မကောင်းဘူးထင်ပါရဲ့၊ ငါက မစ္စတာအင်ဒါဆင် ခုလို ဆောင်းဦးပေါက်ကလေးမှာ အညောင်းပြေ အညာပြေ လမ်းကလေး ဘာလေး လျှောက်ပါလား ဆိုတော့လဲ လျှောက်ချင်စိတ် မရှိဘူးတဲ့ကွယ့်''

''သူက အပြင်ကိုမှ မထွက်ချင်တာ''

''သူ့ နေမကောင်းတော့ တို့လဲ စိတ်မချမ်းသာဘူးပေါ့၊ တကယ့်သဘောကောင်း မနောကောင်းကြီးကွယ့်၊ သူက လက်ဝှေ့သမားဟောင်းကြီးကွယ့်၊ သိရဲ့လား''

''သိပါတယ်''

''မျက်နှာလှုပ်ပုံ ရုပ်ပုံကိုသာ သတိမပြုမိရင် လက်ဝှေ့သမားဟောင်းဆိုတာ ယုံနိုင်စရာတောင် မရှိဘူး၊ အဲလောက်သိမ်မွေ့တာ''

''ကဲ . . . သွားလိုက်ပါဦးမယ် မစ္စက်ဟာ့စ်၊ ဂွတ်နိုက်''

''ငါက မစ္စက်ဟာ့စ် မဟုတ်ဘူးကွဲ့၊ အိမ်ပိုင်ရှင်ကမှ မစ္စက်ဟာ့စ်၊ ငါက ဒီအိမ်ကို စောင့်ရှောက်တဲ့သူပါ၊ ငါက မစ္စက်ဘဲလ်''

''ဟုတ်ကဲ့ မစ္စက်ဘဲလ်၊ ဂွတ်နိုက်''

''ဂွတ်နိုက်''

နစ်က လမ်းကြားမှောင်မှောင်လေးအတိုင်း လိုက်သွားပြီး လမ်းထောင့်မီးတိုင်သို့ ရောက်သွားသည်။ ကားလမ်းအတိုင်းဆက်လျှောက်ပြီး ဟင်နရီ စားသောက်ဆိုင် ရောက်လျှင် ကောင်တာနောက်ဘက်တွင် ထိုင်နေသော ဂျော့ဂျ်ကို တွေ့ရသည်။

''အိုလီနဲ့ တွေ့ခဲ့လားဟေ့''

''တွေ့တယ်၊ သူ့အခန်းမှာပဲ၊ ဘယ်မှမထွက်ဘူးတဲ့''

နစ်၏ အသံကို ကြားသောအခါ ထမင်းချက်နီဂရိုးက မီးဖိုတံခါးကို ဖွင့်လိုက်သေးသည်။ ပြီးမှ . . .

''အို . . . ကြားတောင် မကြားချင်ဘူး'' ဟု ပြောပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

ဂျော့ဂျ်က . . .

''မင်းက အကျိုးအကြောင်း ပြောမပြဘူးလား . . .''

''ပြောတာပေါ့ကွ၊ ဒါပေမဲ့ သူက သိပြီးသားလိုပဲကွ''

www.burmeseclassic.com

www.burmeseclassic.com

"ခု . . . သူ ဘာလုပ်မတဲ့လဲ"

"ဘာမှ မလုပ်ဘူး"

"'ဟိုလူတွေက သူ့ကို သတ်မှာပေါ့"

"အေး . . . သတ်မှာပဲ ထင်တယ်"

"ချီကာဂိုမှာ တစ်ခုခု မရှင်းမရှင်း လုပ်ခဲ့လို့ဖြစ်မှာပေါ့"

နစ် က . . .

"ထင်တာပဲ"

"စိတ်ပျက်စရာကြီးပါကွာ"

သူတို့ ဘာမှ ဆက်မပြောကြ။ ဂျော့ဂျ်က မွေးပွအဝတ်ကြီးကို လှမ်းဆွဲပြီး ကောင်တာစားပွဲကို သုတ်နေသည်။

နစ်က . . .

"ဘာများ လုပ်ခဲ့မိပါလိမ့်မလဲ နော်"

"အရှုံးပေးမယ်ဆိုပြီး တစ်ယောက်ဆီက ငွေယူပြီးတော့ အနိုင်ထိုးပြီး တစ်ဖက်က ငွေကိုလဲ စား၊ နှစ်ဖက်လှလုပ်ခဲ့လို့ လိုက်သတ်တာဖြစ်မှာပေါ့"

"ငါလဲ တခြားရှောင်နေဦးမယ်ကွာ"

"အေး . . . အဲဒါပဲ ကောင်းပါတယ်ကွာ"

"ကိုယ့်ကို လာပြီး သတ်တော့မှာ သိသိကြီးနဲ့ အခန်းထဲက စောင့်နေရတဲ့ အဖြစ်ကြီးကို တွေးကို မတွေးချင်ဘူး၊ ငါ့ချီး . . . စိတ်ပျက်စရာကောင်းလှသကွာ"

ဂျော့ဂျ်က . . .

"အေးကွာ . . . ဒီအကြောင်း မတွေးတာပဲ ကောင်းပါတယ်"

အောင်သင်း

■

ရှမဝရုပ်စုံမဂ္ဂဇင်း
?

သိပ္ပံမေတ္တာနှင့် ဝတ္ထုဆရာ

ကျုပ်မှာ ဘယ်သူ့ကိုမှ စွပ်စွဲပိုင်ခွင့်ရှိတယ်လို့ မယူဆဘူး၊ ဝတ္ထုဆရာဟာ ဒီလောကကြီးရဲ့ ကိစ္စထွေလာနဲ့ပတ်သက်ပြီး သူ့ထင်မြင်ချက်ကိုတောင် ပေးကောင်းတယ်လို့ မထင်မိဘူး၊ ကိစ္စထွေလာနဲ့ ဆက်သွယ်ပေးပေါ့။ ပြောဖို့မလိုဘူး၊ (ဒါက ကျုပ်ရဲ့ သီးသန့်ကိုယ်ကျင့်တရားတစ်ခုပဲ) ကိစ္စထွေလာတွေကို ကျုပ် တွေ့ရ မြင်ရသမျှ ရေးမယ်။ အမှန်ကန်ဆုံးလို့ ကျုပ်ထင်တာတွေကို ရှင်းလင်းတင်ပြမယ်။ ဖြစ်ချင်တာဖြစ်ပါစေ ကိစ္စမရှိဘူး။ ဓနရှင်ပဲ၊ သူတောင်းစားပဲ၊ နိုင်သူပဲ၊ ရှုံးသူပဲ ဒါတွေကို မစဉ်းစားဘူး။ နောက်ပြီး ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်း၊ စပ်ဆုပ်ခြင်းဆိုတာတွေကိုလဲ ကျုပ်မလိုချင်ဘူး။ အဲ . . . မေတ္တာတရား။ ဒါကတော့ တစ်ကမ္ဘာ၊ မေတ္တာတရားဆိုတာ ပိုတယ်မှမရှိဘဲ။

သမာသမတ်ကျတဲ့ တရားမျှတမှုကို အနုပညာမှာလဲ ကျင့်သုံးသင့်ကြပြီ မဟုတ်လား။ ပန်းချီကားတစ်ချပ်ရဲ့ ဘက်မလိုက်သော (အပြုသဘော)ကို စံပြု ဥပဒေသပြုပြီး သိပ္ပံရဲ့တိကျမှုကို ကျင့်သုံးသင့်ပြီ။

(ဖလောဘဲမှ ဂျော့ဆန်းသို့ ပေးစာ)

၁၀–၈–၁၉၆၈

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါစကားရပ်ကို ရှေ့ပိုင်းက ကျွန်တော်၏ ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုစကားရပ်ကို ကျွန်တော် စိတ်ဝင်စားမိသော အချက် နှစ်ခုနှင့်ပတ်သက်၍ ဆင်ခြင်နားလည်မိသမျှ တင်ပြလိုသောကြောင့် ထပ်မံ ဖော်ပြရခြင်း ဖြစ်ပါသည်။ ယင်းတို့မှာ "သိပ္ပံရဲ့တိကျမှုကို ကျင့်သုံးသင့်ပြီ" ဟူသောစကားနှင့် "မေတ္တာတရားဆိုတာ ပိုတယ်မှမရှိဘဲ" ဟူသော စကားတို့ ဖြစ်ပါသည်။

သိပ္ပံပညာ၏ တိကျမှု

တစ်နေ့တွင် သိပ္ပံပညာရှင်တစ်ဦးသည် သူ၏ သူငယ်ချင်းတစ်ယောက်နှင့်အတူ ကားမောင်းပြီး မြို့ပြင်သို့ ထွက်လာကြရာ သူငယ်ချင်းက လမ်းဘေးရှိ သိုးအုပ် တစ်အုပ်ကို မြင်လိုက်လျှင် . . .

"ဒီသိုးအုပ်က သိုးမွေးတောင် ညှပ်ပြီးပြီနော်"

"အေး . . . ဟုတ်တယ်၊ ဒီဘက်ခြမ်းကတော့ ညှပ်ပြီးတာ သေချာ တယ်"

သိပ္ပံပညာရှင်များ၏ သိပ္ပံကြောင် ကြောင်ပုံကို ကျီစားထားသော ဟာသကလေး ဖြစ်ပါသည်။ သို့သော် သိပ္ပံပညာရှင်များကလည်း မမြင်ရသော ဟိုဘက်ခြမ်းကို မှတ်ချက်မပေးခြင်းကြောင့် သိပ္ပံပညာ၏ တိကျမှုကို ထင်ရှား ပေါ်လွင်စေသည့်အတွက် ဤဟာသကလေးကို နှစ်သက်ကြပါသည်။

သိပ္ပံပညာတွင် ခံစားမှု မရှိ၊ ဘက်လိုက်မှု မရှိ။ သဘာဝပစ္စည်းတို့ကို အရှိအတိုင်း၊ အဖြစ်အပျက်အတိုင်း သိရအောင် စူးစမ်းဆင်ခြင်၍ အတွေ့ အတိုင်းကို တိတိကျကျ ခိုင်ခိုင်မာမာ တင်ပြကြရသည်။ အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်ပေါင်းလျှင် ရေဖြစ်သည်။ ရေဖြစ်သွားသောကြောင့် ရင်ဘတ် စည်တီး ငိုနေစရာလည်း မလို၊ အူတက်အောင် ရယ်မောနေစရာလည်း မလို။ ရေဖြစ်သွားရမလား။ တကယ်တမ်းဆို ဆီဖြစ်ပါတော့လားဟု ဒေါသဖြစ်စရာ လည်း မလို။

ဤသို့လျှင် သဘာဝပတ်ဝန်းကျင်ကို အရှိအတိုင်း၊ အဖြစ်အတိုင်း သုံးသပ်ဆင်ခြင်၍ တိကျခိုင်မာစွာ တင်ပြရသော သိပ္ပံပညာ၏ ဓမ္မဓိဋ္ဌာန် နည်းစနစ်သည် ဝတ္ထုအနုပညာ လောကကိုပါ ရိုက်ခတ်လာခဲ့သည်ဟု ဆိုကြ ပါသည်။

စိတ်ပညာဆရာကြီး ဖရွိုက်၏ စိတ်ခွဲပညာသဘောတရားများသည် ဝတ္ထုလောကကို အတော်ကြီးဩဇာပြုခဲ့ရာ ဖရွိုက်သဘောတရား မပေါ်မီနှင့် ပေါ်ပြီး ဝတ္ထုများ အတော်လေး ခြားနားသွားသည်ဟု စာပေပညာရှင်များက ဆိုစမှတ်ပြုကြကြောင်း အများသိပင် ဖြစ်ပါသည်။

ထို့အတူ သိပ္ပံပညာ၏ နည်းစနစ် သဘောတရားများသည်လည်း ဝတ္ထုလောကကို ဩဇာပြုခဲ့ပါသည်။ ထိုသဘောတရား နှစ်နှစ်မြိုက်မြိုက် လက်ခံနိုးဆော်ခဲ့သူမှာ **ဂုစတာပ်ဖလောဘဲ**ပင် ဖြစ်သည်။ ထို့ကြောင့် နောက် ဝတ္ထုဆရာများသည် ဖလောဘဲ၏ ဩဇာရိပ်မှ မလွတ်ကြဟု ဆိုကြပါသည်။

သဘာဝသည် လော့လာသူ၏ အလိုသို့ မလိုက်။ သဘာဝအတိုင်း သူ့သတ္တိကို ပြသည်။ ရေသည် ရေပဲဖြစ်၏။ ရေကို ဆီဖြစ်ချင်၍ မရ။ ဆီ သည်လည်း ဆီပဲဖြစ်၏။ ရေဖြစ်စေချင်၍ မရ။

သူ့သဘောကိုသာ သူ ဆောင်သည်။ သိပ္ပံပညာရှင်တို့ကလည်း သူ့ သဘောကိုသာ လေ့လာ၍ တွေ့သည့်အတိုင်း၊ သိသည့်အတိုင်းကိုသာ မိမိ၏ ဝေဒနာမပါဘဲ တင်ပြရန်မျှသာ ဖြစ်သည်။ အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင် ပေါင်းလျှင် ရေဖြစ်သည်။ သည်လိုပဲ ပြောရမည်။ 'ရေဖြစ်သွားရှာပါရော့လား ခင်ဗျာ' ဟု ပြောစရာ မလို။ ရေဖြစ်သွားလို့လည်း သိပ္ပံပညာရှင်ကို အပြစ် တင်စရာ မလို။ ဆီဖြစ်သွားလို့လဲ ချီးမွမ်းစရာ မလို။ တွေ့အောင် ရှာတတ်ခြင်း၊ ခိုင်လုံအောင် တင်ပြနိုင်ခြင်းအတွက်သာလျှင် သူ့ကို ချီးကျူးရမည်။

ဝတ္ထုသည်လည်း ထိုကဲ့သို့ပင် ဖြစ်သင့်သည်။ ဇာတ်ဆောင်တို့၏စရိုက် ကို သူ့အတိုင်းသာ ရှိစေသင့်သည်။ ကောင်းခြင်း၊ ဆိုးခြင်းမှာ ဝတ္ထုဆရာ၏ အလုပ် မဟုတ်။ အကောင်းထဲတွင် အဆိုးကွက်ရောနေလျှင်လည်း အကြောင်း မဟုတ်။ အဆိုးထဲတွင် ကောင်းကွက်ပါနေလျှင်လည်း အကြောင်းမဟုတ်။ သူ့စရိုက် သူ့သဘာဝကို အရှိအတိုင်းတင်ပြရန်သာ ဝတ္ထုဆရာ၏ တာဝန် ဖြစ်သည်။ သိပ္ပံပညာတွင် ကျိုးကြောင်းကို ရှင်းလင်းတင်ပြသကဲ့သို့ အကျိုး တရား၊ အကြောင်းတရားကို စူးစမ်းရှာဖွေ၍ တွေ့ရှိလျှင်လည်း တွေ့သည့် အတိုင်းကိုသာ တိကျခိုင်မာစွာ တင်ပြရန် ဖြစ်သည်။ ဝတ္ထုရေးသူက ဝမ်းသာ နေစရာ မလို၊ ဒေါသဖြစ်နေစရာ မလို။ ဇာတ်ကောင်တို့အပေါ်၌လည်း 'သာဓေ၊ နာခေ' သဘောမထားအပ်။ ဟိုလူ့ပင့်လိုက်၊ သည့်လူမြှောက်လိုက်၊ ဟို ဇာတ်ကောင်နှိမ်လိုက်၊ သည်ဇာတ်ကောင်ရှုတ်ချလိုက် မလုပ်အပ်။ သာဓေ

www.burmeseclassic.com

www.burmeseclassic.com

နာခေ စေတနာဖြင့် မျက်နှာလိုက်ပြီး သည်ဇာတ်ကောင်ကိုတော့ ကောင်းကွက်တွေချည်းဖော်ပြီး ဟိုဇာတ်ကောင်ကျတော့ ဆိုးကွက်တွေချည်းဖော်ပြလည်း မပြုအပ်။ (ဤသဘောဖြင့် စရိုက်သေ၊ စရိုက်ရှင် ပေါ်ပေါက်လာရခြင်းဖြစ်သည်။ စကားချပ်။)

အကောင်းချည်းဖော်ပြခြင်း၊ အဆိုးချည်းဖော်ပြခြင်းတို့ဖြင့် စရိုက်တစ်ခြမ်းပဲ့တင်ပြသည်မှာ မိမိအလိုသို့လိုက်ပြီး ဆုံးဖြတ်မှတ်ချက်ချအောင် စာဖတ်သူကို လှည့်ဖြားသွေးဆောင်ရာရောက်သည်။ စာဖတ်သူကို ရိုသေသောအားဖြင့်လည်းကောင်း၊ ဝတ္ထုဆရာ၏ ကိုယ်ကျင့်တရားကို ထိန်းသိမ်းသောအားဖြင့်လည်းကောင်း၊ အရှိတိုင်း အဖြစ်တိုင်းကို မကွယ်၊ မဝှက်၊ မပို၊ မလို တင်ပြသင့်သည်။ စာဖတ်သူမှာ အသိဉာဏ်ရှိသည်။ သူ့အသိဉာဏ်နှင့်သူ ကြိုက်သလို မှတ်ချက်ပေးလိမ့်မည်၊ ကောက်ချက်ဆွဲလိမ့်မည်။ စာဖတ်သူက ဝတ္ထုဆရာထက်ပင် ဆင်ခြင်ဉာဏ်အား ကြီးမားကောင်း ကြီးမားနေလိမ့်မည်။ စာဖတ်သူ၏ ဆင်ခြင်ဉာဏ်ကို ဘောင်ပိတ် ချုပ်ချယ်ခြင်း မပြုအပ်။ ဝတ္ထုဆရာက 'သာခေ၊ နာခေ' ဘက်လိုက်ပြီးရေးခြင်းဖြင့် မိမိအလိုအတိုင်း စာဖတ်သူက ဆုံးဖြတ်ကောက်ယူအောင် ပြုလုပ်ခြင်းသည် စာဖတ်သူ၏ အသိဉာဏ်စွမ်းရည်ကိုလည်းကောင်း၊ ဆင်ခြင်ဉာဏ်စွမ်းရည်ကိုလည်းကောင်း ကျဉ်းမြောင်းအောင် ပိတ်ပင်ရာရောက်သည်။ အရှိအတိုင်း အဖြစ်အတိုင်းကို တိတိကျကျတင်ပြပေးလျှင် ဉာဏ်ခံကြီးသော စာဖတ်သူတို့အဖို့ ဝတ္ထုဆရာထက်ပင် လေးနက်သော ဘဝအမြင်၊ လောကအမြင်တို့ကို ရနိုင်စရာအကြောင်းရှိသည်။ ထို့ကြောင့် ဝတ္ထုဆရာ၏ အသံကို မကြားရစေဘဲ (ဝါ) ဝတ္ထုဆရာက ဝင်မပြောဘဲ ဇာတ်ကောင်တို့၏ စရိုက်သဘာဝကို ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြသင့်သည်။

သိပ္ပံပညာ၏ နည်းနိဿယ တင်ပြပုံတို့သည် ဤသို့လျှင် ဝတ္ထုအနုပညာကို ရိုက်ခတ် လွှမ်းမိုးစေခဲ့ပါသည်။

နားထောင်တတ်လျှင် ပြောသံကို ကြားရသည်

ဓမ္မဓိဋ္ဌာန်ရှုထောင့်၊ ဓမ္မဓိဋ္ဌာန်အပြောတို့ကို ဆွေးနွေးလိုက်ကြသည်မှာ ဝတ္ထုနယ်ပယ်သာမက ပြဇာတ်၊ ရုပ်ရှင် စသည့်တစ်ပါးသော နယ်ပယ်များသို့တိုင်အောင် လွှမ်းပြီး ကြည့်ကြသောအခြေသို့ ရောက်လာပါတော့သည်။

ဥပမာ–အဖတ်ပြဇာတ်ကို ရှေးဦးစွာ ကြည့်ကြမည် ဆိုကြပါစို့။ ဇာတ်ဆရာ (ဝါ) ပြဇာတ်ဆရာ၏ ကိုယ်ရောင်လေသံကို မမြင်ရ၊ မကြားရသလောက်ပင် ဖြစ်သည်။ ကြားရသည်ဆိုဦးတော့၊ 'ကန့်လန့်ကာဖွင့်လာစေ'၊ 'ကန့်လန့်ကာကျစေ'၊ 'ဇာတ်ခုံပေါ်တွင် ညာဘက်၌ စားပွဲတစ်လုံး၊ စားပွဲပေါ်တွင် ပန်းအိုးတစ်ခု ရှိရမည် . . .' စသော အသံမျိုးလောက်ကိုသာ ကြားရပါလိမ့်မည်။ ထိုစကားများမှာလည်း တစ်စုံတစ်ရာ ဘက်လိုက်မှု မရှိ၊ သာခေ နာခေသဘော မရှိ။ ယင်းသို့သော စကားသံမျိုးမှအပ ဇာတ်ဆရာ၏ အသံကို လုံးဝမကြားရ။ ဇာတ်ကောင်တို့၏ အသံကိုသာလျှင် ကြားရသည်။ ထိုကဲ့သို့သော စာမျိုးကို ဓမ္မဓိဋ္ဌာန် အပြောစစ်စစ်ဖြစ်သည်ဟု မဆိုနိုင်ပြီလော၊ ဤသို့ စဉ်းစားဖွယ်ရာ ဖြစ်လာပါသည်။

သို့သော် ဇာတ်လမ်းဖွဲ့ပုံ၊ ဇာတ်လမ်းအာဘော်တို့ကို ခြုံငုံပြီး သုံးသပ်ကြည့်လိုက်လျှင် (ကြည့်တတ်ပါက) ဇာတ်ဆရာ(ဝါ)စာရေးဆရာ၏ အသံကို ကြားရနိုင်သည်ဟု ဆိုပါသည်။

သူတို့၏ အဆိုကို ရှင်းလင်းစွာ သိသာစေရန် ကဇာတ်များ၊ ရုပ်ရှင်များကို ပုံစံအဖြစ် တင်ပြလိုပါသည်။ ဥပမာ–ရွှေမန်းတင်မောင်အတွက် ဇာတ်ထုပ်တစ်ခုကို ရေးတော့မည် ဆိုကြပါစို့။ ရွှေမန်းတင်မောင်ကို သနားအောင်၊ ချစ်အောင် ရေးရပါလိမ့်မည်။ နှစ်ပါးသွား၊ အပူခန်း စသည်တို့ကို အကွက်ဆင်ရပါတော့မည်။ အပူခန်းတွင် ဇာတ်မင်းသားကို သနားပါမှ၊ မျက်ရည်အိုင်ကြပါမှ၊ လူကြမ်းကို ကြဲရိုးပိုင်းနှင့် လှမ်းပစ်ကြအောင်ဖြစ်မှ အောင်မြင်သော ဇာတ်ထုပ် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဇာတ်ထုပ်ရေးပါပြီဆိုကတည်းက 'သာခေ၊ နာခေ' ဘက်လိုက်ပြီး ဖြစ်နေပါတော့သည်။ (ထိုသို့သော ဇာတ်ပွဲထဲက ပြဇာတ်ရေးဆရာများမှာ အလွန်နယ်ကျဉ်းပါသည်။ ခေါင်းဆောင်မင်းသားကို ကြည့်ပြီး ဇာတ်လမ်းရေးကြရပါသည်။ ခေါင်းဆောင်မင်းသား၏ အရွယ်က အသက် ၄၀ လောက်ရှိနေလျှင် ဆယ်ကျော်သက်ကလေးတို့၏ ဇာတ်လမ်းကို ရေးလို့ မရတော့ပါ။ စကားချပ်။)

ထို့အတူ ရုပ်ရှင်တွင်လည်း ဇာတ်လမ်းရေးကတည်းက (သို့မဟုတ်) ရွေးကတည်းက ခေါင်းဆောင်မင်းသားကို ချစ်မည့်၊ သနားမည့် ဇာတ်လမ်းကိုသာ ရေးရ ရွေးရပါမည်။ ခေါင်းဆောင်မင်းသားကို အောင်းဆိုးနာလောက်သော ဇာတ်လမ်းမျိုးဖြစ်နေလျှင်လည်း ဘယ်မင်းသားမှ ကနားလို့ရတော့မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့လျှင် သာစေ၊ နာ -စ ဘက်လိုက်ခြင်းတို့မှာ ပြဇာတ်၊ ကဇာတ်၊ ရုပ်ရှင်တို့တွင် ပါနေစမြဲ ဖြစ်သည်။ ပရိသတ်ကလည်း ငိုလိုက်ရမှ၊ ရယ်လိုက်ရမှ၊ လန့်လိုက်ရမှ၊ ထိတ်လိုက်ရမှ ကြိုက်တတ်သည်ဖြစ်ရာ ဓမ္မဝိဒ္ဓာန် အပြော၊ အပြ သဘောကို စာပေမှတစ်ပါး အခြားနေရာတွင် သုံးလို့မရအောင် ဖြစ်နေလေတော့သည်။ ရုပ်ရှင်၊ ပြဇာတ်၊ ကဇာတ်ဆိုသည်မှာလည်း ငွေရင်းငွေနှီးကြီးမားစွာ ပညာသည်ပေါင်းများစွာနှင့် ပရိသတ် တစ်ပုံတစ်ပင်ကြီး တင်ပြရသည်ဖြစ်ရာ ပရိသတ်မကြိုက်လျှင် ခွက်ခွက်လန်အောင် ရှုံးတတ်သည်ဖြစ်၍ မစွန့်စားဝံ့ကြချေ။ စာပေမှာမူကား ရေးသူကလည်း တစ်ယောက်တည်း ရေးနိုင်သည်။ ဖတ်သူကလည်း တစ်ယောက်တည်း ဖတ်နိုင်သည်။ ငွေရင်းငွေနှီးကလည်း (မြန်မာပြည်အဖို့ဆိုလျှင်) စာတစ်အုပ်တွက် ကုန်ကျစရိတ်မှာ ရုပ်ရှင်တစ်ပိုင်းစာအတွက် ကုန်ကျစရိတ်လောက်သာ ရှိမည်။

ဤသို့ ဤသို့သော ပြဿနာများကြောင့် ဓမ္မဝိဒ္ဓာန် အပြော၊ အပြသဘောမှာ စာပေလောကဌ်သာလျှင် အသုံးချလို့ ရတော့သည်။ ဤစာပေလောကဌ်သာလျှင် စာရေးဆရာ၏ ကိုယ်ရောင်၊ လေသံ တစ်ငွေ့မျှမပါအောင် ရေးထားသော ဝတ္ထုမှာ အလွန် ရှားရှားပါးပါးဖြစ်သည်ဟု ဆိုကြပါသည်။ မည်သို့ပင်ဖြစ်စေ ဤအယူအဆပေါ်ပေါက်လာသည့်အတွက် အပြောကိုချည်းအားကိုးနေသော ကွက်စိပ်ဝတ္ထုဆရာများ နည်းပါးသွားတော့သည်ကားအမှန်ပင်ဖြစ်သည်ဟု ယူဆရပါသည်။

ယခု ဤဆောင်းပါးကို အကြမ်းရေးနေဆဲမှာပင် ကျွန်တော့်ထံ တပည့်ဟောင်းတစ်ယောက် ပေါက်လာပါသည်။ သူက ဩဂုတ်လ ရှုမဝဆောင်းပါးကို ဖတ်ပြီးပြီဖြစ်၍ "ဆရာ့ဆောင်းပါးထဲက အပြော၊ အပြ၊ သဘောအတိုင်းဆိုရင်တော့ စာရေးဆရာတစ်ယောက်ရဲ့ဝတ္ထုတွေဟာ အပြောဝတ္ထုတွေချည်းဖြစ်နေမှာပဲ၊ သူ့ဝတ္ထုတွေမှာ ဇာတ်ကောင်တွေရဲ့အသံတောင် မကြားရ တစ်ချက်၊ ကြားရ တစ်ချက်၊ သူကချည်းပြောပြီး မှတ်ချက်တွေပေးနေတာပဲ" ဟု ပြောလာပါသည်။ ဤသို့ တစ်ချက်လွှတ်ပြောလို့လည်း ဖြစ်မည် မထင်ပါ။ အလွန်သိမ်မွေ့သော ကိစ္စ ဖြစ်ပါသည်။ သူ၏ ဝတ္ထုများတွင် သူ့အပြော သူ့မှတ်ချက်တွေ များနေသည်ထားဦးတော့ ထိုမှတ်ချက်ပြုပုံ၊ ကောက်ချက်ဆွဲပုံတို့မှာ ချစ်ရင်ချစ်သလို၊ မုန်းရင်မုန်းသလို ပြောသော မှတ်ချက်တွေလား၊ ဓမ္မဝိဒ္ဓာန်ကျသော မှတ်ချက်တွေလား ဆိုသည်ကို ဆက်လက်ဆင်ခြင်ကြည့်ရဦး

မည် ထင်ပါသည်။

ဖေလာဘဲက "ပန်းချီကားတစ်ခုရဲ့ ဘက်မလိုက်တဲ့သဘောကို စံပြဥပဒေသပြုပြီး" ဟု ဆိုခဲ့ပါသည်။ ပန်းချီကားတစ်ခုတွင် အပြသက်သက်သာ ရှိပါသည်။ အပြော မရှိပါ။ ပန်းချီဆရာက တစ်စုံတစ်ခုသောအကြောင်းအရာကို သူ ခံစားမိသလို ရေးဆွဲတင်ပြပေးလိုက်သည်။ ပန်းချီကားအမည်မှအပ ဘာအပြောမျှ မပါ။ တစ်ခါတစ်ရံ ပန်းချီကားအမည်ပင် ပါမလာ။ ကြည့်သူက ပန်းချီကားကို ကြည့်ပြီး သူ့ဘာသာ ခံစားရုံပဲ ဖြစ်သည်။ ပန်းချီဆရာ၏ ခံစားမှုနှင့် ပရိသတ်၏ ခံစားမှုပင် တူချင်မှတူမည်။ ပရိသတ်ကို ပြရုံသာ ပြသည်။ မပြော။ ပန်းချီဆရာ၏ အသံကို လုံးဝမကြားရ။ ဆရာကြီး ဖလောဘဲက ဝတ္ထုကို ထိုသဘောမျိုး ဖြစ်စေချင်ပုံရပါသည်။

သို့သော် တစ်ခုခက်နေသည်မှာ ပန်းချီကားက အရုပ်သက်သက်၊ မျက်စေ့ဖြင့် ရှုမြင်ခံစားရသည်။ ပန်းချီဆရာက စုတ်၊ ဆေးတို့ဖြင့် အရုပ်ရေးပြရုံသာ ရှိသည်။ ပြောနေစရာ လိုသည်မဟုတ်။ စာပေဆိုသည်မှာကား စာရေးပြီး စကားပြောနေရခြင်း ဖြစ်သည်။ စကတည်းက အပြောတွင် အခြေခံလာခဲ့ရသော အနုပညာတစ်ခုတွင် ရေးသူ၏ အပြောကို မပေါ်လွင်အောင် (ဝါ) ရေးသူက ဝင်ပြီး မပြောမိအောင် ထိန်းသိမ်းရသော ကိစ္စမှာ အလွန့်အလွန် မလွယ်သော ကိစ္စကြီးဖြစ်ကြောင်း အထူးပြောစရာ မလိုတော့ပါ။ ထို့ကြောင့် 'လူသတ်သမားများ' (The Killers) လို ဝတ္ထုမျိုးမှာ အလွန်နည်းပါးနေခြင်း ဖြစ်ပါလိမ့်မည်။

မေတ္တာတရားနှင့် ဝတ္ထုဆရာ

ဆက်လက်၍ "မေတ္တာတရားဆိုတာကတော့ ပိုတယ်မှမရှိဘဲ" ဟူသော စကားရပ်နှင့်ပတ်သက်၍ ကျွန်တော်ဆင်ခြင်မိသမျှ တင်ပြလိုပါသေးသည်။

ဇာတ်ကောင်အားလုံး၊ လူသတ္တဝါအားလုံး အပေါ်တွင် မျှတသော မေတ္တာတရား မထားနိုင်လျှင် သမာသမတ်ကျသော တွေးထောင့်၊ ရှုထောင့်ကို မရနိုင်ပါ။ သို့ဖြစ်လျှင် ဗီသသော ဓမ္မဝိဒ္ဓာန်ရှုထောင့်၊ ဓမ္မဝိဒ္ဓာန်အပြော၊ အပြကိုလည်း ရနိုင်တော့မည် မဟုတ်ပါ။ ဤသို့ ကျွန်တော် ယူဆပါသည်။

"မေတ္တာတရားဆိုတာကတော့ ပိုတယ်မှမရှိဘဲ" ဟူသောစကားကြောင့် ဆရာကြီး ဖလောဘဲကို ကြည်ညိုမိပါသည်။ သူသည် ပြင်သစ်လူမျိုး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ဖြစ်၍ ခရစ်ယာန်ပဲ ဖြစ်ပါလိမ့်မည်။ သို့သော် ကျွန်တော်တို့ ဗုဒ္ဓရှင်တော်ဘုရား၏ အလိုတော်ကျ မေတ္တာမျိုးပင် ဖြစ်သည်ဟု ဆိုချင်ပါသည်။

ဤနေရာတွင် ကျွန်တော် စကားတစ်ခွန်းကို စွန့်ပြီးပြောလိုက်ပါတော့မည်။ ရှိသေလေးစားလောက်သော ဝတ္ထုဆရာကြီးများ၏ သဏ္ဌာန်တွင် ဘုရားရှင်၏ မဟာကရုဏာတော်မျိုးနှင့် ခပ်ဆင်ဆင်တူသော မေတ္တာအနုစား ကိန်းနေသည်ဟု ထင်မိပါသည်။

ဆရာကြီးရွှေဥဒေါင်းက သူ၏ ဆောင်းပါးတစ်ပုဒ်တွင် ဘုရားရှင်၏ မဟာကရုဏာတော်အကြောင်းကို ဖွင့်ခဲ့ဖူးပါသည်။ ဘုရားရှင်သည် အားလုံးသော သတ္တဝါအပေါင်းကို ချစ်သနားသည်။ သားတော်ရာဟုလာကိုလည်း ချစ်သနားသည်။ စိဉ္စမာနကိုလည်း ချစ်သနားသည်။ ဒေဝဒတ်တို့ ငရဲကျသွားသောကြောင့် သနားခြင်းမှာ ကျွန်တော်တို့လို ရင်ဘတ်စည်တီးငိုကြွေးပြီး သနားခြင်းမျိုး မဟုတ်။ ငရဲသို့ ကျရပြန်သောကြောင့် သံသရာရှည်ရရှာပေဦးတော့မည်ဟု ချောက်ချားခြင်းမရှိသော သနားခြင်းမျိုး ဖြစ်သည်။

ဤသို့ ငရဲကျရသည် ဆိုခြင်းမှာလည်း ဘုရားရှင်အဖို့ အဆန်းမဟုတ်တော့။ သူကိုယ်တိုင်လည်း အနမတဂ္ဂ သံသရာတွင် ငရဲသို့ ကျခဲ့ဖူးလှပြီ။ သူကိုယ်တိုင် ငရဲဘက်သို့ ခြေဦးမလှည့်တော့သည်မှာ ဘာများ ကြာသေးသနည်း။ သံသရာအနန္တနှင့်စာလိုက်တော့ တစ်နေ့တုန်းက မနက်စောစောမှာပင် တစ်ခေါက်ရောက်ခဲ့ရသေးသည်ဟု ပြောရမလို ဖြစ်နေသည်။ သည်လိုဆိုတော့ သံသရာကို အလျားလိုက် တိုးလျှိုပေါက်မြင်နေရသော ဘုရားရှင်အဖို့ ဘာများဆန်းပါတော့မည်နည်း။

သူ့အဖို့ ဒေဝဒတ်လည်း သတ္တဝါ၊ ရာဟုလာလည်း သတ္တဝါ၊ စိဉ္စမာနပယသော်ရော အားလုံးမှာ သတ္တဝါတွေချည်းသာ ဖြစ်သည်။ သံသရာကြောတွင် အတောမသတ် ဆက်စပ်ခဲ့ဖူးလျက် ဆွေမျိုးတော်စပ်၊ သတ်ဖြတ်ညှဉ်းဆဲ တစ်ခဲနက်ကြုံခဲ့ကြဖူးပြီ။ အငြိုးကြီးစွာ မုန်း၍ အချစ်ဆုံးလည်း ဖြစ်ခဲ့ဖူးကြပြီ။ ယခု ဘုရားရှင်၏ ဘဝမှာတော့ ဘယ်သူ့ကိုမှ အချစ်ပိုစရာမလိုတော့။ အငြိုးသိုစရာလည်း မလိုတော့။

အဟိတ်တိရစ္ဆာန်ငယ်ကလေးဟုလည်း အထင်သေးခြင်း မဖြစ်၊ ဗြဟ္မာကြီးဟုလည်း အထင်ကြီးခြင်း မဖြစ်။ မဂ်ဖိုလ် တစ်ဆင့်တလေမျှ မရသေးလျှင် အားလုံးအတူတူချည်းသာဖြစ်၍ သံသရာတွင် နိမ့်မြင့်စုန်ဆန် ပြန်လည်မျော

ကြရမည့်သူချည်းသာ ဖြစ်သည်။ **ဦးပုည၏ ပြန်ပေးမေတ္တာစာထဲက စာပိုဒ်**ကလေးမှာ စာဖတ်သူ၏ နားထဲတွင် ပြန်ပြီး မြင်လာကြလိမ့်မည် ထင်သည်။

"ပထမ မဂ္ဂဒ္ဒါန်၊ နိဗ္ဗာန်ကမ်းခိုင်၊ မြေမလျှိုင်ဒ္ဒိ၊ မထိုင်မိသေးသမျှ သူကငါက၊ အန္တမသော၊ မတ္တဘောငယ်လို၊ ကမျဉ်းနီပြိတ္တာ၊ အထက်သို့လာခဲ့လျှင်၊ ဗြဟ္မာကြီးအစစ်၊ ဖြစ်ချင်တိုင်းဖြစ်စေဦး၊ ရှစ်လောကတ္တရာတွင်၊ တစ်ပါးမျှ မရပါမူ၊ မောင်ဗြဟ္မာဘုံလျှော၍ မြက်သောက်တောမြေဆီမှာ၊ ကမျဉ်းနီဖြစ်ဦးမည်၊ စင်စစ်မှတ်လေ။ ကမျဉ်းနီသေသော်လည်း၊ ရှစ်တွေသော ကာမဇော၊ ကုသလသဘောနှင့်၊ မနောက်စွပ်မိလျှင်၊ ဗြဟ္မာကြီးဘုံပျံ့ဝယ်၊ ကမျဉ်းနီ နန်းစံ၍ 'သုခံဝတတော၊ အဟောအစ္ဆယမ်း၊ အဟမ်း . . . အဟမ်း' ချောင်းနားပန်းများနှင့် ခမ်းကြီးနားကြီး နေဦးမည်။"

ထို့ကြောင့် မဂ်တရား မရရှာသေးသောသူများအတွက် အားလုံးကို တစ်ပြေးညီ သနားသည်။ မဂ်တရားရပြန်လျှင်လည်း တစ်ပြေးညီ ဝမ်းမြောက်သည်။ ရာဟုလာ မဂ်တရားရတော့လည်း "ဒါမှ ငါ့သားလကွယ့်" ဟု ပိုပြီး ထူးထူးခြားခြား ဝမ်းမြောက်သည် မဟုတ်။ သူလည်း သတ္တဝါတစ်ဦးမျှသာ တည်း။ ဤကား ဘုရားရှင်၏ သူမတူသော မေတ္တာတော် . . .။ ရှေ့သို့ဆက်ပြီး ကျွန်တော် မပြောတတ်တော့ပါ။ စာဖတ်သူသာ တွေးပြီး ကြည်ညိုပါလေတော့။

ဝတ္ထုသဘောတရားအကြောင်းကို ပြန်ပြီးကောက်ပါရစေ။ ဖလောဘဲ ပြောသော မေတ္တာဆိုသည်မှာ ဤသို့သော တစ်ပြေးညီ မေတ္တာမျိုးနှင့် ခပ်ဆင်ဆင်တူသည်ဟု ထင်မိပါသည်။ သည်လိုဆိုတော့ ဖလောဘဲက ရဟန္တာလား၊ ဘုရားလားဟု မေးစရာ ရှိပါသည်။ သူလည်း ပုထုဇဉ်ပင် ဖြစ်ပါသည်။ ချစ်သူ မုန်းသူတွေ ရှိပါလိမ့်မည်။ လောဘ၊ ဒေါသ၊ မောဟတွေ တစ်ထွေးကြီး ရှိနေပါလိမ့်မည်။ သို့သော် သူ၏ ဝတ္ထုဆရာလိပ်ပြာမှာ ထိုသို့သော ပုဂ္ဂလိကခံစားမှုများမှ လွတ်တန်သလောက် လွတ်နေလိမ့်မည်ဟု ထင်ပါသည်။ နတ်ပူးသလို၊ စုန်းပူးသလို၊ ဝတ္ထုဆရာ လိပ်ပြာပူးလိုက်သောအခါ သူ၏ပင်ကို ဖလောဘဲမှာ မှေးမှိန်သွားပြီး 'ဝတ္ထုဆရာလိပ်ပြာ' က အားကောင်းလာသည်။ ဤသို့အားဖြင့် သူ့ဝတ္ထုထဲက ဇာတ်ကောင်တွေကိုရော၊ လူ့လောကကြီးတစ်ခုလုံးကိုရော အေးချမ်းသော မေတ္တာဖြင့် မြင်နိုင်လာသည်ဟု ထင်မိပါသည်။ ယုတ်မာသူကို တွေ့သော်လည်း၊ ကောင်းကျိုးချစ်မှုကို တွေ့သော်လည်း၊ မိုက်မဲမှုကို တွေ့သော်လည်း ယောနိသော မနသိကာရ နှလုံးသွင်း၍

www.burmeseclassic.com

မြင်နိုင် ရေးနိုင်လာသည်ဟု ထင်မိပါသည်။

ထိုအခါတွင်မှ ဓမ္မဓိဌာန်ရှုထောင့်၊ ဓမ္မဓိဌာန်အပြော ပိုပြီး ပီသလာဖွယ်ရာ ဖြစ်ပါသည်။ ဤသို့အားဖြင့် သာစေနာစေ မျက်နှာမလိုက် အဂတိမပက်ဘဲ အရှိအတိုင်း၊ အဖြစ်အတိုင်းကို ဖြောင့်ဖြောင့်ရိုးရိုး တင်ပြလိုက်သည်။ သူကိုယ်တိုင်က ဘယ်သူ့ကိုမှ မစွပ်စွဲ၊ မရှုတ်ချ၊ မချီးမွမ်း။ စာဖတ်သူကိုသာ ပုံပြီးအပ်လိုက်သည်။

ဤသည်တို့မှာ ကျွန်တော် တွေးတောနားလည်မိသော ဓမ္မဓိဌာန်ရှုထောင့်နှင့် အပြော ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာဝတ္ထုများမှာကော ဤသို့သဘောသက်ရောက်သည့် ဝတ္ထုမျိုး မရှိတော့ပြီလောဟု မေးစရာ ရှိပါသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ **မှာတော်ပုံဝတ္ထု**ကို တင်ပြချင်ပါသည်။ ထိုဝတ္ထု၏ ရှုထောင့်သက်သက်ကို လေ့လာကြည့်ပါလျှင် ဇာတ်ကောင်အားလုံး၏ စိတ်အကြံကို သိခွင့်ယူထားသောကြောင့် အားလုံးသိရှုထောင့်ဟု ဆိုရပါမည်။ သို့သော် 'အပြော' ကိုပါ တွဲ၍ လေ့လာကြည့်လျှင်ကား ဓမ္မဓိဌာန်ဘက်သို့ အတော်ကြီး ယိမ်းနေသည်ဟု ဆိုချင်ပါသည်။

မှာတော်ပုံဝတ္ထုတွင် ထင်ရှားသော ဇာတ်ကောင်များမှာ ခင်အုံ၊ ကိုပေါ်နှင့် ဦးကျော်ဒွေးတို့ ဖြစ်ပါသည်။ ဘုရားဒကာညွှန့်၊ သင်္ဂြိုဟ်မောင်အေး၊ မောင်မောင်ရွှေ၊ ဖိုးရွှေအိတ် စသည်တို့မှာ ဇာတ်ရံများ ဖြစ်ကြသည်။ စင်စစ် ခင်အုံမှာ စိတ်ပျက်စရာ မိန်းမစားမျိုး ဖြစ်သည်။ ဘုရားဒကာညွှန့်၊ သင်္ဂြိုဟ်မောင်အေးတို့မှာလည်း အမြင်ကတ်စရာ လူစားများ ဖြစ်သည်။ သို့သော် ဆရာကြီးက သူတို့အကြောင်းကို စီးပိုးစီးနင်း နှိမ့်နှိမ့်ချချ မပြော။ သူ့အပြောတွင် မုန်းသံ၊ ရှုတ်ချသံ မပေါ်လွင်။ မေတ္တာသံ၊ ကရုဏာသံသာ တငွေ့ငွေ့လွှမ်းနေသည်။

ဤအကြောင်းကို ဆရာဇော်ဂျီလောက် ကျွန်တော် မပြောတတ်ပါ။ ထို့ကြောင့် ဆရာဇော်ဂျီ သုံးသပ်ဆင်ခြင် ပြပုံကိုသာ ကြည့်ပါလော့။

ရှေးဦးစွာ ဆရာဇော်ဂျီက ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မေတ္တာတရားဓာတ်ခံကြီးမားပုံကို တင်ပြပါသည်။

*

"ဆရာကြီးပြောသော အကြောင်းတစ်ခုကိုကား ကျွန်တော် စွဲစွဲမြဲမြဲမှတ်မိလိုက်သည်။ ထိုအကြောင်းကား ဆရာကြီး၏ သားအကြောင်း ဖြစ်သည်။ ဆရာကြီးက ထိုသားသည် ဆိုးဆိုးမသည်ကို စိတ်ကောက်၍ အိမ်မှ ထွက်သွားရာ တစ်လနီးပါးမျှကြာကြောင်း ပြောပြီးနောက် ဆက်လက်၍ 'ဆရာကတော့ ဒီကောင်လေး ပြန်လာမှ နာနာနှက်ပေးလိုက်ဦးမယ်ဟု စိတ်ထဲက ခဲထားတာ၊ မောင်မင်းကြီးသားက ကိုရင်ဝတ်ကြီးနဲ့ ပြန်လာလေတော့ မနှက်ရတဲ့အပြင် ကိုယ်တော်မြတ်ကို စွမ်းတော်တောင် ကပ်လိုက်ရသေးသကွ' ဟု ပြော၍ ရယ်မောရှာလေသည်။ ထိုသို့ ရယ်လိုက်ခြင်းသည် သားလုပ်ပုံကို ဆရာကြီး စိတ်မဆိုး၊ သား၏ အပြစ်ကို ခွင့်လွှတ်ကာ ကရုဏာစိတ်ဖြင့် ဖြေ၍ ရယ်မောလိုက်ခြင်းဖြစ်သည်ဟု ထင်သည်။

ဆရာကြီးသည် ထိုစိတ်ထားမျိုးဖြင့် ပတ်ဝန်းကျင်လောကကို ရှု၍ ဆင်ခြင်တတ်သည်။ ပတ်ဝန်းကျင်လောကတွင် အပြစ်ကို မြင်သော်လည်း အပြစ်မတင်လို။ သနားဖွယ်တကား ဟူသော သမာဓိအမူအရာဖြင့် အသင့်အတင့် နှလုံးသွင်းတတ်သည်။ ကိုပေါ်၊ ကိုကျော်ဒွေး၊ ခင်အုံ စသော လူ့သဘာဝအဖွဲ့များတွင် ထိုစိတ်ထားမျိုးဖြင့် ဆင်ခြင်တတ်ပုံ၊ အသင့်အတင့် နှလုံးသွင်းတတ်ပုံတို့ကို ထင်ရှားစွာ သိမြင်နိုင်သည်။ ဆရာကြီးသည် ကိုပေါကဲ့သို့သော လူမျိုးကိုလည်း သနားသည်။ ဦးကျော်ဒွေးကဲ့သို့သော လူမျိုးကိုလည်း သနားသည်။ ခင်အုံကဲ့သို့သော လူမျိုးကိုလည်း သနားသည်။ သို့သော် ကိုပေါ်အကြောင်းကို ချစ်စိတ်ဖြင့် ပြောပြသည်။ ကိုကျော်ဒွေးအကြောင်းကို လေးစားစိတ်ဖြင့် ပြောပြသည်။ ခင်အုံအကြောင်းကို ခွင့်လွှတ်စိတ်ဖြင့် ပြောသည်။

*

သံသရာကို အလျားလိုက် တိုးလျှိုပေါက်မြင်တော်မူသော ဘုရားရှင်အဖို့

www.burmeseclassic.com

www.burmeseclassic.com

ထူးထူးဆန်းဆန်း ဘာမျှမရှိတော့။ အားလုံးကို မဟာကရုဏာတော်ဖြင့် သနားလို့သာ နေမိတော့မည်ဖြစ်ကြောင်း ကျွန်တော် အထက်တွင် ဆိုခဲ့ပြီး ပါပြီ။ မေတ္တာတရား၊ ဆင်ခြင်တုံတရား ကြီးမားသော သူတော်ကောင်းတစ် ယောက်အဖို့မှာလည်း သံသရာကို အလျားလိုက် မမြင်နိုင်လင့်ကစား ဘဝကို လည်းကောင်း၊ လူ့သဘာဝကိုလည်းကောင်း အထပ်ထပ်ဉာဏ်တင်၍ ဆင်ခြင် မိလျှင် ထိုက်သင့်သော ကရုဏာတရား ရှိကောင်းနိုင်ပေ၏ဟု ကျွန်တော် ဆိုချင်ပါသည်။

သို့သော် ကျွန်တော်က ခုမှ ဆိုခြင်း ဖြစ်ပါသည်။ ဆရာဇော်ဂျီ၏ **'ရသစာပေအဖွင့်နှင့်နိဒါန်း'** ကို သေချာပြန်ဖတ်ကြည့်မိတော့ ဆရာဇော်ဂျီက လွန်ခဲ့သောအနှစ် ၃၀ (၁၉၄၉) ကတည်းက ပြောခဲ့ပြီးဖြစ်ကြောင်းကို တွေ့နေ ရပြန်ပါသည်။

*

> လောကသဘာဝ၊ လူ့သဘာဝတို့ကို ကြားတတ်၊ မြင်တတ်၊ ဆင်ခြင်တတ်၍ ကရုဏာ မေတ္တာထားတတ်သော ဉာဏ်ရှင် စာရေးဆရာတို့တွင် လောကအကြောင်း၊ လူ့အကြောင်းတို့ကို ထိုးဖောက်ဆင်၍ သနားဖွယ် ချစ်ခင်ဖွယ်ဖြစ်အောင် ဖန်တီး ဖွဲ့ဆိုနိုင်သော စွမ်းရည် ရှိသည်။ ဆရာကြီး၌ ထိုစွမ်းရည် ရှိသည်။ ရှိသည်ကို မှာတော်ပုံဝတ္ထုတွင် အထင်အရှား ပြခဲ့သည်။
>
> . . . . . . မှာတော်ပုံဖောက်လမ်းတွင် ကိုပေါ်ရိုးပုံ အ,ပုံကိုလည်းကောင်း၊ ဗားကရာလူထွက် ဦးကျော်ဒွေး တဲ့တိုး ပြောတတ်ပုံကိုလည်းကောင်း၊ မောင်မောင်ရှု၊ ဆရာဓ၊ ဘုရားဒကာညွန့်တို့ အညာအလှိုင်းဖြင့် စားသောက်နေထိုင်ကြပုံ ကိုလည်းကောင်း၊ တကယ့်လောကနှင့် တူသည်ထင်ရအောင် ဆရာကြီး အနုစိတ်၍ ရေးဖွဲ့နိုင်သည်။ ထိုမျှမကသေး၊ ထိုအဖွဲ့ များကို သနားဖွယ်ဖြစ်အောင်လည်း ရေးဖွဲ့နိုင်သေးသည်။ ဤလူစုကိုကြည့်၍ ဆရာကြီး ကရုဏာဖြစ်ခဲ့သည်မှာ ထင်ရှားသည်။

*

ဤမျှဆိုလျှင် **မှာတော်ပုံဝတ္ထုဆရာ မစ္စတာမောင်မှိုင်း၏** မေတ္တာဓာတ်ခံ၊ ကရုဏာ ဓာတ်ခံကြီးမားပုံ ထင်ရှားလောက်ပါပြီ။ ထိုမေတ္တာ၊ ကရုဏာ၊ ထိုမုဒိတာ၊ ထိုဥပေက္ခာတရားတို့ကြောင့် မှာတော်ပုံတွင် ဓမ္မဓိဋ္ဌာန်အပြော လွှမ်းမိုးလာခဲ့ရကြောင်းလည်း ထင်ရှားလောက်ပါပြီ။

နိဂုံး

ချုပ်လိုက်လျှင် သိပ္ပံပညာ၏ နည်းစနစ်သည် ဝတ္ထုအနုပညာ၏ နည်းစနစ်ကိုပါ ဩဇာပြုခဲ့သည်ဖြစ်ရာ သိပ္ပံနည်းစနစ်ကဲ့သို့ ဓမ္မဓိဋ္ဌာန်ဖြစ်ရန်မှာ ဝတ္ထုဆရာသည် မေတ္တာဓာတ်ခံကြီးမားရန် လိုသည်ဟူသော အချက်မှာ ဤဆောင်းပါး၏ အာဘော်ပင် ဖြစ်ပါသည်။

သို့ဖြစ်လျှင် ဤသို့ရေးမှ ဝတ္ထုဖြစ်တော့မည်လော။ ငိုစရာ၊ ရယ်စရာ၊ ရင်နင့်စရာတွေ တစ်ပုံကြီးနှင့် ဝတ္ထုတွေလည်း ရှိသည်။ အာဃာတ အမုန်း စိတ်တွေ တဖွားဖွားနှင့် ရေးထားသော ဝတ္ထုတွေလည်း ရှိသည်။ ဖတ်လို့ ကောင်းသည်ပဲ မဟုတ်လား၊ ရောင်းလို့ကောင်းသည်ပဲ မဟုတ်လား စသည်ဖြင့် မေးစရာရှိပါသည်။ ဟုတ်ပါလိမ့်မည်။

ကျွန်တော်ကလည်း ပြန်ပြီး ပြောချင်ပါသည်။ ဝတ္ထုမှ မဟုတ်ပါ၊ စကား ပြောကောင်းသူများ စီကာပတ်ကုံးပြောပြီဆိုလျှင် ဘာအကြောင်းပြောပြော နားထောင်လို့ကောင်းသည်ပင် ဖြစ်ပါသည်။ ယုတ်စွအဆုံး မဟုတ်ကဟုတ်က အမနာပပြောတတ်သော အမျိုးသမီးများကိုပင် စကားပြောကောင်းပြီဆိုလျှင် မဟုတ်မှန်းသိလျက် နားထောင်မိသည်ပင် ဖြစ်ပါသည်။ သို့သော် သူတို့ စကားများကိုတော့ တန်ဖိုးမထားမိကြပါ။ ကြာတော့လည်း နားမထောင်ချင် တော့ပါ။

ချင့်ချင့်ချိန်ချိန်၊ လေးလေးနက်နက် ပြောတတ်သူများ၏ စကားကို ကျွန်တော်တို့ ရှိသေကြမြဲ ဖြစ်ပါသည်။ စကားပြောလည်း ကောင်းသည်ဆိုလျှင် ထိုသူမျိုးကို ကျွန်တော်တို့ ရှိသေလို့၊ ချစ်လို့ မဆုံးနိုင်အောင် ရှိတတ်ကြမြဲ ဖြစ်ပါသည်။

ဓမ္မဓိဋ္ဌာန်အပြောမျိုးနဲ့ ရေးမှပဲ ဝတ္ထုကောင်းဟု ဆိုရတော့မည်လောဟု မေးစရာ ရှိလာပြန်ပါသည်။ သည်လိုတော့လည်း မဟုတ်ပါ။ သို့သော် ဝတ္ထု ကောင်းကြီးများမှာတော့ ဓမ္မဓိဋ္ဌာန်အပြောသာလျှင် လွှမ်းမိုးနေတတ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com

တော့ ပြောချင်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်၏ ယခုဆောင်းပါးမှာ ရှုထောင့်နှင့် အပြော အပြ သဘောတရားကို ရှင်းလင်းတင်ပြနေခြင်းမျှသာဖြစ်၍ တစ်စုံတစ်ရာ အဆုံးအဖြတ်ပေးရန် မဟုတ်ပါကြောင်း။

■

ရှုမဝရုပ်စုံမဂ္ဂဇင်း

?

BURMESE CLASSIC .com

www.burmeseclassic.com